# ရောမသြဝါဒစာ

(The Book of Romans )

## အခန်းကြီး (၁ )

၁ - ပေါလ်၊ ယေရှုခရစ်၏ကျွန်၊ တမန်တော်ဖြစ်ရန်အခေါ်ခံရသူ၊ ဘုရားသခင်၏ သတင်းကောင်းသို့ ခွဲခြားခြင်းခံရသူဖြစ်သည်။

၂- ၃ - သူ၏သားတော် ငါတို့၏သခင် ယေရှုခရစ်တော်နှင့်ပတ်သက်၍ ဘုရားသခင်က ပရောဖက်များအားဖြင့် ကျမ်းစာတွင် ကတိပေးထားပါသည်၊ အသွေးအသားအားဖြင့် ဒါဝိတ်၏မျိုးနွယ်မှလာသူဖြစ်သည်၊

၄ - တန်ခိုးတော်နှင့်အတူ ဘုရားသခင်၏သားတော်ဟု ကြေညာခြင်းခံရသူဖြစ်သည်၊ သန့်ရှင်းခြင်း၏ဝိညာဉ်အားဖြင့်၊ သေခြင်းမှထမြောက်သူဖြစ်သည်၊

၅ - သူ့အားဖြင့် ငါတို့သည် ကျေးဇူးတော်နှင့်တမန်တော်ဖြစ်ခြင်းကို ရရှိကြသည်၊ နိုင်ငံအားလုံးအလယ်၌ ယုံကြည်ခြင်း၏နာခံခြင်းသို့ဖြစ်သည်၊ သူ၏နာမည်အတွက်ကြောင့်ဖြစ်သည်။

၆ - ထိုသို့သောသူတို့အထဲတွင် ယေရှုခရစ်တော်၏ခေါ်ခြင်းခံရသူ သင်တို့လည်း ပါပါသည်။

၇ - ဘုရားသခင်၏ချစ်ခြင်းကိုခံရကြသူ၊ သန့်ရှင်းသူများဟုခေါ်ခြင်းခံရကြသူ၊ရောမမြို့၌ရှိကြသူအားလုံး၌၊ ငါတို့၏ဖခင်ဖြစ်သူ ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်းချမ်းခြင်းသည် ရှိပါစေသတည်း။

၈ - ပထမအနေနှင့် သင်တို့အားလုံးအတွက် ငါသည် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သင်တို့၏ယုံကြည်ခြင်းသည် တကမ္ဘာလုံး၌ပြောနေရသောအရာဖြစ်သောကြောင့်ဖြစ်သည်။

၉ - သင်တို့ကို ငါ၏ဆုတောင်းခြင်း၌မပြတ်တမ်းဖေါ်ပြသည်မှာ ဘုရားသခင်သည် ငါ၏သက်သေဖြစ်ပါသည်၊ သူ့ကို ငါ၏ဝိညာဉ်ဖြင့် အမှုဆောင်သည်၊ သူ၏သားတော်၏ သတင်းကောင်းဟောပြောခြင်း၌ဖြစ်သည်။

၁၀ - ဆုတောင်းသည်မှာ မည်သည်နည်းဖြင့်ဖြစ်စေ၊ ဘုရားသခင်၏အလိုတော်အားဖြင့်၊ နောက်ဆုံးတွင်၊ သင်တို့ထံသို့လာရောက်လျှက် ဖြစ်ထွန်းအကျိုးရှိသော ခရီးစဉ်တခု ရနိုင်ရန်ဖြစ်သည်။

၁၁ - ငါ သင်တို့ကို အလွန်မြင်ချင်သည်၊ သင်တို့ထံသို့ အချို့သောဝိညာဉ်ရေးရာလက်ဆောင်တို့ကို ပေးဝေချင်ပါသည်၊ အဆုံးတွင် သင်တို့သည် အခိုင်အမာဖြစ်လာကြရန်ဖြစ်သည်။

၁၂ - ဆိုလိုသည်မှာ ငါသည် သင်တို့နှင့်အတူ နှစ်သိမ့်ခြင်းကို ခံရနိုင်ရန်ဖြစ်သည်၊ သင်တို့နှင့်ငါ အပြန်အလှန်ယုံကြည်ချက်ရှိနိုင်ကြမည်ဖြစ်သည်။

၁၃ - ယခုတွင် ညီအကိုတို့ ငါသည် သင်တို့ထံ လာရောက်ဖို့ ရည်ရွယ်ချက်ရှိကြောင်း၊

ထိုသို့ဖြင့် သင်တို့အထဲ၌လည်း အသီးအပွင့်အချို့ ရှိစေချင်ကြောင်းကို မသိဘဲနေစေခြင်းငှာ အလိုမရှိ၊ (သို့သော် တားမြစ်ခြင်းခံရဆဲဖြစ်ပါသည်)၊

၁၄ - ငါသည် ဂရိလူတို့ထံ အကြွေးတင်သကဲ့သို့ လူရိုင်းများထံလည်း အကြွေးရှိပါသည်၊ ပညာရှိထံနှင့် ပညာမရှိသူတို့ထံ၌လည်း အကြွေးရှိသူဖြစ်သည်။

၁၅ - ထို့ကြောင့် ငါသည် ငါတတ်နိုင်သမျှအတိုင်းအတာအထိ၊ ရောမမြို့တွင် ရှိနေကြသောသင်တို့ထံ၌လည်း သတင်းကောင်းကိုဟောပြောရန် အသင့်ရှိနေပြီဖြစ်သည်။

၁၆ - အဘယ်ကြောင့်ဆိုသော် ငါသည် ခရစ်တော်၏သတင်းကောင်းအတွက် မရှက်ပါ၊ အဘယ်ကြောင့်ဆိုသော် သတင်းကောင်းသည်ယုံကြည်သူအယောက်တိုင်းကို ကယ်တင်ခြင်းသို့ရောက်စေနိုင်သော ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်၊ ဂျူးတို့က ပထမ၊ ထို့နောက် ဂရိတို့ဖြစ်သည်။

၁၇ - အဘယ်ကြောင့်ဆိုသော် ဤနေရာတွင် ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းမှ ယုံကြည်ခြင်းသို့ ဖွင့်ပြလျှက်ရှိနေပါသည်၊ ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်ပါမည်ဟု ရေးထားသကဲ့သို့ဖြစ်သည်။

၁၈ - အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏အမျက်ဒေါသသည် ကောင်းကင်မှနေ၍ ဘုရားတရားမဲ့စွာနေကြသူများ၊ အမှန်တရားကို မဖြောင့်မတ်စွာဆွဲကိုင်ကြသည့် လူတို့၏မဖြောင့်မတ်ခြင်းများကိုဆန့်ကျင်လျှက် ဖွင့်ပြနေပါသည်။

၁၉ - အဘယ်ကြောင့်ဆိုသော် ဘုရားသခင်ကိုသိဖို့ရန်အကြောင်းများကို သူတို့ထဲ၌ ရှင်းလင်းစွာ ဖေါ်ပြပြီးဖြစ်သည်။ ဘုရားသခင်က သူတို့ကို ပြသပြီးဖြစ်သည်။

၂၀ - အဘယ်ကြောင့်ဆိုသော် သူ၏မျက်လုံးများဖြင့်မြင်၍မရသောအကြောင်းများကို ကမ္ဘာကြီးအားဖန်ဆင်းထားခြင်းမှနေ၍ ရှင်းလင်းထင်ရှားစွာ တွေ့မြင်နိုင်သည်၊ သူလုပ်ထားသောအရာများဖြင့် နားလည်နိုင်သည်၊ သူ၏ထာဝရတန်ခိုးတော်နှင့် အဖြစ်တော်ကိုပင် သိနိုင်ကြသည်၊ ထို့ကြောင့် မည်သူမျှ ဆင်ခြေတက်၍မရပါ။

၂၁ - သူတို့သည် ဘုရားသခင်ကိုသိကြသော်လည်း၊ သူ့ကို ဘုရားသခင်အဖြစ် ဘုန်းတော်မချီးမွမ်းကြ၊ ကျေးဇူးလည်းမတင်ကြ၊ သို့သော် သူတို့၏စိတ်ကူးယဉ်ခြင်းများဖြင့် အချည်းနှီးဖြစ်စေကြသည်၊ သူတို့၏မိုက်မဲသောနှလုံးသားများသည် မှောင်မိုက်သွားကြပါတော့သည်။

၂၂ - သူတို့ကိုယ်ကို ပညာရှိများဟုပြောနေကြလျှက်၊ မိုက်မဲသူများ ဖြစ်လာကြသည်။

၂၃ - ထို့အပြင် မဖေါက်ပြန်နိုင်သောဘုရားသခင်၏ ဂုဏ်ကျက်သရေကို ဖေါက်ပြန်တတ်သော လူ၏ရုပ်တု၊ ငှက်များ၊ ခြေလေးချောင်းသတ္တဝါများ၊ တွားသွားသတ္တဝါများ၏ရုပ်တုများအဖြစ်သို့ ပြောင်းပစ်ကြသည်။

၂၄ - ထို့အတွက်ကြောင့် ဘုရားသခင်သည် သူတို့ကို သူတို့၏ကိုယ်ပိုင်နှလုံးသားများ၏ တပ်မက်ခြင်းများအားဖြင့် ညစ်ညူးခြင်းထဲသို့ အပ်လိုက်ပါတော့သည်၊ သူတို့အချင်းချင်းကြားထဲတွင် သူတို့၏ခန္ဓာကိုယ်များကို ရှုတ်ချကြရန်အပ်လိုက်ခြင်းဖြစ်သည်။

၂၅ - သူတို့သည် ဘုရားသခင်၏အမှန်တရားကို လိမ်ညာခြင်းသို့ ပြောင်းပစ်ကြသူများဖြစ်သည်၊ ဖန်ဆင်းရှင်ထက် ဖန်ဆင်းခံများကို ဝတ်ပြုကိုးကွယ်အမှုဆောင်ကြသူများဖြစ်ကြသည်။
၂၆ - ထိုသို့ပြုခြင်းကြောင့် ဘုရားသခင်သည် သူတို့ကို မသတီစရာတပ်မက်ခြင်းတို့သို့ ရောက်စေသည်၊ ထို့ကြောင့် သူတို့အမျိုးသမီးများသည်၊ ပုံမှန်ထုံးစံကို ပုံမှန်နှင့်ဆန့်ကျင်သောထုံးစံတို့သို့ ပြောင်းကြပါတော့သည်။
၂၇ - ထို့အတူ ယောကျ်ားများသည်လည်း ပုံမှန်ထုံးစံ အမျိုးသမီးနှင့်ဆက်ဆံခြင်းကို ထားခဲ့ကာ၊ ယောကျ်ားအချင်းချင်းသို့ တပ်မက်ခြင်းမီးလောင်ကျွမ်းကြပါတော့သည်၊ ယောကျ်ားနှင့်ယောကျ်ား မပြုအပ်သောအရာကို ပြုကြတော့သည်၊ သူတို့၏အမှားများနှင့်သင့်တော်လှသော ပေးဆပ်ခြင်းများကို ခံကြရတော့သည်။
၂၈ - မိမိတို့၏အသိပညာထဲတွင် ဘုရားသခင်ကို မသိမှတ်ချင်ကြတော့သဖြင့်၊ ဘုရားသခင်သည် သူတို့ထံ ငြင်းပယ်ခံရခြင်းစိတ်သဘောကို ပေးအပ်ပါတော့သည်၊ မတော်လျှော်သောအပြုအမူများကို ပြုလုပ်ကြရန်ဖြစ်သည်။
၂၉ - အားလုံးသောမဖြောင့်မတ်ခြင်းများ၊ မတရားသာမေထုန်မှီဝဲခြင်းများ၊ ဆိုးယုတ်ခြင်းများ၊ တပ်မက်လောဘစိတ်များ၊ မလိုတမာစိတ်များနှင့် ပြည့်ဝကြလျှက်၊ မနာလိုခြင်းအပြည့်၊ လူသတ်ခြင်း၊ ငြင်းခုံခြင်း၊ လိမ်ညာခြင်း၊ အပုတ်ချခြင်း၊ အတင်းပြောခြင်းများနှင့် ပြည့်ဝနေကြပါသည်။
၃၀ - နောက်ကွယ်တွင် မကောင်းပြောသူများ၊ ဘုရားသခင်ကိုမုန်းသူများ၊ သူတပါးကို အထင်သေးသူများ၊ မာနကြီးသူများ၊ ကြွားဝါသူများ၊ ဆိုးညစ်ခြင်းများကို တီထွင်ကြသူများ၊ မိဘတို့ကိုမနာခံကြသူများ ဖြစ်လာကြပါသည်။
၃၁ - နားလည်ခြင်းမရှိကြသူများ၊ ပဋိညာဉ်ချိုးဖြတ်သူများ၊ ပုံမှန်ချစ်ခြင်းမရှိကြသူများ၊ မကျေချမ်းနိုင်ကြသူများ၊ သနားညှာတာခြင်းမရှိကြသူများဖြစ်လာကြသည်။
၃၂ - ဘုရားသခင်၏တရားစီရင်ခြင်းကို သိသော်လည်း၊ ထိုသို့သော ကျင့်ကြံပြုမူသူများသည် သေဒဏ်ကိုခံထိုက်ကြသည်ဟု သိကြသော်လည်း၊ ဆက်၍အသက်ရှင်ပြုမူကြသည်သာမက၊ ထိုသို့အခြားသူများများပြုမူကြခြင်း၌လည်း သဘောကျနှစ်သက်သူများ ဖြစ်လာကြပါသည်။

အခန်းကြီး (၂)
၁ - ထို့ကြောင့် အို အသင်လူသား၊ သင်သည် ဆင်ခြေတက်၍မရပါ၊ မည်သူ့ကို သင်တရားစီရင်သည်ဖြစ်စေ၊ မည်ကဲ့သို့စီရင်သည်ဖြစ်စေ၊ သင်သည် မိမိကိုယ်ကို ပြစ်တင်ရှုတ်ချခြင်းဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သူများကို တရားစီရင်နေသောသင်သည် ထိုအရာများကိုပြုနေပြန်သူဖြစ်ပါသည်။
၂ - သို့သော် ဘုရားသခင်၏ တရားစီရင် ခြင်းသည် ထိုသို့သောအရာများအား

ကျူးလွန်နေကြသူများကိုဆန့်ကျင်လျှက် အမှန်တရားနှင့်အညီ ရောက်လာမည်ကို ငါတို့ သေချာစွာသိကြပါသည်။
၃ - ထိုသို့သောအရာများကို ကိုယ်တိုင်ကျူးလွန်နေလျှက်၊ ထိုသို့ပြုသောအခြား သူများကို တရားစီရင်နေသော အို အသင်လူသား၊ သင်သည် ဘုရားသခင်၏တရားစီရင်ခြင်းမှ လွတ်မည်ဟုထင်နေပါသလား?
၄ - (သို့) သင်သည် သူ၏ ကြွယ်ဝလှသော ကောင်းမြတ်ခြင်း၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်းတို့ကို အထင် သေးနေပါသလား? ဘုရားသခင်၏ကောင်းမြတ်ခြင်းက သင့်ကို နောင်တရခြင်းသို့ ဦးဆောင်နေသည်ကို မသိဘဲဖြစ် နေပါသလား?
၅ - သို့သော် သင်၏ခေါင်းမာခြင်းနှင့်စိတ်မရှည်သောနှလုံးသားအတိုင်း၊ သင်သည် အမျက်တော်နေ့၊ ဘုရားသခင်၏တရားစီရင်ရာနေ့၌ မိမိကိုယ်တိုင်အတွက် အမျက်ဒေါသကို စုဆောင်းနေပါသလား?
၆ - ဘုရားသခင်သည် လူတိုင်းကို သူတို့၏အပြုအမူအတိုင်း ပေးဆပ်မည်ဖြစ်သည်။
၇ - သည်းခံခြင်းဖြင့် ကောင်းမွန်စွာလုပ်ကိုင် နေကြသူများထံ ဂုဏ်ကျက်သရေနှင့် မသေနိုင်သောအဖြစ်၊ ထာဝရအသက်တို့ကို ပေးတော်မူမည်။
၈ - သို့သော် ငြင်းဆန်သူများ၊ အမှန်တရားကို မနာခံသူများ၊ မဖြောင့်မှန်ခြင်းကို နာခံသူများကိုမူ ဒေါသနှင့်အမျက်တော်ကို ပေးတော်မူပါမည်။
၉ - အတိဒုက္ခရောက်ခြင်းနှင့် ပြင်းပြသောဝေဒနာတို့ကို ဆိုးညစ်ခြင်းပြုသူတိုင်း၏ဝိညာဉ်အပေါ်သို့ ရောက်စေမည်၊ ပထမ ဂျူးတို့ထံ၊ ထို့နောက် တပါးအမျိုးသားတို့ထံလည်း ရောက်ပါမည်။
၁၀ - သို့သော် ဂုဏ်ကျက် သရေ၊ ဂုဏ်ပြုခံရခြင်းနှင့် ငြိမ်းချမ်းခြင်းတို့အား ကောင်းမြတ်ခြင်းကို လုပ်ဆောင်ကြသူတို့ထံ ရောက်စေမည်၊ ပထမ ဂျူးတို့ထံသို့၊ ထို့နောက် တပါးအမျိုးသားတို့ထံလည်း ရောက်ပါမည်။
၁၁ - အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် မျက်နှာလိုက်သူမဟုတ်ပါ။
၁၂ - အဘယ်ကြောင့်ဆိုသော် ပညတ်တော်အပြင်၌ အပြစ်ပြုကြသူများအားလုံးသည်၊ ပညတ်တော်အပြင်၌ ပျက်စီးကြပါသည်။ ထို့အတူ ပညတ်တော်ထဲ၌ အပြစ်ပြုကြသူများအားလုံးသည်၊ ပညတ် တော်အားဖြင့် တရားစီရင်ခံကြရမည်သာဖြစ်ပါသည်။
၁၃ - (အဘယ်ကြောင့်ဆိုသော် ပညတ်တော်များကို ကြားယုံမျှကြားသူများ ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်ကြသည်မဟုတ်ပါ၊ သို့သော် ပညတ်တော်များကို လက်တွေ့လုပ်သူများသာ ဖြောင့်မတ်ကြမည်ဖြစ်သည်)
၁၄ - ပညတ်တော်မရရှိကြသော တပါးအမျိုးသားတို့သည် သဘာဝအားဖြင့် ပညတ်တော်တွင်ပါသောအရာတို့ကို ပြုကြသည့်အခါ၊ ပညတ်တော်တို့ကို မရရှိကြသဖြင့်၊ သူတို့ကိုယ်တိုင်သည် ပညတ်တော်များ ဖြစ်လာကြပါသည်။
၁၅ - ထိုအချက်က သူတို့နှလုံးသားများထဲတွင်ရေးထားသော ပညတ်တော်၏ အလုပ်

များကို ပြနေပါသည်၊ သူတို့၏ ဩတ္တပ္ပစိတ်များကလည်း သက်သေခံနေပါသည်၊ ထို့အပြင် ယျွချိန်တွင် သူတို့၏အတွေးအခေါ်များဖြင့် တဦးကိုတဦး၊ စွပ်စွဲကြလျှက် (သို့) ခွင့်လွှတ်ကြသည့်အခါ၊

၁၆ - တရားစီရင်မည့်နေ့တွင် ငါ၏သတင်းကောင်းအတိုင်း ဘုရားသခင်သည် လူတို့၏လျှို့ဝှက်ချက်များကို ယေရှုခရစ်တော်အားဖြင့် တရားစီရင်မည်ဖြစ်သည်။

၁၇ - ဂျူးဟု မိမိကိုယ်ကိုခေါ်နေသော သင် ကြည့်ပါ၊ သင်သည် ပညတ်တော်ထဲတွင် စိတ်ချလက်ချ နေသူဖြစ်သည်၊ ဘုရားသခင်ကို မိမိကြွားဝါစရာဖြစ်စေသူဖြစ်သည်၊

၁၈ - သူ၏အလိုတော်ကို သင်သိသည်၊ ပညတ်တော်များဖြင့် သွန်သင်ခြင်း ခံရသူဖြစ်သည်နှင့်အညီ၊ ပို၍ထူးကဲသောအရာများကို စမ်းသပ်သိရှိသဘောကျပြီးသူ ဖြစ်သည်။

၁၉ - သင်သည် မိမိကိုယ်ကို မျက်ကန်းတို့အား လမ်းပြသူဟု စိတ်ချယုံကြည်နေပါသလား? အမှောင်ထဲနေရသူတို့၏အလင်းဟု ထင်နေပါသလား?

၂၀ - လူမိုက်တို့ကို သွန်သင်သူ၊ ကလေးတို့၏ဆရာ၊ အသိပညာ၏ပုံသဏ္ဍာန်ကိုသိသူ၊ ပညတ်တော်၌အမှန်တရားကိုသိသူဟု ထင်နေပါသလား?

၂၁ - ထို့ကြောင့် သင်သည် အခြားသူတို့ကို သင်နေလျှက်၊ မိမိကိုယ်ကို မသင်ဘဲနေပါသလား? သင်က လူသည် မခိုးသင့်ဟု ဟောပြောနေလျှက်၊ ခိုးနေသူ ဖြစ်ပါသလား?

၂၂ - သင်က လူသည် သူ့မယားကိုမပြစ်မှားသင့်ဟု ပြောနေလျှက်၊ ကိုယ်တိုင်ပြစ်မှားနေပါသလား? သင်သည် ရုပ်တုများကို စက်ဆုပ်ရွံရှာလျှက်ပင် ဘာသာရေးနှင့်ဆိုင်သည်များကို စော်ကားမော်ကားပြုနေပါသလား?

၂၃ - သင်သည် ပညတ်တော်တို့အတွက် ဝါကြွားလျှက်နှင့် ပညတ်တော်များကို ချိုးဖေါက်လျှက် ဘုရားသခင်ကို အရှက်ရနေစေပါသလား?

၂၄ - ကျမ်းစာ၌ရေးထားသကဲ့သို့ သင့်အားဖြင့် ဘုရားသခင်၏နာမည်သည် တပါးအမျိုးသားတို့ထဲတွင် အစော်ကားခံနေရပါသည်။

၂၅ - အဘယ်ကြောင့်ဆိုသော် အရေးဖျားလှီးခြင်းသည် အမှန်ပင် အကျိုးရှိပါသည်၊ ပညတ်တော်ကို သင်စောင့်ရှောက်လျှင်ဖြစ်သည်၊ သို့သော် သင် ပညတ်တော်ကို ချိုးဖေါက်လျှင်၊ သင်၏အရေးဖျားလှီးခြင်းသည် အရေဖျားလှီးခြင်း မခံသကဲ့သို့ ဖြစ်သွားပါသည်။

၂၆ - ထို့ကြောင့် အရေဖျားလှီးခြင်းမခံသူက ပညတ်တော်၏ဖြောင့်မတ်ခြင်းကို စောင့်ရှောက်လျှင် သူ၏အရေးဖျားလှီးခြင်းမခံမှုကို အရေးဖျားလှီးခြင်းခံရသကဲ့သို့ သတ်မှတ်မည်မဟုတ်ပါလား?

၂၇ - ထို့အပြင် အရေးဖျားလှီးခြင်းမခံသူသည် ပညတ်တော်ကို ပြည့်စုံစေလျှင် ကျမ်းစာရှိသူ၊ အရေးဖျားလှီးခြင်းခံရသူ သင်သည် ပညတ်တော်များကိုချိုးဖေါက်သူဖြစ်သည်ဟု ပြောမည်မဟုတ်ပါလား?

၂၈ - အဘယ်ကြောင့်ဆိုသော် အပြင်ပန်းအားဖြင့်သာ ဂျူးဖြစ်သူသည် ဂျူးမဟုတ်ပါ၊

ထို့အတူ အပြင်ဖက် အရေပြားအပေါ်၌သာ အရေဖျားလှီးခံခြင်းသည် အစစ်အမှန်မဟုတ်ပါ။

၂၉ - သို့သော် အတွင်းသဘောအားဖြင့် ဂျူးဖြစ်သူသာ စစ်မှန်ပါသည်၊ စာဖြင့်မဟုတ်၊ နှလုံးသား၌၄င်း၊ ဝိညာဉ်၌၄င်း အရေဖျားလှီးခြင်းသာ စစ်မှန်ပါသည်၊ သူ့ကို လူတို့က မချီးမွမ်းပါ၊ ဘုရားကသာ ချီးမွမ်းပါသည်။

အခန်းကြီး (၃)

၁ - ဂျူးဖြစ်ခြင်း၌ မည်သည့်အကျိုးရှိပါသနည်း? (သို့) အရေဖျားလှီးခံခြင်းဖြင့် မည်သည့်အကျိုးရှိပါသနည်း?

၂ - နည်းလမ်းများစွာဖြင့် အကျိုးရှိပါသည်၊ အဓိကအားဖြင့် သူတို့ထံဝယ် ဘုရားသခင်၏ ဗျာဒိတ်တော်များကို ပေးအပ်ထားသောကြောင့်ဖြစ်သည်။

၃ - အချို့တို့က မယုံကြည်သော်လည်း မည်သို့ပြောရမည်နည်း? ထိုသူတို့၏ မယုံကြည်ခြင်းက ဘုရားသခင်၏ စိတ်ချရမှုကို မည်ကဲ့သို့ ထိရောက်မှုမရှိ ဖြစ်စေနိုင်ပါမည်နည်း?

၄ - ဘုရားသခင်က တားမြစ်တော်မူပါသည်၊ မှန်ပါသည်၊ ဘုရားသခင်သည် အမြဲမှန်သည်၊ သို့သော် လူတိုင်း အလိမ်အညာများဖြစ်ကြသည်၊ "ကိုယ်တော်သည် ကိုယ်တော်၏စကားများအားဖြင့် မှန်ကန်တော်မူကြောင်း ထင်ရှားနေပါသည်၊ တရားစီရင်သည့်အခါတွင် အောင်မြင်တော်မူမည်"ဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။

၅ - သို့သော် ငါတို့၏မဖြောင့်မတ်ခြင်းက ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းကို ချီးကျူးနေပါလျှင် ငါတို့ ဘာကိုပြောရပါမည်နည်း? လက်စားချေတော်မူသော ဘုရားသခင်သည် မဖြောင့်မတ်သူဖြစ်နေပါသလော? (ငါသည် လူတယောက်ကဲ့သို့ ပြောနေခြင်းဖြစ်ပါသည်)

၆ - ဘုရားသခင်တားမြစ်တော်မူသည်၊ ထိုသို့ဆိုလျှင် ဘုရားသခင်က ကမ္ဘာကြီးကို မည်သို့တရားစီရင်တော်မူမည်နည်း?

၇ - အကယ်၍ ဘုရားသခင်၏အမှန်တရားသည် ငါ၏လိမ်ညာခြင်းဖြင့် သူ၏ဂုဏ်ကျက်သရေသို့ ပို၍တိုးပွားလာသည်ဆိုလျှင်၊ ငါသည် အဘယ်ကြောင့် အပြစ်သားတယောက်အဖြစ်နှင့် တရားစီရင်ခံရပါသေးသနည်း?

၈ - ကောင်းမြတ်ခြင်းရောက်လာရန် ငါတို့ အပြစ်လုပ်ကြစို့ဟု ပြောရပါတော့မည်လော? (ထိုသို့ပင် အချို့တို့က ငါတို့ကို မမှန်ဘဲ စွပ်စွဲနေကြသည်၊ အချို့ကဆိုလျှင် ငါတို့က ထိုသို့ တကယ်ပြောသည်ဟုပင် အသေအချာပြောနေကြပြီ)၊ သူတို့၏စွပ်စွဲခြင်းသည် မှန်ပါသည်။

၉ - အဘယ်သို့နည်း? ငါတို့သည် သူတို့ထက် ပို၍ကောင်းမြတ်ကြပါသလော? မည်သည့်နည်းနှင့်မျှ မကောင်းမြတ်ကြပါ၊ ဂျူးများနှင့်တပါးအမျိုးသားများ နှစ်ဖွဲ့စလုံးသည်

အပြစ်အောက်၌ရှိနေကြကြောင့်၊ အထက်က ငါတို့ သက်သေပြခဲ့ပြီး ဖြစ်သည်။
၁၀ - "ဖြောင့်မတ်သောသူမရှိ၊ တယောက်မှမရှိ"ဟု ရေးထားသကဲ့သို့ဖြစ်သည်။
၁၁ - နားလည်သောသူ တဦးမှမရှိသလို၊ ဘုရားသခင်ကိုရှာဖွေသူလည်း မရှိပါ။
၁၂ - သူတို့အားလုံးသည် လမ်းမှန်မှ လွဲသွားကြပြီ၊ အသုံးမကျသူများ ဖြစ်သွားကြပြီ၊ ကောင်းမြတ်ခြင်းကို ပြုလုပ်သူ မရှိ၊ တဦးမှမရှိပါ။
၁၃ - သူတို့၏လည်ချောင်းများသည် ဖွင့်ထားသော သင်္ချိုင်းဂူဖြစ်ပါသည်၊
၁၄ - သူတို့၏ပါးစပ်သည် ကျိန်ဆဲခြင်း၊ ခါးသည်းခြင်းတို့နှင့် ပြည့်နေပါသည်။
၁၅ - သူတို့၏ခြေများသည် အသွေးသွန်းရန် မြန်ဆန်ကြပါသည်။
၁၆ ပျက်စီးခြင်း၊ ကံဆိုးမိုးမှောင်ကျခြင်းတို့သည် သူတို့လမ်းတွင် ရှိနေပါသည်။
၁၇ - ငြိမ်းချမ်းခြင်းလမ်းကို သူတို့ မသိကြပါ။
၁၈ - သူတို့မျက်စိများရှေ့တွင် ဘုရားသခင်အားကြောက်ရွံ့ခြင်းကို မတွေ့ရပါ။
၁၉ - ယခုတွင် ငါတို့သိကြပါသည်၊ ပညတ်တော်ကပြောသမျှတိုင်းသည်၊ ပညတ်တော် အောက်၌ရှိနေကြသူများကို ပြောနေခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ပါးစပ်တိုင်း ရပ်တန့်သွားရန်ဖြစ်သည်၊ ထို့နောက် တကမ္ဘာလုံး ဘုရားသခင့်ရှေ့တွင် အပြစ်ရှိနေကြရန်ဖြစ်သည်။
၂၀ - ထို့ကြောင့် ပညတ်တော်၏လုပ်ဆောင်ချက်များဖြင့် သူမျက်မှောက်တွင် မည်သည့်အသွေးအသားမျှ ဖြောင့်မတ်ခြင်းသို့မရောက်ကြပါ၊ အဘယ်ကြောင့်ဆိုသော် ပညတ်တော်သည် အပြစ်၏အသိပညာဖြစ်ပါသည်။
၂၁ - သို့သော် ယခုတွင် ပညတ်တော်မပါသော ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် ပေါ်ထွက်နေပါသည်၊ ပညတ်တော်များအားဖြင့်၄င်း၊ ပရောဖက်များအားဖြင့်၄င်း သက်သေပေးနေပါသည်။
၂၂ - သခင်ယေရှုခရစ်ကိုယုံကြည်ခြင်းဖြင့် ယုံကြည်အားလုံးထံသို့၊ အပေါ်သို့ ရောက်လာသော ဘုရားသခင်၏ ဖြောင့်မတ်ခြင်း ရှိပါသည်၊ မည်သူ့ကိုမျှ မခွဲခြားပါ။
၂၃ - အဘယ်ကြောင့်ဆိုသော် အားလုံးသည် အပြစ်ပြုကြသဖြင့် ဘုရားသခင်၏ဂုဏ်ကျက်သရေကို မမှီနိုင် ဖြစ်ကြရပါသည်။
၂၄ - သူ၏ကျေးဇူးတော်ကြောင့်သာ တန်ဖိုးပေးဆပ်ခြင်းမလိုဘဲ ဖြောင့်မတ်လာကြသည်၊ ခရစ်တော်ယေရှုထံ၌ရှိနေသော ကယ်လွှတ်ခြင်းအားဖြင့်ဖြစ်သည်။
၂၅ - သူ့ကို ဘုရားသခင်က အပြစ်အတွက် ဒေါသအမျက်ပြေရာအဖြစ် ခန့်ထားသည်၊ သူ၏အသွေးတော်ကို ယုံကြည်ခြင်းဖြင့် ဖြစ်သည်၊ ဘုရားသခင်၏သည်းခံတော်မူခြင်းဖြင့် အတိတ်မှအပြစ်များကို လွှတ်ပြီဟု သူ၏ဖြောင့်မတ်ခြင်းဖြင့် ကြေညာပါသည်။
၂၆ - ငါပြောသည်မှာ၊ သခင်ယေရှုကို ယုံကြည်သူတို့အား ဖြောင့်မတ်စေသူဖြစ်ခြင်းဖြင့် မှန်ကန်သူဖြစ်ကြောင်း၊ ယခုအချိန်တွင် သူ၏ဖြောင့်မတ်ခြင်းဖြင့် ကြေညာတော်မူပါသည်။

၂၇ - ကြွားဝါခြင်း ဘယ်မှာနည်း? ၎င်းကို ဖယ်ထုတ်ထားပါသည်၊ ပညတ်တော်ဖြင့်လော? အလုပ်အားဖြင့်လော? မဟုတ်ပါ၊ ယုံကြည်ခြင်းပညတ်တော်ဖြင့်ဖြစ်ပါသည်။
၂၈ - ထို့ကြောင့် ငါတို့က လူသည် ပညတ်တော်၏အပြုအမူများ မပါဘဲ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်သည်ဟု နိဂုံးချုပ်ပါသည်။
၂၉ - သူသည် ဂျူးတို့၏ဘုရားသာ ဖြစ်ပါသလော? သူသည် တပါးအမျိုးသားတို့၏ဘုရားလည်း ဖြစ်သည်မဟုတ်ပါလော? မှန်ပါသည်၊ တပါးအမျိုးသားများ၏ ဘုရားလည်းဖြစ်ပါသည်။
၃၀ - သူသည် အရေဖျားလှီးသောသူများကို ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်စေသူ၊ အရေဖျားလှီးခြင်းမခံသူများကိုလည်း ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်စေသူ တပါးတည်းသောဘုရားသခင်ဖြစ်သည်ဟု မြင်နေရပါသည်။
၃၁ - ထိုသို့ဆိုလျှင် ငါတို့သည် ပညတ်တော်ကို ယုံကြည်ခြင်းဖြင့် အသုံးမဝင်သောအရာ ဖြစ်သွားစေပါသလား? ဘုရားသခင်က တားမြစ်ပါသည်၊ မှန်ပါသည်၊ ငါတို့သည် ပညတ်တော်ကို တည်မြဲစေကြပါသည်။

အခန်းကြီး (၄)
၁ - ထိုသို့ဆိုလျှင် ငါတို့ဖခင် အာဗြဟံသည် အသွေးအသားနှင့်ဆိုင်လျှက် မည်သည့်အကျိုးကို ရခဲ့ပါသနည်း?
၂ - အကယ်၍သာ သူသည် အလုပ်များအားဖြင့် ဖြောင့်မတ်ခဲ့လျှင်၊ သူသည် ဂုဏ်ပြုခြင်းကိုရခဲ့မည်မဟုတ်ပါလား၊ သို့သော် ဘုရားသခင့်ရှေ့မှောက်တွင် ထိုသို့မဟုတ်ခဲ့ပါ။
၃ - ကျမ်းစာက မည်သို့ပြောပါသနည်း? အာဗြဟံ ဘုရားသခင်ကို ယုံကြည်သည်၊ ၎င်းကို သူ၏ဖြောင့်မတ်ခြင်းအတွက် မှတ်ယူပေးသည်ဟုပြောပါသည်။
၄ - ယခုတွင် လုပ်ကိုင်သူသည် ရရှိသည်၊ ထိုသို့ရခြင်းသည် ကျေးဇူးတင်စရာမဟုတ်ပါ၊ အကြွေးဖြစ်ပါသည်။
၅ - သို့သော် မလုပ်ကိုင်သူအတွက်မူ၊ ဘုရားမသိသောသူကို ဖြောင့်မတ်စေသူအားယုံကြည်သဖြင့်၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းအတွက် မှတ်ယူပေးခြင်း ခံရပါသည်။
၆ - ဒါဝိတ်ကပင်လျှင် အလုပ်များမပါဘဲ ဖြောင့်မတ်သည်ဟု ဘုရားသခင်၏ မှတ်ယူပေးခြင်းခံရသူများ၏ ကောင်းချီးခံရခြင်းအဖြစ်ကို ဤသို့ဖေါ်ပြခဲ့ပါသည်။
၇ - မိမိတို့၏မတရားမှုများမှ ခွင့်လွှတ်ခြင်းခံကြ ရသူများ၊ မိမိတို့၏အပြစ်များမှ ဖုံးအုပ်ပေးခြင်းခံရသူများသည် ကောင်းချီးခံရသူများဖြစ်သည်ဟု ပြောခဲ့ပါသည်။
၈ - ဘုရားသခင်က မိမိအပြစ်ကို မိမိထံ မှတ်ယူပေးခြင်းမခံရသူသည် ကောင်းချီးခံရသူဖြစ်သည်။
၉ - ထိုသို့ဆိုလျှင် ထိုကောင်းချီးသည် အရေဖျားလှီးခြင်းခံသူတို့ထံသာ ရောက်လာပါ

သလား? (သို့) အရေဖျားလှီးခြင်း မခံသူများထံကော ရောက်လာပါသလား? အဘယ်ကြောင့်ဆိုသော် အာဗြဟံအတွက် ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းအတွက် မှတ်ယူပေးသည်ဟု ငါတို့ ပြောခဲ့ကြပါသည်။
၁၀ - မည်သည့်အချိန်တွင် ထိုသို့ မှတ်ယူပေးပါသနည်း? သူ အရေဖျားလှီးခြင်း မခံခင်လော၊ ခံပြီးမှလော? အရေဖျားလှီးခြင်း မခံသေးခင်ဖြစ်ပါသည်။
၁၁ - ထို့နောက်သူသည် အရေဖျားလှီးခြင်း အမှတ်လက္ခဏာကို အရေဖျားလှီးခြင်း မခံမှီ ယုံကြည်ခြင်းကြောင့်ရရှိသော ဖြောင့်မတ်ခြင်း၏တံဆိပ်အဖြစ် ရရှိပါသည်၊ ထိုသို့ဖြင့် သူသည် ယုံကြည်သူအားလုံးတို့၏ဖခင် ဖြစ်လာရန်ဖြစ်သည်၊ အရေဖျားလှီးခြင်း မခံကြသော်လည်း၊ ဖြောင့်မတ်ခြင်းကို မှတ်ယူပေးဖို့ရန်ဖြစ်ပါသည်။
၁၂ - အရေဖျားလှီးခြင်းခံသူတို့၏ဖခင်သည် အရေဖျားလှီးခြင်းခံသူတို့ထံသို့သာမက၊ မိမိအရေဖျားလှီးခြင်းမခံမှီရှိသော ငါတို့ ဖခင်အာဗြဟံ၏ယုံကြည်ခြင်း ခြေလှမ်းများတိုင်း လျှောက်လှမ်းသူတို့၏ဖခင်လည်း ဖြစ်လာပါသည်။
၁၃ - ထို့အပြင် သူသည် ကမ္ဘာကြီးကိုအမွေခံရမည် ဆိုသောကတိတော်ကို ရရှိပါသည်၊ ထိုကတိတော်သည် အာဗြဟံထံသို့၊ (သို့) သူ၏အမျိုးအနွယ်များထံသို့ ပညတ်တော်အားဖြင့်ရောက်လာသည်မဟုတ်၊ ယုံကြည်ခြင်း၏ဖြောင့်မတ်ခြင်းဖြင့် ရောက်လာခြင်းဖြစ်သည်။
၁၄ - အဘယ်ကြောင့်ဆိုသော် ပညတ်တရားနှင့်ဆိုင်သူတို့သည် အမွေခံဖြစ်လျှင်၊ ယုံကြည်ခြင်းသည် ပျက်ပြယ်သွားပါမည်၊ ထို့အပြင် ကတိတော်သည်လည်း ဘာမှအာနိသင်ရှိတော့မည်မဟုတ်ပါ။
၁၅ - အဘယ်ကြောင့်ဆိုသော် ပညတ်တရားက အမျက်ဒေါသကိုသာ ထုတ်ဖေါ်ပါသည်၊ ပညတ်မရှိသောနေရာတွင် ဖေါက်ဖျက်ကျူးလွန်ခြင်းလည်းမရှိပါ။
၁၆ - ထို့ကြောင့် ကတိတော်သည် ကျေးဇူးတော်အားဖြင့်ဖြစ်ရန် ယုံကြည်ခြင်းဖြင့်သာရရှိပါသည်၊ အဆုံးသတ်တွင် ကတိတော်သည် မျိုးနွယ်အားလုံး၌သေချာရန်ဖြစ်သည်၊ ပညတ်တော်ရရှိသူများအတွက်သာမက၊ ငါတို့အားလုံး၏ဖခင်ဖြစ်သော အာဗြဟံ၏ယုံကြည်ခြင်းမျိုး ရှိကြသူတို့အတွက်လည်းဖြစ်ပါသည်။
၁၇ - (ငါသည် သင့်ကို နိုင်ငံများ၏ဖခင်ဖြစ်စေမည်ဟု ရေးထားသည့်အတိုင်းဖြစ်သည်)၊ သေသောသူတို့ကိုပြန်ရှင်စေသူ၊ ထိုအရာများကို မရှိကြသေးသော်လည်း ရှိနေသည့်ဟန် ခေါ်တော်မူသောသူ၊ အစကတည်းကသူယုံကြည်သော ဘုရားသခင်၏ရှေ့တော်တွင် ထိုသို့သောသူဖြစ်ပါသည်။
၁၈ - သူသည် နိုင်ငံများ၏ဖခင်ဖြစ်လာရန်၊ မျှော်လင့်ခြင်းကိုဆန့်ကျင်လျှက် မျှော်လင့်ခြင်း၌ယုံကြည်သူဖြစ်ပါသည်၊ သင်၏မျိုးနွယ်သည် ထိုသို့ဖြစ်မည်ဟုပြောထားသည့်အတိုင်းဖြစ်လာရန်ဖြစ်သည်။
၁၉ - ယုံကြည်ခြင်း၌အားမနည်းဘဲ၊ အသက်တရာခန့်ရှိသောသူ၏ကိုယ်ခန္ဓာကို သေ

သည်ဟု မယူဆဘဲနေပါသည်၊ ထို့အတူ စာရာ၏ဝမ်းသည်လည်း သေပြီဟုမယူဆခဲ့ပါ။
၂၀ - သူသည် ဘုရားသခင်၏ကတိတော်အပေါ် မယုံကြည်ခြင်းဖြင့် ယိမ်းယိုင်သူမဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သန်မာသောယုံကြည် ခြင်းရှိပါသည်၊ ဘုရားသခင်ကို ချီးမွမ်းတော်မူသည်။
၂၁ - ဘုရားသခင်သည် သူကတိပေးသည်ကို ပြည့်စုံအောင်လုပ်နိုင်သူဖြစ်ကြောင်း ဘဝင်ကျလျှက်ရှိပါသည်။
၂၂ - ထို့ကြောင့် ၎င်းကို သူ၏ဖြောင့်မတ်ခြင်းအတွက် မှတ်ယူပေးတော်မူလေသည်။
၂၃ - သူ့အတွက်မှတ်ယူပေးသည်ဆိုသည်ကို သူ့အတွက်သာ ရေးထားသည်မဟုတ်ပါ။
၂၄ - ငါတို့အတွက်လည်း ရေးထားခြင်းဖြစ်သည်၊ ငါတို့က ငါတို့သခင်ယေရှုကို ထမြောက်စေသူအားယုံကြည်ကြလျှင် ငါတို့အတွက်လည်း မှတ်ယူတော်မူမည်ဖြစ်ပါသည်။
၂၅ - သူသည် ငါတို့၏ပြစ်မှားခြင်းများအတွက် အပ်နှံခြင်းခံရသူဖြစ်သည်၊ ငါတို့ဖြောင့်မတ်ဖို့ ထမြောက်သူဖြစ်သည်။

အခန်းကြီး (၅)
၁ - ထို့ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ကြသည်ဖြစ်၍၊ ငါတို့သည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်နှင့်အတူ ငြိမ်းချမ်းရေးကိုရကြပါသည်။
၂ - သူ့အားဖြင့် ငါတို့သည် ယုံကြည်ခြင်းဖြင့် ထိုကျေးဇူးတော်ထဲသို့ ဝင်ခွင့်ရကြသည်၊ ထိုနေရာတွင် ငါတို့ရပ်တည်နေကြပါသည်၊ ထို့နောက် ဘုရားသခင်၏ဂုဏ်ကျက်သရေကို မျှော်လင့်လျှက် ဝမ်းမြောက်နေကြပါသည်။
၃ - ထို့မျှသာမကပါ၊ ဒုက္ခဆင်းရဲများကြားတွင်လည်း ငါတို့သည် ဘုရားသခင်ကိုချီးမွမ်းကြပါသည်၊ ဒုက္ခဆင်းရဲခြင်းက တည်ကြည်ခိုင်မာခြင်းကို ထုတ်လုပ်ပေးသည်ဟု သိလျှက် ချီးမွမ်းကြခြင်းဖြစ်သည်။
၄ - ထို့နောက် တည်ကြည်ခိုင်မာခြင်းက ရင့်ကျက်ခြင်းကို ထုတ်လုပ်ပေးပါသည်၊ ရင့်ကျက်ခြင်းက မျှော်လင့်ခြင်းကို ထုတ်လုပ်ပေးပါသည်။
၅ - ထိုသို့သောမျှော်လင့်ခြင်းက အရှက်မကွဲစေပါ၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ချစ်ခြင်းသည် ငါတို့နှလုံးသားများ၌ ငါတို့ထံပေးတော်မူထားသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျယ်ပြန့်စွာသွန်းလောင်းတော်မူ၍ဖြစ်သည်။
၆ - အဘယ်ကြောင့်ဆိုသော် ငါတို့သည် ခွန်အားမရှိကြချိန်၌ သင့်တော်သော အချိန်တွင် ဘုရားတရားမဲ့သူများအတွက် ခရစ်တော်အသေခံပါသည်။
၇ - ဖြောင့်မတ်သူတဦးအတွက် အသေခံပေးမည့်သူ ရှားပါးလှပါသည်၊ သို့သော် ကောင်းသောလူတယောက်အတွက် အချို့တို့က အသေခံပေးရဲခြင်းမျိုး ရှိနိုင်ကောင်းပါသည်။

၈ - သို့သော် ငါတို့သည် အပြစ်သားများဖြစ်နေကြစဉ်တွင် ခရစ်တော်ကို ငါတို့အတွက် သေစေခြင်းဖြင့် ဘုရားသခင်သည် သူ၏ချစ်ခြင်းကို ငါတို့ထံ ပြတော်မူပါသည်။

၉ - ထိုမျှသာမကပါ၊ သူ၏အသွေးတော်အားဖြင့် ယခုချိန်တွင်ဖြောင့်မတ်ကြပြီဖြစ်ရာ၊ သူ့အားဖြင့် ငါတို့သည် အမျက်ဒေါသမှနေ၍ ကယ်တင်ခံရဦးမည်ဖြစ်သည်။

၁၀ ငါတို့သည် ရန်သူများဖြစ်ကြစဉ်၊ သူ၏သားတော်အသေခံခြင်းဖြင့် ငါတို့သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ကြသည်ဖြစ်၍၊ ပြန်လည်သင့်မြတ်ကြယုံသာမက၊ သူ၏အသက်တာဖြင့် ငါတို့သည် ကယ်တင်ခံကြရဦးမည်ဖြစ်ပါသည်။

၁၁ - ထိုမျှသာမကပါ၊ ငါတို့သည် ငါတို့သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ထံ ဝမ်းမြောက်ကြပါသည်၊ သူ့အားဖြင့် ငါတို့သည် ယခုချိန်တွင် အပြစ်မှကြေအေးခြင်းကို ရရှိကြပြီဖြစ်သည်။

၁၂ - ထို့ကြောင့် လူတဦးအားဖြင့် အပြစ်သည် ကမ္ဘာထဲသို့ ဝင်ရောက်လာသကဲ့သို့၊ အပြစ်အားဖြင့် သေကြသည်၊ ထို့ကြောင့် သေခြင်းသည် လူသားအားလုံးထံသို့ ဖြတ်သွားသည်၊ အဘယ်ကြောင့်ဆိုသော် အားလုံးအပြစ်ပြုကြ၍ဖြစ်သည်။

၁၃ - (အဘယ်ကြောင့်ဆိုသော် ပညတ်တော်များမရှိခင်ကပင် အပြစ်သည် ကမ္ဘာကြီးထဲတွင် ရှိနေ၍ဖြစ်သည်၊ သို့သော် ပညတ်တော်များမရှိလျှင် အပြစ်ကို မှတ်ယူ၍မရပါ၊

၁၄ - မည်သို့ပင်ဖြစ်စေ သေခြင်းသည် အာဒံမှမောရှေထိအောင်အုပ်စိုးပါသည်၊ အာဒံ၏ကျူးလွန်ခြင်းပုံစံနှင့် တူညီစွာ အပြစ်မပြုကြသူတို့အပေါ်လည်း လွှမ်းခြုံပါသည်၊ အာဒံသည် နောက်လာမည့်သူ၏ပုံစံဖြစ်ပါသည်။

၁၅ - သို့သော် ကျူးလွန်ခြင်းသည်သာ ထိုသို့ဖြစ်သည်မဟုတ်ပါ၊ အခမဲ့ပေးသောလက်ဆောင်လဲ ထိုသို့ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍သာ တဦး၏ကျူးလွန်ခြင်းကြောင့် အများသေကြရလျှင်၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ပို၍အကျိုးများပါမည်၊ တဦးသောသူယေရှုခရစ်တော်အားဖြင့် အများထံသို့ ပေါလှိုင်နေပါသည်။

၁၆ - ထို့အပြင် တဦးအားဖြင့် အပြစ်ပြုသည်နှင့် လက်ဆောင်သည် မတူပါ၊ အဘယ်ကြောင့်ဆိုသော် တရားစီရင်ခြင်းသည် တဦးအားဖြင့် အပြစ်ခံရာသို့ဖြစ်သည်၊ သို့သော် အခမဲ့ပေးသောလက်ဆောင်မှာ အပြစ်ပြုသူများကို ဖြောင့်မတ်ရာသို့ ရောက်စေပါသည်။

၁၇ - အဘယ်ကြောင့်ဆိုသော် အကယ်၍သာ လူတဦး၏ကျူးလွန်ခြင်းကြောင့် သေခြင်းသည်၊ တယောက်အားဖြင့် အုပ်စိုးသည်ဆိုလျှင်၊ ဖြောင့်မတ်ခြင်းလက်ဆောင်နှင့် မြောက်များစွာသောကျေးဇူးတော်များကို ရကြသူတို့သည် ယေရှုခရစ်ဆိုသူတဦးအားဖြင့် ရှင်သန်ခြင်းတွင် ပို၍စိုးစံကြပါမည်။)

၁၈ - ထို့ကြောင့် တဦး၏ကျူးလွန်ခြင်းကြောင့် တရားစီရင်ခြင်းသည် လူအားလုံးအပေါ်ရောက်ကာ၊ ပျက်ဆီးကြရသည်၊ ထိုသို့နှင့်အညီ တဦး၏ဖြောင့်မတ်ခြင်းအားဖြင့်

အခမဲ့ပေးသောလက်ဆောင်သည် လူအားလုံးအပေါ်ရောက်ကာ အသက်ရှင်ခြင်း၏ ဖြောင့်မတ်ခြင်းသို့ ရောက်ကြပါသည်။
၁၉ - အဘယ်ကြောင့်ဆိုသော် လူတဦး၏မနာခံမှုဖြင့် အများသည် အပြစ်သားများ အဖြစ်သို့ ရောက်ကြရသည်၊ ထို့အတူ တဦး၏နာခံမှုဖြင့် အများသည် ဖြောင့်မတ်ရာသို့ ရောက်ကြပါသည်။
၂၀ - ထို့အပြင် ကျူးလွန်ခြင်းပို၍များလာမည်အကြောင်း ပညတ်တော်ဝင်လာပါသည်။ သို့သော် အပြစ်ပေါလိုင်သောနေရာတွင်၊ ကျေးဇူးတော်သည် ပို၍များပြားစွာ ပေါလိုင်ပါသည်။
၂၁ - အပြစ်က သေခြင်းတိုင်အောင် အုပ်စိုးသလို၊ ကျေးဇူးတော်သည်လည်း ဖြောင့်မတ်ခြင်းမှနေ၍ ထာဝရအသက်ရှင်ခြင်းသို့ ငါတို့သခင်ယေရှုခရစ်အားဖြင့် အုပ်စိုးမည်ဖြစ်သည်။

အခန်းကြီး (၆)
၁ - ငါတို့ ဘာကိုထပ်ပြောရမည်နည်း? ကျေးဇူးတော် ပို၍ပေါလိုင်စေရန် အပြစ်ကို ဆက်လုပ်နေရမည်လော?
၂ - ဘုရားသခင်က တားမြစ်သည်၊ အပြစ်တွင်သေကြပြီဖြစ်သော ငါတို့သည် မည်သို့ ထိုအထဲတွင် ဆက်နေကြမည်နည်း?
၃ - ယေရှုခရစ်၌ ဗတ္တိဇံကိုခံကြသူမှန်သမျှတို့သည် သူ၏သေခြင်းထဲသို့ ဗတ္တိဇံခံကြကြောင်း သင်တို့ မသိကြသလော?
၄ - ထို့ကြောင့် ငါတို့သည် သူနှင့်အတူ သေခြင်းထဲသို့ ဗတ္တိဇံအားဖြင့် မြှုပ်နှံခြင်းကိုခံကြရသည်၊ ထို့နောက် ခမည်းတော်၏ဘုန်းအသရေအားဖြင့် ခရစ်တော်သည် သေခြင်းမှ ထမြောက်သကဲ့သို့ ငါတို့သည်လည်း အသက်တာသစ်၌လျှောက်လှမ်းသင့်ကြပါသည်။
၅ - အဘယ်ကြောင့်ဆိုသော် အကယ်၍သာ ငါတို့သည် သူ၏သေခြင်းနှင့်သဏ္ဍာန်တူစွာ သူနှင့်အတူ စိုက်ပျိုးခြင်း ခံကြရပါလျှင်၊ ငါတို့သည် သူ၏ထမြောက်ခြင်းနှင့်လည်း သဏ္ဍာန်တူကြမည်ဖြစ်ပါသည်။
၆ - ငါတို့၏လူဟောင်းသည် သူနှင့်အတူ လက်ဝါးကပ်တိုင်တွင် တင်ထားပြီးဖြစ်ကြောင်းကို သိလျှက်၊ အပြစ်၏ခန္ဓာသည် ချေမှုန်းခြင်းကိုခံမည်အကြောင်း ယခုမှစ၍ ငါတို့သည် အပြစ်ကိုအစေမခံသင့်ကြတော့ပါ။
၇ - အဘယ်ကြောင့်ဆိုသော် သေသောသူသည် အပြစ်မှလွတ်မြောက်၍ဖြစ်သည်။
၈ - ယခုတွင် အကယ်၍သာ ငါတို့သည် ခရစ်တော်နှင့်အတူ သေခဲ့ကြပြီဆိုလျှင်၊ ငါတို့သည် သူနှင့်အတူ ရှင်ကြဦးမည်ဟု ငါတို့ ယုံကြည်ကြသည်။
၉ - ခရစ်တော်သည် ထမြောက်သောအခါ ပြန်သေခြင်းမရှိတော့ကြောင်း၊ သေခြင်းက

သူ့အပေါ် အုပ်စိုးခြင်းမရှိတော့ကြောင်းကို သိကြပါသည်။
၁၀ - အဘယ်ကြောင့်ဆိုသော် သူသေသည့်အခါ အပြစ်အတွက် တခါသာ သေခဲ့ပါသည်၊ သို့သော် အသက်ရှင်သည့်အခါ၊ ဘုရားသခင်အတွက်သာရှင်ပါတော့သည်။
၁၁ - ထို့အတူ သင်တို့သည်လည်း မိမိတို့ကိုယ်ကို အပြစ်တရားသို့အမှန်သေကြပြီဟု မှတ်ယူကြပါ၊ သို့သော် ငါတို့သခင် ယေရှုခရစ်အားဖြင့် ဘုရားသခင်ထံသို့ ရှင်ကြသည်ဟုလည်း မှတ်ယူကြပါ။
၁၂ - ထို့ကြောင့် ကိုယ်ခန္ဓာ၏တပ်မက်ခြင်းများကို နာခံရသည်တိုင်အောင်၊ အပြစ်က သင်၏သေတတ်သောခန္ဓာကို အစိုးမရပါစေနှင့်။
၁၃ - သင်တို့၏ကိုယ်အင်္ဂါများကို အပြစ်ပြုဖို့ မဖြောင့်မတ်ခြင်း၏တန်ဆာပလာများ မဖြစ်စေကြပါနှင့်၊ သို့သော် သေခြင်းမှပြန်ရှင်လာကြသူများကဲ့သို့ ဘုရားသခင်အတွက် ဖြစ်စေကြပါ၊ သင်တို့၏ကိုယ်အင်္ဂါများကို ဘုရားသခင်ထံသို့ ဖြောင့်မတ်ခြင်း၏ တန်ဆာပလာများ ဖြစ်စေကြပါ။
၁၄ - အပြစ်က သင့်အပေါ် မစိုးမိုးစေပါနှင့်၊ အဘယ်ကြောင့်ဆိုသော် သင်တို့သည် ပညတ်များအောက်၌မရှိကြပါ၊ သို့သော် ကျေးဇူးတော်အောက်၌ရှိကြပါသည်။
၁၅ - ထိုသို့ဆိုလျှင် မည်သို့နည်း? ငါတို့သည် ပညတ်များအောက်၌မရှိ၊ ကျေးဇူးတော်အောက်၌ရှိကြသဖြင့် အပြစ်ပြုကြရမည်လား?
၁၆ - သင်တို့သည် တစုံတဦးကို နာခံကြလျှင်၊ သင်တို့သည် သင်တို့နာခံသည့် ထိုသူ၏ကျွန်ဖြစ်ကြသည်ကို မသိကြသလော၊ အပြစ်တရားဖြစ်လျှင် သေခြင်းသို့ (သို့)ဖြောင့်မတ်ခြင်းသို့ နာခံခြင်းဖြစ်သည် မဟုတ်လော?
၁၇ - သို့သော် ဘုရားသခင်ကို ကျေးဇူးတင်ရပါသည်၊ အဘယ်ကြောင့်ဆိုသော် သင်တို့သည် တခါက အပြစ်၏ကျွန်များဖြစ်ခဲ့ကြသော်လည်း၊ ယခုတွင် သင်တို့ကို ကယ်လွှတ်သော ဩဝါဒအစုအဝေးပုံစံကို သင်တို့သည် နှလုံးသားမှ နာခံကြ၍ဖြစ်သည်။
၁၈ - အပြစ်မှလွတ်မြောက်ကြပြီးဖြစ်သဖြင့်၊ သင်တို့သည် ဖြောင့်မတ်ခြင်း၏ အစေခံများ ဖြစ်ကြပြီဖြစ်သည်။
၁၉ - အဘယ်ကြောင့်ဆိုသော် သင်တို့အသွေးအသား၏ အားနည်းချက်ကြောင့် ငါသည် လူတို့ပြောသကဲ့သို့ပြောနေခြင်းဖြစ်သည်၊ တချိန်က သင်တို့သည် မိမိတို့၏ကိုယ်အင်္ဂါများကို မသန့်ရှင်းခြင်း၏ကျွန်များ ဖြစ်စေခဲ့သလို၊ ဒုစရိုက်ပြုခြင်းမှ ဒုစရိုက်ပြုခြင်းသို့ အသုံးပြုခဲ့ကြသလို၊ ယခုတွင်လည်း သင်တို့၏ကိုယ်အင်္ဂါများကို သန့်ရှင်းခြင်းသို့ ရောက်ရန် ဖြောင့်မတ်ခြင်း၏အစေခံကျွန်ဖြစ်စေကြလော့။
၂၀ - အဘယ်ကြောင့်ဆိုသော် သင်တို့သည် အပြစ်၏ကျွန်များ ဖြစ်နေကြစဉ်၊ သင်တို့သည် ဖြောင့်မတ်ခြင်းမှ ကင်းလွတ်နေခဲ့ကြသည်။
၂၁ - ထိုအချိန်က သင်တို့သည် မည်သို့သော်အသီးကိုသီးစေခဲ့ကြပါသနည်း၊ ယခုအခါ ထိုအရာတို့ကို သင်တို့သည် ပြုကြရန် ရှက်ကြပြီမဟုတ်လော?

၂၂ - သို့သော် ယ္ခုအခါ အပြစ်မှ လွတ်မြောက်ကြပြီဖြစ်၍၊ ဘုရားသခင်၏ အစေခံကျွန်များ ဖြစ်ကြပြီဖြစ်၍၊ သင်တို့၏အသီးအပွင့်သည် သန့်ရှင်းခြင်းသို့ ဖြစ်ကြပြီ၊ အဆုံးတွင် ထာဝရအသက်ရှင်ခြင်းဖြစ်သည်။
၂၃ - အဘယ်ကြောင့်ဆိုသော် အပြစ်၏အဖိုးအခမှာ သေခြင်းဖြစ်သည်၊ သို့သော် ဘုရားသခင်၏လက်ဆောင်သည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ရှင်ခြင်းဖြစ်သည်။

## အခန်းကြီး (၇)

၁ - ညီအကိုတို့၊ ပညတ်တော်သည် လူတဦးအပေါ် သူအသက်ရှင်နေသမျှကာလပတ်လုံး အုပ်စိုးသည်ကို မသိဘဲနေကြပါသလော? (ပညတ်တော်များကို သိကြသူများထံ ငါပြောနေခြင်းဖြစ်သည်)။
၂ - အဘယ်ကြောင့်ဆိုသော် ယောကျ်ားရှိသောအမျိုးသမီးသည် မိမိယောကျ်ား အသက်ရှင်နေသ၍ ပညတ်အားဖြင့် တုတ်နှောင်ထားသည်၊ သို့သော် အကယ်၍ ခင်ပွန်းသေဆုံးလျှင်၊ သူမသည် မိမိယောကျ်ားနှင့်ပညတ်တော်အရတုတ်နှောင်ထားခြင်းမှ လွတ်မြောက်ပြီဖြစ်သည်။
၃ - ထို့ကြောင့် သူမ၏ခင်ပွန်း အသက်ရှင်နေစဉ်၊ အခြားတယောက်နှင့် လက်ထပ်လျှင်၊ ထိုအမျိုးသမီးကို ဖေါက်ပြန်သူဟု ခေါ်ရပါမည်၊ သို့သော် အကယ်၍ သူ၏ခင်ပွန်း သေဆုံးသော် သူမသည် ပညတ်တော်မှလွတ်မြောက်ပါသည်၊ ထို့ကြောင့် အခြားယောကျ်ားတယောက်နှင့် အိမ်ထောင်ပြုသော်လည်း၊ သူသည် ဖေါက်ပြန်သောသူ မဟုတ်ပါ။
၄ - ထို့ကြောင့် ငါ့ညီအကိုတို့၊ သင်တို့သည်လည်း ခရစ်တော်၏ကိုယ်ခန္ဓာအားဖြင့် ပညတ်တရားသို့ သေဆုံးကြပြီဖြစ်သည်၊ ထိုသို့ဖြင့် အခြားသူတဦးကို လက်ထပ်ကြရန်ဖြစ်သည်၊ သေခြင်းမှပြန်ထမြောက်သူကိုပင်ဖြစ်သည်၊ ထိုသို့ဖြင့် ဘုရားသခင့်ထံသို့ အသီးပွင့်များကို ထုတ်ဖေါ်ကြရန်ဖြစ်သည်။
၅ - အဘယ်ကြောင့်ဆိုသော် ငါတို့သည် အသွေးအသား၌ရှိနေခဲ့ကြစဉ်၊ ပညတ်တရားအားဖြင့်သိရသော တပ်မက်ခြင်းများက ငါတို့ကိုယ်အင်္ဂါများကို အပြစ်၏လှုပ်ရှားမှုများနှင့်လှုပ်ရှားစေကြ၍ သေခြင်းတရားသို့ရောက်စေသော အသီးအပွင့်များကို ထုတ်လုပ်စေပါသည်။
၆ - သို့သော် ယ္ခုအခါ၊ ငါတို့သည် ပညတ်တရားမှကယ်လွှတ်ခြင်းကို ခံကြရပြီးဖြစ်သည်၊ ငါတို့ကိုချုပ်ထားသောနေရာ၌ သေခဲ့ကြပြီးဖြစ်၍၊ ငါတို့သည် အိုဟောင်းသောစာများနှင့်မဟုတ်၊ အသစ်သောဝိညာဉ်ဖြင့် တာဝန်ထမ်းဆောင်သင့်ကြပြီဖြစ်သည်။
၇ - ထို့ကြောင့် ငါတို့ ဘာကိုထပ်ပြောကြရမည်နည်း? ပညတ်တရားသည် အပြစ်ပြုပါသလော? ဘုရားသခင်တားမြစ်ပါသည်။ ထိုသို့မဟုတ်ပါ၊ ငါသည် ပညတ်တော် မရှိ

လျှင် အပြစ်ဆိုသည်ကို မသိပါ၊ အဘယ်ကြောင့်ဆိုသော် ပညတ်တော်က သင်သည် မတပ်မက်ရဟု မပြောခဲ့လျှင်၊ တပ်မက်ခြင်းကို ငါမသိနိုင်ပါ။
၈ - သို့သော် အပြစ်သည် ပညတ်တော်များအားဖြင့် အခွင့်အရေးယူလျှက်၊ ငါ၏အထဲ၌ မျိုးစုံသော အလိုရမက်များကို ဖြစ်စေပါတော့သည်။ အဘယ်ကြောင့်ဆိုသော် ပညတ်တော်မပါလျှင် အပြစ်သည် သေပါတော့သည်။
၉ - အဘယ်ကြောင့်ဆိုသော် ပညတ်တော်မရှိသောအခါ၊ ငါသည် အသက်ရှင်ပါသည်၊ သို့သော် ပညတ်တော်များရောက်လာသောအခါ၊ အပြစ်သည် ပြန်ထလာပါသည်၊ ထို့နောက် ငါသည် သေပါသည်။
၁၀ - ထို့အပြင် အသက်ရှင်ဖို့ ခန့်ထားသော ပညတ်တော်ကို ငါသည် သေခြင်းသို့ ပို့သောအရာဖြစ်ကြောင်း တွေ့မြင်လာပါသည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် အပြစ်သည် ပညတ်တော်အားဖြင့် အခွင့်အရေးများယူလျှက်၊ ငါ့ကို သွေးဆောင်သည်၊ ထို့နောက် ငါကို သတ်ပါတော့သည်။
၁၂ - ပညတ်တော်သည် သန့်ရှင်းပါသည်၊ မိန့်တော်မူချက်တို့သည် သန့်ရှင်း၊ ဖြောင့်မတ်၊ ကောင်းမြတ်ကြပါသည်။
၁၃ - ထိုသို့ဖြစ်လျှင် ကောင်းမြတ်သောအရာက ငါ့ထဲတွင် သေခြင်းကို ဖြစ်စေပါသလော? ဘုရားသခင်တားမြစ်ပါသည်၊ သို့သော် အပြစ်ကသာ ငါ့ထဲတွင် သေခြင်းကို ဖြစ်စေခြင်းဖြစ်သည်၊ ထိုကောင်းမြတ်သောအရာက အပြစ်ကို အပြစ်အဖြစ် ထင်ရှားလာစေရန်သာပြုပေးပါသည်၊ အပြစ်သည် ပညတ်တော်အားဖြင့် အလွန်ဆိုးညစ်သောအရာအဖြစ် တွေ့မြင်ရရန်ဖြစ်သည်။
၁၄ - အဘယ့်ကြောင့်ဆိုသော် ပညတ်တော်များသည် ဝိညာဉ်ရေးရာနှင့်ဆိုင်ကြောင်း ငါတို့ သိကြပါသည်၊ သို့သော် ငါသည် အသွေးအသားနှင့်ဆိုင်ပါသည်၊ အပြစ်တရားအောက်၌ ရောင်းချခံထားရသူဖြစ်သည်။
၁၅ - အဘယ်ကြောင့်ဆိုသော် ငါလုပ်နေသောအရာကို ငါနားမလည်ပါ၊ ငါလုပ်ချင်သည်ကို ငါမလုပ်ပါ၊ သို့သော် ငါမုန်းသည်ကို ငါလုပ်မိနေပါသည်။
၁၆ - ထိုသို့ဆိုလျှင် ငါမလုပ်ချင်သည်ကို ငါလုပ်နေပါလျှင်၊ ပညတ်တော်သည် ကောင်းမြတ်ကြောင်း သဘောတူနေခြင်းဖြစ်ပါသည်။
၁၇ - ထိုသို့ဆိုလျှင် ထိုသို့ပြုသောသူသည် ငါမဟုတ်တော့ပါ၊ ငါ့အထဲတွင် နေထိုင်သော အပြစ်တရားက ပြုလုပ်ခြင်းဖြစ်သည်။
၁၈ - အဘယ့်ကြောင့်ဆိုသော် ငါ့အထဲတွင်(ဆိုလိုသည်မှာ ငါ့အသွေးအသားထဲတွင်) ကောင်းသောအရာတခုမှ မနေထိုင်ပါ၊ အလိုဆန္ဒရှိဖို့တော့ ငါ့အထဲတွင် ရှိနေပါသည်၊ သို့သော် ထိုကောင်းခြင်းကိုမည်သို့လုပ်ဆောင်ရမည်ဆိုသည့်အရာကိုတော့ ငါမတွေ့ပါ။
၁၉ - အဘယ့်ကြောင့်ဆိုသော် ကောင်းသည်ဟု ငါလိုချင်သောအရာကို ငါမလုပ်၊ သို့သော် ဆိုးညစ်ခြင်းဆိုသည့် ငါဆန္ဒမရှိသည်ကို ငါလုပ်နေမိပါသည်။

၂၀ - ယ္ခုတြင္ ထိုကဲ့သို႔ ငါမလိုခ်င္သည္ကို ငါလုပ္ေနမိသည္မွန္လွ်င္၊ ၄င္းကို လုပ္ေနသည္မွာ ငါမဟုတ္ပါ၊ ငါ့ထဲတြင္ေနထိုင္ေသာအျပစ္က လုပ္ေနျခင္းျဖစ္သည္။
၂၁ - ငါ ေကာင္းသည္ကိုလုပ္ခ်င္ေသာအခါ၊ ဆိုးညစ္ျခင္းသည္ ငါ့ထံ၌ရွိေနသည္ဆိုေသာ ဥပေဒသကို ငါ ေတြ႕လာပါသည္။
၂၂ - အဘယ့္ေၾကာင့္ဆိုေသာ္ ငါသည္ အတြင္းလူအားျဖင့္ ဘုရားသခင္၏ပညတ္ေတာ္မ်ားကို ၾကည္ႏူးစြာသေဘာက်ပါသည္။
၂၃ - သို႔ေသာ္ ငါ၏အဂၤါမ်ားထဲတြင္ ဥပေဒသတမ်ိဳးရွိသည္ဟု ငါျမင္ေနရပါသည္၊ ထိုဥပေဒသက ငါ့စိတ္ထဲရွိပညတ္ေတာ္ကို ဆန္႔က်င္တိုက္လွန္ေနပါသည္၊ ထို႔ေနာက္ ငါ့ကို ငါ၏အဂၤါမ်ားထဲရွိ အျပစ္၏ဥပေဒသေအာက္သို႔ က်ႈန္ျဖစ္ေစပါသည္။
၂၄ - ငါသည္ အေတာ္အသုံးမက်သူ ျဖစ္ေနပါသည္! ထိုေသျခင္း၏ခႏၶာမွေန၍ ငါ့ကို မည္သူကယ္တင္လိမ့္မည္နည္း?
၂၅ - ငါတို႔သခင္ေယ႐ႈခရစ္ေတာ္အားျဖင့္ ငါသည္ ဘုရားသခင္ကို ေက်းဇူးတင္ပါသည္။ ထိုသို႔ႏွင့္အညီ ငါသည္ စိတ္ျဖင့္ ဘုရားသခင္၏ပညတ္ေတာ္မ်ားကို ထမ္းေဆာင္ပါသည္၊ သို႔ေသာ္ အေသြးအသားအားျဖင့္ အျပစ္၏ပညတ္မ်ားကို ထမ္းေဆာင္ပါသည္။

## အခန္းႀကီး (၈)

၁ - ထို႔ေၾကာင့္ ယ္ခုတြင္ ခရစ္ေတာ္ေယ႐ႈ၌ရွိေသာသူအေပါင္းတို႔တြင္ အျပစ္ဒဏ္ခတ္ျခင္းသည္ မရွိေတာ့ပါ၊ သူတို႔သည္ အေသြးအသားအတိုင္းအသက္မရွင္ၾကဘဲ၊ ၀ိညာဥ္ေတာ္အတိုင္း အသက္ရွင္ၾကပါသည္။
၂ - အဘယ့္ေၾကာင့္ဆိုေသာ္ ခရစ္ေတာ္ေယ႐ႈထံ၌ရွိေသာ အသက္ရွင္ေသာ၀ိညာဥ္ေတာ္၏ဥပေဒသက ငါ့ကို အျပစ္ႏွင့္ေသျခင္း၏ဥပေဒသမွေန၍ လြတ္လပ္ေစပါသည္။
၃ - အဘယ့္ေၾကာင့္ဆိုေသာ္ ပညတ္တရားက မလုပ္နိုင္ဘဲ၊ အေသြးအသားမွေန၍ အားနည္းသြားေစသည္ကို၊ ဘုရားသခင္သည္ မိမိ၏သားေတာ္အား အျပစ္ျပဳေသာအေသြးအသားႏွင့္တူညီေသာပုံစံျဖင့္ အျပစ္အတြက္ ေစလႊတ္ေတာ္မူပါသည္၊ ထို႔ေနာက္ အေသြးအသားတြင္ အျပစ္ကို အျပစ္ဒဏ္ေပးပါသည္။
၄ - ထိုသို႔ျဖင့္ အေသြးအသားအတိုင္းအသက္မရွင္၊ ၀ိညာဥ္ေတာ္အတိုင္း အသက္ၾကေသာ ငါတို႔ထံ၌ ပညတ္တရား၏ေျဖာင့္မတ္ျခင္း ျပည့္စုံလာရန္ျဖစ္သည္။
၅ - အဘယ့္ေၾကာင့္ဆိုေသာ္ အေသြးအသားအတိုင္းေနထိုင္ၾကေသာသူတို႔သည္ အေသြးအသားႏွင့္ဆိုင္ေသာအရာတို႔ကိုသာ ဂ႐ုစိုက္ၾကပါသည္၊ သို႔ေသာ္ ၀ိညာဥ္ေတာ္အတိုင္းေနထိုင္ၾကသူတို႔မွာ ၀ိညာဥ္ေတာ္ႏွင့္ဆိုင္ေသာအရာတို႔ကို ဂ႐ုစိုက္ၾကပါသည္။
၆ - အဘယ့္ေၾကာင့္ဆိုေသာ္ အေသြးအသားႏွင့္ဆိုင္ေသာစိတ္သည္ ေသျခင္းျဖစ္

သည်၊ သို့သော် ဝိညာဉ်ရေးနှင့်ဆိုင်သောစိတ်သည် အသက်ရှင်ခြင်းနှင့်ငြိမ်းချမ်းခြင်း ဖြစ်သည်။

၇ - အသွေးအသားနှင့်ဆိုင်သောစိတ်သည် ဘုရားသခင်နှင့်ရန်ဖက်ဖြစ်သောကြောင့်၊ ၄င်းသည် ဘုရားသခင်၏ပညတ်တော်ကို မနာခံပါ၊ ထို့အတူ မနာခံနိုင်ပါ။

၈ - ထို့ကြောင့် အသွေးအသား၌နေထိုင်သူတို့သည် ဘုရားသခင်စိတ်ကို မကျေနပ်စေနိုင်ကြပါ။

၉ - သို့သော် သင်တို့သည် အသွေးအသား၌ရှိကြသည်မဟုတ်ပါ၊ သို့သော် ဝိညာဉ်တော်၌ရှိကြပါသည်၊ ထိုသို့ဖြစ်ရသည်မှာ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့ထဲ၌ နေတော်မူသောကြောင့်ဖြစ်ပါသည်။ အကယ်၍ တစုံတဦးသည် ခရစ်တော်၏ဝိညာဉ်တော်ကို မပိုင်ဆိုင်လျှင်၊ ထိုသူသည် သူ့လူ မဟုတ်ပါ။

၁၀ - အကယ်၍ ခရစ်တော်သည် သင်တို့၌ရှိလျှင်၊ အပြစ်ကြောင့် ကိုယ်ခန္ဓာသည် သေသော်လည်း၊ ဝိညာဉ်သည် ဖြောင့်မတ်ခြင်းကြောင့် အသက်ရှင်ပါသည်။

၁၁ - သို့သော် အကယ်၍သာ ယေရှုကို သေခြင်းမှထမြောက်စေသောသူ၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ နေတော်မူလျှင်၊ ခရစ်တော်ကို သေခြင်းမှထမြောက်စေသူသည် သင်တို့၏သေတတ်သောကိုယ်ခန္ဓာများကိုလည်း သင်တို့အထဲ၌နေတော်မူသောသူ၏ဝိညာဉ်တော်အားဖြင့် အသက်ရှင်စေမည်ဖြစ်သည်။

၁၂ - ထို့ကြောင့် ညီအကိုတို့၊ ငါတို့သည် အသွေးအသားတပ်မက်မှု၌အသက်ရှင်ကြဖို့၊ အသွေးအသား၌ အကြွေးတင်ကြသူများမဟုတ်ကြပါ။

၁၃ - အဘယ့်ကြောင့်ဆိုသော် အကယ်၍သင်တို့သည် အသွေးအသားအတိုင်း အသက်ရှင်လျှင် သေမည်ဖြစ်သည်၊ သို့သော် အကယ်၍ သင်တို့သည် ကိုယ်ခန္ဓာ၏အကျင့်များကို ဝိညာဉ်တော်အားဖြင့် သေစေကြလျှင် အသက်ရှင်ကြမည်ဖြစ်သည်။

၁၄ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ဝိညာဉ်တော်အားဖြင့် ဦးဆောင်ခြင်းကို ခံကြရသူအားလုံးတို့သည် ဘုရား သခင်၏သားများဖြစ်ကြပါသည်။

၁၅ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် နောက်ဖန်ကျောက်လန့်ကြဖို့ ကျွန်ဖြစ်ခြင်းဝိညာဉ်ကို ရကြသည်မဟုတ်၊ သို့သော် သင်တို့သည် မွေးစားခံရခြင်းဝိညာဉ်ကို ရကြပါသည်၊ ထိုသို့ဖြင့် ငါတို့သည် အဗ္ဗ၊ အဖဟု ခေါ်ကြပါသည်။

၁၆ - ဝိညာဉ်တော်ကိုယ်၌က ငါတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြသည်ဟု ငါတို့ဝိညာဉ်နှင့်အတူ သက်သေခံပါသည်။

၁၇ - အကယ်၍ သားသမီးများဖြစ်ကြလျှင်၊ အမွေခံများဖြစ်ကြသည်၊ ဘုရားသခင်၏ အမွေခံများဖြစ်ကြသည်၊ ခရစ်တော်နှင့်အတူအမွေခံကြမည့်သူများဖြစ်ကြသည်၊ အကယ်၍ ငါတို့သည် သူနှင့်ဆင်းရဲဒုက္ခကိုခံကြလျှင်၊ ငါတို့သည် သူနှင့်အတူ ချီးမြှောက်ခြင်းကိုလည်း ခံကြရဦးမည်ဖြစ်သည်။

၁၈ - အဘယ့်ကြောင့်ဆိုသော် ယခုအချိန်၌ခံရစားရခြင်းများသည်၊ နောင်တချိန် ငါတို့

အထဲတွင် ဖေါ်ပြမည့် ဘုန်းကျက်သရေနှင့် နှိုင်းယှဉ်ရန်ပင် မထိုက်ပါဟု ငါတွက်ဆမိပါသည်။

၁၉ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင့်သားများ ပေါ်ထွန်းလာမည့်အချိန်ကို ဖန်ဆင်းခံများက အလွန်စိတ် အားထက်သန်စွာ မျှော်လင့်စောင့်စားနေကြပါသည်။

၂၀ - အဘယ့်ကြောင့်ဆိုသော် ဖန်ဆင်းခံများသည် အနတ္တဖြစ်ခြင်းအောက်သို့ ပို့ခြင်းကို ခံနေကြရပါသည်၊ သို့သော် ထိုသို့ရောက်ရှိစေသူကပင် ထိုတူညီသောမျှော်လင့်ခြင်းကို ရရှိစေပါသည်။

၂၁ - အဘယ့်ကြောင့်ဆိုသော် ဖန်ဆင်းခံများသည်လည်းဘဲ ပျက်ဆီးယိုယွင်းခြင်းအောက် ကျွန်ခံနေရခြင်းမှ၊ ဘုရားသခင့်သားသမီးတို့၏ ကြီးကျယ်မြင့်မြတ်လှသောလွတ်မြောက်ခြင်းသို့ ကယ်လွှတ်ခြင်းခံရမည်ဖြစ်သည်။

၂၂ - ထို့ကြောင့် ဖန်ဆင်းခြင်းတခုလုံးသည် နာကျင်စွာညည်းညူလျှက်၊ ပြင်းထန်သောဝေဒနာကို ယှဉ်တိုင်အောင် အတူတကွ ခံစားနေကြရကြောင်း ငါတို့ သိကြပါသည်။

၂၃ - သူတို့သာမကပါ၊ ဝိညာဉ်တော်၏အသီးအပွင့်များကိုရကြသော ငါတို့သည်လည်းခံစားနေကြရဆဲဖြစ်သည်၊ ငါတို့သည်လည်း ငါတို့အထဲတွင် နာကျင်စွာညည်းညူကြပါသည်၊ မွေးစားခံရခြင်းကို စောင့်နေကြပါသည်၊ စကားလုံးဖြင့်ပြောရလျှင် ငါတို့ခန္ဓာကိုယ်များအား ကယ်တင်ခြင်းကိုဆိုလိုပါသည်။

၂၄ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မျှော်လင့်ခြင်းအားဖြင့် ကယ်တင်ခံကြရသည်၊ သို့သော် မြင်ရသောမျှော်လင့်ခြင်းသည် မျှော်လင့်ခြင်းမဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် လူတဦးက မြင်နေသည့်အရာကို မည်သည့်အတွက်ကြောင့် မျှော်လင့်နေမည်နည်း?

၂၅ - သို့သော် ငါတို့သည် ငါတို့မမြင်ရသောအရာကို မျှော်လင့်ကြလျှင်၊ ငါတို့သည် ၎င်းကို စိတ်ရှည်စွာ စောင့်နေကြမည်ဖြစ်သည်။

၂၆ - ထို့နည်းတူ ဝိညာဉ်တော်ကလဲ ငါတို့၏ချည့်နဲ့အားနည်းခြင်းများကို ကူညီပေးပါသည်၊ အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ငါတို့တောင်းသင့်တောင်းအပ်သည်ကို ဆုတောင်းရန် မသိကြပါ၊ သို့သော် ဝိညာဉ်တော်ကိုယ်တိုင်က ငါတို့အတွက် ပြော၍မရနိုင်သောညီးတွားခြင်းဖြင့် ကြားဝင်ဆုတောင်းပေးပါသည်။

၂၇ - ထို့အပြင် နှလုံးသားများကို စိစစ်သောသူသည် ဝိညာဉ်တော်၏စိတ်ထဲ၌ ဘာရှိသည်ကို သိပါသည်၊ အဘယ်ကြောင့်ဆိုသော် သူသည် သန့်ရှင်းသူတို့အတွက် ဘုရားသခင်၏အလိုတော်နှင့်အညီ ကြားဝင်ဆုတောင်းပေးသောကြောင့် ဖြစ်သည်။

၂၈ - ထို့အပြင် အရာခပ်သိမ်းက ဘုရားသခင်အားချစ်မြတ်နိုးသူတို့အတွက် ကောင်းခြင်းများကို အတူတကွလုပ်ပေးကြသည်ဟု ငါတို့ သိကြပါသည်။

၂၉ - သူကြိုတင်သိသောသူတို့ကို၊ သူသည် သူ၏သားတော်၏ပုံသဏ္ဍာန်နှင့်တူညီရန်ကြိုတင်ပြဋ္ဌာန်းပါသည်၊ ထိုသို့ ဖြင့် သားတော်သည် ညီအကိုအများတို့တွင် သားဦးဖြစ်

လာမည်ဖြစ်သည်။
၃၀ - ထို့အပြင် သူကြိုတင်ပြဌာန်းထားသူများကို ခေါ်တော်မူသည်၊ ခေါ်တော်မူသူများကို ဖြောင့်မတ်စေသည်၊ ဖြောင့်မတ်စေသူများကို သူသည် ချီးမြှောက်ဦးမည်ဖြစ်သည်။
၃၁ - ထို့ကြောင့် ထိုအရာများကို ငါတို့ ဘာပြောရဦးမည်နည်း? အကယ်၍ ဘုရားသခင်သည် ငါတို့အတွက်ဖြစ်သည်ဆိုလျှင် မည်သူက ငါတို့ကို ဆန့်ကျင်နိုင်ပါမည်နည်း?
၃၂ - သူသည် မိမိ၏သားကိုပင် မနှမြောဘဲ၊ ငါတို့အားလုံးအတွက် အပ်နှံတော်မူသည်ဖြစ်ရာ၊ သူနှင့်အတူ အရာခပ်သိမ်းကို ငါတို့အား အခမဲ့ မပေးဘဲ မည်သို့နေပါမည်နည်း?
၃၃ - ဘုရားသခင်၏ရွေးကောက်ခြင်းခံရသူအပေါ် မည်သူသည် တစုံတရာ စွဲချက်တင်နိုင်ပါမည်နည်း? ဘုရားသခင်က ဖြောင့်မတ်စေခြင်းဖြစ်သည်။
၃၄ - မည်သူသည် အပြစ်တင်နေပါသနည်း? အသေခံတော်မူသော ခရစ်တော်ဖြစ်သည်၊ သေခြင်းမှထမြောက်ပြီးဟုပြောလျှင် ပိုမှန်ပါမည်၊ သူသည် ဘုရားသခင်၏လက်ျာဖက်တွင် ထိုင်တော်မူသည်၊ သူသည် ငါတို့အတွက် ကြားဝင်ဆုတောင်းပေးခြင်းကိုလည်း ပြုတော်မူသည်။
၃၅ - မည်သူသည် ငါတို့ကို ခရစ်တော်၏ချစ်ခြင်းမှနေ၍ ကွာစေနိုင်မည်နည်း? ဆင်းရဲဒုက္ခကြီးစွာခံရခြင်းကလော၊ (သို့) စိတ်သောကရောက်ခြင်းကလော၊ (သို့) နှိပ်စက်ခံရခြင်းကလော၊ (သို့) ငတ်မွတ်ခေါင်းပါးခြင်းကလော၊ (သို့) အဝတ်ဗလာဖြစ်ရခြင်းကလော၊ (သို့) ကြီးမားသောအန္တရယ်ကျရောက်မှုကလော၊ (သို့) ဓါးကြောင့်လော?
၃၆ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော့်အတွက်ကြောင့် ငါတို့သည် တနေကုန် အသတ်ခံကြရပါသည်၊ ငါတို့ကို သားသတ်သမားအတွက်သိုးများအဖြစ် သတ်မှတ်ခြင်း ခံကြရပါသည်ဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။
၃၇ - ထိုသို့မဟုတ်ပါ၊ ထိုအရာများအားလုံးတွင် ငါတို့သည် ငါတို့ကို ချစ်သောသူအားဖြင့် အောင်မြင်သူများထက် ပို၍အောင်ပွဲခံသူများဖြစ်ကြပါသည်။
၃၈ - အဘယ့်ကြောင့်ဆိုသော် သေခြင်းဖြစ်စေ၊ ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အုပ်စိုးသူများဖြစ်စေ၊ တန်ခိုးများဖြစ်စေ၊ ယခုမျက်မှောက်အရာများဖြစ်စေ၊ ရောက်လာမည့်အရာများဖြစ်စေ၊
၃၉ - မြင့်မားခြင်းကဖြစ်စေ၊ နက်ရှိုင်းခြင်းကဖြစ်စေ၊ မည်သည့်ဖန်ဆင်းခံကဖြစ်စေ၊ ငါတို့ကို ငါတို့သခင်ယေရှုခရစ်ထံ၌ရှိနေသော ဘုရားသခင်၏ချစ်မှုနေ၍ မကွဲကွာစေနိုင်ဟု ဘဝင်ကျလျှက် ရှိနေပါသည်။

## အခန်းကြီး (၉)

၁ - ငါ ခရစ်တော်အားဖြင့် အမှန်ကိုပြောမည်၊ ငါမလိမ်၊ ငါ့သြတ္တပ္ပစိတ်ကလည်း သန့်

ရှင်းသောဝိညာဉ်တော်အားဖြင့် ငါ့ထံ သက်သေခံနေပါသည်။

၂ - ငါသည် ငါ၏နှလုံးသားထဲ၌ ကြီးသောလေးလံခြင်းနှင့် အဆက်မပြတ်သော ဝမ်းနည်းခြင်း ရှိနေပါသည်။

၃ - အဘယ့်ကြောင့်ဆိုသော် ငါသည် ငါ့ညီအကိုများအတွက်၊ အသွေးအသားဖြင့် ငါ့ဆွေမျိုးသားချင်းများအတွက် ခရစ်တော်၏ကျိန်ခြင်းကိုပင် ခံပါစေတော့ဟု ဆန္ဒရှိနေပါသည်။

၄ - သူတို့သည် အစ္စရေးများဖြစ်သည်၊ မွေးစားခြင်းခံရသူများဖြစ်သည်၊ ဘုန်းကျက်သရေကို ခံရသူများ၊ ပဋိညာဉ်များကိုရရှိသူများ၊ ပညတ်တော်များကို ပေးအပ်ခြင်းခံရသူများ၊ ဘုရားသခင်၏အမှုတော်ကို ထမ်းဆောင်ခွင့်ရသူများ၊ ကတိတော်များကို ပိုင်ဆိုင်ကြသူများဖြစ်ကြသည်။

၅ - ရှေးယုံကြည်ခြင်းဖခင်ကြီးများမှဆင်းသက်ကြသူများ၊ သူတို့ထံမှနေ၍ အသွေးအသားဖြင့်ဆိုင်လျှက် ခရစ်တော်လာခဲ့သည်၊ သူသည် အားလုံးအပေါ်၌ရှိနေသူ၊ ထာဝရကောင်းချီးမင်္ဂလာနှင့်ပြည့်ဝသူ ဘုရားသခင်ဖြစ်တော်မူသည်၊ အာမင်။

၆ - သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်သည် မည်သည့်အာနိသင်မျှမရှိဟု ဆိုလိုနေခြင်းမဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် အစ္စရေးအားလုံးသည် အစ္စရေး အစစ်မဟုတ်ကြ၍ဖြစ်သည်။

၇ - ထို့အပြင် အာဗြဟံ၏မျိုးနွယ်ဆက်ဖြစ်ကြသော်လည်း အားလုံးသည် သားသမီးမဟုတ်ကြပါ၊ သို့သော် ဣဇက်ထံ၌သာ သင့်၏အမျိုးအနွယ်တည်မည်ဟု ပြောပါသည်။

၈ - ဆိုလိုသည်မှာ အသွေးအသားအရ မွေးလာသောသားသမီးတိုင်း ဘုရားသခင်၏သားသမီးများမဟုတ်ကြပါ၊ သို့သော် ကတိတော်၏သားသမီးများကိုသာ မျိုးနွယ်ဆက်အဖြစ် သတ်မှတ်ပါသည်။

၉ - ကတိတော်စကားမှာ ဤသို့ဖြစ်သည်၊ ဒီအချိန်တွင် ငါလာမည်၊ ထိုအခါ စာရာသည် သားကိုရမည်။

၁၀ - ထိုမျှသာမကပါ၊ ရေဗက္ကသည် ငါတို့ဖခင် ဣဇက်အားဖြင့် ကိုယ်ဝန်ဆောင်သည့်အခါ၊

၁၁ - (ကလေးများမမွေးဖွားခင်ကပင်၊ မည်သည့်ကောင်းမြတ်ခြင်းနှင့်ဆိုညစ်ခြင်းကိုမျှမလုပ်မှီ၊ ရွေးကောက်ခြင်းဖြင့်ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်သည်၊ အလုပ်အားဖြင့်မဟုတ် ခေါ်သောသူအားဖြင့်သာ တည်ရှိမည်အကြောင်း၊)

၁၂ - အကြီးသည် အငယ်၏ အမှုကို ထမ်းဆောင်ပေးမည်ဟု သူမထံ ပြောခဲ့ပါသည်။

၁၃ - ယာကုပ်ကို ငါချစ်သည်၊ သို့သော် ဧသောကို ငါမုန်းသည်ဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။

၁၄ - ထိုသို့ဆိုလျှင် ငါတို့ ဘာပြောရမည်နည်း? ဘုရားသခင့်ထံတော်၌ မဖြောင့်မတ်ခြင်း ရှိနေပါသလား? ဘုရားသခင်တားမြစ်ပါသည်။

၁၅ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က ငါ ဂရုဏာထားလိုသူအပေါ် ငါဂရုဏာထားမည်၊ ငါ ကြင်နာလိုသောသူကို ငါကြင်နာမည်ဟု မောရှေထံ ပြောခဲ့သောကြောင့်ဖြစ်သည်။

၁၆ - ထိုသို့ဆိုလျှင် လိုချင်ဆန္ဒရှိသူအပေါ်မတည်၊ ပြေးသောသူအပေါ်လည်း မတည်ပါ၊ သို့သော် ဘုရားသခင်ကသာ ဂရုဏာကို ပြတော်မူပါသည်။

၁၇ - အဘယ့်ကြောင့်ဆိုသော် ကျမ်းစာက ဖါရောဘုရင်ထံ "ဤရည်ရွယ်ချက်အတွက် ပင် သင့်ကို ငါ ချီးမြှောက်ခဲ့သည်၊ ထိုသို့ဖြင့် ငါသည် ငါ၏တန်ခိုးကို သင့်ထံတွင် ပြနိုင်ရန်ဖြစ်သည်၊ ထို့နောက် ငါ၏အမည်ကို ကမ္ဘာလောကတခုလုံးတွင် ကြေညာနိုင်ရန်ဖြစ်သည်"ဟု ပြောခဲ့ပါသည်။

၁၈ - ထို့ကြောင့် သူ ဂရုဏာထားချင်သူအပေါ် ဂရုဏာထားမည်၊ သူ ခိုင်မာစေလိုသောသူကို ခိုင်မာစေမည်။

၁၉ - ထိုအခါ ဘာကြောင့် သူသည် အပြစ်ရှာနေရသနည်း?ဟု သင် ငါ့ကိုပြောပါလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် မည်သူက သူ၏အလိုတော်ကို ခုခံတားဆီးနိုင်ပါသနည်း?

၂၀ - ထိုသို့မပြောရပါ၊ အို အသင်လူသား၊ သင်သည် မည်သို့သောသူဖြစ်၍ ဘုရားသခင်ကို ထိုသို့ဆန့်ကျင်ပြောရသနည်း? ဖန်ဆင်းခြင်းခံရသူက ဖန်ဆင်းသူကို "အဘယ့်ကြောင့် ငါကို ဤသို့ဖန်ဆင်းရသနည်းဟု ပြောနိုင်ပါသလော?

၂၁ - အိုးထိန်းသူသည် ရွှံ့ကို ကြိုက်သလိုလုပ်နိုင်သည်မဟုတ်ပါလော? ရွှံ့တပုံထဲမှနေ၍ အချို့ကို ဂုဏ်ကျက်သရေရှိသောအိုးအဖြစ် ပြုလုပ်နိုင်သလို၊ အချို့ကို ဂုဏ်ကျက်သရေမရှိသောအိုးအဖြစ်လည်း လုပ်နိုင်သည်မဟုတ်လော?

၂၂ - အကယ်၍သာဘုရားသခင်က သူ၏အမျက်တော်ကို ပြချင်ခဲ့လျှင်၊ သူ၏ တန်ခိုးတော်ကို သိအောင်လုပ်ချင်ခဲ့လျှင် မည်သို့ပြုရပါမည်နည်း? သို့သော် ပျက်စီးဖို့သင့်လှသော အိုးများကို အင်မတန်စိတ်ရှည်ခြင်းနှင့် သည်းခံတော်မူပါသည်။

၂၃ - ထို့အပြင် သူသည် မိမိဘုန်းကျက်သရေ၏ကြွယ်ဝခြင်းများကို အစအဦးမှနေ၍ ချီးမြှောက်ခြင်းခံရရန် ပြင်ဆင်ထားခဲ့သော ဂရုဏာတော်၏အိုးများထံ သိစေဖို့ရာ အလိုတော်ရှိပါသည်။

၂၄ - သူခေါ်တော်မူသော ငါတို့ကိုပြောနေခြင်းဖြစ်သည်၊ ဂျူးတို့သာမကပါ၊ တပါးအမျိုးသားများလည်း ပါဝင်သည် မဟုတ်ပါလော?

၂၅ - "ငါ့လူမဟုတ်သောသူတို့ကို၊ ငါလူများဟုခေါ်မည်၊ ချစ်ရသူမဟုတ်သူများကို၊ ချစ်ရသူများဟုခေါ်မည်"ဟု ဟောရှေထဲတွင် သူပြောခဲ့သလိုဖြစ်သည်။

၂၆ - တနေ့သောအခါ၊ သူတို့ထံ သင်တို့သည် ငါလူများမဟုတ်တော့ပါ၊ အသက်ရှင်သော ဘုရားသခင်၏သားသမီးများဟု အခေါ်ခံရသူများရှိလာလိမ့်မည်ဟု ပြောရသောနေရာရှိလာပါမည်။

၂၇ - ဟေရှာယကလည်း အစ္စရေးတို့နှင့်ပတ်သက်၍ ဤသို့ကြွေးကြော်ခဲ့ပါသည်၊ အစ္စရေးလူမျိုး၏အရေအတွက်သည် ပင်လယ်၏သဲများလောက် များသော်လည်း၊ ကျန်ကြွင်းသူတို့သာ ကယ်တင်ခံရမည်။
၂၈ - အဘယ့်ကြောင့်ဆိုသော် သူသည် လုပ်စရာကို အပြီးသတ်လုပ်လိမ့်မည်၊ ဖြောင့်မတ်ခြင်း၌ ၄င်းကို တိုတောင်းစေမည်၊ အဘယ်ကြောင့်ဆိုသော် သခင်ဘုရားသည် မြေကမ္ဘာပေါ်တွင် မကြာသောအလုပ်ကို လုပ်တော်မူမည်ဖြစ်သည်။
၂၉ - ထို့အပြင် ဟေရှာယက ကြိုတင်ပြောခဲ့သလို၊ ကောင်းကင်ဗိုလ်ခြေတို့၏အရှင်ဘုရားသခင်ကသာ မျိုးစေ့တော်ကို ငါတို့ထံ၌ မကျန်စေလျှင်၊ ငါတို့သည် သောဒုံမြို့ကဲ့သို့ဖြစ်ကြမည်၊ ထို့အပြင် ဂေါမောရမြို့သားတို့နှင့် တူကြပါမည်။
၃၀ - ငါတို့သည် ဘာကိုဆက်၍ပြောရဦးမည်နည်း? ဖြောင့်မတ်ခြင်းနောက်သို့ မလိုက်ကြသော တပါးအမျိုးသားတို့သည် ဖြောင့်မတ်ခြင်းကိုရကြပြီ၊ ယုံကြည်ခြင်းမှလာသော ဖြောင့်မတ်ခြင်းကိုပင် ရကြပြီဖြစ်သည်။
၃၁ - သို့သော် ဖြောင့်မတ်ခြင်းပညတ်တော်နောက်သို့လိုက်ကြသော အစ္စရေးတို့မှာ ဖြောင့်မတ်ခြင်း၏ပညတ်တော်ကို မရရှိကြပါ။
၃၂ - အဘယ်ကြောင့်နည်း? အဘယ်ကြောင့်ဆိုသော် သူတို့က ၄င်းကို ယုံကြည်ခြင်းဖြင့် မရှာကြ၍ဖြစ်သည်၊ သို့သော် ပညတ်တော်၏အကျင့်အလုပ်များဖြင့် ရှာကြသကဲ့သို့ဖြစ်နေသည်။ ထို့ကြောင့် သူတို့သည် ထိုခလုတ်တိုက်လဲစ ရာတွင် လဲကျကုန်ကြတော့သည်။
၃၃ - ကြည့်ပါ၊ ဇိအုန်တောင်ပေါ်တွင် ခလုတ်တိုက်စရာကို ငါချထားပြီ၊ စိတ်အနှောက်အယှက်ဖြစ်ဖွယ်ကျောက်ဖြစ်သည်၊ ၄င်းကို ယုံကြည်သမျှသောသူတို့သည် အရှက်မကွဲရဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။

## အခန်းကြီး (၁၀)

၁ - ညီအကိုတို့၊ အစ္စရေးတို့အတွက် ငါ့နှလုံးသား၏တောင့်တချက်နှင့် ဘုရားသခင့်ထံ ဆုတောင်းသည်မှာ၊ သူတို့ ကယ်တင်ခြင်းရကြရန်ဖြစ်သည်။
၂ - အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်ဖက်၌စိတ်အားကြီးကြသည်ဟု ငါ သူတို့ကို မှတ်တမ်းတင်ပါသည်၊ သို့သော် အသိပညာအားဖြင့် မဟုတ်ပါ။
၃ - သူတို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းအကြောင်းကို မသိနားလည်ကြသော်အခါ၊ မိမိတို့ကိုယ်ကို ဘုရားသခင်၏ ဖြောင့်မတ်ခြင်းသို့ မအပ်နှံကြဘဲ၊ မိမိတို့၏ကိုယ်ပိုင်ဖြောင့်မတ်ခြင်းကို တည်ထောင်ကြရန် ပြင်ဆင်ကြပါတော့သည်။
၄ - အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် ယုံကြည်သူတိုင်း ဖြောင့်မတ်ကြဖို့ ပညတ်တရား၏အဆုံးသတ်ဖြစ်ပါသည်။
၅ - ထိုအရာများကို ပြုလုပ်သူသည် သူလုပ်သောအရာများဖြင့် အသက်ရှင်ရလိမ့်မည်

ဟု မောရှေက ပညတ်တရားဖြင့်ရသော ဖြောင့်မတ်ခြင်းကို ရေးသားဖေါ်ပြခဲ့သည်။
၆ - သို့သော် ယုံကြည်ခြင်းအားဖြင့်ရသောဖြောင့်မတ်ခြင်းကိုမူ ဤသို့ပြောပါသည်၊ “သင့်နှလုံးသားတွင် မည်သူသည် ကောင်းကင်သို့တက်မည်နည်း?ဟု မပြောနှင့်၊” (ဆိုလိုသည်မှာ ခရစ်တော်ကို အထက်အရပ်မှ ခေါ်လာပေးခြင်းကို ဆိုလိုသည်)
၇ - (သို့) “မည်သူသည် နက်ရှိုင်းရာသို့ ဆင်းပေးမည်နည်း?ဟု မပြောနှင့်၊” (ဆိုလိုသည်မှာ သေခြင်းမှခရစ်တော်ကို ပြန်ဆောင်ယူလာခြင်းကိုဆိုလိုသည်။)
၈ - သို့သော် ဘာကိုပြောပါသနည်း? နုတ်ကပတ်တော်သည် သင်နှင့်နီးသည်၊ သင်၏ နုတ်၌ပင်ရှိနေသည်၊ ထို့အပြင် သင့်နှလုံးသားထဲတွင်လည်းရှိသည်၊ ဆိုလိုသည်မှာ ငါတို့ဟောပြောသော ယုံကြည်ခြင်း၏နုတ်ပတ်တော်ဖြစ်သည်။
၉ - သင်သည် သင်၏နုတ်ဖြင့် သခင်ယေရှုခရစ်ကို ဝန်ခံလျှင်၊ ထို့နောက် သူ့ကို ဘုရားသခင်က သေခြင်းမှထမြောက်စေသည်ဟု သင့်နှလုံးသားမှယုံကြည်လျှင် သင်သည် ကယ်တင်ခြင်းခံရသည်။
၁၀ - အဘယ်ကြောင့်ဆိုသော် လူသည် ဖြောင့်မတ်ရန် နှလုံးသားဖြင့် ယုံကြည်ရသည်၊ ပြီးနောက် ကယ်တင်ခြင်းရရန် နုတ်ဖြင့် ဝန်ခံရသည်။
၁၁ - အဘယ့်ကြောင့်ဆိုသော်၊ သူ့အပေါ်ယုံကြည်သူတိုင်းသည် အရှက်မကွဲရဟု ကျမ်းစာက ပြောပါသည်။
၁၂ - ဂျူးနှင့်ဂရိဟူ၍ ခြားနားထားခြင်းမရှိပါ၊ သူ့ကို ခေါ်သောသူအားလုံးတို့အပေါ် ကြွယ်ဝစွာပြုတော်မူသူ တူညီသောသခင်ဘုရားဖြစ်ပါသည်။
၁၃ - သခင်ဘုရား၏နာမည်ကို ခေါ်သူမှန်သမျှတို့သည် ကယ်တင်ခြင်းရကြမည်ဖြစ်သည်။
၁၄ - သူတို့မယုံကြည်သောသူကို မည်သို့ခေါ်မည်နည်း? ထို့အပြင် သူ့ကိုမကြားသူတို့က မည်သို့ယုံကြည်မည်နည်း? တရားဟောသူမရှိလျှင် မည်သို့ကြားမည်နည်း?
၁၅ - ထို့အပြင် သူတို့ကို မစေလွှတ်လျှင် မည်သို့ဟောနိုင်ကြမည်နည်း? ထို့ကြောင့် ငြိမ်းချမ်းရေးဧဝံဂေလိတရားကို ဟောကြသူတို့၏ခြေများ၊ ကောင်းသောအရာများ၏ ဝမ်းမြောက်စရာသတင်းများကို ယူဆောင်လာကြသူများ၏ခြေများသည် မည်မျှလှပကြပါသနည်း?ဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။
၁၆ - သို့သော် သူတို့အားလုံးက ဧဝံဂေလိသတင်းကောင်းကို နားမထောင်ကြပါ။ ထို့ကြောင့် ဟေရှာယက “သခင်၊ ကျွန်ုပ်တို့၏ သတင်းပို့ခြင်းကို မည်သူတို့က ယုံကြည်ပါသနည်း?”ဟု ပြောခဲ့ပါသည်။
၁၇ - သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားခြင်းဖြင့်လာပါသည်၊ ဘုရားသခင်၏ နုတ်ကပတ်တော်ကို ကြားခြင်းဖြင့်ဖြစ်သည်။
၁၈ - သို့သော် ငါပြောချင်သည်မှာ သူတို့ ကြားကြပြီမဟုတ်လော?အမှန်ပင်ဖြစ်သည်၊ သူတို့၏အသံသည် ကမ္ဘာမြေတပြင်လုံးသို့ သွားကြပြီ၊ သူတို့၏စကားလုံးများသည်

ကမ္ဘာအဆုံးသို့တိုင် ရောက်ကြပြီဖြစ်သည်။
၁၉ - သို့သော် ငါပြောချင်သည်မှာ၊ အစ္စရေးတို့ကော ကြားကြပါသလား? "ငါ သင့်ကို ငါ့လူမဟုတ်သူများအားဖြင့် မနာလိုခြင်းကို ဖြစ်စေမည်၊ ထို့နောက် မိုက်မဲသောတိုင်းပြည်အားဖြင့် သင့်ကို ငါ ဒေါသထွက်စေမည်၊"ဟု မောရှေက အစပထမတွင် ပြောခဲ့ပါသည်။
၂၀ - သို့သော် ဟေရှာယက အလွန်ရဲရင့်စွာဖြင့် "ငါသည် ငါ့ကို မရှာသောသူတို့ကို တွေ့ပြီ၊ ငါ့ကို မမေးမြန်းသူတို့ထံ ငါသည် မိမိကိုယ်ကို ဖွင့်ပြပြီ"ဟု ပြောခဲ့ပါသည်။
၂၁ - သို့သော် အစ္စရေးတို့ထံသို့မူ၊ ဘုရားသခင်က "ငါသည် မိမိလက်တို့ကို မနာခံသောသူတို့ထံ၊ ငြင်းဆန်နေကြသူတို့ထံ တနေကုန် ဆန့်ထားရပါသည်"ဟုပြောပါသည်။

## အခန်းကြီး (၁၁)

၁ - ထိုသို့ဆိုလျှင် ဘုရားသခင်သည် သူ၏လူများကို စွန့်ပစ်လိုက်ပြီလော?ဟု ငါ မေးရတော့မည်ဖြစ်သည်၊ ဘုရားသခင်က တားမြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ငါသည်လည်း အစ္စရေးလူမျိုးဖြစ်ပါသည်၊ အာဗြဟံ၏မျိုးစေ့၊ ဗင်ဂျမင်အနွယ်မှဖြစ်သည်။
၂ - ဘုရားသခင်သည် သူကြိုတင်သိတော်မူသော သူ၏လူမျိုးကို စွန့်ပစ်တော်မမူပါ။ ဧလိယနှင့်ပတ်သက်၍ ကျမ်း စာက မည်သို့ပြောသည်ကို သင်တို့ မသိကြပါသလော? အစ္စရေးတို့နှင့်ပတ်သက်၍ သူ ဘုရားသခင်ထံ မည်သို့ဆုတောင်းခဲ့ပါသနည်း?ဧလိယက၊
၃ - "သခင်၊ သူတို့သည် ကိုယ်တော့် ပရောဖက်များကို သတ်ကြပါပြီ၊ ကိုယ်တော့်ယဇ်ပလ္လင်များကို အမြစ်မှတူးထုတ်ကြပါပြီ၊ ကျွန်ုပ်တဦးတည်းသာ ကျန်ပါတော့သည်၊ ကျွန်ုပ်ကိုလည်း သတ်ဖို့ ပြင်ဆင်နေကြပါပြီ"ဟု ပြောခဲ့ပါသည်။
၄ - သို့သော် ဘုရားသခင်က သူ့ကို မည်သို့ ပြန်ဖြေခဲ့သနည်း? "ဗာလနတ်ဘုရား၏ ရုပ်တုသို့ ဒူးမထောက်၊ ဦးမညွတ်သူ ခုနှစ်ထောင်ကို ငါသည် ငါ့အတွက် သီးသန့်ဖယ်ထားပြီ"ဟူ၍ဖြစ်သည်။
၅ - ထို့အတူ မျက်မှောက်အချိန်တွင်လည်း ဖြစ်ပါသည်၊ ကျေးဇူးတော်၏ရွေးကောက်ခြင်းဖြင့် အကျန်အကြွင်းတို့သည် အမြဲရှိနေပါသည်။
၆ - ထို့အပြင် ကျေးဇူးတော်ကြောင့်ဖြစ်လျှင် လုပ်ကိုင်ကျင့်ကြံခြင်းများကြောင့် မဟုတ်တော့ပါ၊ ထိုသို့မဟုတ်လျှင် ကျေးဇူးတော်ကြောင့်ဟု ပြော၍မဖြစ်ပါ။ သို့သော် လုပ်ကိုင်ကျင့်ကြံခြင်းများကြောင့်ဖြစ်လျှင်၊ ကျေးဇူးတော်ကြောင့် မဟုတ်တော့ပါ၊ ထိုသို့ မဟုတ်လျှင် လုပ်ကိုင်ကျင့်ကြံခြင်းကြောင့်ဟု ပြော၍မဖြစ်နိုင်ပါ။
၇ - ထိုသို့ဆိုလျှင်၊ အစ္စရေးသည် သူရှာသည်ကို မရရှိပါ၊ သို့သော် ရွေးကောက်ခြင်းခံရသူတို့ကသာ ရရှိသည်၊ ထို့အပြင် ကျန်သောသူတို့မှာ ကန်းကြပြီဖြစ်သည်။
၈ - (ဘုရားသခင်က သူတို့ထံ အိပ်ငိုက်သောဝိညာဉ်ကို ပေးတော်မူပြီ၊ မျက်လုံးများရှိ

သော်လည်း မမြင်ကြရန်၊ နားများရှိသော်လည်း မကြားကြရန်ဖြစ်သည်ဟု ရေးထားသကဲ့သို့ ဖြစ်ပါသည်၊) ယနေ့တိုင်အောင် ထိုသို့ဖြစ်ပါသည်။

၉ - ထို့အပြင် ဒါဝိတ်ကလည်း၊ "သူတို့၏ စားပွဲသည် ကျော့ကွင်းဖြစ်ပါစေ၊ ထောင်ချောက်ဖြစ်ပါစေ၊ ထိမိလဲစရာဖြစ်ပါစေ၊ သူတို့ထံ ထိုက်တန်သောခံရခြင်းဖြစ်ပါစေ"ဟု ပြောခဲ့ပါသည်။

၁၀ - "သူတို့၏မျက်လုံးများ မှောင်ကျပါစေ၊ ထိုသို့ဖြင့် မမြင်ရကြတော့ဘဲ၊ သူတို့ကျောသည်လည်း အမြဲကုန်းနေပါစေ"ဟု ပြောခဲ့ပါသည်။

၁၁ - ထိုသို့ဆိုလျှင် သူတို့သည် လဲကျဖို့ရန် ခလုတ်တိုက်ကြပြီလား? ဘုရားသခင်ကတားမြစ်ပါသည်၊ ထိုမှခြားနားစွာ သူတို့၏ကျဆုံးခြင်းဖြင့် ကယ်တင်ခြင်းသည် တပါးအမျိုးသားတို့ထံ ရောက်လာခဲ့ပြီဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့၏ဝန်တိုမှုကို နှိုးဆွရန်ဖြစ်သည်။

၁၂ - ယခုတွင် သူတို့၏ကျဆုံးခြင်းသည် ကမ္ဘာကြီးအတွက် ကြွယ်ဝခြင်းများဖြစ်ပါလျှင်၊ သူတို့၏ပြည့်စုံခြင်းသည် မည်မျှပိုများစေပါမည်နည်း?

၁၃ - ငါသည် တပါးအမျိုးသားဖြစ်သော သင်တို့ကို ပြောနေခြင်းဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် တပါးအမျိုးသားတို့၏ တမန်တော်ဖြစ်သည်နှင့်အညီ၊ ငါ၏အမှုဆောင်ရာဌာနကို ငါချီးမြှောက်ခြင်းဖြစ်သည်။

၁၄ - ငါ၏အမျိုးသားများဖြစ်သောသူတို့ကို တစုံတခုသောနည်းအားဖြင့် မနာလိုရန်နှိုးဆွကာ သူတို့ထဲမှ တစုံတဦးအား ကယ်တင်နိုင်ရန်ဖြစ်ပါသည်။

၁၅ - အဘယ့်ကြောင့်ဆိုသော် သူတို့အား အဝေးသို့နှင်ထုတ်ခြင်းသည် ကမ္ဘာကြီးအတွက် ပြန်လည်သင့်မြတ်ခြင်းဖြစ်လျှင်၊ သူတို့အားလက်ခံခြင်းသည် ကမ္ဘာကြီးအတွက် မည်သို့ဖြစ်မည်နည်း၊ သေခြင်းမှ ပြန်ရှင်လာသလိုဖြစ်မည် မဟုတ်ပါလော?

၁၆ - အဘယ့်ကြောင့်ဆိုသော် ပထမဆုံးအသီးသည် သန့်ရှင်းလျှင်၊ အသီးအားလုံးသန့်ရှင်းမည်ဖြစ်ည်၊ အကယ်၍ အမြစ်သန့်ရှင်းလျှင်၊ အကိုင်းအခက်များအားလုံးလည်းသန့်ရှင်းမည်သာဖြစ်ပါသည်။

၁၇ - ထို့အပြင် အကိုင်းအခက်များကို ခုတ်ဖြတ်ပစ်၍၊ ရိုင်းသောသံလွင်ပင်ဖြစ်သည့်သင့်ကို သူတို့အကြားတွင် ကိုင်းဆက်စိုက်ပျိုးသည်မှန်လျှင်၊ သံလွင်ပင်၏ အမြစ်နှင့်ကြွယ်ဝခြင်းကို သူတို့နှင့်အတူ ပါဝင်ဆက်ဆံစေလျှင်၊

၁၈ - အကိုင်းအခက်များကိုဆန့်ကျင်လျှက် မကြွားဝါနှင့်။ သို့သော် အကယ်၍ သင်ကြွားဝါလျှင်၊ သင်သည်အမြစ်ကို ထမ်းထားသည်မဟုတ်၊ ထိုမှဆန့်ကျင်စွာ အမြစ်ကသင့်ကိုထမ်းထားခြင်းဖြစ်သည်။

၁၉ - ငါ့ကို ကိုင်းဆက်စိုက်ပျိုးရန် အကိုင်းအခက်များကို ခုတ်ဖြတ်ပစ်သည်ဟုသာသင်ပြောရပါမည်။

၂၀ - အဘယ့်ကြောင့်ဆိုသော် သူတို့သည် မယုံကြည်ကြသောကြောင့် ခုတ်ဖြတ်ခံကြရ

ခြင်းသာဖြစ်သည်၊ သင်သည် ယုံကြည်ခြင်းဖြင့်သာ ရပ်နိုင်ခြင်းဖြစ်သည်။ မာနမကြီးနှင့်၊ ကြောက်ရွံ့လော့။

၂၁ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သဘာဝအကိုင်းအခက်များကို နှမြောတော်မမူလျှင်၊ သတိထားပါ၊ သို့မဟုတ် သင့်ကိုလည်း နှမြောမည်မဟုတ်ပါ။

၂၂ - ထို့ကြောင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်ပြင်းထန်ခြင်းကို သတိပြုပါ၊ သူတို့အပေါ် ပြင်းထန်ခြင်းကျ ရောက်သည်၊ သို့သော် သင့်အပေါ်သို့မူ ကောင်းမြတ်ခြင်းကျရောက်သည်၊ အကယ်၍ သင် သူ၏ကောင်းမြတ်ခြင်းထဲတွင် ဆက်လက်နေထိုင်လျှင်ဖြစ်သည်၊ သို့မဟုတ်ပါက သင်သည်လည်း ခုတ်ဖြတ်ခြင်းခံရမည်ဖြစ်သည်။

၂၃ - ထို့အပြင် သူတို့သည်လည်း မယုံကြည်ခြင်း၌ ဆက်မနေကြလျှင်၊ ကိုင်းဆက်စိုက်ပျိုးခံကြရဦးမည်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူတို့ကို ပြန်လည် ကိုင်းဆက်စိုက်ပျိုးနိုင်ပါသည်။

၂၄ - အကယ်၍သာ သင့်ကို သဘာဝအားဖြင့် ရိုင်းသောသံလွင်ပင်မှ ခုတ်ဖြတ်လျှက်၊ သဘာဝကိုဆန့်ကျင်လျှက် ကောင်းသောသံလွင်ပင်သို့ ကိုင်းဆက်စိုက်ပျိုးလျှင်၊ သဘာဝအကိုင်းအခက်များဖြစ်သော ထိုသူတို့ကို သူတို့၏ကိုယ်ပိုင်သံလွင်ပင်သို့ မည်မျှကိုင်းဆက်စိုက်ပျိုးခွင့် ရှိပါမည်နည်း?

၂၅ - အဘယ့်ကြောင့်ဆိုသော် ညီအကိုတို့ ငါသည် သင့်တို့ကို ဤနက်နဲခြင်းအား မသိလိုက်ဘဲ မနေစေချင်ပါ၊ သို့မဟုတ်ပါက သင်တို့သည် မိမိတို့အတွေးအကြံများတွင် ပညာရှိသူများဟု ထင်နေကြပါမည်၊ တပါးအမျိုးသားတို့၏ ပြည့်စုံမှုရောက်လာသည့်တိုင်အောင်၊ အစ္စရေးတို့တွင် မျက်စိကန်းနေခြင်းသည် တစိတ်တပိုင်း ကျရောက်နေပါသည်။

၂၆ - ထိုသို့ဖြင့် အစ္စရေးအားလုံးသည် ကယ်တင်ခြင်းရကြပါမည်၊ ဇိအုန်တောင်တွင် ကယ်လွှတ်သူသည် ပေါ်ထွက်လာမည်၊ ယာကုပ်ထံမှ ဘုရားတရားမဲ့ခြင်းအမှုကို အဝေးသို့ ပြောင်းသွားစေပါမည်ဟု ရေးထားသကဲ့သို့ဖြစ်ပါမည်။

၂၇ - အဘယ့်ကြောင့်ဆိုသော် ဤအရာသည် သူတို့ထံ ငါပြုသော ပဋိညာဉ်ဖြစ်သည်၊ ထိုအချိန်တွင် သူတို့အပြစ် များကို ငါ အဝေးသို့ ယူဆောင်သွားမည်။

၂၈ - ဧဝံဂေလိနှင့်ပတ်သက်လျှင် သူတို့သည် သင်တို့အတွက် ရန်သူများဖြစ်ကြသည်၊ သို့သော် ရွေးကောက်ခြင်းနှင့် ပတ်သက်လျှင်၊ သူတို့သည် ဖခင်များအတွက်ကြောင့် ချစ်ရသူများဖြစ်ကြပါသည်။

၂၉ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ပေးသောလက်ဆောင်များနှင့် ခေါ်တော်မူခြင်းတို့၌ နောင်တမပါပါ။

၃၀ - သင်တို့သည် ယခင်က ဘုရားသခင်ကို မယုံကြည်ခဲ့ကြသကဲ့သို့ဖြစ်သည်၊ သို့သော် ယခုတွင် သူတို့၏မယုံကြည်မှုအားဖြင့် ဂရုဏာတော်ကို ရရှိကြသည်။

၃၁ - ထိုကဲ့သို့ပင် ယခုအခါတွင် သူတို့ မယုံကြည်ကြ၊ သင်တို့၏ဂရုဏာဖြင့် သူတို့

သည်လည်း ဂရုဏာတော်ကို ခံစားကြရမည်ဖြစ်သည်။
၃၂ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က သူတို့အားလုံးကို မယုံကြည်ခြင်း၌ အဆုံးသတ်စေပါသည်၊ ထိုသို့ဖြင့် အားလုံးအပေါ်တွင် ဂရုဏာတော်ကို ထားနိုင်ရန်ဖြစ်သည်။
၃၃ - အိုး၊ ဘုရားသခင်၏ အသိပညာနှင့်ဉာဏ်ပညာတော် နှစ်မျိုးလုံး၏ကြွယ်ဝခြင်းသည် နက်ရှိုင်းလှပါသည်တကား! သူ၏စီရင်ချက်များသည် ရှာဖွေ၍မကုန်နိုင်အောင် များပြားလှပါသည်၊ သူ၏လုပ်ပုံကိုင်ပုံနည်းလမ်းသည်လည်း ရှာ၍မရနိုင်ဖြစ်ပါသည်တကား!
၃၄ - အဘယ့်ကြောင့်ဆိုသော် မည်သူသည် သခင်ဘုရား၏စိတ်နှလုံးကို သိပါသနည်း? (သို့) မည်သူသည် သူ၏ တိုင်ပင်ဖက် ဖြစ်ပါသနည်း?
၃၅ - (သို့) ဘုရားသခင်က ပြန်၍ပေးဆပ်ရအောင် မည်သူက သူ့ကို ပထမ ပေးဖူးပါသနည်း?
၃၆ - အဘယ့်ကြောင့်ဆိုသော် အရာအားလုံးသည် သူပိုင်ဆိုင်သောအရာများ၊ သူ့အားဖြင့်ဖြစ်သောအရာများ၊ သူ့အတွက်ဖြစ်သောအရာများသာ ဖြစ်ကြပါသည်၊ သူသည် ထာဝရချီးမြှောက်ခြင်းကို ခံတော်မူပါစေသတည်း။ အာမင်။

## အခန်းကြီး (၁၂)

၁ - ထို့ကြောင့် ညီအကိုတို့ ဘုရားသခင်၏ဂရုဏာတော်များဖြင့် သင်တို့သည် သင်တို့၏ကိုယ်ခန္ဓာများကို ဘုရားသခင် လက်ခံတော်မူထိုက်သည့် သန့်ရှင်းသော၊ အသက်ရှင်သောယဇ်အဖြစ် တင်ဆက်ကြပါဟု ငါ သင်တို့ကို တိုက်တွန်းပါသည်၊ ထိုသို့ပြုခြင်းသည် ထိုက်သင့်သော/ယုတ္တိတန်သော သင်တို့၏တာဝန်ဖြစ်သည်။
၂ - ထို့အပြင် ဤကမ္ဘာကြီး၏ ထုံးတမ်းစဉ်လာများအတိုင်း မနေကြနှင့်၊ ထိုမှဆန့်ကျင်စွာ သင်တို့၏စိတ်များကို အသစ်ပြောင်းလဲစေကြပါ၊ ထိုသို့ဖြင့် သင်တို့သည် မည်သည်က ကောင်းသည်၊ ဘုရားသခင်က လက်ခံထိုက်သည်ကို သေချာစွာသိကြပါမည်၊ ဘုရားသခင်၏ ပြည့်စုံသောအလိုတော်ကို သိကြပါမည်။
၃ - ငါခံရသော ကျေးဇူးတော်အားဖြင့် သင်တို့အားလုံးထံ ငါပြောမည်၊ မိမိကိုယ်ကို ထင်သင့်သည်ထက်ပို၍ မြင့်စွာမထင်ကြနှင့်၊ သို့သော် ဘုရားသခင်က အယောက်တိုင်းကို ပေးထားသောယုံကြည်ခြင်း၏အတိုင်းအတာဖြင့် တည်ငြိမ်အေးဆေးစွာ ထင်မှတ်ပါ။
၄ - အဘယ့်ကြောင့်ဆိုသော် ငါတို့၏ကိုယ်ခန္ဓာ၌ အင်္ဂါအမြောက်အများရှိသကဲ့သို့ဖြစ်သည်၊ ထို့အပြင် ထိုအင်္ဂါများ အားလုံးက တခုတည်းသောဌာနကိုသာ ရရှိကြသည်မဟုတ်ပါ။
၅ - ထိုသို့ပင် ငါတို့သည် အများဖြစ်ကြသော်လည်း၊ ခရစ်တော်၌ကိုယ်ခန္ဓာတခု ဖြစ်

ကြပါသည်၊ အယောက်တိုင်းသည် အင်္ဂါချင်းဖြစ်ကြပါသည်။
၆ - ထိုသို့ဖြင့် ငါတို့ထံပေးသော ကျေးဇူးတော်အတိုင်း ခြားနားသောလက်ဆောင်များကို ရကြသည်၊ ပရောက်ဖက်ပြုခြင်းကိုရလျှင်၊ ရရှိသောယုံကြည်ခြင်းအတိုင်းအဆအရ ငါတို့သည် ပရောဖက်ပြုကြပါမည်။
၇ - (သို့) သင်းထောက်အမှုဆောင်ခြင်းဆိုလျှင်၊ ကူညီဆောင်မခြင်းကို ပြုကြပါမည်၊ (သို့) သွန်သင်ရသူဖြစ်လျှင်၊ သွန်သင်ကြပါမည်၊
၈ - (သို့) အားပေးရသူဖြစ်လျှင်၊ တိုက်တွန်းအားပေးကြပါမည်၊ ပေးသောသူသည် ရိုးစင်းစွာပေးရမည်၊ အုပ်ချုပ်သူသည် လုံ့လဝီရိယနှင့်အုပ်ချုပ်ရမည်၊ ဂရုဏာကိုပြသောသူသည်၊ စိတ်ကြည်နူးဖွယ်ဖြစ်ခြင်းနှင့်ပြုရမည်။
၉ - ဟန်ဆောင်ခြင်းကင်းစွာ ချစ်ကြရမည်။ ဆိုးညစ်ခြင်းကို ရွံမုန်းပါ၊ ကောင်းသည်ဆိုသောအရာ၌ စွဲမြဲနေပါ။
၁၀ - တဦးကိုတဦး ညီအကိုတို့၏ချစ်ခြင်းဖြင့် ကြင်နာစွာ ခင်တွယ်ကြပါ၊ ရိုသေလေးစားခြင်း၌ သူတပါးကို ကိုယ့်ထက်လေးစားပါ။
၁၁ - ဆောင်ရွက်လုပ်ကိုင်ခြင်းတိုင်း၌ မပျင်းရိဘဲ၊ ဝိညာဉ်၌ထက်သန်စွာနှင့် သခင်ဘုရားကိုအမှုဆောင်ပါ၊
၁၂ - မျှော်လင့်ခြင်း၌ ဝမ်းမြောက်ပါ၊ ဆင်းရဲဒုက္ခထဲ၌ သည်းခံပါ၊ အမြဲဆုတောင်းရန် အဆင်သင့်ရှိပါ၊
၁၃ - သန့်ရှင်းသူတို့၏မရှိမဖြစ်လိုအပ်ချက်အတိုင်း ဝေငှပေးကမ်းပါ၊ ဧည့်ဝတ်ကျေပွန်ပါ။
၁၄ - သင်တို့ကို ညှဉ်းဆဲသူတို့အား ကောင်းချီးပေးပါ၊ ကောင်းချီးပေးပါ၊ မကျိန်ပါနှင့်။
၁၅ - ဝမ်းမြောက်သောသူတို့နှင့်အတူ ဝမ်းမြောက်ပါ၊ ငိုကြွေးသောသူတို့နှင့်အတူ ငိုကြွေးပါ။
၁၆ - အချင်းချင်း စိတ်နှစ်လုံးတခုတည်းရှိကြပါ။ မြင့်သောအရာများကို စိတ်မကူးကြနှင့်၊ သို့သော် နိမ့်သောသူတို့ထံ မိမိကိုယ်ကို နှိမ့်ချပါ။
၁၇ - မည်သူ့ထံသို့မျှ အဆိုးကိုအဆိုးနှင့်ရန်တုံ့မမူကြနှင့်။ လူတိုင်း၏ရှေ့၌ရိုးသားသောအရာများကိုသာ လုပ်ကိုင်ဆောင်ရွက်ကြံစည်ကြပါ။
၁၈ - ဖြစ်နိုင်လျှင်၊ လူတိုင်းနှင့် အတတ်နိုင်ဆုံး သင့်မြတ်အေးချမ်းစွာနေထိုင်ပါ။
၁၉ - အလွန်မြတ်နိုးစွာချစ်ရသောသူတို့၊ ကိုယ်တိုင် လက်စားမချေနှင့်၊ ထိုမှဆန့်ကျင်စွာ အမျက်တော်ကို နေရာပေးပါ၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ရေးထားပါသည်၊ သခင်ဘုရားက “လက်စားချေခြင်းသည် ငါ့အလုပ်ဖြစ်သည်၊ ငါ ထိုက်သင့်သလို ပြန်ပေးဆပ်မည်”ဟုပြောပါသည်။
၂၀ - ထို့ကြောင့် သင့်ရန်သူ ဆာလောင်မွတ်သိပ်လျှင်ကျွေးမွေးပါ၊ ရေငတ်လျှင် သောက်စရာရေပေးပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းဖြင့် သင်သည် သူ့ခေါင်း

ပေါ်သို့ မီးခဲများကို ပုံထားခြင်းဖြစ်ပါသည်။
၂၁ - ဆိုးညစ်ခြင်းက သင့်ကို အနိုင်မယူပါစေနှင့်၊ ကောင်းမြတ်ခြင်းဖြင့် အဆိုးကို အနိုင်ယူပါ။

အခန်းကြီး (၁၃)
၁ - လူတိုင်း ပို၍မြင့်သောသြဇာအာဏာများကို နာခံကြပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏တန်ခိုးအာဏာမှလွဲ၍ မည်သည့်အာဏာမှ မရှိ၍ဖြစ်သည်၊ ထို့ကြောင့် သြဇာအာဏာတိုင်းသည် ဘုရားသခင်က ခန့်ထားခြင်းများသာ ဖြစ်ကြသည်။
၂ - ထို့ကြောင့် သြဇာအာဏာကို ခုခံသူသည် ဘုရားသခင်၏ဥပဒေသကို ခုခံခြင်းသာ ဖြစ်သည်၊ ထိုသို့ခုခံသူများသည် မိမိတို့၏ပျက်စီးခြင်းကိုသာ ရရှိကြမည်ဖြစ်သည်။
၃ - အုပ်ချုပ်သူတို့သည် ကောင်းသောအလုပ်များကိုလုပ်ကြသူများအတွက် ကြောက်လန့်စရာမဟုတ်ပါ၊ သို့သော် ဆိုးညစ်သူများအတွက်ဖြစ်သည်။ သြဇာအာဏာကို သင်မကြောက်ဘဲနေချင်သလော? ကောင်းသည်ကိုလုပ်ပါ၊ သင့်ကို သြဇာအာဏာရှိသူများက ချီးမွမ်းဦးမည်ဖြစ်ပါသည်။
၄ - အဘယ့်ကြောင့်ဆိုသော် အုပ်ချုပ်သူသည် သင်၏ကောင်းခြင်းအတွက် ဘုရားသခင်၏အမှုဆောင်ဖြစ်သည်။ သို့သော် သင်သည် ဆိုးညစ်ခြင်းကိုလုပ်သူဖြစ်လျှင်မူ ကြောက်ရွံ့ပါ၊ အဘယ့်ကြောင့်ဆိုသော် အုပ်ချုပ်သူသည် ဓါးကို အချည်းနှီးမဲ့ကိုင်သည် မဟုတ်၊ သူသည် ဘုရားသခင်၏အမှုဆောင်ဖြစ်သောကြောင့်၊ ဆိုးညစ်ခြင်းကိုပြုလုပ်သူထံ အမျက်တော်အား အကောင်အထည်ဖေါ်ခြင်းအဖြစ် လက်စားခြေသူဖြစ်သည်။
၅ - ထို့ကြောင့် သင်သည် အုပ်စိုးခြင်းကို ဝန်ခံရမည်၊ အမျက်တော်ကြောင့်သာမဟုတ်၊ သြတ္တပ္ပစိတ်ကြောင့်လည်း ဝန်ခံရပါမည်။
၆ - ထို့ကြောင့် သင် အခွန်ဆောင်ပါ၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်၏အမှုဆောင်များဖြစ်ကြသည်၊ ထိုအရာကို အဆက်မပြတ်ဂရုစိုက်ရသူများဖြစ်ကြသည်။
၇ - ထို့ကြောင့် သူတို့နှင့်ထိုက်တန်သည်ကို ပေးဆက်ပါ၊ အခွန်ပေးရမည့်သူထံ အခွန်ကိုပေးပါ၊ အခပေးရမည့်သူထံ အခကိုပေးပါ၊ ကြောက်ရမည့်သူကို ကြောက်ပါ၊ ရိုသေရမည့်သူကို ရိုသေပါ။
၈ - မည်သူထံတွင်မျှ ဝတ္တရားရှိသည်ကို မကြေပွန်ဘဲ မရှိစေနှင့်၊ သို့သော် တဦးနှင့်တဦး ချစ်ကြပါ၊ အဘယ့်ကြောင့်ဆိုသော် တပါးသူကိုချစ်သောသူသည် ပညတ်တော်ကို ပြည့်စုံစေသူဖြစ်သည်။
၉ - အဘယ့်ကြောင့်ဆိုသော် သင် လင်ရှိသောအမျိုးသမီးနှင့် မဖေါက်ပြန်နှင့်၊ သင် လူမသတ်နှင့်၊ သင် မခိုးနှင့်၊ သင် မှားယွင်းစွာသက်သေမထွက်ဆိုနှင့်၊ သင် ငမ်းငမ်းတက် မလိုချင်နှင့် စသည်တို့နှင့်အခြားသောပညတ်တော်များကို အတိုချုပ်အားဖြင့် ဤ

သို့ပြောထားချက်တွင် နားလည်သဘောပေါက်နိုင်ပါသည်၊ အမည်အားဖြင့်ပြောရလျှင်၊ "သင် သင်၏အိမ်နီးချင်းအား မိမိကိုယ်ကိုချစ်သကဲ့သို့ချစ်ပါ။"
၁၀ - ချစ်ခြင်းက မိမိအိမ်နီးချင်းထံ မကောင်းမှုကို မလုပ်ပါ၊ ထို့ကြောင့် ချစ်ခြင်းသည် ပညတ်တော်ကို ပြည့်စုံစေ ခြင်းဖြစ်ပါသည်။
၁၁ - ထို့အပြင် အချိန်ကို သိကြပါ၊ ယ္ခုအချိန်သည် အိပ်နေခြင်းမှ နိုးရမည့်အချိန် ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ငါတို့ကယ်တင်ခြင်းသည်၊ ငါတို့ယုံကြည်စကထက် ပို၍နီးပြီဖြစ်သည်။
၁၂ - ညသည်ကုန်ခဲ့ပြီ၊ နေ့သည်ရောက်လုပြီ၊ ထို့ကြောင့် အမိုက်မှောင်၏ အကျင့်အလုပ်များကို လွှင့်ပစ်ကြမည်၊ အလင်း၏ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ကြမည်။
၁၃ - နေ့တွင်နေသကဲ့သို့ ရိုးသားစွာအသက်ရှင်ကြမည်၊ သောက်စားမူးရူးခြင်းနှင့် ဆူပူသောင်းကျန်းခြင်းတို့၌ အသက်မရှင်၊ မတရားသောမေထုန်မှီဝဲခြင်းများနှင့် လျှပ်ပေါ်လောလည်သောနေထိုင်ခြင်းများထဲ၌ အသက်မရှင်၊ ရန်တွေ့ခြင်းနှင့်မနာလိုခြင်းတို့၌လည်း အသက်မရှင်၊
၁၄ - ထိုမှဆန့်ကျင်ကာ သခင်ယေရှုခရစ်တော်ကို ဝတ်ဆင်ကာ၊ အသွေးအသား၏ တပ်မက်ခြင်းများကိုဖြည့်စည်းဖို့ မထောက်ပံ့ဘဲ နေကြပါမည်။

အခန်းကြီး (၁၄)
၁ - ယုံကြည်ခြင်းအားနည်းသောသူတို့ကို သင်တို့ လက်ခံကြပါ၊ သို့သော် သံသယဖြစ်စရာအကြောင်းများကို သူတို့နှင့်စောဒကမတက်ကြနှင့်။
၂ - တစုံတဦးက သူသည် အားလုံးကို စားနိုင်သည်ဟု ယုံကြည်နိုင်ပါသည်၊ သို့သော် အားနည်းသူ နောက်တယောက်ကမူ သစ်ဥသစ်ဖုသာစားမည်ဟု ဆုံးဖြတ်နိုင်သည်။
၃ - စားသောသူက မစားသောသူကို အထင်မသေးနှင့်၊ မစားသူက စားသူကို မစီရင်နှင့်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က သူ့ကိုလက်ခံသောကြောင့်ဖြစ်သည်။
၄ - အခြားလူတဦး၏ကျွန်ကို စီရင်သော သင်သည် မည်သူနည်း? သူသည် မိမိသခင်အတွက်သာ ရပ်တည်လျှက်၊ ကျဆုံးလျှက် ဖြစ်သည်မဟုတ်ပါလော? မှန်ပါသည် သူသည် ရပ်တည်နိုင်မည် အဘယ်ကြောင့်ဆိုသော် သူရပ်နေရန် ဘုရားသခင်က လုပ်ပေးနိုင်၍ဖြစ်သည်။
၅ - လူတဦးက နေ့တနေ့ကို အခြားနေ့များထက် ပို၍မြင့်မြတ်သည်ဟု ထင်ပါသည်၊ နောက်တဦးက နေ့တိုင်းသည် တူညီသည်ဟု ထင်ပါသည်။ လူတိုင်း မိမိ၏ကိုယ်ပိုင်စိတ်ကူးကို ပြည့်ဝစွာ သဘောကျပါစေ။
၆ - နေ့တနေ့ကို အလေးထားသူသည် သခင်ဘုရားထံ၌အလေးထားပါစေ၊ ထို့အပြင် နေ့တနေ့ကို အလေးမထားသူသည်လည်း သခင်ဘုရားထံ၌ အလေးမထားဘဲနေပါစေ။ စားသောသူသည် သခင်ဘုရားထံသို့ စားသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် ဘု

ရားသခင်ကို ကျေးဇူးတင်၍ဖြစ်သည်၊ မစားသူသည်လည်း သခင်ဘုရားထံသို့ မစား
ခြင်း ဖြစ်သည်၊ ဘုရားသခင်ကို ကျေးဇူးတင်ပါ။
၇ - အဘယ့်ကြောင့်ဆိုသော် ငါတို့တွင် မည်သူမျှ မိမိအတွက် အသက်မရှင်ကြပါ၊
မည်သူမှ ကိုယ့်အတွက် မသေကြပါ။
၈ - အသက်ရှင်လျှင် ငါတို့သည် သခင်ဘုရားထံသို့ ရှင်ကြသည်၊ သေလျှင်လည်း ငါ
တို့သည် သခင်ဘုရားထံသို့ သေကြသည်၊ ငါတို့ အသက်ရှင်သည်ဖြစ်စေ၊ သေသည်
ဖြစ်စေ၊ ငါတို့ကို သခင်ဘုရားကသာ ပိုင်ဆိုင်ပါသည်။
၉ - အဘယ့်ကြောင့်ဆိုသော် ထိုရည်ရွယ်ချက်အတွက် ခရစ်တော် အသေခံကာ၊ ပြန်
လည်ထမြောက်လျှက်၊ အသက်ပြန်ရှင်ခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သူသည် သေသူရှင်သူ
နှစ်အုပ်စုလုံး၏ သခင်ဖြစ်လာမည်ဖြစ်သည်။
၁၀ - သို့သော် သင်၏ညီအကိုကို သင် အဘယ်ကြောင့် စီရင်ရပါသနည်း? (သို့) သင်
၏ညီအကိုကို အထင်သေးရသနည်း? အဘယ့်ကြောင့်ဆိုသော် ငါတို့အားလုံး ခရစ်
တော်၏တရားစီရင်ရာပလ္လင်ရှေ့တွင် ရပ်ကြရဦးမည်ဖြစ်သည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် ဤသို့ရေးထားပါသည်၊ " ငါအသက်ရှင်သည်အတိုင်း၊
အားလုံးငါ့ထံသို့ ဒူးထောက်ဦး ညွတ်ရမည်၊ ထို့နောက် လျှာတိုင်းက ဘုရားသခင်အား
ဝန်ခံချက်ပြုမည်ဟု သခင်ဘုရားကပြောပါသည်။"
၁၂ - ထို့ကြောင့် ငါတို့အယောက်တိုင်းသည် ဘုရားသခင့်ထံ မိမိတို့၏တာဝန်များ
ကြေပွန်သည် မကြေပွန်သည်ကို ပြောပြကြရဦးမည်ဖြစ်သည်။
၁၃ - ထို့ကြောင့် နောင်တွင် တဦးကိုတဦး တရားမစီရင်ဘဲ နေကြပါမည်၊ ထိုမှဆန့်
ကျင်စွာ မည်သူတဦးမှ မိမိညီအ ကိုတယောက်အတွက် ခလုတ်တိုက်စရာ (သို့) ထိမိ
လဲစရာအကြောင်းတရားကို သူ၏လမ်းခရီး၌မထားမိရန်ကိုသာ စီရင်ကြပါမည်။
၁၄ - ငါသိပါသည်၊ ထို့အပြင် သခင်ယေရှုကလည်း ငါ့ကို သဘောကျစေသည်မှာ၊
မည်သည့်အရာမှ သူ့ဘာသာသူ မသန့်ရှင်းခြင်း မရှိပါ၊ သို့သော် မသန့်ရှင်းဟု ထင်နေ
သူထံ အားလုံးသည် မသန့်ရှင်းပါ။
၁၅ - သို့သော် သင်၏ညီအကိုသည် သင်စားသောအစာကြောင့် ဝမ်းနည်းလျှင်၊ သင်
သည် ညှာတာစွာ အသက်မရှင်ခြင်းဖြစ်ပါမည်။ သူ့ကို သင့်အစာဖြင့် မဖျက်ဆီးနှင့်၊
သူ့အတွက် ခရစ်တော်အသေခံပါသည်။
၁၆ - သင်၏ ကောင်းခြင်းကို မကောင်းအပြောမခံရစေနှင့်၊
၁၇ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏နိုင်ငံတော်သည် စားခြင်းသောက်ခြင်းမ
ဟုတ်၊ သို့သော် ဖြောင့်မတ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့်ဝမ်းမြောက်ခြင်းဖြစ်သည်။
၁၈ - အဘယ့်ကြောင့်ဆိုသော် ထိုအရာများဖြင့် ခရစ်တော်၏အမှုကိုဆောင်သူအား
ဘုရားသခင်လက်ခံတော်မူထိုက် သူဖြစ်သည်၊ ထို့အပြင် လူတို့ကလည်း သဘောကျ
သည်။

၁၉ - ထို့ကြောင့် ငြိမ်းချမ်းရေးကိုပြုလုပ်ပေးသောအရာများသို့ လုပ်ဆောင်ကြပါမည်၊ တဦးက နောက်တဦးကို မြှင့် တင်ပေးမည့်အရာများကိုသာ ပြုကြပါမည်။
၂၀ - အဘယ့်ကြောင့်ဆိုသော် အစားအစာက ဘုရားသခင်၏အလုပ်ကို မဖျက်ဆီးနိုင်ပါ။ အားလုံးသည် သန့်ရှင်းကြပါသည်၊ သို့သော် စိတ်အနှောက်အယှက်ဖြစ်ရအောင် စားသောသူသည် ဆိုးညစ်သူဖြစ်သည်။
၂၁ - အသားစားခြင်း၊ ဝိုင်သောက်ခြင်းတို့မှစ၍ သင်၏ညီအကို ခလုတ်တိုက်လဲစရာ၊ (သို့) စိတ်အနှောက်အယှက် ဖြစ်စရာ၊ (သို့) အားနည်းစေသောအရာ မည်သည်ကိုမျှ မလုပ်ကောင်းပါ။
၂၂ - သင်ယုံကြည်ခြင်းရှိပါသလား? ဘုရားသခင့်ရှေ့၌ သင့်အတွက်သာရှိပါစေ။ မိမိခွင့်ပြုထားသောအရာ၌ မိမိကိုယ်ကို တရားမစီရင်သူသည် ပျော်ရွှင်သောသူဖြစ်ပါသည်။
၂၃ - ထို့အပြင် သံသယဖြစ်သူသည် စားလျှင် စီရင်ခံရသည်၊ အဘယ့်ကြောင့်ဆိုသော မယုံကြည်၍ဖြစ်သည်၊ ယုံကြည်ခြင်းနှင့်မဆိုင်သမျှသည် အပြစ်ဖြစ်၍ဖြစ်သည်။

အခန်းကြီး (၁၅)
၁ - ထို့ကြောင့် သန်မာသောငါတို့သည် အားနည်းသောသူတို့၏ချည့်နဲ့ခြင်းများကို သည်းခံကြရပါမည်၊ မိမိတို့ကိုယ်ကိုသာ ကျေနပ်အောင် မနေကြရပါ။
၂ - ငါတို့အယောက်တိုင်းသည် မိမိတို့အိမ်နီးခြင်းကို ကျေနပ်စေရမည်၊ သူကောင်းဖို့ မြှင့်တင်ပေးကြရမည်။
၃ - အဘယ့်ကြောင့်ဆိုသော် ခရစ်တော်ကိုယ်တိုင်ပင် သူစိတ်ကျေနပ်ဖို့မလုပ်ပါ၊ သို့သော် "သူတို့က ကိုယ်တော့်ကို စော်ကားသည့် စော်ကားခြင်းများသည် ကျွန်ုပ်အပေါ် ကျရောက်ကြပါသည်"ဟုရေးထားသလိုဖြစ်သည်။
၄ - အဘယ့်ကြောင့်ဆိုသော် ယခင်ချိန်များက ရေးထားခဲ့သမျှသည် ငါတို့သင်ယူနိုင်ဖို့ ရေးထားခဲ့ခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ငါတို့သည် သည်းခံခြင်းအားဖြင့် ကျမ်းစာ၏နှစ်သိမ့်မှုကိုရကြလျှက် မျှော်လင့်နိုင်ကြရန်ဖြစ်သည်။
၅ - ယခုတွင် စိတ်ရှည်ခြင်းနှင့်နှစ်သိမ့်ခြင်း၏ဘုရားသခင်သည် သင်တို့ကို ယေရှုခရစ်တော်အားဖြင့် ညီညွတ်သူများ ဖြစ်လာပါစေသော။
၆ - ထိုသို့ဖြင့် သင်တို့သည် တခုသောစိတ်၊ တခုသောနှုတ်ဖြင့် ဘုရားသခင်ကို ချီးမွမ်းနိုင်ကြပါမည်၊ သူသည် ငါတို့သခင်ယေရှုခရစ်တော်၏ခမည်းတော်ပင်ဖြစ်ပါသည်။
၇ - ထို့ကြောင့် ခရစ်တော်က ငါတို့ကို ဘုရားသခင်၏ဘုန်းကျက်သရေအတွက် လက်ခံသလို၊ တဦးကိုတဦး လက်ခံကြပါ။
၈ - ငါပြောချင်သည်မှာ ယေရှုခရစ်တော်သည် ဘုရားသခင်၏အမှန်တရားအတွက် အရေဖျားလှီးခြင်းခံသူများ၏အမှုဆောင်ဖြစ်ခဲ့ပါသည်၊ ဖခင်ကြီးများထံ ပေးခဲ့သောက

တိတော်များကို အတည်ပြုရန်ဖြစ်သည်။

၉ - ထို့နောက် တပါးအမျိုးသားများလဲ ဘုရားသခင်ကို သူ၏ကရုဏာတော်အတွက် ဘုန်းတော်ချီးမွမ်းနိုင်ကြရန်ဖြစ်သည်၊ "ထို့အတွက်ကြောင့် ကျွန်ုပ်သည် ကိုယ်တော့်ကို တပါးအမျိုးသားတို့ကြားတွင် ဝန်ခံပါမည်၊ ကိုယ်တော့်နာမတော်သို့ သီချင်းဆိုပါမည်" ဟုရေထားသကဲ့သို့ဖြစ်သည်။

၁၀ - ထို့နောက် သူ ထပ်ပြောသည်မှာ၊ "သူ၏လူတို့နှင့်အတူ ဝမ်းမြောက်ကြပါ တပါးအမျိုးသားတို့"ဟူ၍ဖြစ်သည်။

၁၁ - ထို့နောက် ထပ်၍ "သခင်ဘုရားကိုချီးမွန်းကြပါ၊ အသင်တပါးအမျိုးသားတို့၊ သင်တို့လူထုအားလုံး သူ့ကိုချီးမြှောက်ကြပါ"ဟု ထပ်ပြောပါသည်။

၁၂ - ထို့အပြင် ဟေရှာယက "ယေရှဲ၏အမြစ်ရှိလာမည်၊ ထို့နောက် သူသည် တပါးအမျိုးသားတို့ကိုအုပ်ချုပ်သူအဖြစ် ထလာမည်၊ သူ့ကို တပါးအမျိုးသားအားလုံးက အားကိုးကြမည်"ဟုပြောခဲ့ပါသည်။

၁၃ - ယခုတွင် မျှော်လင့်ခြင်း၏ဘုရားသခင်သည် သင်တို့ကို အားလုံးသော ဝမ်းမြောက်ခြင်း၊ ငြိမ်းချမ်းခြင်းတို့ဖြင့် ယုံကြည်ခြင်းထဲ၌ ပြည့်စေတော်မူမည်၊ ထိုသို့ဖြင့် သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးစွမ်းအားဖြင့် မျှော်လင်ခြင်းထဲ၌ ပြည့်လျှံကြပါမည်။

၁၄ - ထို့အပြင် ငါကိုယ်တိုင်ပင် သင်တို့အတွက် ဘဝင်ကျလျှက်ရှိသည်မှာ၊ သင်တို့သည် ကောင်းမြတ်ခြင်းတို့နှင့်ပြည့်စုံလျှက်၊ အားလုံးသောအသိပညာတို့နှင့် ပြည့်ဝနေသဖြင့်၊ တဦးကိုတဦး သတိပေးဆုံးမနိုင်ကြခြင်းဖြစ်ပါသည်။

၁၅ - သို့သော် ညီအကိုတို့၊ သင်တို့ထံသို့ အချို့သောအကြောင်းအရာများနှင့် ပတ်သက်၍ ရဲရင့်စွာ ရေးလိုက်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က ငါ့အားပေးသော ကျေးဇူးတော်ကြောင့်ဖြစ်သည်။

၁၆ - ငါသည် တပါးအမျိုးသားတို့ထံ သခင်ယေရှုခရစ်တော်၏အမှုဆောင်ဖြစ်လာလျှက်၊ ဘုရားသခင်၏ဧဝံဂေလိတရားကို အမှုဆောင်ရန်ဖြစ်သည်၊ ထိုသို့ဖြင့် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် သန့်ရှင်းစေသဖြင့် တပါးအမျိုးသားတို့အား ဆက်ကပ်ခြင်းသည် လက်ခံထိုက်သောအရာဖြစ်လာပါမည်။

၁၇ - ထို့ကြောင့် ငါသည် သခင်ယေရှုခရစ်တော်အားဖြင့် ထိုဘုရားသခင်နှင့်စပ်ဆိုင်သောအရာတို့တွင် ဂုဏ်ကျက်သရေရှိလာနိုင်ပါမည်။

၁၈ - အဘယ့်ကြောင့်ဆိုသော် တပါးအမျိုးသားတို့ နာခံလာကြရန် ခရစ်တော်က နုတ်အားဖြင့်၄င်း၊ အပြုအမူအားဖြင့်၄င်း ငါ့အားဖြင့်မဖြစ်စေသော ထိုအရာတခုကိုမျှ ငါမပြောရဲပါ။

၁၉ - ဘုရားသခင်၏ဝိညာဉ်တော်တန်ခိုးအားဖြင့်၊ ကြီးမားသောနိမိတ်လက္ခဏာများ၊ အံ့ဩစရာများမှတဆင့်၊ ယေရုရှလင်မြို့မှနေ၍၊ အီလီရိကမ်နယ်ထိအောင် ငါသည် ခ

ရစ်တော်၏ဧဝံဂေလိတရားကို အပြည့်အဝဟောခဲ့ပြီဖြစ်သည်။
၂၀ - မှန်သည်၊ ထိုသို့ ငါသည် ဧဝံဂေလိဟောကြားရန် ကြိုးစားပါသည်၊ ခရစ်တော်၏ နာမည်ကို မှည့်ခေါ်ပြီးသောနေရာတွင်မဟုတ်ပါ၊ သို့မဟုတ်ပါက ငါသည် အခြားလူ၏ အုတ်မြစ်ပေါ်တွင် တည်ဆောက်မည်စိုးရပါသည်။
၂၁ - သို့သော် "သူ့အကြောင်းကို မည်သူ၏ပြောခြင်းမှမခံရသေးသူတို့သည် တွေ့မြင်ကြလိမ့်မည်၊ ထို့နောက် မကြားဘူးသူတို့သည် နားလည်ကြလိမ့်မည်"ဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။
၂၂ - ထိုအတွက်ကြောင့် ငါသည် သင့်တို့ဆီသို့လာဖို့ အဆီးအတားများကို တွေ့ရပါသည်။
၂၃ - သို့သော် ဤဒေသများတွင် နေရာမရှိတော့သဖြင့်၊ ထို့အပြင် ဤနှစ်များတွင် သင်တို့ထံလာချင်စိတ် ကြီးစွာရှိသဖြင့်၊
၂၄ - စပိန်ပြည်သို့ ငါခရီးသွားမည့်အခါတိုင်း၊ ငါ သင်တို့ထံ လာပါမည်၊ ငါ့ခရီးတွင် သင်တို့ကိုတွေ့မည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်၊ သင်တို့နှင့်အတူ ခဏတဖြုတ် မိတ်ဆွေဖွဲ့လျှက်၊ ထိုနေရာသို့ သင်တို့အကူအညီဖြင့်သွားနိုင်မည်ဖြစ်သည်။
၂၅ - သို့သော် ယခုတွင် ငါသည် ယေရုရှလင်မြို့သို့ သွားမည်၊ ထိုနေရာရှိ သန့်ရှင်းသူများထံ အမှုဆောင်ရန်ဖြစ်သည်။
၂၆ - အဘယ့်ကြောင့်ဆိုသော် မက်စီဒိုးနီးယားနှင့်အက်ခိုင်ယားပြည်သားတို့က ယေရုရှလင်မြို့ရှိ ဆင်းရဲသောသန့်ရှင်းသူတို့အား အနည်းငယ်သောအကူအညီကို ပေးအပ်ရန် ဆန္ဒရှိကြပါသည်။
၂၇ - ထိုသို့ပြုကြဖို့ သဘောကျကြပါသည်၊ ထို့အပြင် သူတို့အပေါ်ကျေးဇူးရှိနေ၍လည်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ဝိညာဉ်ရေးအကြောင်းတရားများကို တပါးအမျိုးသားများက ပါဝင်ဆက်ဆံခွင့်ရကြလျှင်၊ သူတို့အား မိမိတို့၏လောကီအရာများဖြင့် ကူညီဖို့ရန်သည် သူတို့၏တာဝန်ဖြစ်ပါသည်။
၂၈ - ထို့ကြောင့် ထိုအရာကို ငါဆောင်ရွက်သောအခါ၊ ဤအသီးအပွင့်အား တံဆိပ်ခတ်နိုပ်ပြီးသော်၊ ငါ သင်တို့အနားမှနေ၍ စပိန်သို့သွားပါမည်။
၂၉ - ထို့အပြင် သင်တို့ထံငါလာသောအခါ၊ ခရစ်တော်၏ဧဝံဂေလိတရား၏ ကောင်းချီးမင်္ဂလာအပြည့်အဝနှင့် လာမည်ဆိုသည်မှာ အသေအချာပင်ဖြစ်သည်။
၃၀ - ယခုတွင် ညီအကိုတို့၊ သခင်ယေရှုခရစ်တော်အတွက်ကြောင့် ငါတောင်းဆိုသည်မှာ ငါနှင့်အတူ သင်တို့ကြိုးစားဆုတောင်းကြပါ၊ ငါ့အတွက်ဆုတောင်းပေးကြဖို့ဖြစ်သည်။
၃၁ - ထိုသို့ဖြင့် ငါသည် ဂျူဒေးယားပြည်နယ်ရှိ မယုံကြည်သူတို့လက်မှ လွတ်နိုင်မည်ဖြစ်သည်၊ ထို့အပြင် ယေရှုရှလင်မှ သန့်ရှင်းသူများက ငါ၏အမှုဆောင်ခြင်းကို လက်ခံကြမည်ဖြစ်သည်။

၃၂ - ထိုသို့ဖြင့် ငါသည် သင်တို့ထံသို့ ဝမ်းမြောက်စွာ ဘုရားသခင်၏အလိုတော်အားဖြင့် လာနိုင်မည်ဖြစ်သည်၊ သင်တို့နှင့်အတူနေလျှက် ပြန်လည်အားသစ်လောင်းနိုင်မည်ဖြစ်သည်။
၃၃ - ယခုတွင် ငြိမ်သက်ခြင်း၏ဘုရားသခင်သည် သင်တို့အားလုံးနှင့်အတူရှိပါစေသော၊ အာမင်။

အခန်းကြီး (၁၆)

၁ - သင်တို့ထံသို့ စင်ခြဲရီးယားမြို့၌ရှိသောအသင်းတော်၏ အစေခံ ငါတို့ညီမ ဖီဘီကိုအပ်နှံပါသည်။
၂ - သန့်ရှင်းသူတို့ပြုသင့်သည်အတိုင်း သူမကို သင်တို့ လက်ခံကြပါ၊ သင်တို့အကူအညီ လိုအပ်သော သူမ၏လုပ်ဆောင်ခြင်းများ၌ အထောက်အကူပေးကြပါ၊ အဘယ့်ကြောင့်ဆိုသော် သူသည် ငါကိုယ်တိုင်အပါအဝင် လူအများတို့ကို စောင်မကူညီသူဖြစ်သည်။
၃ - ယေရှုခရစ်၌ ငါကိုအကူအညီပေးသူများဖြစ်ကြသည့် ဖရီစီးလာနှင့်အက်ကွီးလာတို့ကို နှုတ်ဆက်ကြပါ။
၄ - သူတို့သည် ငါအသက်အတွက်ဆိုလျှင် မိမိတို့၏လည်များကို စင်းခံကြသူများဖြစ်ကြသည်၊ သူတို့ကို ငါက ကျေးဇူးတင်ယုံသာမက၊ တပါးအမျိုးသားအသင်းတော်များကလည်း ကျေးဇူးတင်ကြပါသည်။
၅ - ထို့အတူ၊ သူတို့အိမ်၌ရှိသောအသင်းတော်ကိုလည်း နှုတ်ဆက်ကြပါ။
၆ - မေရီကိုလည်း နှုတ်ဆက်ကြပါ၊ သူသည် ငါတို့ကို အလွန်ကူညီသူဖြစ်သည်။
၇ - ငါ့နယ်သားများလည်းဖြစ်၊ ငါနှင့်အတူထောင်ကျခံရသူများလည်းဖြစ်ကြသော အဲန်ဒရိုနိကပ်စ်နှင့် ဂျူးနီးယာ တို့ကို နှုတ်ဆက်ကြပါ။
၈ - ခရစ်တော်၌ငါချစ်ရသူ အမ်ဖလိယပ်စ်ကို နှုတ်ဆက်ကြပါ။
၉ - ခရစ်တော်၌ငါတို့ကိုကူညီသူ အာဗန်နှင့် ငါချစ်ရသူ စတေခီးစ် တို့ကို နှုတ်ဆက်ကြပါ။
၁၀ - ခရစ်တော်၏သဘောကျခြင်းခံရသူ အက်ပဲလဲစ်ကို နှုတ်ဆက်ကြပါ။ အရစ်တိုဗြူလပ်စ်တို့ မိသားစုဝင်များကို နှုတ်ဆက်ကြပါ။
၁၁ - ငါ့နယ်သားဖြစ်သူ ဟေရောဒီယွန်ကို နှုတ်ဆက်ကြပါ။ ခရစ်တော်၌ရှိကြသော နာစီးစပ်စ်တို့အိမ်ထောင်စုကိုလည်း နှုတ်ဆက်ကြပါ။
၁၂ - သခင်ဘုရား၌ ကြိုးစားကြသော ထရိုင်ဖီနားနှင့်ထရိုင်ဖိုဆာ တို့ကို နှုတ်ဆက်ကြပါ။ သခင်ဘုရား၌အလွန်ကြိုးစားသော လေး စားထိုက်သူ ပါးစီးစ် ကိုနှုတ်ဆက်ကြပါ။
၁၃ - သခင်ဘုရား၌ရွေးချယ်ခြင်းခံရသူ ရူဖူးစ်၊ သူနှင့်ငါ၏မိခင်ကို နှုတ်ဆက်ကြပါ။
၁၄ - သူတို့နှင့်အတူရှိကြသည့် ညီအကိုများဖြစ်ကြသော အာဆင်ခရီးတပ်စ်၊ ဖလီဂွန်၊ ဟားမတ်စ်၊ ပက်ထရိုဘတ်စ်၊ ဟားမက်စ် တို့ ကို နှုတ်ဆက်ကြပါ။

၁၅ - ဖီလိုလိုဂတ်စ်နှင့် ဂျူးလီယာ၊ နီရီးစပ်စ်နှင့်သူ၏ညီမ၊ အိုလမ်ပစ်နှင့် သူတို့ထံရှိကြသော သန့်ရှင်းသူအားလုံးတို့ကို နုတ်ဆက် ကြပါ။
၁၆ - သန့်ရှင်းသောအနမ်းဖြင့် တဦးကိုတဦးနုတ်ဆက်ကြပါ။ ခရစ်တော်၏ အသင်းတော်များက သင်တို့ကို နုတ်ခွန်းဆက်သကြပါသည်။
၁၇ - ယခုတွင် ငါသည် သင်တို့ကို သတိပေးချင်သည်၊ သင်တို့သင်ယူခဲ့ပြီးသောဩဝါဒနှင့်ဆန့်ကျင်လျှက် မှားယွင်းခြင်းများကို ဖြစ်စေသူ၊ ကွဲပြားခြင်းများကိုဖြစ်စေသူအားမှတ်သားကြပါ၊ သူတို့နှင့်ရှောင်နေကြပါ။
၁၈ - အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် သခင်ယေရှုခရစ်ကို အမှုဆောင်ကြသူများ မဟုတ်ကြပါ၊ သို့သော် သူတို့၏ဝမ်းဗိုက်ကို အမှုဆောင်ကြသူများဖြစ်ကြပါသည်၊ ကောင်းမွန်သော စကားများဖြင့်၊ လှပသောအပြောအဆိုများနှင့် ရိုးအသူများ၏နှလုံးသားများကို လိမ်ညာတတ်ကြပါသည်။
၁၉ - အဘယ်ကြောင့်ဆိုသော် သင်တို့၏နာခံလိုက်လျှောက်ခြင်းသည် အဝေး၌ရှိသူတို့အားလုံးတို့ထံပင် ရောက်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် သင်တို့၏ကိုယ်စား ငါ ဝမ်းမြောက်ပါသည်၊ သို့သော် ငါသည် သင်တို့ကို ကောင်းသောအရာတို့တွင် ပညာရှိကြ၍ ဆိုးညစ်သောအရာများနှင့်ပတ်သက်၍မူ ရိုးအသူများ ဖြစ်စေချင်ပါသည်။
၂၀ - ထို့နောက် ငြိမ်းခြမ်းခြင်းဘုရားသခင်သည် မကြာမီ သင်တို့၏ခြေအောက်တွင် စာတန်ကို ခြေမှုန်းတော်မူမည်ဖြစ်သည်။ ငါတို့ သခင်ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့နှင့်အတူရှိပါစေ။ အာမင်။
၂၁ - ငါ၏လုပ်ဖေါ်ကိုင်ဖက် တီမောသေယပ်စ်၊ လုစီးယပ်စ်နှင့် ငါ့နယ်သား ဆိုစီပေတာ တို့ကလည်း သင်တို့ကို နုတ်ဆက်ပါသည်။
၂၂ - ဤစာကိုရေးသားသူ ငါ တားတိယပ်စ်ကလည်း သခင်ဘုရား၌ သင်တို့ကို နုတ်ဆက်ပါသည်။
၂၃ - ငါ့အိမ်ရှင် ဂိုင်းယပ်စ်နှင့် အသင်းတော်တခုလုံးက သင်တို့ကို နုတ်ခွန်းဆက်ပါသည်။ မြို့တော်ဝန် အီရာ့စ်တပ်စ်နှင့် သူညီ ကွာတပ်စ်ကလည်း သင်တို့ကို နုတ်ခွန်းဆက်သပါသည်။
၂၄ - ငါတို့သခင် ယေရှုခရစ်၏ ကျေးဇူးတော်သည် သင်တို့အားလုံးနှင့်အတူ ရှိပါစေသော်။ အာမင်။
၂၅ - ယခုတွင် သင်တို့ကို ငါ၏ဧဝံဂေလိတရားအရ၄င်း၊ ယေရှုခရစ်၏ဟောကြားခြင်းအားဖြင့်၄င်း၊ ခိုင်မာစေနိုင်သော တန်ခိုးစွမ်းအားရှိသူသည်၊ နက်နဲခြင်း၏ဖွင့်ပြမှုအရကမ္ဘာအစမှနေ၍လျှို့ဝှက်ထားသောအရာသည်၊
၂၆ - ယခုအခါ ပေါ်လွင်ထင်းရှားခဲ့ပြီဖြစ်သည်၊ ပရောဖက်တို့၏ကျမ်းစာများအားဖြင့်၄င်း၊ ထာဝရရှိနေသူဘုရားသခင်၏ပညတ် တော်အရ၄င်း၊ ယုံကြည်ခြင်း၏ နာခံလိုက်လျှောက်မှုအတွက် နိုင်ငံအားလုံးသို့ သိလာရန်ပြုပြီးဖြစ်သည်၊

၂၇ - ထို တပါးတည်းသာဥာဏ်ပညာရှိသူ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ဘုန်းကျက်သရေ ရှိတော်မူစေသတည်း။ အာမင်။

×××××××××××××××××××××

## ကောရိန်သုဩဝါဒစာ ပထမစောင်
(First Corinthians)

အခန်း(၁)

၁ - ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်၏တမန်တော်ဟုခေါ်သော ပေါလုနှင့်ငါတို့ညီအကို ဆိုစ်သင်းနီးစ် တို့က

၂ - ကောရင့်မြို့ရှိ ဘုရားသခင်၏အသင်းတော်သို့နှင့် ယေရှုခရစ်၌ သန့်ရှင်းခြင်းသို့ ရောက်စေခြင်းခံရသူများထံ၊ သန့်ရှင်းသူများဟု ခေါ်ခြင်းခံရသူများထံ၊ ငါတို့သခင်ဖြစ်သော ယေရှုခရစ်၏နာမတော်ကို ခေါ်ကြသည့် နေရာတိုင်း၌ရှိနေသူများထံ ရေးလိုက်ပါသည်၊ သူသည် ငါတို့နှင့်သူတို့၏သခင်ဖြစ်တော်မူသည်။

၃ - ငါတို့၏ဖခင်ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့် ငြိမ်းချမ်းခြင်းသည် သင်တို့၌ရှိပါစေသော။

၄ - ယေရှုခရစ်အားဖြင့် သင်တို့ထံပေးထားသော ဘုရားသခင်၏ကျေးဇူးတော်အတွက် ငါသည် သင်တို့ကိုယ်စား ငါ့ဘုရားသခင်ထံ အမြဲ ကျေးဇူးတင်ပါသည်။

၅ - ထို့ကြောင့် သင်တို့သည် အရာခပ်သိမ်း၌ သူ့အားဖြင့် ကြွယ်ဝကြပြီ၊ ပြောဆိုခြင်းမျိုးစုံ၌၎င်း၊ အသိပညာမျိုးစုံ၌၎င်း ဖြစ်သည်။

၆ - တချိန်ထဲတွင် ခရစ်တော်၏သက်သေခံခြင်းကလည်း သင်တို့ထံ ပို၍စွဲမြဲခိုင်မာနေပါသည်။

၇ - ထို့ကြောင့် ငါတို့သခင်ယေရှုခရစ်အား စောင့်နေကြစဉ်၌ သင်တို့တွင် မည်သည့်လက်ဆောင်မှ လိုအပ်ခြင်း မရှိပါ။

၈ - သူသည် သင်တို့ကို အဆုံးအထိ ခိုင်မာစေပါမည်၊ ထိုသို့ဖြင့် ငါတို့သခင်ယေရှုခရစ်နေ့ရက်တွင် သင်တို့သည် အပြစ်တင်ခံရခြင်းနှင့် ကင်းနေမည်ဖြစ်သည်။

၉ - သင်တို့ကို မိမိ၏သားတော် ငါတို့၏သခင် ယေရှုခရစ်နှင့် မိတ်သဟာယဖွဲ့ရန် ခေါ်တော်မူသူသည် သစ္စာရှိသောဘုရားသခင်ဖြစ်သည်။

၁၀ - ယခုတွင် ငါသည် သင်တို့ကို ငါတို့၏သခင် ယေရှုခရစ်၏အမည်ဖြင့် တိုက်တွန်းပါသည်၊ သင်တို့အားလုံး တူညီသောအရာကို ပြောကြပါ၊ သင်တို့ကြားတွင် ကွဲပြားခြင်း မရှိကြနှင့်၊ သို့သော် သင်တို့သည် တစိတ်တည်း တဝမ်းတည်းရှိလျှက်၊ တူညီသောစီရင်ဆုံးဖြတ်ချက်နှင့် ပြည့်စုံစွာ အတူတကွလက်တွဲကြပါ။

၁၁ - ညီအကိုတို့၊ သင်တို့ကြားတွင် အချေအတင်ငြင်းခုံခြင်းများရှိနေသည်ဟု ငါ့ထံ ခလိုအေး တို့မိသားစုဝင်များက သတင်းပို့ကြ၍ဖြစ်သည်။

၁၂ - သင်တို့တဦးစီက ငါသည် ပေါလ်၏လူဖြစ်သည်၊ ငါသည် အပေါလောစ်လူဖြစ်သည်၊ ငါသည် ဆီးဖတ်စ်၏လူ ဖြစ်သည်၊ ငါသည် ခရစ်တော်၏လူဖြစ်သည်ဟု ပြောနေကြ၍ ယခုလို ငါပြောရခြင်းဖြစ်သည်။

၁၃ - ခရစ်တော်သည် ကွဲပြားနေပါသလော? ပေါလ်သည် သင်တို့အတွက် လက်ဝါးကပ်တိုင်ပေါ် အသေခံပါသလော? (သို့) သင်တို့သည် ပေါလ်၏နာမည်နှင့် ဗတ္တိဇံခံကြပါသလော?

၁၄ - ခရိပတ်စ်နှင့်ဂိုင်းယပ်စ်တို့မှလွဲ၍ သင်တို့တယောက်ကိုမျှ ငါဗတ္တိဇံမပေး၍ ငါ ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။

၁၅ - သို့မဟုတ်ပါက ငါသည် ငါ့နာမည်ဖြင့် ဗတ္တိဇံပေးသည်ဟု သင်တို့ထဲမှ တဦးဦးက ပြောနေဦးမည်။

၁၆ - ထို့အပြင် စတီဖင်နပ်စ်တို့တအိမ်လုံးကိုလည်း ငါဗတ္တိဇံပေးပါသည်။ ထိုသူတို့မှလွဲ၍ အခြားသူများကို ဗတ္တိဇံ ပေးမပေး ငါမသိတော့ပါ။

၁၇ - အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် ဗတ္တိဇံပေးဖို့ ငါ့ကိုစေလွှတ်သည်မဟုတ်ပါ၊ ဧဝံဂေလိဟောပြောရန် ဖြစ်ပါသည်၊ ဉာဏ်ပညာစကားလုံးတို့ဖြင့်မဟုတ်၊ ထိုသို့ဆိုလျှင် ခရစ်တော်၏လက်ဝါးကပ်တိုင်သည် ထိရောက်မှုမရှိဘဲဖြစ်ပါမည်။

၁၈ - အဘယ့်ကြောင့်ဆိုသော် လက်ဝါးကပ်တိုင်အကြောင်းဟောပြောခြင်းသည် ပျက်ဆီးမည့်သူတို့အတွက် မိုက်မဲမှုမျှသာ ဖြစ်ပါသည်၊ သို့သော် ကယ်တင်ခြင်းခံကြရသော ငါတို့အတွက်မူ ဘုရားသခင်၏တန်ခိုးစွမ်းအားဖြစ်ပါသည်။

၁၉ - ထို့ကြောင့် ငါသည် ပညာရှိတို့၏ဉာဏ်ပညာကို ဖျက်ဆီးမည်၊ ပညာကြီးသူတို့၏ နားလည်ခြင်းကို ဘာမျှမဟုတ် သလိုဖြစ်စေမည်ဟု ရေးထားပါသည်။

၂၀ - ပညာရှိ အဘယ်မှာနည်း? ပညာရှင် အဘယ်မှနည်း? ဤကမ္ဘာကြီးမှ ငြင်းခုံသူ အဘယ်မှနည်း? ဤကမ္ဘာကြီး ၏အသိပညာကို ဘုရားသခင်က မိုက်မဲမှုဖြစ်စေခဲ့ပြီမဟုတ်ပါလော?

၂၁ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ဉာဏ်ပညာတော်အရ၊ ဤကမ္ဘာကြီးသည် ဉာဏ်ပညာဖြင့် ဘုရားသခင်ကို မသိပါ၊ ဘုရားသခင်သည် တရားဟောခြင်း၏ မိုက်မဲမှုဖြင့် ယုံကြည်သူတို့ကို ကယ်တင်ဖို့ရန် သဘောကျတော်မူပါသည်။

၂၂ - ဂျူးတို့က နိမိတ်လက္ခဏာကို တောင်းဆိုကြသည်၊ ဂရိတို့က ဉာဏ်ပညာနောက်လိုက်ကြသည်၊

၂၃ - သို့သော် ငါတို့က ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းကို ဟောပြောကြသည်၊ ၎င်းသည် ဂျူးတို့အတွက် ခလုတ်တိုက်စရာဖြစ်သည်၊ ဂရိတို့အတွက်မူ မိုက်မဲခြင်းဖြစ်သည်။

၂၄ - သို့သော် ခေါ်တော်မူခြင်းခံရသူတို့အတွက်မူ ဂျူးဖြစ်စေ၊ ဂရိဖြစ်စေ၊ ခရစ်တော်သည် ဘုရားသခင်၏တန်ခိုးတော်၊ ဘုရားသခင်၏ဉာဏ်ပညာတော်ဖြစ်ပါသည်။

၂၅ - ဘုရားသခင်၏မိုက်မဲခြင်းသည် လူတို့ထက်ပို၍ပညာရှိပါသည်၊ ဘုရားသခင်၏ အားနည်းခြင်းသည် လူတို့ထက် ပို၍ သန်မာပါသည်။
၂၆ - ညီအကိုတို့ သင်တို့၏ခေါ်တော်မူခြင်းကို တွေ့မြင်ကြသည် မဟုတ်ပါလော၊ ခေါ်ခြင်းခံရသူများတွင် အသွေးအသားအားဖြင့် ပညာရှိသူတို့ သိပ်မများပါ၊ ခွန်အားကြီးသူတို့ သိပ်မများပါ၊ ဆွေကြီးမျိုးကြီးအထက်တန်းစားများ သိပ်မများပါ၊
၂၇ - သို့သော် ဘုရားသခင်သည် ပညာရှိများ စိတ်ရှုပ်ထွေးစေရန် ဤကမ္ဘာကြီး၏ မိုက်မဲသောအရာများကို ရွေးတော်မူပါသည်၊ ထို့အပြင် ဘုရားသခင်သည် ခွန်အားကြီးသောအရာများကို စိတ်ရှုပ်ထွေးစေရန် ဤကမ္ဘာကြီး၏ အားနည်းသောအရာများကို ရွေးတော်မူပါသည်၊
၂၈ - ထို့အပြင် ဤကမ္ဘာကြီး၏နိမ့်ကျသောအရာများ၊ အထင်သေးခံရသောအရာများကို ဘုရားသခင်က ရွေးတော်မူပါသည်၊ မှန်ပါသည်၊ မိမိတို့ကိုယ်ကို အဟုတ်ကြီးထင်နေကြသူများ ဘာမှမဟုတ်ကြခြင်းကိုသိရန် ဘာမှမဟုတ်သောအရာများကို ရွေးတော်မူပါသည်။
၂၉ - ထို့ကြောင့် မည်သည့်အသွေးအသားမှ သူ့ရှေ့တွင် မကြွားနိုင်ကြရန်ဖြစ်သည်။
၃၀ - သို့သော် သင်တို့သည် ခရစ်တော်ယေရှု၌ သူပိုင်ဆိုင်သောသူများဖြစ်ကြပါသည်၊ သူ့ကို ဘုရားသခင်က ငါတို့ထံသို့ ဉာဏ်ပညာဖြစ်စေသည်၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့်ကယ်လွှတ်ခြင်း ဖြစ်စေပါသည်။
၃၁ - ထို့ကြောင့် ကြွားဝါသူသည် သခင်ဘုရား၌သာ ကြွားဝါကြစေဟု ရေးထားသကဲ့သို့ဖြစ်သည်။

၂း၁-၁၆
၁ - ထို့အပြင်ညီအကိုတို့၊ ငါ သင်တို့ထံ လာသောအခါ၊ ဘုရားသခင်၏သက်သေကို သင်တို့ထံ၌ကြေညာရန် ဉာဏ်ပညာ၏ထူးကဲပြောင်မြောက်ခြင်း၊ (သို့) ဟောပြောခြင်း၏ထူးကဲပြောင်မြောက်ခြင်းနှင့် မလာပါ။
၂ - အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့ထံ ယေရှုခရစ်နှင့်လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းမှလွဲ၍ အခြားမည်မည့်အကြောင်းမျှ မသိရန် စိတ်ဆုံးဖြတ်ထား၍ဖြစ်သည်။
၃ - ထို့အပြင် ငါသည် သင်တို့နှင့်အတူ၊ အားနည်းလျှက်၊ ကြောက်ရွံ့လျှက်၊ အလွန်တုန်လှုပ်လျှက် ရှိနေခဲ့ပါသည်။
၄ - ထို့အပြင် ငါ၏ဟောပြောချက်များ၊ တရားဟောခြင်းများသည် လူသားဉာဏ်ပညာ၏ဆွဲဆောင်ခြင်းစကားလုံးတို့နှင့်မဟုတ်ပါ၊ သို့သော် ဝိညာဉ်တော်နှင့်တန်ခိုးတော်၏ ဖေါ်ထုတ်ပြသခြင်းသာ ဖြစ်ပါသည်၊
၅ - ထိုသို့ဖြင့် သင်တို့၏ယုံကြည်ခြင်းသည် လူတို့၏ဉာဏ်ပညာတွင်မတည်ဘဲ၊ ဘုရား

သခင်၏တန်ခိုးအပေါ်တွင်သာတည်မည်ဖြစ်သည်။
၆ - မည်သို့ပင်ဖြစ်ပါစေ၊ ငါတို့သည် ဉာဏ်ပညာကို ပြည့်စုံသောသူတို့ကြားတွင် ပြောဆိုကြပါသည်၊ သို့သော် ဤကမ္ဘာကြီး၏ဉာဏ်ပညာတော့မဟုတ်ပါ၊ အဆုံးတွင် ဘာမှမဟုတ်သော ဤကမ္ဘာကြီး၏မင်းညီမင်းသားတို့၏ဉာဏ်ပညာလဲ မဟုတ်ပါ၊
၇ - သို့သော် ငါတို့သည် ဘုရားသခင်၏ဉာဏ်ပညာကို နက်နဲခြင်း၌ ပြောဆိုကြပါသည်၊ ကွယ်ဝှက်နေသောဉာဏ်ပညာလဲဖြစ်ပါသည်၊ ၎င်းကို ဘုရားသခင်ကငါတို့ဘုန်းအသရေအတွက် ကမ္ဘာကြီးမတည်မရှိမှီကပင် ခန့်ထားပါသည်။
၈ - ၎င်းကို ဤကမ္ဘာကြီး၏ မင်းညီမင်းသား တယောက်ကမျှ မသိပါ၊ သိခဲ့သည်ဆိုလျှင်၊ သူတို့သည် ဘုန်းကျက်သရေ၏သခင်ကို လက်ဝါးကပ်တိုင်ပေါ် သတ်ကြမည်မဟုတ်ပါ။
၉ - သို့သော် "ဘုရားသခင်က သူ့ကိုချစ်သောသူတို့အတွက် ပြင်ဆင်ပေးထားသောအရာများကို မျက်စိဖြင့် မမြင်ရသေး၊ နားဖြင့်လည်း မကြားရသေး၊ လူ၏နှလုံးထဲသို့လည်း မဝင်ရောက်သေးပါ"ဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။
၁၀ - သို့သော် ဘုရားသခင်သည် ထိုအရာများက သူ၏ဝိညာဉ်တော်အားဖြင့် ငါတို့ထံ ဖွင့်ပြတော်မူပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တော်သည် အရာခပ်သိမ်းကို စိစစ်တော်မူပါသည်၊ မှန်သည်၊ ဘုရားသခင်၏နက်နဲသောအရာများကိုလည်း စိစစ်တော်မူပါသည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် လူသားအထဲ၌ရှိနေသောဝိညာဉ်ကသာ လူသား၏ အကြောင်းအရာများကို သိနိုင်သည်မဟုတ်ပါလော? ထို့အတူ ဘုရားသခင်၏အကြောင်းအရာများကိုလည်း လူသားက မသိပါ၊ သို့သော် ဘုရားသခင်၏ဝိညာဉ်တော်ကသာ သိပါသည်။
၁၂ - ယခုတွင် ငါတို့သည် ဤကမ္ဘာကြီး၏ဝိညာဉ်ကို ရကြသည်မဟုတ်၊ သို့သော်ဘုရားသခင်၏ဝိညာဉ်ကို ရကြခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ငါတို့သည် ဘုရားသခင်က ငါတို့ထံ အခမဲ့ပေးထားသောအရာများကို သိနိုင်ကြမည်ဖြစ်သည်။
၁၃ - ထိုအရာများ၏အကြောင်းကိုပင် ငါတို့ ပြောဆိုကြခြင်းဖြစ်သည်၊လူသား၏ဉာဏ်ပညာကသင်ပေးသော စကားလုံးများနှင့်မဟုတ်ပါ၊ သို့သော် သန့်ရှင်းသောဝိညာဉ်တော်က သင်ပေးသောစကားလုံးများနှင့်ဖြစ်သည်၊ ဝိညာဉ်ရေးရာအကြောင်းအရာများကို ဝိညာဉ်ရေးရာအကြောင်းအရာများနှင့် နှိုင်းယှဉ်လျှက်ဖြစ်သည်။
၁၄ - သို့သော် သဘာဝလူသားသည် ဘုရားသခင့်ဝိညာဉ်တော်၏အကြောင်းအရာများကို လက်မခံပါ၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် သူ့အတွက် မိုက်မဲခြင်းများ ဖြစ်ပါသည်၊ ထို့အပြင် သူသည် ထိုအရာများကို သိလည်းမသိနိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ဝိညာဉ်ရေးရာအရ မျက်စိကန်းနေကြသည်။
၁၅ - သို့သော် ဝိညာဉ်ရေးရာရှိသောသူကမူ၊ အရာခပ်သိမ်းကို ချင့်ချိန်ဆင်ခြင်ပါ

သည်၊ သို့သော် သူ့ကို မည်သည့်လူသားကမျှ မစီရင်ရပါ။
၁၆ - အဘယ့်ကြောင့်ဆိုသော် သူ့ကိုသွန်သင်ဆုံးမနိုင်ရန် မည်သူသည် သခင်ဘုရား၏စိတ်ကိုသိပါသနည်း? သို့သော် ငါတို့၌ ခရစ်တော်၏စိတ် ရှိပါသည်။

၃း၁-၂၃
၁ - ထို့အပြင်၊ ညီအကိုတို့၊ ငါသည် သင်တို့ကို ဝိညာဉ်ရေးအသက်ရှိသူတို့ကဲ့သို့မပြောနိုင်သေးပါ၊ သို့သော် ဇာတိလူများထံကဲ့သို့ ပြောနေရပါသည်၊ ခရစ်တော်၌ကလေးငယ်များထံကဲ့သို့ ပြောနေရပါသည်။
၂ - ငါသည် သင်တို့ကို နို့နှင့်ကျွေးမွေးခဲ့ပြီ၊ အစာကိုမကျွေးရသေး၊ အဘယ့်ကြောင့်ဆိုသော် သင်တို့သည် မခံနိုင်ကြသေး၍ဖြစ်သည်၊ ထို့အပြင် စားလဲမစားနိုင်ကြသေး၍လည်းဖြစ်ပါသည်။
၃ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ဇာတိလူများ ဖြစ်နေကြသေးသည်၊ ထို့ကြောင့် သင်တို့ကြားတွင် မနာလိုခြင်းများ၊ ရန်ဖြစ်ခြင်းများ၊ အဖွဲ့ကွဲခြင်းများရှိနေရာ၊ ဇာတိလူများ ဖြစ်နေကြသေး၍မဟုတ်ပါလား? လောကလူသားများကဲ့သို့ အသက်ရှင်နေကြသေး၍မဟုတ်ပါလား?
၄ - တယောက်က ငါသည် ပေါလ်၏လူဖြစ်သည်၊ နောက်တယောက်က အပေါလော့စ်၏လူဖြစ်သည်ဟု ပြောနေကြရာ၊ သင်တို့သည် ဇာတိလူများဖြစ်နေကြသည်မဟုတ်လော?
၅ - မည်သူသည် ပေါလ်ဖြစ်သနည်း? မည်သူသည် အာပေါလော့စ်ဖြစ်သနည်း? သင်တို့ယုံကြည်သောသူ၏ အမှုတော်ဆောင်များဖြစ်ကြသည်မဟုတ်လော? အယောက်တိုင်းကို သခင်ဘုရားကတာဝန်ပေးသလို ထမ်းဆောင်ကြသူများသာ မဟုတ်ပါလော?
၆ - ငါက စိုက်ပျိုးသည်၊ အာပေါလော့စ်က ရေလောင်းသည်၊ သို့သော် ဘုရားသခင်ကသာ ကြီးထွားစေနိုင်ပါသည်။
၇ - ထို့ကြောင့် တစုံတခုကို စိုက်သောသူမဟုတ်၊ ရေလောင်းသူလည်းမဟုတ်၊သို့သော် ဘုရားသခင်ကသာ တိုးပွားစေပါသည်။
၈ - ယခုတွင် စိုက်သောသူနှင့်ရေလောင်းသူသည် တသားတည်းဖြစ်ပါသည်၊ ထို့အပြင် လူတိုင်း မိမိ၏ဆုလဘ်ကို မိမိလုပ်သည့်အတိုင်း ရမည်ဖြစ်သည်။
၉ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ကြသူများဖြစ်ကြသည်၊ သင်တို့သည် ဘုရားသခင်၏စိုက်ပျိုးခင်းဖြစ်သည်၊ သင်တို့သည် ဘုရားသခင်၏အဆောက်အဦးဖြစ်သည်။
၁၀ - ဘုရားသခင်က ငါ့ထံပေးတော်မူသော ကျေးဇူးတော်အရ၊ ပညာရှိသောဗိသုကာပညာရှင်အဖြစ်၊ ငါသည် အခြေခံအုတ်မြစ်ချသည်၊ အခြားသူက ထိုအပေါ်ဆက်တည်ဆောက်သည်။ သို့သော် အယောက်တိုင်း ထိုအုတ်မြစ်အပေါ် မည်သို့တည်ဆောက်

သည်ကို သတိပြုရမည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် ချထားပြီးအုတ်မြစ်ဖြစ်သည့် ယေရှုခရစ်မှလွဲ၍ အခြား အုတ်မြစ်ကို မည်သူကမျှ မချနိုင်၍ဖြစ်သည်။
၁၂ - ယခု အကယ်၍တစုံတဦးက ထိုအုတ်မြစ်အပေါ် ရွှေ၊ ငွေ၊ တန်ဖိုးကြီးကျောက် များ၊ သစ်သား၊ ကောက်ရိုး၊ ရိုးပြတ် တို့ဖြင့် တည်ဆောက်လျှင်၊
၁၃ - အယောက်တိုင်း၏အလုပ်သည် ပေါ်လာလိမ့်မည်ဖြစ်သည်၊ အဘယ့်ကြောင့်ဆို သော် တနေ့သောအခါ ၄င်းကို ကြေညာမည်ဖြစ်သည်၊ မီးအားဖြင့် ဖွင့်ပြမည်ဖြစ်သည်၊ ထို့အပြင် မီးဖြင့် အယောက်တိုင်း၏အလုပ် မည်သို့မည်ပုံဖြစ်သည်ကို စစ်ဆေးဦးမည် ဖြစ်သည်။
၁၄ - အကယ်၍ ထိုအုတ်မြစ်အပေါ်ဆောက်သော တစုံတဦး၏အလုပ်သည်တည်မြဲပါ က၊ သူသည် ဆုလာဘ်ကိုရမည်ဖြစ်သည်။
၁၅ - အကယ်၍ တစုံတဦး၏အလုပ်သည် လောင်ကျွမ်းလျှင်၊ သူသည် ဆုံးရှုံးမည်ဖြစ် သည်၊ သို့သော် သူသည် ကယ်တင်ခြင်းတော့ခံရပါမည်၊ မီးထဲဖြတ်၍လွတ်မြောက် သကဲ့သို့ဖြစ်မည်။
၁၆ - သင်တို့သည် ဘုရားသခင်၏ဗိမ္ဗာန်တော်ဖြစ်သည်ကို မသိကြပါသလော? ထို့အ ပြင် ဘုရားသခင်၏ဝိညာဉ်တော် သင်တို့အထဲတွင် နေတော်မူသည်ကို မသိကြသ လော?
၁၇ - အကယ်၍ တစုံတဦးက ဘုရားသခင်၏ဗိမ္ဗာန်တော်ကို ညစ်ညူးစေလျှင်၊ ထိုသူ ကို ဘုရားသခင်က ခြေမှုန်းမည်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ ဗိမ္ဗာန်တော်သည် သန့်ရှင်းသည်၊ သင်တို့သည် ထိုဗိမ္ဗာန်တော်ဖြစ်ကြသည်။
၁၈ - မည်သူမျှ မိမိကိုယ်ကို မလှည့်စားနှင့်။ သင်တို့ထဲမှတယောက်သည် သူ့ကိုယ်သူ ဤကမ္ဘာကြီးထဲ၌ ပညာရှိသည်ဟု ထင်လျှင်၊ ထိုသူသည် မိုက်မဲသူဖြစ်လာစေ၊ ထိုသို့ ဖြင့် သူသည် ပညာရှိလာမည်ဖြစ်သည်။
၁၉ - အဘယ့်ကြောင့်ဆိုသော် ဤကမ္ဘာကြီး၏ဉာဏ်ပညာသည် ဘုရားသခင်ထံ၌မိုက် မဲခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် ပညာရှိများကို သူတို့၏လိမ္မာခြင်းထဲ၌ကျော့မိစေ သည်ဟု ရေးထားပါသည်။
၂၀ - နောက်တဖန်၊ ဘုရားသခင်သည် ပညာရှိတို့၏ အတွေးများကို သိပါသည်၊ ၄င်း တို့သည် အချည်းနှီးသောအရာတို့ဖြစ်ကြသည်ဟု ရေးထားပါသည်။
၂၁ - ထို့ကြောင့် မည်သူမျှ လူသားတို့ထံ ဂုဏ်မယူရ၊ အဘယ့်ကြောင့်ဆိုသော် အရာ အားလုံး သင်တို့အတွက်ဖြစ်သည်။
၂၂ - ပေါလ်၊ (သို့) အာပေါလော့စ်၊ (သို့) စီးဖတ်စ်၊ (သို့) ကမ္ဘာကြီး၊ (သို့) အသက်ရှင် ခြင်း၊ (သို့) သေခြင်း၊ (သို့) နောက်လာမည့်အရာများ၊ အားလုံးသည် သင်တို့ဖို့ဖြစ် သည်၊

၂၃ - သင်တို့သည် ခရစ်တော်ဖို့ဖြစ်သည်၊ ခရစ်တော်သည် ဘုရားသခင်ဖို့ဖြစ်ပါသည်။

၄း၁-၂၁
၁ - သူတပါးက ငါတို့ကို ခရစ်တော်၏အမှုတော်ဆောင်များအဖြစ်၊ ဘုရားသခင်၏ နက်နဲခြင်းတို့ကို စောင့်ရှောက် ထိန်းသိမ်းရသူများအဖြစ် ထင်မှတ်ကြပါစေ။
၂ - ထို့အပြင် စောင့်ရှောက်ထိန်းသိမ်းရသူတို့၌တောင်းဆိုသည်မှာ၊ ထိုသူသည် သစ္စာရှိသူဖြစ်ရသည်။
၃ - သို့သော် ငါ့ကို သင်တို့ကတရားစီရင်ခြင်း (သို့) လူတယောက်၏တရားစီရင်ခံရခြင်းသည် ငါ့အတွက် သေးငယ်သောအမှုဖြစ်ပါသည်၊ မှန်ပါသည်၊ ငါသည် မိမိကိုယ်ကို တရားမစီရင်ပါ။
၄ - အဘယ့်ကြောင့်ဆိုသော် ငါ့ဘာသာ ဘာမှမသိပါ၊ သို့သော် ထိုသို့ပြု၍ ငါသည် ဖြောင့်မတ်သူမဖြစ်လာနိုင်ပါ၊ သို့သော် ငါ့ကို တရားစီရင်သူသည် သခင်ဘုရားဖြစ်ပါသည်။
၅ - ထို့ကြောင့် အချိန်မတိုင်ခင် ဘာကိုမှတရားမစီရင်ကြနှင့်၊ သခင်ဘုရားလာသည် အထိစောင့်ပါ၊ သူသည် ပုန်းကွယ်နေသော မှောင်ထဲမှအရာများကို အလင်းသို့ ဆောင်ယူမည်၊ ထို့အပြင် နှလုံးသားများထဲရှိအကြံအစည်များကို ပေါ်လာစေမည်၊ ထိုအခါ လူတိုင်းက ဘုရားသခင်ကို ချီးမွမ်းကြမည်။
၆ - ညီအကိုတို့ ဤအကြောင်းအရာတို့ကို ငါသည် သင်တို့အတွက် ငါနှင့်အာပေါလော့စ် အားဖြင့် ပုံဆောင်ချက်ပြုလျှက် ပြောနေခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့သည် ငါတို့ထံမှနေ၍ လူတို့သည် ရေးသားထားသည်ထက်ပို၍ မိမိကိုယ်ကို မထင်သင့်ကြောင်း သင်နိုင်ကြမည်ဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့ထဲမှ မည်သူတဦးမျှ မောက်မာလျှက် တဦးနှင့်တဦး မဆန့်ကျင်ကြဘဲ နေနိုင်ကြမည်ဖြစ်သည်။
၇ - အဘယ့်ကြောင့်ဆိုသော် မည်သူသည် သင်တို့ကို တဦးနှင့်တဦးခြားနားအောင် ပြုလုပ်ပါသနည်း? မည်သည့် အရာကို သင်သည် လက်မခံဘဲ ရပါသနည်း? ယခုတွင် သင်သည် ၎င်းတို့ကို လက်ခံရရှိသည်မှန်လျှင်၊ အဘယ့်ကြောင့် လက်မခံဘဲရရှိသလိုနှင့် ဂုဏ်ယူနေရသနည်း?
၈ - ယခုတွင် သင်တို့သည် ပြည့်ဝနေကြသည်၊ ယခုတွင် သင်တို့သည် ကြွယ်ဝကြသည်၊ ငါတို့မပါဘဲ သင်တို့သည် ရှင်ဘုရင်များကဲ့သို့ စိုးစံနေကြသည်၊ ထို့အပြင် ငါကလည်း သင်တို့ကို ဘုရားသခင်၌ စိုးစံကြရန် အလိုရှိပါသည်၊ ထိုသို့ဖြင့် ငါတို့လည်း သင်တို့နှင့်အတူ စိုးစံနိုင်ကြမည်ဖြစ်သည်။
၉ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က ငါတို့ကို နောက်ဆုံးတမန်တော်များအဖြစ် အသတ်ခံရဖို့ခန့်ထားသလို စေလွှတ်သည်ဟု ငါထင်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ငါတို့ကို ကမ္ဘာကြီး၏ကြည့်ရှုစရာအဖြစ် ပြုလုပ်ပါသည်၊ ထို့အပြင် ကောင်းကင်

တမန်များနှင့်လူတို့၏ကြည့်ရှုစရာအဖြစ်လည်း ပြုတော်မူပါသည်။
၁၀ - ငါတို့သည် ခရစ်တော်အတွက် အရူးများဖြစ်ကြသည်၊ သို့သော် သင်တို့သည် ခရစ်တော်၌ ပညာရှိများဖြစ်ကြသည်၊ ငါတို့သည် အားနည်းကြသည်၊ သို့သော် သင်တို့သည် သန်မာကြသည်၊ သင်တို့သည် လေးစားထိုက်ဖွယ် ဖြစ်ကြသည်၊ သို့သော် ငါတို့သည် အထင်သေးဖွယ် ဖြစ်ကြပါသည်။
၁၁ - ယခုအချိန်နာရီထိအောင်ပင် ငါတို့သည် စာလောင်ကြသလို၊ ငတ်မွတ်ကြပါသည်၊ ထို့အပြင် အဝတ်ဗလာဖြစ်ကြသည်၊ အရိုက်ပုတ်ခံကြရဆဲဖြစ်သည်၊ အမြဲတမ်း နေစရာမရှိသူများလဲ ဖြစ်ကြသည်။
၁၂ - ထို့အပြင် အလုပ်ကြမ်းသမားများ၊ မိမိတို့လက်နှင့်လုပ်ကိုင်ကြရသူများ ဖြစ်ကြသည်၊ ပုတ်ခတ်ဝေဖန်ခံကြရသော်လည်း၊ ငါတို့က ကောင်းချီးပေးပါသည်၊ အညှင်းဆဲခံကြရလျှက်၊ ၄င်းကို ငါတို့ ခံစားကြပါသည်၊
၁၃ - အသရေဖျက်ခြင်းကို ခံကြရလျှက်၊ ငါတို့သည် အနူးအညွတ်တောင်းပန်ကြသည်၊ ငါတို့သည် ကမ္ဘာကြီး၏အညစ်အကြေးသဖွယ်ပြုလုပ်ခြင်းခံကြရသည်၊ ထို့အပြင် ယနေ့တိုင်အောင် အားလုံး၏အငြင်းပယ်ခံ ဖြစ်နေကြပါသည်။
၁၄ - ငါ ထိုသို့ရေးနေခြင်းသည် သင်တို့ အရှက်ရရန်မဟုတ်ပါ၊ သို့သော် ငါချစ်ရသော သားများအနေနှင့် သတိပေးနေခြင်းဖြစ်သည်။
၁၅ - အဘယ့်ကြောင့်ဆိုသော် သင်တို့ထံတွင် ခရစ်တော်အကြောင်း သင်ပေးသူ တသောင်းမျှ ရှိပါသော်လည်း၊ သင်တို့ထံတွင် ဖခင်အများတော့ မရှိပါ၊ အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့ကို ဧဝံဂေလိတရားအားဖြင့် ခရစ်တော်ယေရှု၌ မွေးဖွားခဲ့ပြီဖြစ်သည်။
၁၆ - ထို့ကြောင့် ငါ၏နောက်လိုက်များဖြစ်ကြပါဟု ငါ သင်တို့ကို တိုက်တွန်းပါသည်။
၁၇ - ထိုအတွက်ကြောင့် ငါ တိမောသေကို သင်တို့ထံသို့ စေလွှတ်ခြင်းဖြစ်သည်၊ သူသည် ငါချစ်ရသောသားဖြစ်သည်၊ သခင်ဘုရား၌သစ္စာရှိသူဖြစ်သည်၊ သူက သင်တို့ကို ခရစ်တော်၌ဖြစ်သော ငါ့အသက်ရှင်ပုံများကို မှတ်မိစေမည်ဖြစ်သည်၊ ထိုသို့ အသင်းတော်တိုင်း၌ ငါ သွန်သင်၍ အသက်ရှင်ပါသည်။
၁၈ - ယခုတွင် သင်တို့ထဲမှ အချို့တို့သည် ငါမလာတော့မည်ကဲ့သို့ မောက်မာနေကြသည်။
၁၉ - သို့သော် ငါသည် သင်တို့ထံ သခင်ဘုရားအလိုရှိလျှင် မကြာခင်လာမည်၊ ထိုအခါ သင်တို့သည် မောက်မာသူတို့၏ပြောဟောချက်ကို ကြားရမည်မဟုတ်၊ သို့သော် တန်ခိုးကို ကြားရမည်ဖြစ်သည်။
၂၀ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏နိုင်ငံတော်သည် စကားလုံး၌မဟုတ်၊ တန်ခိုး၌ဖြစ်သည်။
၂၁ - သင်တို့ ဘာကိုအလိုရှိကြသနည်း? သင်တို့ထံသို့ တုတ်နှင့်လာရမည်လော၊ (သို့)

၅း၁-၁၃
၁ - သင်တို့ကြားထဲတွင် မတရားသောမေထုန်မှီဝဲခြင်းရှိနေသည်ဟု အသေအချာ သတင်းပို့ကြပါသည်၊ ထို့အပြင် ထိုသို့သော မတရားမေထုန်မှီဝဲခြင်းမျိုးကို မယုံကြည်သူတို့ကြားတွင်ပင် သိပ်မတွေ့ရပါ၊ တစုံတဦးက သူ့ဖခင်၏ဇနီးကို ယူခြင်းဖြစ်သည်။
၂ - ထို့အပြင် သင်တို့သည် ဝမ်းမနည်းကြဘဲ ထိုကိစ္စအတွက် မောက်မာနေကြသည်၊ ထိုအမှုကိုကျူးလွန်သူအား သင်တို့ထဲမှ နှင်ထုတ်ရမည်ဖြစ်သည်။
၃ - ထို့ကြောင့် ငါသည် ကိုယ်ခန္ဓာအားဖြင့် မရှိသော်လည်း၊ ဝိညာဉ်အားဖြင့် သင်တို့ထံရှိသကဲ့သို့၊ ထိုသို့သောအမှုကိုပြုသူအား ယခုပင် တရားစီရင်သည်၊
၄ - ငါတို့သခင်ယေရှုခရစ်၏အမည်ဖြင့်၊ သင်တို့သည်စည်းဝေးသောအခါ၊ ငါတို့သခင်ယေရှုခရစ်၏တန်ခိုးနှင့် ငါ့ဝိညာဉ်သည်လည်း ပါလျှက်၊
၅ - ကိုယ်ခန္ဓာပျက်ဆီးဖို့ရန် ထိုသူကို စာတန်ထံသို့လွှဲအပ်သည်၊ ထိုသို့ဖြင့် ဝိညာဉ်သည် သခင်ယေရှု၏နေ့ရက်တွင် ကယ်တင်ခံရကောင်း ခံရမည်ဖြစ်သည်။
၆ - သင်တို့၏ဂုဏ်ယူနေခြင်းသည် မကောင်းပါ။ အနည်းငယ်သော တဆေးက မုန့်တပုံလုံးကို အချဉ်ပေါက်စေသည်ဟု မသိကြသလော?
၇ - ထို့ကြောင့် တဆေးဟောင်းကို သန့်စင်ပစ်ကြ၊ ထိုသို့ဖြင့် သင်တို့သည် အချဉ်မဖေါက်ရသေးသော မုန့်ပုံအသစ်ဖြစ်ကောင်းဖြစ်လာမည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်ဆိုသော ငါတို့၏ပဿခါသည် ငါတို့အတွက် ယဇ်ပူဇော်ခြင်းကို ပြုပြီးဖြစ်သည်။
၈ - ထို့ကြောင့် ငါတို့ ထိုပွဲကို ကျင်းပကြမည်၊ တဆေးဟောင်းနှင့်မဟုတ်၊ မလိုတမာစိတ်နှင့်ဆိုးညစ်ခြင်းဖြင့်လည်း မဟုတ်၊ သို့သော် ရိုးသားခြင်းနှင့်မှန်ကန်ခြင်းဆိုသည့် တဆေးမပါသောမုန့်ဖြင့် ဖြစ်သည်။
၉ - မတရားသောမေထုန်မှီဝဲသူများနှင့် အပေါင်းအသင်းမလုပ်နှင့်ဟု သင်တို့ထံ ငါစာရေးခဲ့ပြီးဖြစ်သည်၊
၁၀ - ဤကမ္ဘာကြီးရှိ မတရားသောမေထုန်မှီဝဲသူတိုင်းနှင့်တော့မဟုတ်ပါ၊ (သို့) လောဘကြီးသူအားလုံးတို့နှင့်၎င်း၊ (သို့) လူသတ်သမားအားလုံးနှင့်၎င်း၊ (သို့) ရုပ်တုကိုးကွယ်သူအားလုံးတို့နှင့်၎င်း မပေါင်းရဟု မဆိုလိုပါ၊ ထိုသို့ဖြစ်လျှင် သင်တို့သည် ကမ္ဘာကြီးမှ ထွက်သွားရပါမည်။
၁၁ - ထိုမှဆန့်ကျင်စွာ ယခုတွင် ငါရေးချင်သည်မှာ၊ အကယ်၍ ညီအကိုဟုခေါ်သောသူတယောက် မတရားသောမေထုန်မှီဝဲသူဖြစ်လျှင်၊ (သို့) လောဘကြီးသူဖြစ်လျှင်၊ (သို့) ရုပ်တုကိုးကွယ်သူဖြစ်နေလျှင်၊ (သို့) ပုတ်ခတ်ဝေဖန်သူဖြစ်လျှင်၊ (သို့) အရက်သမားဖြစ်လျှင်၊ (သို့) လူသတ်သမားဖြစ်လျှင် ထိုသို့သောသူနှင့် အတူမစားမသောက်နှင့်။

၁၂ - အဘယ့်ကြောင့်ဆိုသော် အပြင်လူကို တရားစီရင်ခြင်းနှင့် ငါ မည်သို့ဆိုင်ပါသနည်း? သင်တို့သည် အတွင်းလူတို့ကိုသာ တရားစီရင်ကြသည်မဟုတ်ပါလား?
၁၃ - သို့သော် အပြင်လူတို့ကို ဘုရားသခင်က တရားစီရင်မည်ဖြစ်သည်။ ထို့ကြောင့် သင်တို့ကြားထဲမှ ထိုလူဆိုးကို နှင်ထုတ်ကြပါ။

၆း၁-၂၀
၁- သင်တို့ထဲမှတဦးနှင့်တဦး ဆန့်ကျင်ခြင်းပြဿနာရှိသောအခါ၊ သန့်ရှင်းသူတို့ရှေ့မဟုတ်ဘဲ၊ မဖြောင့်မတ်သောတရား သူကြီးရှေ့သို့ စီရင်ဆုံးဖြတ်မှုခံရန် သွားရဲကြပါသလော?
၂ - သန့်ရှင်းသူတို့က ကမ္ဘာကြီးကို တရားစီရင်မည်ဟု သင်တို့ မသိကြပါသလော? သင်တို့အားဖြင့် ကမ္ဘာကြီး တရားစီ ရင်ခံရမည်ဆိုလျှင်၊ သင်တို့သည် သေးငယ်သောအမှုကို စီရင်ရန် မထိုက်တန်ကြသူများဖြစ်ကြပါသလော?
၃ - ငါတို့သည် ကောင်းကင်တမန်များကိုပင် တရားစီရင်ကြရမည်ကို သင်တို့ မသိကြပါသလော? ထို့ကြောင့် ယခုဘဝ နှင့်ပတ်သက်သောအရာများကို ပို၍ပင် စီရင်နိုင်ကြပါမည်မဟုတ်လော?
၄ - ထိုသို့ ယခုဘဝနှင့်ဆိုင်သောအရာများကို တရားစီရင်နိုင်ကြပါလျှင်၊ အသင်းတော်၌ အလေးစားမခံရဆုံးသူများကို တ ရားသူကြီးအဖြစ် ခန့်ကြလော့။
၅ - သင်တို့ရှက်အောင် ငါပြောခြင်းဖြစ်သည်။
၆ - သို့သော် ညီအကိုအချင်းချင်း မယုံကြည်သူတို့ရှေ့၌ တရားစွဲဆိုရန် သွားနေကြသည်။
၇ - ထို့ကြောင့် ယခုတွင် သင်တို့ကြား၌ အလွန်မှားသောအရာရှိသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့သည် တဦးနှင့်တ ဦး တရားစွဲဆိုနေကြသည်။ သင်တို့အဘယ့်ကြောင့်အမှားကိုမခံယူကြသနည်း? ထိုသို့ပြုမည့်အစား အဘယ့်ကြောင့် အလိမ်မခံသနည်း?
၈ - ထိုသို့မဟုတ်ဘဲ၊ သင်တို့သည် မိမိတို့ညီအကိုတို့ထံ မှားနေကြပြီ၊ လိမ်နေကြပြီဖြစ်သည်။
၉ - မဖြောင့်မတ်သူများ ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရဟု သင်တို့မသိကြသလော? အလိမ်မခံကြနှင့်၊ မတရား သောမေထုန်မှီဝဲသူများ၊ ရုပ်တုကိုးကွယ်သူများ၊ သူ့မယားကိုပြစ်မှားသူများ၊ ယောက်ကျားခြင်းမေထုန်ပြုသူများ၊ မိမိတို့ ကိုယ်ကို ထိုသို့အလွဲသုံးစားပြုသူများ၊
၁၀ - သူခိုးများ၊ လောဘကြီးသူများ၊ အရက်သမားများ၊ ပုတ်ခတ်ဝေဖန်သူများ၊ လူသတ်သမားများသည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြပါ။
၁၁ - ထို့အပြင် သင်တို့သည် ထိုသို့သောသူများ ဖြစ်ခဲ့ဘူးကြပြီ၊ သို့သော် သင်တို့သည် ဆေးကြောခြင်းခံကြရပြီးဖြစ် သည်၊ သို့သော် သင်တို့သည် သန့်ရှင်းခြင်းရပြီးကြပြီ၊ သို့

သော် သင်တို့သည် သခင်ယေရှု၏နာမဖြင့်၎င်း၊ ငါတို့ဘုရား သခင်၏ဝိညာဉ်တော်ဖြင့် ၎င်း ဖြောင့်မတ်ခြင်းသို့ရောက်ကြပြီဖြစ်သည်။
၁၂ - အရာအားလုံးသည် ငါ့အတွက် တရားဝင်ဖြစ်သည်၊ သို့သော် အားလုံးသည် သင့်တော်သည်မဟုတ်ပါ၊ အရာအား လုံး ငါ့အတွက် တရားဝင်ဖြစ်ပါသည်၊ သို့သော် ငါသည် မည်သည့်အရာ၏တန်ခိုးစွမ်းအားအောက်သို့မှ အရောက်မခံပါ။
၁၃ - အသားသည် ဝမ်းအတွက်ဖြစ်သည်၊ ဝမ်းသည် အသားအတွက်ဖြစ်သည်၊ သို့ သော် ဘုရားသခင်က နှစ်ခုစလုံးကို ဖျက်ဆီးပစ်နိုင်သည်။ ယျှုတွင် ကိုယ်ခန္ဓာသည် မ တရားသောမေထုန်အတွက်မဟုတ်ပါ၊ သို့သော် သခင်ဘုရားအတွက်ဖြစ်သည်၊ ထို့အ ပြင် သခင်ဘုရားသည် ကိုယ်ခန္ဓာအတွက်ဖြစ်ပါသည်။
၁၄ - ထို့အပြင် ဘုရားသခင်က သခင်ဘုရားကို ထမြောက်စေသလို၊ ငါတို့ကိုလည်း သူ၏တန်ခိုးတော်နှင့် ထမြောက်စေ ဦးမည်ဖြစ်သည်။
၁၅ - သင်တို့၏ကိုယ်ခန္ဓာများသည် ခရစ်တော်၏အင်္ဂါအစိတ်အပိုင်းများ ဖြစ်ကြသည် ကို မသိကြသလော? ငါသည် ခရစ် တော်၏ကိုယ်အင်္ဂါများကို ယူ၍၊ ၎င်းတို့ကို ပြည့် တန်ဆာ၏အင်္ဂါများဖြစ်အောင် လုပ်သင့်ပါသလော?
၁၆ - ဘာပြောချင်သနည်း? ပြည့်တန်ဆာနှင့်ပေါင်းသင်သောသူသည် ပြည့်တန်ဆာ နှင့် တကိုယ်တည်းဖြစ်သည်ကို သင်တို့ မသိကြသလော? အဘယ့်ကြောင့်ဆိုသော် ဘု ရားသခင်က သူတို့သည် နှစ်ဦးမဟုတ်၊ တသားတကိုယ်တည်းဖြစ်သည် ဟု ပြောခဲ့ပါ သည်။
၁၇ - သို့သော် သခင်ဘုရားနှင့်ဆက်သွယ်သောသူသည် ဝိညာဉ်တခုတည်းဖြစ်ပါ သည်။
၁၈ - မတရားသောမေထုန်မှီဝဲခြင်းမှ ထွက်ပြေးပါ။ လူတို့ပြုမိသောအပြစ်များသည် ကိုယ်ခန္ဓာပြင်ပ၌ဖြစ်သည်၊ သို့သော် မတရားသောမေထုန် ကျူးလွန်သူသည် မိမိ၏ ကိုယ်ခန္ဓာကိုပင် ဆန့်ကျင်၍အပြစ်ပြုသူဖြစ်သည်။
၁၉ - ဘာပြောမည်နည်း? သင်တို့၏ကိုယ်ခန္ဓာသည် သင်တို့အထဲ၌ရှိနေသည့် သန့် ရှင်းသောဝိညာဉ်တော်၏ဗိမ္မာန်တော် ဖြစ်သည်ကို မသိကြသလော? ၎င်းကို သင်တို့ ဘုရားသခင့်ထံမှ ရရှိကြသည်၊ သင်တို့သည် မိမိတို့ကိုယ်ကို မပိုင်ကြောင်းကို မသိကြ သလော?
၂၀ - အဘယ့်ကြောင့်ဆိုသော် သင်တို့ကို တန်ဖိုးနှင့် ဝယ်ယူထားပါသည်၊ ထို့ကြောင့် ဘုရားသခင်ကို သင်တို့ကိုယ်ခန္ဓာ ဖြင့် ဘုန်းတော်ထင်ရှားစေကြပါ၊ သင်တို့ဝိညာဉ်နှင့် လည်း ထင်ရှားစေကြပါ၊ ဘုရားသခင်ပိုင်သောအရာများဖြစ်ကြသည်။

၇း၁-၄၀
၁ - ယျှုတွင် သင်တို့ ငါ့ထံ စာရေး၍မေးထားသည်များကို ဖြေပါမည်၊ လူတဦးက အ

မျိုးတမီးတဦးကို မထိလျှင် ကောင်းပါသည်။
၂ - သို့သော်၊ မတရားသောမေထုန်ကိုရှောင်ရန်၊ လူတိုင်း မိမိတို့ပိုင်မိန်းမရှိပါစေ၊ ထို့အပြင် မိန်းမတိုင်း မိမိတို့ပိုင် လင်ရှိပါစေ။
၃ - လင်ယောက်ျားက ဇနီးထံ ပေးသင့်သောကျင်နာမှုချစ်ခြင်းကို ပေးစေ၊ ထို့အတူ ဇနီးက လင်ယောက်ျားထံ ပေးစေ။
၄ - ဇနီးသည်သည် မိမိ၏ကိုယ်ခန္ဓာအပေါ် အာဏာမရှိပါ၊ သူ၏လင်ယောက်ျားကသာရှိပါသည်၊ ထို့အတူ လင်ယောက်ျားသည် မိမိကိုယ်ခန္ဓာအပေါ် အာဏာမရှိပါ၊ ဇနီးကသာ ရှိပါသည်။
၅ - သင်တို့တဦးနှင့်တဦး မိမိတို့ခံစားခွင့်များကို မပိတ်ပင်ကြနှင့်၊ နှစ်ဦးသဘောတူလျှက် ခဏသာခွင့်ပြုကြလော့၊ အစာရှောင်ချိန်၊ ဆုတောင်းချိန်တို့၌သာဖြစ်ရမည်၊ ထို့နောက် အတူပြန်နေကြလော့၊ သင်တို့၏စိတ်မထိန်းနိုင်ခြင်းကို စာတန်က သွေးမဆောင်စေနှင့်။
၆ - သို့သော် ဤအကြောင်းကို ငါသည် ခွင့်ပြုချက်ဖြင့်သာ ပြောပါသည်၊ အမိန့်အနေနှင့်မပြောပါ။
၇ - အဘယ့်ကြောင့်ဆိုသော် လူတိုင်း ငါကဲ့သို့ဖြစ်စေချင်ပါသည်။ သို့သော် လူတိုင်း မိမိတို့နှင့်ထိုက်တန်သော ဘုရားသခင်၏ လက်ဆောင်ကို ရကြပါသည်၊ တယောက်က ဤပုံစံနှင့်၊ နောက်တယောက်က ထိုပုံစံနှင့် ရကြပါသည်။
၈ - ထို့ကြောင့် အိမ်ထောင်မရှိဘူးသူနှင့် မုဆိုးမများကို ငါပြောချင်သည်မှာ၊ ငါကဲ့သို့ နေနိုင်လျှင် သူတို့အတွက်ကောင်းသည်ဟု ဖြစ်သည်။
၉ - သို့သော် အကယ်၍မချုပ်တည်းနိုင်လျှင်၊ သူတို့ အိမ်ထောင်ပြုကြစေ၊ အဘယ့်ကြောင့်ဆိုသော် ပူလောင်နေသည်ထက် အိမ်ထောင်ပြုခြင်းက ပိုကောင်းသည်။
၁၀ - ထို့အပြင် အိမ်ထောင်ပြုပြီးသူများကို ငါအမိန့်ပေးသည်မှာ၊ ငါမဟုတ်၊ သခင်ဘုရားက အမိန့်ပေးသည်မှာ၊ ဇနီးသည်သည် လင်ယောက်ျားထံမှ မထွက်သွားစေနှင့်။
၁၁ - သို့သော် အကယ်၍ထွက်သွားလျှင်၊ သူမသည် အိမ်ထောင်မပြုဘဲ နေစေ၊ (သို့) သူမ၏လင်ယောက်ျားနှင့် ပြန်၍ သင့်မြတ်စေ၊ ထို့အပြင် လင်ယောက်ျားက မိမိဇနီးကို မကွာရ။
၁၂ - သို့သော် ကျန်သောသူများကို၊ သခင်ဘုရားကမဟုတ်၊ ငါပြောချင်သည်မှာ၊ အကယ်၍ ညီအကိုတဦးထံ၌ မယုံကြည်သောဇနီးရှိလျှင်၊ သူမကလည်း သူနှင့်နေရန် ဆန္ဒရှိလျှင်၊ သူမကို မကွာနှင့်။
၁၃ - ထို့အပြင် မယုံကြည်သူယောက်ျားရှိသောအမျိုးသမီးသည်လည်း၊ ယောက်ျားက သူနှင့်နေရန် ဆန္ဒရှိလျှင်၊ သူမသည် သူ့ကိုမကွာရ။
၁၄ - အဘယ့်ကြောင့်ဆိုသော် မယုံကြည်သူလင်ယောက်ျားသည် ဇနီးအားဖြင့် သန့်ရှင်းသည်၊ ထို့အပြင် မယုံကြည်သူ ဇနီးသည် လင်ယောက်ျားအားဖြင့် သန့်ရှင်းသည်၊

ထိုသို့မဟုတ်လျှင် သင်တို့ သားသမီးများသည် မသန့်ရှင်းဘဲဖြစ်ပါမည်၊ ယခုတွင် သူတို့သည် သန့်ရှင်းကြသည်။
၁၅ - သို့သော် အကယ်၍ မယုံကြည်သူ ထွက်သွားလိုလျှင်၊ ထွက်သွားပါစေ။ ညီအကို (သို့) ညီမသည် ထိုသို့သော အမှု များတွင် တုတ်နှောင်ခံရခြင်းမရှိပါ၊ သို့သော် ဘုရားသခင်က ငါတို့ကို ငြိမ်းချမ်းဖို့ရန်ခေါ်တော်မူပါသည်။
၁၆ - အဘယ့်ကြောင့်ဆိုသော်၊ အိုဇနီးဖြစ်သူ၊ သင်၏လင်ယောကျ်ားကို သင်ကယ်တင်နိုင်မည်၊ မကယ်တင်နိုင်မည်ကို သိပါသလား? (သို့) အိုယောကျ်ားဖြစ်သူ၊ သင်သည် မိမိဇနီးကို ကယ်တင်နိုင်မည်၊ မကယ်တင်နိုင်မည်ကို သိပါသလား?
၁၇ - သို့သော် ဘုရားသခင်က လူတိုင်းထံ ပေးဝေထားသလို၊ သခင်ဘုရားက လူတိုင်းကို ခေါ်ထားသလို၊ ထိုသူသည် လျှောက်လှမ်းရပါမည်။ ထိုသို့ ငါသည် အသင်းတော်တိုင်း၌ မိန့်ကြားပါသည်။
၁၈ - တစုံတဦးသည် အရေဖျားလှီးခံပြီးမှ ခေါ်ခြင်းခံရပါသလား? ထိုသူသည် အရေဖျားလှီးခြင်းမခံသူကဲ့သို့ ဖြစ်လာစရာ မလိုအပ်ပါ။ တစုံတဦးသည် အရေဖျားလှီးခြင်းမခံဘဲ ခေါ်ခြင်းခံရပါသလား? ထိုသူသည် အရေဖျားလှီးခြင်း ခံစရာ မလိုပါ။
၁၉ - အရေဖျားလှီးခြင်းသည် ဘာမှမဟုတ်ပါ၊ ထို့အတူ မခံခြင်းလည်း ဘာမှမဟုတ်ပါ၊ သို့သော် ဘုရားသခင်၏ပညတ်တော်များကို စောင့်ထိန်းခြင်းသာ အရေးကြီးပါသည်။
၂၀ - လူတိုင်းသည် မိမိခေါ်ခြင်းခံရသောနေရာတွင် ဆက်လက်ရပ်တည်ပါစေ။
၂၁ - ကျွန်ဘဝနှင့် ခေါ်ခြင်းခံရပါသလား? ထို့အတွက် မစိုးရိမ်နှင့်၊ သို့သော် သင်လွတ်နိုင်လျှင်၊ ထိုအခွင့်ကိုသုံးလော့။
၂၂ - အဘယ့်ကြောင့်ဆိုသော် ကျွန်အဖြစ်နှင့် သခင်ဘုရား၏ခေါ်ခြင်းခံရသူသည်၊ သခင်ဘုရား၏လွတ်လပ်သူဖြစ်သည်၊ ထို့အတူ လွတ်လပ်သူအဖြစ်နှင့် ခေါ်ခြင်းခံရသူသည်၊ ခရစ်တော်၏ကျွန်ဖြစ်ပါသည်။
၂၃ - သင်တို့သည် အဖိုးနှင့်ဝယ်ခြင်းခံရသူများဖြစ်သည်၊ ထို့ကြောင့် လူတို့၏ကျွန်များမဖြစ်ကြနှင့်။
၂၄ - ညီအကိုတို့၊ လူတိုင်း၊ မိမိခေါ်ခြင်းခံရသောနေရာတွင်၊ ဘုရားသခင်နှင့်အတူ ဆက်လက်ရပ်တည်ပါ။
၂၅ - ယခုတွင် အပျိုစစ်စစ်တို့နှင့်ပတ်သက်၍ပြောပါမည်၊ ငါ့ထံတွင် သခင်ဘုရားထံမှ ပညတ်တော်မရှိပါ၊ သို့သော် ငါ၏စီရင်ချက်ကို ပြောပါမည်၊ သခင်ဘုရားထံမှ သစ္စာရှိသူဟု ဂရုဏာကိုခံရသူကဲ့သို့ ပြောပါမည်။
၂၆ - ငါပြောချင်သည်မှာ၊ ယခုအချိန်၏ဆိုးဝါးမှုကြောင့်၊ လူတိုင်း မိမိရှိရာနေရာတွင် ဆက်လက်နေခြင်းသည် အကောင်းဆုံးဖြစ်သည်။
၂၇ - သင်သည် ဇနီးရှိသူဖြစ်ပါသလား? လွတ်လပ်ဖို့အကြောင်းမရှာနှင့်။ သင်သည် ဇ

နီးမရှိသူဖြစ်ပါသလား? ဇနီးရှာမနေနှင့်။
၂၈ - သို့သော် သင် အိမ်ထောင်ပြုလျှင်၊ အပြစ်ပြုလုပ်ခြင်းမဟုတ်ပါ၊ အကယ်၍အပျို စစ်စစ်က အိမ်ထောင်ပြုလျှင်၊ သူမသည် အပြစ်လုပ်ခြင်းမဟုတ်ပါ။ သို့သော်လည်း ထို သို့သောသူတိုင်းသည် အသွေးအသား၌ပြဿနာများကို ရမည်ဖြစ်သည်၊ သို့သော် ငါ သင်တို့ကို ခွင့်ပြုပါသည်။
၂၉ - သို့သော် ညီအကိုတို့ ဤသို့ ငါပြောမည်၊ အချိန်သည် တိုတောင်းပြီ၊ ထို့ ကြောင့် ယခုမှစ၍ နောက်ပိုင်းတွင်၊ ဇနီးရှိသူများသည်ပင် မရှိသကဲ့သို့ နေကြမည်ဖြစ် သည်၊
၃၀ - ထို့အပြင် ငိုးကြွေးသူတို့သည်၊ မငိုကြွေးတော့သကဲ့သို့ဖြစ်မည်၊ ဝမ်းမြောက်သူ များလည်း၊ ဝမ်းမမြောက်တော့သလို ဖြစ်ကြမည်၊ ဝယ်ယူသူများသည်လည်း၊ ဘာကိုမှ မပိုင်ဆိုင်သကဲ့သို့ ဖြစ်ကြပါမည်၊
၃၁ - ထို့အပြင် ဤကမ္ဘာကြီးကို သုံးသူများသည်၊ အလွဲသုံးစားမပြုသကဲ့သို့ဖြစ်ပါမည်၊ အဘယ့်ကြောင့်ဆိုသော် ဤကမ္ဘာကြီး၏အဆင်းသဏ္ဌာန်သည် ပျောက်လွင့်သွားမည် ဖြစ်သည်။
၃၂ - သို့သော် ငါ သင်တို့ကို မစိုးရိမ်စေချင်ပါ။ အိမ်ထောင်မပြုသောသူသည် သခင် ဘုရားနှင့်ဆိုင်သည်များကိုသာ ဂရုစိုက်နိုင်မည်၊ သူ မည်ကဲ့သို့ သခင်ဘုရား၏စိတ်ကို ကျေနပ်စေနိုင်မည်ကိုသာ အဓိကထားအသက်ရှင်နိုင်မည်။
၃၃ - သို့သော် အိမ်ထောင်ရှိသောသူမှာ ဤကမ္ဘာကြီး၏အကြောင်းအရာများကို ဂရု စိုက်နေရပါသည်၊ သူ့ဇနီးကျေနပ်ရန် မည်သို့ပြုရမည်ကို ဂရုစိုက်နေထိုင်ရသည်။
၃၄ - အိမ်ထောင်ရှင်မနှင့် အပျိုစစ်စစ်တို့ကြားတွင်လည်း ခြားနားချက် ရှိနေပါသည်။ အိမ်ထောင်မပြုသော အမျိုးသမီးသည် သခင်ဘုရားနှင့်ဆိုင်သောအကြောင်းအရာများ ကိုသာ ဂရုစိုက်နေနိုင်ပါသည်၊ သူမသည် ခန္ဓာကိုယ်နှင့်စိတ်ဝိညာဉ် နှစ်ခုစလုံးတွင် စင်ကြယ်စွာနေနိုင်သည်၊ သို့သော် အိမ်ထောင်ရှိသူအမျိုးသမီးမှာမူ ဤလောက၏ အ ကြောင်းအရာများကို ဂရုစိုက်ရပါသည်၊ သူမသည် မည်ကဲ့သို့ မိမိယောကျ်ား စိတ်ကျေ နပ်အောင်နေရမည်ကို ဂရုစိုက်ရသည်။
၃၅ - ဤအရာများကို ငါပြောခြင်းသည် သင်တို့အကျိုးအမြတ်အတွက်ဖြစ်သည်၊ သင် တို့ကို ငါကျော့ကွင်းထောင်သည် မဟုတ်ပါ၊ လျော်ကန်သောအရာကို ပြောနေခြင်း ဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့သည် စိတ်ရှုတ်ထွေးမှုမရှိဘဲ သခင်ဘုရားအတွက် အသက် ရှင်နိုင်ကြမည်ဖြစ်သည်။
၃၆ - သို့သော် အကယ်၍ ဖခင်တဦးက သူ၏သမီးအပျိုစစ်စစ်အပေါ် လျော်ကန်စွာ ပြုမူသည်ဟု ထင်မှတ်လျှင်၊ သူမသည် သူမ၏ပန်းပွင့်ကဲ့သို့အချိန်ကျော်ပြီဟုမှတ်က၊ လက်ထပ်ချိန်ရောက်ပြီဟုယူဆလျှင်၊ သူထင်သည်ကို ပြုလုပ်နိုင်ပါသည်၊ ထိုသို့ပြု၍ အ ပြစ်လုပ်ခြင်းမဟုတ်ပါ၊ သူတို့ကို လက်ထပ်ပေးနိုင်ပါသည်။

၃၇ - သို့သော် မိမိ၏နှလုံးသား၌ အခိုင်အမာ ရပ်တည်သူ၊ မရှိမဖြစ်ဟု မလိုအပ်သူ၊ သို့သော် မိမိ၏အလိုဆန္ဒအပေါ် ထိန်းချုပ်နိုင်သူ၊ ထို့အပြင် မိမိနှလုံးသား၌ သူသည် မိမိ၏လူပျိုစစ်စစ်ဖြစ်ခြင်းကို ထိန်းသိမ်းထားမည်ဟု ဆုံးဖြတ်ချက်ချသူသည်၊ ကောင်းမွန်စွာပြုသူ ဖြစ်ပါသည်။
၃၈ - ထို့ကြောင့် မိမိ၏အပျိုစစ်စစ်ကို လက်ထပ်စေသူသည် ကောင်းစွာပြုသူဖြစ်သည်၊ သို့သော် သူမကို လက်မထပ်စေသူသည် ပို၍ကောင်းစွာပြုသူဖြစ်ပါသည်။
၃၉ - ဇနီးသည် လင်ယောကျ်ားအသက်ရှင်သ၍ ဥပဒေအရ တုတ်နှောင်လျှက်ရှိသည်၊ သို့သော် သူမ၏ယောကျ်ားသေလျှင်၊ သူမသည် သဘောကျသူကို လက်ထပ်ရန် လွတ်လပ်သူဖြစ်သည်၊ သခင်ဘုရားထံ၌သာဖြစ်သည်။
၄၀ - သို့သော် ငါ၏ထင်မြင်ချက်အရ၊ သူမသည် လက်မထပ်ဘဲ ဆက်နေလျှင် ပို၍ပျော်ရွှင်မည်ဖြစ်သည်၊ ဘုရားသခင် ၏ဝိညာဉ်တော်သည် ငါ၌ရှိ၍ ထိုသို့ထင်မြင်ခြင်းဖြစ်သည်။

၈း၁-၁၃

၁ - ယခုတွင် ရုပ်တုများရှေ့ ပူဇော်သောအရာများနှင့်ပတ်သက်၍ပြောပါမည်၊ ငါတို့တွင် အသိပညာရှိကြောင်း ငါတို့အားလုံးသိကြပါသည်။ အသိပညာသည် မောက်မာသည်၊ သို့သော် ချစ်ခြင်းက စိတ်ဓါတ်မြှင့်တင်ပေးပါသည်။
၂ - အကယ်၍ တစုံတဦးက သူ တစုံတခုကိုသိသည်ဟု ထင်လျှင်၊ သူသည် သူသိသင့်သည်အတိုင်း ဘာကိုမှ မသိသေးသူဖြစ်သည်။
၃ - သို့သော် အကယ်၍ တစုံတဦးက ဘုရားသခင်ကို ချစ်လျှင်၊ သူ့ကို ဘုရားသခင်က သိတော်မူခဲ့ပြီးသောကြောင့် ဖြစ်သည်။
၄ - ထို့ကြောင့် ရုပ်တုများရှေ့ ယဇ်အဖြစ်ပူဇော်သောအရာများကို စားခြင်းနှင့်ပတ်သက်၍၊ ရုပ်တုသည် ဤကမ္ဘာလောကထဲ၌ ဘာမှမဟုတ်ကြောင်း ငါတို့ သိကြပါသည်၊ ဘုရားသခင်တဆူတည်းသာ ရှိပါသည်။
၅ - ကောင်းကင်၌၄င်း၊ မြေကြီးပေါ်၌၄င်း ဘုရားဟုခေါ်ခြင်းခံရသူ များစွာရှိသော်လည်း၊ (ဘုရားများ များစွာ၊ သခင်များ များစွာ ရှိနေပါသည်)
၆ - သို့သော် ငါတို့အတွက်မူ အဖဟုခေါ်သော ဘုရားသခင်တဆူတည်းသာရှိပါသည်၊ အရာခပ်သိမ်းသည် သူ့အတွက်ဖြစ်သည်၊ ငါတို့သည် သူ့ထဲ၌ရှိကြသည်၊ ထို့အပြင် ယေရှုခရစ်ဆိုသည့် သခင်တပါးသာရှိပါသည်၊ သူ့အားဖြင့် အရာခပ်သိမ်းသည် ဖြစ်လာပါသည်၊ ငါတို့သည် သူ့အားဖြင့် ဖြစ်ကြပါသည်။
၇ - သို့သော် ထိုအသိပညာသည် လူတိုင်း၌ရှိသည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် အချို့တို့သည် ရုပ်တုအားသိသောဩတ္တပ္ပစိတ်ဖြင့် ယခုနာရီတိုင်အောင်၊ ရုပ်တုရှေ့ ပူဇော်သည်ကို စားနေကြခြင်းဖြစ်သည်၊ ထို့အပြင် သူတို့၏ ဩတ္တပ္ပစိတ်များသည် အား

နည်းသဖြင့် ညစ်ညူးကြပြီဖြစ်သည်။
၈ - သို့သော် အစားအသောက်က ငါတို့ကို ဘုရားသခင့်ထံ ပို့ဆောင်သည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် စားလျှင် ငါတို့ပိုကောင်းလာသည်မဟုတ်ပါ၊ မစားလျှင်လည်း ငါတို့ ပိုဆိုးသည်မဟုတ်ပါ။
၉ - သို့သော် ဤသင်တို့၏ လွတ်လပ်ခြင်းသည် အားနည်းသောသူတို့၏ ထိမိလဲစရာ မဖြစ်အောင် သတိပြုရမည်။
၁၀ - အဘယ့်ကြောင့်ဆိုသော် တစုံတဦးက အသိပညာရှိသောသင်သည် ရုပ်တုဗိမ္မာန်တော်ရှိ စားသောက်ပွဲ၌ ထိုင်နေသည်ကို မြင်လျှင်၊ ထိုဩတ္တပ္ပစိတ်အားနည်းသူသည် ရုပ်တုများရှေ့တွင်ပူဇော်သောအစာများနှင့်ပတ်သက်၍ ပို၍ရဲတင်းသွားမည် မဟုတ်ပါလော။
၁၁ - ထို့အပြင် သင်၏အသိပညာကြောင့် ခရစ်တော်က အသေခံပေးတော်မူသော ထိုအားနည်းသောညီအကို ပျက်ဆီးသင့်ပါသလော?
၁၂ - သို့သော် သင်တို့သည် မိမိညီအကိုတို့ကို ဆန့်ကျင်လျှက် အပြစ်လုပ်ကြလျှင်၊ ဩတ္တပ္ပစိတ်အားနည်းကြသူများကို ထိခိုက်စေကြလျှင်၊ သင်တို့သည် ခရစ်တော်ကို ဆန့်ကျင်၍အပြစ်လုပ်ကြခြင်းပင် မဟုတ်ပါလော?
၁၃ - ထို့ကြောင့် အစားအစာက ငါ့ညီအကိုကို ထိခိုက်စေလျှင်၊ ကမ္ဘာတည်သ၍ ငါသည် အသားကိုမစားဘဲနေပါမည်၊ သို့မဟုတ်ပါက ငါသည် ငါ့ညီအကိုကို စိတ်အနှောက်အယှက်ပေးသူ ဖြစ်နေပါမည်။

၉း၁-၂၇
၁ - ငါသည် တမန်တော်ဖြစ်သည်မဟုတ်လော? ငါသည် လွတ်လပ်သူဖြစ်သည် မဟုတ်လော? ငါသည် ငါတို့သခင် ယေရှုခရစ်ကိုတွေ့မြင်သူ မဟုတ်လော? သင်တို့သည် သခင်ဘုရား၌ ငါ့အလုပ်၏ရလဒ်များမဟုတ်လော?
၂ - အကယ်၍ ငါသည် အခြားသူများထံတွင် တမန်တော်မဟုတ်လျှင်လည်း၊ သင်တို့၏တမန်တော်ဖြစ်သည်ကိုမူ သံသယဖြစ်စရာမလိုပါ၊ အဘယ့်ကြောင့်ဆိုသော် ငါ၏တမန်တော်ဖြစ်ခြင်းတံဆိပ်သည် သခင်ဘုရားအားဖြင့် သင်တို့ပင် ဖြစ်ကြပါသည်။
၃ - ငါ့ကို စစ်ဆေးကြသူတို့ထံ ငါပေးသောအဖြေမှာ ဤသို့ဖြစ်သည်၊
၄ - ငါတို့ စားခွင့်သောက်ခွင့် ရှိသည်မဟုတ်ပါလော?
၅ - အခြားသောတမန်တော်များကဲ့သို့၊ သခင်ဘုရား၏ညီအကိုများအနေနှင့်၊ စီးဖပ်စ်ကဲ့သို့၊ မိမိ၏ညီမ၊ ဇနီးဖြစ်သူကို၊ ငါတို့လည်း ခေါ်ခွင့်ရှိကြသည်မဟုတ်ပါလော?
၆ - (သို့) ငါနှင့်ဗာနဗသာလျှင် အလုပ်မလုပ်ရသော အာဏာရှိပါသလော?
၇ - မည်သူသည် စစ်မှုကိစ္စကို မိမိ၏အသုံးစရိတ်နှင့်သွားသနည်း? မည်သူသည် စပျစ်ဥယျာဉ်ကိုစိုက်လျှက် ထွက်သောအသီးကို မစားရဘဲနေသနည်း? (သို့) မည်သူ

သည် သိုးနွားအုပ်ကို ထိန်းလျှက် ထွက်သောနို့ကို မသုံးရဘဲနေသနည်း?
၈ - ငါသည် ဤအရာအားလုံးကို လူတဦးအနေနှင့် ပြောနေခြင်းဖြစ်သည်မဟုတ်လော? (သို့) ပညတ်ဥပဒေသများကလည်း ထိုသို့ပင်ပြောသည်မဟုတ်ပါလော?
၉ - အဘယ့်ကြောင့်ဆိုသော် မောရှေ၏ ပညတ်ကျမ်းများ၌ ဤသို့ရေးထားပါသည်၊ "သင်သည် အသီးအနှံကို နင်း နယ်နေသောနွား၏ပါးစပ်ကို အစွပ်မစွပ်ရ။" ဘုရားသခင်သည် နွားကိုသာ ဂရုစိုက်ပါသလော?
၁၀ - (သို့) ဘုရားသခင်သည် ငါတို့အတွက် ပြောနေသည်မဟုတ်လော? သံသယဖြစ်စရာမရှိအောင်၊ ငါတို့အတွက် ရေးခဲ့ခြင်းဖြစ်ပါသည်၊ ထို့ကြောင့် ထွန်ယက်သူသည် မျှော်လင့်ခြင်းနှင့်ထွန်ယက်ပါသည်၊ မျှော်လင့်ခြင်း၌ တလင်းနယ်သူသည် မိမိမျှော်လင့်ခြင်းကို ငါဝင်ဆက်ဆံရသူဖြစ်သည်။
၁၁ - ငါတို့သည် သင်တို့ထံတွင် ဝိညာဉ်ရေးရာအကြောင်းတရားများကို စိုက်ပျိုးကြသည်မှန်လျှင်၊ အကယ်၍ သင်တို့ထံမှာ အသွေးအသားနှင့်ဆိုင်သည်များကိုသာ ငါတို့ရိတ်သိမ်းရလျှင်၊ ကြီးမြတ်သောအရာဖြစ်နိုင်ပါမည်လော?
၁၂ - အကယ်၍အခြားသူများက သင်တို့အပေါ် ထိုသို့ ခံစားခွင့်ကိုရကြလျှင်၊ ငါတို့သည်ပို၍မခံသင့်ပါသလော? မည်သို့ပင်ဖြစ်ပါစေ ငါတို့သည် ထိုအာဏာကို မသုံးကြပါ၊ သို့သော် ခရစ်တော်၏ဧဝံဂေလိကို ဟန့်တားသူများမဖြစ်ရန် အရာအားလုံး၌ အနစ်နာခံကြပါသည်။
၁၃ - သန့်ရှင်းသောအရာတို့၌အမှုဆောင်ကြသူများသည်၊ ဗိမ္မာန်တော်နှင့်ဆိုင်သောအရာတို့ဖြင့် အသက်ရှင်ကြကြောင်း သင်တို့မသိကြပါသလော? ပလ္လင်တော်ကို စောင့်သောသူတို့သည် ပလ္လင်တော်၏အရာများကို ပါဝင်ဆက်ဆံ ကြရသည်မဟုတ်လော?
၁၄ - ထိုသို့ပင် သခင်ဘုရားကလည်း ဧဝံဂေလိဟောကြားသူတို့သည် ဧဝံဂေလိအားဖြင့် အသက်ရှင်ကြရမည်ဟု စီမံပါသည်။
၁၅ - သို့သော် ငါသည် ထိုအရာတခုကိုမျှ အသုံးမပြုပါ၊ ထိုအရာများကို ငါထံ၌ ပြုရမည်ဟုလည်း ငါ မရေးပါ၊ အဘယ့်ကြောင့်ဆိုသော် ငါ၏ဂုဏ်ကျက်သရေကို တစုံတဦးက ပျက်ပြယ်စေသည်ထက် ငါ သေလျှင် ပို၍ကောင်းပါသည်။
၁၆ - အဘယ့်ကြောင့်ဆိုသော် ငါ ဧဝံဂေလိဟောသော်လည်း၊ ဂုဏ်ယူရန် ဘာအကြောင်းမှ မရှိပါ၊ မှန်ပါသည်၊ ငါ ဧဝံဂေလိမဟောလျှင် ငါ၌ အမင်္ဂလာရှိပါသည်။
၁၇ - အဘယ်ကြောင့်ဆိုသော် ဤအမှုကို ငါသည် လိုချင်စွာလုပ်ကိုင်လျှင်၊ ငါ၌ ဆုလာဘ်ရှိပါသည်၊ သို့သော် ငါ့အလိုဆန္ဒကို ဆန့်ကျင်လျှက်ဖြစ်လျှင်၊ ငါ့ထံ၌အပ်ထားသော ဧဝံဂေလိဟောခြင်းအလုပ်ကို ဆောင်ရွက်နေခြင်းဖြစ်ပါသည်။
၁၈ - ထိုသို့ဖြစ်လျှင် ငါ၏ဆုလာဘ်သည် အဘယ်အရာနည်း? အဖိုးအခမရဘဲ ဧဝံဂေလိဟောပြောခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ဧဝံဂေလိတရား၌ရှိသော ငါ၏အာဏာကို အလွဲသုံးစား မလုပ်ဘဲနေမည်ဖြစ်သည်။

၁၉ - အဘယ့်ကြောင့်ဆိုသော် ငါသည် လူတိုင်းထံသို့ လွပ်လပ်သူဖြစ်သော်လည်း၊ ငါသည် လူတိုင်း၏ အစေခံကျွန်ကဲ့သို့ ငါ့ကိုယ်ငါ ပြုမူသည်၊ ထိုသို့ဖြင့် ပို၍များသော သူများကို ရနိုင်ရန်ဖြစ်သည်။
၂၀ - ထို့အပြင် ဂျူးများထံသို့ ငါသည် ဂျူးတဦးကဲ့သို့ဖြစ်လာပါသည်၊ ထိုသို့ဖြင့် ဂျူးတို့ကိုရရန်ဖြစ်သည်၊ ပညတ်တော်အောက်၌ရှိနေသူများထံ၊ ပညတ်တော်များအောက်၌ နေသူကဲ့သို့ပြုမူသည်၊ ထိုသို့ဖြင့် ပညတ်တော်အောက်ရှိနေသူများကို ရနိုင်ရန်ဖြစ်သည်။
၂၁ - ပညတ်တော်များအပြင်၌နေသူများထံ၊ ပညတ်တော်မရှိသူကဲ့သို့ပြုမူသည်၊(ဘုရားသခင်ထံ ပညတ်မရှိသူအဖြစ်နှင့်မဟုတ်၊ ခရစ်တော်ထံ၌ ပညတ်အောက်နေသူကဲ့သို့)၊ ထိုသို့ဖြင့် ပညတ်တရားတော်ပြင်ပနေသူများကို ရရန်ဖြစ်သည်။
၂၂ - ခွန်အားနည်းသောသူတို့ထံ ငါသည် ခွန်အားနည်းသူကဲ့သို့ ဖြစ်လာပါသည်၊ ထိုသို့ဖြင့် ခွန်အားနည်းသောသူတို့ကို ရရန်ဖြစ်သည်၊ ငါသည် လူအားလုံးထံ အားလုံးသောအရာတို့ကို ပြုပါသည်၊ ထိုသို့ဖြင့် နည်းလမ်းမျိုးစုံဖြင့် အချို့တို့ကို ကယ်တင်နိုင်ရန် ဖြစ်ပါသည်။
၂၃ - ထိုသို့ ငါပြုခြင်းသည် ဧဝံဂေလိအတွက်ဖြစ်ပါသည်၊ ထိုသို့ဖြင့် ငါသည် သင်တို့နှင့်အတူ ပါဝင်ဆက်ဆံသူ ဖြစ်လာမည်ဖြစ်သည်။
၂၄ - အပြေးပြိုင်ပွဲတွင် အားလုံး ပြေးကြသော်လည်း တဦးတည်းသာ ဆုရသည်ကို သင်တို့ မသိကြပါသလော? ထို့ကြောင့် သင်တို့ ဆုရရန် ပြေးကြပါ။
၂၅ - တဖက်ကမ်းခတ်ကျွမ်းကျင်ရန် ကြိုးစားအားထုတ်သူသည် အရာအားလုံးတွင် ဆင်ဆင်ခြင်ခြင်ပြုမူရသည်။ သူတို့သည် ပျက်စီးနိုင်သော သရဖူကိုရရန် ထိုသို့ကြိုးစားကြခြင်းဖြစ်သည်၊ သို့သော် ငါတို့သည် မပျက်စီးနိုင်သော သရဖူအတွက် ကြိုးစားကြခြင်း ဖြစ်သည်။
၂၆ - ထို့ကြောင့် ငါသည် ပြေးပါသည်၊ မသေမချာမရေမရာမဟုတ်ပါ၊ ထိုသို့ ငါသည် တိုက်ခိုက်ပါသည်၊ လေကို ထိုးနှက်သကဲ့သို့မဟုတ်ပါ။
၂၇ - သို့သော် ငါသည် ကိုယ့်ခန္ဓာကို ဆုံးမပါသည်၊ နာခံတတ်ခြင်းသို့ ပို့ဆောင်ပါသည်၊ ထိုသို့မဟုတ်ပါက၊ သူများကို ငါ ဟောကြားစဉ်တွင်၊ ငါကိုယ်တိုင်ပင် ထုတ်လွှင့်ပစ်ခြင်း ခံရမည်စိုးရပါသည်။

၁၀း၁-၃၃
၁ - ထို့အပြင် ညီအကိုတို့၊ ငါတို့၏ဖခင်များအားလုံးသည် မိုးတိမ်အောက်မှနေ၍၊ ပင်လယ်အား ဖြတ်သန်းသွားကြသည်ကို သင်တို့ မသိဘဲနေမည် ငါ စိုးရိမ်ပါသည်၊
၂ - ထို့အပြင် သူတို့အားလုံးသည် မောရှေထံ၌ မိုးတိမ်ထဲ၌၎င်း၊ ပင်လယ်ထဲ၌၎င်း ဗတ္တိဇံခံခဲ့ကြပါသည်၊

၃ - ထို့အပြင် သူတို့အားလုံးသည် တူညီသောဝိညာဉ်အစာကို စားခဲ့ကြသည်၊

၄ - ထို့အပြင် သူတို့အားလုံး တူညီသောဝိညာဉ်ရေကို သောက်ခဲ့ကြသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့နောက်သို့လိုက်သော ထိုဝိညာဉ်ကျောက်မှရေကို သောက်ခဲ့ကြသည်၊ ထိုကျောက်သည် ခရစ်တော်ဖြစ်သည်။

၅ - သို့သော် သူတို့ထဲမှအများစုကို ဘုရားသခင်က သဘောကျတော်မမူပါ၊ထို့အတွက်ကြောင့် သူတို့ကို သဲကန္တာရထဲတွင် သေစေပါသည်။

၆ - ယခုတွင် ထိုအကြောင်းအရာများသည် ငါတို့အတွက် ဥပမာများဖြစ်ကြပါသည်၊ ထိုသူတို့က ဆိုးညစ်သောအရာများကို တပ်မက်ကြသကဲ့သို့ ငါတို့ မတပ်မက်ကြဖို့ ရည်ရွယ်၍ ရေးထားခြင်းဖြစ်သည်။

၇ - သူတို့အထဲမှ တချို့ကဲ့သို့ သင်တို့သည် ရုပ်တုကိုးကွယ်သူများ မဖြစ်ကြရန်ဖြစ်သည်၊ လူအများသည် စားသောက်ကြဖို့ ထိုင်ကြသည်၊ ထို့နောက် ကခုန်မြူးတူးကြရန် ထကြပြန်သည်ဟု ရေးထားပါသည်။

၈ - သူတို့ထဲမှ တချို့ကဲ့သို့ ငါတို့သည် မတရားသောမေထုန်ကို မကျူးလွန်ကြရန်ဖြစ်သည်၊ ထိုအမှုကြောင့် တနေ့ထဲတွင် လူနှစ်သောင်းသုံးထောင် လဲကျသေဆုံးခဲ့သည်။

၉ - ထို့အပြင် ငါတို့သည် သူတို့ထဲမှအချို့တို့ကဲ့သို့ ခရစ်တော်ကို မစမ်းကြရပါ၊ ထိုသို့ပြုခဲ့ကြ၍ သူတို့သည် မြွေများအားဖြင့် ခြေမှုန်းခြင်းခံခဲ့ကြရပါသည်။

၁၀ - ထို့အပြင် သင်တို့သည် သူတို့ထဲမှ အချို့တို့ကဲ့သို့ မညီးတွားသင့်ပါ၊ ထို့အတွက်ကြောင့် သူတို့သည် ဖျက်ဆီးသူ၏ခြေမှုန်းခြင်းကို ခံကြရပါသည်။

၁၁ - ယခုတွင် ထိုအရာအားလုံး သူတို့ထံ ဖြစ်ပျက်ခဲ့သည်မှာ ဥပမာများအတွက်ဖြစ်သည်၊ ထို့အပြင် ထိုအရာများကို ရေးသားမှတ်တမ်းတင်ရသည်မှာ၊ ကမ္ဘာ၏အဆုံးသတ်များ၌ရှိနေသော ငါတို့ကို သတိပေးဆုံးမရန်ဖြစ်သည်။

၁၂ - ထို့ကြောင့် မိမိကိုယ်ကို ရပ်နေသည်ဟု ထင်နေသူသည် သတိပြုပါစေ၊ သို့မဟုတ် လဲမည်စိုးရပါသည်။

၁၃ - လူသားထံဖြစ်လေ့ရှိသော သွေးဆောင်ခြင်းသာ သင်တို့ထံရောက်ပါသည်၊ သို့သော် ဘုရားသခင်သည် သစ္စာရှိပါသည်၊ သင်တို့ခံနိုင်စွမ်းထက် ကျော်လွန်သော သွေးဆောင်ခြင်းကို ခံစေမည်မဟုတ်ပါ၊ သို့သော် သွေးဆောင်ခြင်းနှင့်အတူ လွတ်နိုင်ရန်လမ်းကိုလည်း ပြုလုပ်ပေးပါမည်၊ ထိုသို့ဖြင့် သင်တို့သည် ၎င်းကို ခံနိုင်မည်ဖြစ်သည်။

၁၄ - ထို့ကြောင့်၊ ငါအလွန်မြတ်နိုးစွာချစ်ရသူတို့ ရုပ်တုကိုးကွယ်ခြင်းမှ ထွက်ပြေးကြပါ။

၁၅ - ငါသည် ပညာရှိများထံပြောသကဲ့သို့ ပြောနေပါသည်၊ ငါပြောသည်ကို စဉ်းစားဆင်ခြင်ကြပါ။

၁၆ - ငါတို့ချီးမွမ်းသော ကောင်းချီးမင်္ဂလာခွက်သည် ခရစ်တော်၏အသွေးတော်နှင့် ဆက်ဆံရခြင်း မဟုတ်လော? ငါတို့ ချိုးဖဲ့သောမုန့်သည် ခရစ်တော်၏ ကိုယ်ခန္ဓာနှင့်

ဆက်ဆံရခြင်း မဟုတ်လော?
၁၇ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အများဖြစ်ကြသော်လည်း မုန့်တခုတည်းနှင့် ခန္ဓာတခုတည်း ဖြစ်ကြသည်၊ ငါတို့အားလုံးသည် ထိုတခုတည်းသောမုန့်ကို ပါဝင်ဆက်ဆံကြရသူများဖြစ်ကြပါသည်။
၁၈ - အသွေးအသားဖြင့် အစ္စရေးဖြစ်သူများကိုကြည့်ပါ၊ သူတို့သည် ယဇ်ပုလ္လင်ပေါ် ပူဇော်သောယဇ်ကောင်များကို ပါဝင်ဆက်ဆံကြရသူများမဟုတ်လော?
၁၉ - ငါ ဘာပြောရဦးမည်နည်း? ရုပ်တုသည် တစုံတခုဖြစ်ပါသလော? (သို့) ရုပ်တုထံ ပူဇော်သောအရာတခုတခုသည် တစုံတခုဖြစ်ပါသလော?
၂၀ - သို့သော် ငါပြောမည်၊ တပါးအမျိုးသားတို့ ပူဇော်သောအရာတို့သည် နတ်ဆိုးတို့ထံ ပူဇော်ကြခြင်းဖြစ်သည်၊ ထို့ကြောင့် သင်တို့ နတ်ဆိုးတို့နှင့်မိတ်သဟာယဖွဲ့ခြင်းကို ငါ အလိုမရှိပါ။
၂၁ - သင်တို့သည် သခင်ဘုရား၏ခွက်နှင့် နတ်ဆိုးတို့၏ခွက် နှစ်ခုလုံးကို မသောက်နိုင်ပါ၊ သင်တို့သည် သခင်ဘုရား၏စားပွဲနှင့် နတ်ဆိုးတို့၏စားပွဲ နှစ်ခုလုံးကို ပါဝင် မဆက်ဆံနိုင်ကြပါ၊
၂၂ - ငါတို့ သခင်ဘုရား ဒေါသထွက်ရန် ပြုနေကြသလော? ငါတို့သည် သခင်ဘုရားထက်ပို၍ တန်ခိုးကြီးကြပါသလော?
၂၃ - အရာအားလုံးသည် ငါ့အတွက် ဥပဒေနှင့်ညီပါသည်၊ သို့သော် အားလုံးကိုလုပ်ဖို့ သင့်တော်သည်မဟုတ်ပါ၊ အရာအားလုံးသည် ငါ့အတွက် ဥပဒေနှင့်ညီပါသည်၊ သို့သော် အားလုံးက အကျိုးကျေးဇူးဖြစ်စေသည်မဟုတ်ပါ။
၂၄ - မည်သူမျှ မိမိအကျိုးအတွက်သာ အသက်မရှင်နှင့်၊ သို့သော် လူတိုင်း အခြားသူ၏အကျိုးအတွက် ရှင်ပါစေ။
၂၅ - ဈေး၌ ရောင်းသမျှကို စားပါ၊ ဩတ္တပ္ပစိတ်အတွက် ဘာမေးခွန်းမှ မမေးနှင့်၊
၂၆ - အဘယ့်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးသည် သခင်ဘုရား၏ပိုင်ဖြစ်သည်၊ ၄င်း၏ပြည့်ဝခြင်းအားလုံးကိုလည်း သူက ပိုင်ပါသည်။
၂၇ - မယုံကြည်သောသူတဦးက သင့်ကို ပွဲသို့ဖိတ်လျှင်၊ သင်မဖြစ်မနေသွားရလျှင်၊ သင့်ရှေ့တွင် ထားသမျှကိုစားပါ၊ ဩတ္တပ္ပစိတ်အတွက် မေးခွန်းမမေးနှင့်။
၂၈ - သို့သော် တစုံတဦးက သင့်ထံသို့ “ဤအရာကို ရုပ်တုများသို့ ပူဇော်ထားသည်” ဟုပြောလျှင်၊ ပြောပြသူကို ထောက်၍၄င်း၊ ဩတ္တပ္ပစိတ်ကိုထောက်၍၄င်း မစားနှင့်၊ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးသည် သခင်ဘုရား၏ ပိုင်ဖြစ်သည်၊ ၄င်း၏ပြည့်ဝခြင်း အားလုံးကိုလည်း သူက ပိုင်ပါသည်၊
၂၉ - ဩတ္တပ္ပစိတ်ဟု ငါဆိုသော်၊ သင့်စိတ်ကိုမဆိုလို၊ အခြားသူများ၏ ဩတ္တပ္ပစိတ်ကို ဆိုလိုပါသည်၊ အဘယ့်ကြောင့် ငါ၏လွတ်လပ်ခွင့်ကို အခြားသူ၏ဩတ္တပ္ပစိတ်ကြောင့် တရားစီရင်ရသနည်း?

၃၀ - အဘယ့်ကြောင့်ဆိုသော် ကျေးဇူးတော်အားဖြင့်သာ ငါသည် ပါဝင်ဆက်ဆံရသည်ဖြစ်လျှင်၊ အဘယ့်ကြောင့် ငါကျေးဇူးတော်ချီးမွမ်းသည့်အရာအတွက် မကောင်းပြော ခံရပါသနည်း?
၃၁ - ထို့ကြောင့် သင်တို့ စားသည်ဖြစ်စေ၊ (သို့) သောက်သည်ဖြစ်စေ၊ (သို့) မည်သည့်အရာကို လုပ်သည်ဖြစ်စေ၊ အားလုံးကို ဘုရားသခင်၏ဘုန်းတော်အတွက်သာ လုပ်ကြပါ။
၃၂ - မည်သူ့ကိုမျှ စိတ်အနှောက်အယှက်မဖြစ်စေနှင့်၊ ဂျူးများ၊ တပါးအမျိုးသားများ၊ ဘုရားသခင်၏အသင်းတော် အားလုံးကိုဖြစ်သည်၊
၃၃ - ငါသည် အရာခပ်သိမ်း၌ လူတိုင်းကို သဘောကျစေသလို၊ သင်တို့လည်း ပြုကြပါ၊ ငါ့အကျိုးအမြတ်အတွက် ငါမရှာ၊ သို့သော် အများအကျိုးအတွက်သာ ငါလုပ်သလို သင်တို့လည်း လုပ်ပါ၊ ထိုသို့ဖြင့် သူတို့သည် ကယ်တင်ခြင်း ရကောင်းရနိုင်ကြပါမည်။

၁၁း၁-၃၄
၁ - ငါသည်လဲ ခရစ်တော်၏နောက်လိုက်ဖြစ်သလို၊ သင်တို့ ငါ့နောက်လိုက် ဖြစ်ကြပါ။
၂ - ယခုတွင် ညီအကိုတို့ သင်တို့သည် ငါ့ကို အရာခပ်သိမ်း၌ သတိရကြသဖြင့်၊ သင်တို့ထံ ငါပြောပြသော ဥပဒေသများကို စောင့်ထိန်းကြသဖြင့် သင့်တို့ကို ငါချီးမွမ်းပါသည်။
၃ - သို့သော် သင်တို့ကို ငါသိစေချင်ပါသည်၊ ယောကျ်ားတိုင်း၏ခေါင်းသည်ခရစ်တော်ဖြစ်သည်၊ မိန်းမ၏ခေါင်းသည် ယောကျ်ားဖြစ်သည်၊ ထို့အပြင် ခရစ်တော်ခေါင်းသည် ဘုရားသခင်ဖြစ်ပါသည်။
၄ - ယောကျ်ားသည် ဆုတောင်းခြင်း (သို့) ပုရောဖက်ပြုခြင်းကို ပြုသောအခါ၊ သူ၏ခေါင်းကို အုပ်ထားသော် မိမိခေါင်းကို ဂုဏ်အသရေညိုးစေသည်။
၅ - သို့သော် မိန်းမတိုင်း ဆုတောင်းခြင်း (သို့) ပရောဖက်ပြုခြင်းကိုပြုသောအခါ၊ ခေါင်းကို မဖုံးလျှင်၊ သူမ၏ခေါင်းကို ဂုဏ်အသရေ ညိုးစေပါသည်၊ ထိုသို့ပြုသော် ဂတုံး တုံးသကဲ့သို့ဖြစ်သည်။
၆ - အဘယ့်ကြောင့်ဆိုသော် မိန်းမသည် ခေါင်းကိုမဖုံးလျှင်၊ ဆံပင်ညှပ်စေ၊ သို့သော် မိန်းမအတွက် ဆံပင်ညှပ်ခြင်းသည် ရှက်စရာဖြစ်လျှင်၊ သူမသည် မိမိခေါင်းကို ဖုံးပါစေ။
၇ - ယောကျ်ားသည် မိမိခေါင်းကို မဖုံးသင့်ပါ၊ အဘယ့်ကြောင့်ဆိုသော် သူသည် ဘုရားသခင်၏ ဂုဏ်ကျက်သရေနှင့် ပုံသဏ္ဍာန်ဖြစ်ပါသည်၊ သို့သော် မိန်းမသည် ယောကျ်ား၏ ဂုဏ်ကျက်သရေဖြစ်ပါသည်။
၈ - အဘယ့်ကြောင့်ဆိုသော် ယောကျ်ားသည် မိန်းမအတွက် မဟုတ်ပါ၊ သို့သော် မိန်း

မသည် ယောက်ျားအတွက်ဖြစ်ပါသည်။
၉ - ထို့အပြင် ယောက်ျားကို မိန်းမအတွက် ဖန်ဆင်းသည်မဟုတ်ပါ၊ သို့သော် မိန်းမကို ယောက်ျားအတွက် ဖန်ဆင်းထားခြင်းဖြစ်သည်။
၁၀ - ထို့အတွက်ကြောင့် မိန်းမသည် သူမ၏ခေါင်းပေါ်တွင် အာဏာထားရှိသင့်ပါသည်၊ ကောင်းကင်တမန်တို့အတွက်ကြောင့်လည်း ဖြစ်သည်။
၁၁ - မည်သို့ပင်ဖြစ်ပါစေ၊ သခင်ဘုရားထံ၌ ယောက်ျားသည် မိန်းမမပါဘဲ ဖြစ်သည်မဟုတ်၊ ထို့အတူ မိန်းမသည်လည်း ယောက်ျားမပါဘဲ ဖြစ်သည်မဟုတ်ပါ။
၁၂ - မိန်းမသည် ယောက်ျားမှဖြစ်လာသကဲ့သို့၊ ယောက်ျားသည်လည်း မိန်းမအားဖြင့်ဖြစ်လာပါသည်၊ သို့သော် အားလုံးသည် ဘုရားသခင်ကြောင့် ဖြစ်လာပါသည်။
၁၃ - သင်တို့ မိမိကိုယ်ကို စီရင်ကြပါ၊ မိန်းမသည် မိမိခေါင်းကို မဖုံးအုပ်ဘဲ ဘုရားသခင်ထံ ဆုတောင်းလျှင် တင့်တယ်ပါမည်လော?
၁၄ - သဘာဝတရားကိုယ်၌က ယောက်ျားသည် ဆံပင်ရှည်ထားလျှင် ရှက်စရာဖြစ်သည်ဟု သင်ပေးသည်မဟုတ်လော?
၁၅ - သို့သော် မိန်းမ၌ ဆံပင်ရှည်ရှိသည်ဆိုလျှင်၊ ၎င်းသည် သူမ၏ ဂုဏ်ကျက်သရေဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သူမ၏ဆံပင်ကို ဖုံးအုပ်ဖို့ရန် ပေးထားခြင်းဖြစ်သည်။
၁၆ - သို့သော် တစုံတဦးက ငြင်းခုံစရာဖြစ်သည်ဟု ထင်မြင်လျှင်၊ ငါတို့ထံတွင် ထိုသို့သော ထုံးစံမရှိပါ၊ ဘုရားသခင်၏အသင်းတော်များတွင်လည်း မရှိပါ။
၁၇ - ယခုတွင် သင်တို့ကို ငါမချီးမွမ်းဟု ကြေညာပါသည်၊ သင်တို့သည် ပိုကောင်းဖို့အတူတူစုဝေးကြသည်မဟုတ်၊ ပိုဆိုးဖို့သာ စုဝေးကြသည်။
၁၈ - အဘယ့်ကြောင့်ဆိုသော် ပထမအနေနှင့် သင်တို့ အသင်းတော်၌ စုဝေးကြသောအခါ၊ သင်တို့ကြားတွင် ကွဲပြားခြင်းများရှိနေသည်ဟု ငါကြားရပါသည်၊ တစ်စိတ်တဒေသအားဖြင့် ငါယုံပါသည်။
၁၉ - အဘယ့်ကြောင့်ဆိုသော် သင်တို့ကြားတွင် မှားယွင်းသော သွန်သင်ခြင်းများလည်း ရှိပါမည်၊ ထိုသို့ဖြင့် မည်သူတို့သည် မှန်ကန်ကြောင်း သက်သေပြပြီးဖြစ်ပါမည်။
၂၀ - သင်တို့ တနေရာသို့ စုဝေးကြသောအခါ သခင်ဘုရား၏ညစာစားပွဲကို စားကြဖို့မဟုတ်။
၂၁ - အဘယ့်ကြောင့်ဆိုသော် စားကြသောအခါ တဦးသည် အခြားတဦးထက်အရင် မိမိ၏ညစာကို စားကြသည်၊ ထို့အပြင် တဦးမှာ ဆာနေသည်၊ နောက်တဦးမှာ မူးနေပြီဖြစ်သည်။
၂၂ - အဘယ့်ကြောင့်နည်း? သင်တို့၌ စားသောက်ဖို့ရန် အိမ်မရှိကြသလော? (သို့) ဘုရားသခင်၏အသင်းတော်ကို စော်ကားခြင်းလော? မရှိဆင်းရဲသူတို့ ရှက်ဖို့ ထိုသို့ ပြုကြသလော? သင်တို့ကို ငါ ဘာပြောရမည်နည်း? ထိုအမှုအတွက် ချီးမွမ်းရမည်

လော? ငါသင်တို့ကို လုံးဝမချီးမွမ်းပါ။
၂၃ - အဘယ့်ကြောင့်ဆိုသော် သခင်ဘုရားထံမှ ငါရရှိသောအရာကို သင်တို့ထံ ပြော ပြပြီးဖြစ်သည်၊ သခင်ဘုရားသည် သစ္စာဖေါက်ခြင်းခံရသောညတွင် မုန့်ကိုယူ၍၊
၂၄ - ကျေးဇူးတော်ကိုချီးမွမ်းပြီး၊ ချိုးဖဲ့ကာ၊ ယူပါ၊ စားပါ၊ ဤအရာသည် ငါ့ကိုယ်ခန္ဓာ ဖြစ်သည်၊ သင်တို့အဖို့ ငါချိုးဖျက်သည်၊ ငါ့ကို သတိရအောက်မေ့ဖို့ ပြုကြပါဟု ပြောပါ သည်။
၂၅ - ထိုပုံစံအတိုင်း ညစာစားပြီးသော် သူသည် ခွက်ကိုယူကာ၊ ဤခွက်သည် ငါ၏အ သွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်သည်၊ သောက်ကြပါ၊ သင်တို့ ထိုသို့သောက် ကြသည့် အခါတိုင်း၊ ငါကိုအောက်မေ့သတိရလျှက် ပြုကြပါဟု ပြောပါသည်။
၂၆ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ဤမုန့်ကိုစား၍ ဤခွက်ကို သောက်သည့် အခါတိုင်း၊ သခင်ဘုရား၏သေခြင်းကို သူပြန်လာသည့်တိုင်အောင် ပြနေကြခြင်းဖြစ် သည်။
၂၇ - ထို့ကြောင့် မထိုက်တန်ဘဲ ဤမုန့်ကို စားသူတိုင်း၊ သခင်ဘုရားဤခွက်ကို သောက်သူတိုင်း၊ သခင်ဘုရား၏ကိုယ်ခန္ဓာနှင့်အသွေးတော်ကို ပြစ်မှားသူဖြစ်သည်။
၂၈ - သို့သော် တစုံတဦးသည် မိမိကိုယ်ကို စစ်ဆေးစေ၊ ထို့နောက်မှ ထိုမုန့်ကို စား စေ၊ ထိုခွက်ကို သောက်စေ။
၂၉ - အဘယ့်ကြောင့်ဆိုသော် မထိုက်တန်ဘဲ စားသူ၊ သောက်သူသည် မိမိကိုယ်ကို ဒုက္ခရောက်စေသူဖြစ်သည်၊ သခင်ဘုရား၏ကိုယ်ခန္ဓာကို ချင့်ချိန်နားလည်နိုင်စွမ်း မရှိ၍ ဖြစ်သည်။
၃၀ - ထိုအတွက်ကြောင့် သင်တို့ထဲတွင် အများအပြားသည် အားနည်းနေကြပြီ၊ ဖျား နေကြပြီဖြစ်သည်၊ အချို့မှာ အိပ်ပျော်ကြပြီဖြစ်သည်။
၃၁ - အကယ်၍ ငါတို့သည် မိမိတို့ကိုယ်ကို တရားစီရင်ကြလျှင်၊ တရားစီရင်ခံရခြင်းမှ ကင်းလွတ်ကြမည်။
၃၂ - သို့သော် ငါတို့ တရားစီရင်ခံရသော် သခင်ဘုရားက ငါတို့ကို ဆုံးမခြင်းဖြစ် သည်၊ ထိုသို့ဖြင့် ငါတို့သည် ကမ္ဘာကြီးနှင့်အတူ အပြစ်စီရင်ခြင်းကို မခံရဘဲနေပါမည်။
၃၃ - ထို့ကြောင့် ငါ့ညီအကိုတို့၊ သင်တို့ စားကြဖို့ အတူတူစုဝေးကြသောအခါ၊ တဦး နှင့်တဦးစောင့်ကြပါ။
၃၄ - အကယ်၍တစုံတဦးသည် ဆာလျှင် အိမ်၌စားပါစေ၊ ထိုသို့ဖြင့် သင်တို့သည် အ ပြစ်စီရင်ခြင်းမှလွတ်ကြပါမည်။ ထို့အပြင် ကျန်သောအရာများကို ငါလာသောအခါ စီ စဉ်တကျ ငါလုပ်ပါမည်။

၁၂း၁-၃၁
၁ - ယခုတွင် ညီအကိုတို့၊ ဝိညာဉ်ရေးရာလက်ဆောင်များနှင့်ပတ်သက်၍ သင်တို့ မသိ

နားမလည်ဘဲနေဖို့ ငါအလိုမရှိ။
၂ - သင်တို့သည် တပါးအမျိုးသားများဖြစ်ခဲ့ကြောင်း သင်တို့ သိကြပါသည်၊ ဆွံ့အသော ထိုရုပ်တုများသို့ ခေါ်ဆောင်ခြင်းကိုခံခဲ့ကြရသည်၊ သင်တို့သည် ထိုသို့ဦးဆောင်ခြင်းကို ခံခဲ့ကြရသည်။
၃ - ထို့ကြောင့် သင်တို့ကို ငါ နားလည်စေပါမည်၊ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် စကားပြောခြင်းခံရသူသည် ယေရှုကို ကျိန်ခြင်းခံရသူဟု ဘယ်တော့မှမပြောပါ၊ ထို့အပြင် သန့်ရှင်းသောဝိညာဉ်တော် အားဖြင့်မဟုတ်လျှင် မည်သူမျှ ယေရှုကို သခင်ဟု မပြောနိုင်ပါ။
၄ - လက်ဆောင်အမျိုးစုံလင်ကွဲပြားစွာရှိပါသည်၊ သို့သော် တူညီသောဝိညာဉ်တော်ထံမှသာ လာပါသည်။
၅ - အမှုတော်ဆောင်ခြင်းအမျိုးမျိုးရှိပါသည်၊ သို့သော် တူညီသောသခင်တပါးသာ ရှိပါသည်။
၆ - မျိုးစုံသောဖြစ်ပျက်စေသည့် အစွမ်းသတ္တိများရှိပါသည်၊ သို့သော် အရာခပ်သိမ်း၌ အရာအားလုံးကိုဖြစ်စေသူ ဘုရားသခင်တပါးတည်းသာရှိပါသည်။
၇ - သို့သော် ဝိညာဉ်တော်၏ပေါ်လာခြင်းသည် လူတိုင်းထံ အားလုံးအကျိုးအတွက် ပေးထားခြင်းဖြစ်ပါသည်။
၈ - အဘယ့်ကြောင့်ဆိုသော် တသီးထံ ဝိညာဉ်တော်က ဉာဏ်ပညာစကားကို ပေးသည်၊ နောက်တဦးထံ တူညီသောဝိညာဉ်တော်က အသိပညာစကားကို ပေးပါသည်။
၉ - နောက်တဦးထံ တူညီသောဝိညာဉ်တော်အားဖြင့် ယုံကြည်ခြင်းကို ပေးသည်၊ နောက်တဦးထံ ရောဂါပျောက်ကင်းစေနိုင်ခြင်းလက်ဆောင်များကို ပေးပါသည်။
၁၀ - နောက်တဦးထံ အံ့ဩဖွယ်ရာများလုပ်နိုင်စွမ်း၊ နောက်တဦးထံ ပရောဖက်ပြုခြင်း၊ နောက်တဦးထံ ဝိညာဉ်များကို နားလည်တတ်ခြင်း၊ နောက်တဦးထံ ဘာသာစကား အမျိုးမျိုးကို ပြောနိုင်ခြင်း၊ နောက်တဦးထံ ဘာသာစကားများအား အဓိပ္ပါယ်ပြန်နိုင်ခြင်းတို့ကိုပေးပါသည်။
၁၁ - သို့သော် ထိုအရာများအားလုံးကို တခုတည်းသော တူညီသော ဝိညာဉ်တော်အားဖြင့် လုပ်ပေးခြင်းဖြစ်သည်၊ လူတိုင်းထံသို့ သူ့စိတ်ကြိုက် ခွဲဝေပေးခြင်းဖြစ်သည်။
၁၂ - အဘယ့်ကြောင့်ဆိုသော် ခန္ဓာကိုယ်တခုတည်းဖြစ်သော်လည်း၊ အင်္ဂါအများအပြား ရှိသကဲ့သို့ဖြစ်သည်၊ ထိုအင်္ဂါများအားလုံးသည် ခန္ဓာတခု၌ရှိနေကြသည်၊ အများအပြားဖြစ်သောလည်း ခန္ဓာတခုတည်းဖြစ်သည်၊ ထိုသို့ပင် ခရစ်တော်၌ဖြစ်ပါသည်။
၁၃ - အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တခုတည်းဖြင့် ငါတို့အားလုံး တခုသောခန္ဓာသို့ ဗတ္တိဇံခံကြပါသည်၊ ငါတို့သည် ဂျူးဖြစ်စေ၊ တပါးအမျိုးသားဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ၊ အားလုံးကို တခုတည်းသောဝိညာဉ်အားသောက်သုံးရန် ပြုထားခြင်း ခံကြရပါသည်။

၁၄ - အဘယ့်ကြောင့်ဆိုသော် ခန္ဓာကိုယ်တခုတွင် အင်္ဂါတခုတည်းရှိသည်မဟုတ်၊ များပြားစွာရှိပါသည်။
၁၅ - အကယ်၍ ခြေထောက်က ငါသည် လက်မဟုတ်သောကြောင့်၊ ငါသည် ခန္ဓာကိုယ်နှင့်မဆိုင်ဟုပြောလျှင်၊ ထိုသို့ပြော၍ ခန္ဓာကိုယ်မဟုတ်ဘဲနေပါသလော?
၁၆ - ထို့အပြင် နားရွက်က ငါသည် မျက်စေ့မဟုတ်သောကြောင့်၊ ငါသည် ခန္ဓာကိုယ်နှင့်မဆိုင်ဟုပြောလျှင်၊ ထိုသို့ပြော၍ ခန္ဓာကိုယ်မဟုတ်ဘဲနေပါသလော?
၁၇ - အကယ်၍ တကိုယ်လုံးသည် မျက်လုံးဖြစ်လျှင် မည်သို့ ကြားမည်နည်း?အကယ်၍ တကိုယ်လုံး ကြားဖို့သာဖြစ်လျှင် မည်သို့ အနံ့ခံမည်နည်း?
၁၈ - သို့သော် ယခုတွင် ဘုရားသခင်က ထိုအင်္ဂါအားလုံးကို ခန္ဓတခု၏ အင်္ဂါများ ဖြစ်စေပါသည်၊ သူသဘောကျ၍ထိုသို့ဖြစ်စေသည်။
၁၉ - ထို့အပြင် အကယ်၍ သူတို့အားလုံး အင်္ဂါတခုတည်းသာဖြစ်လျှင်၊ ခန္ဓာကို ဘယ်မှာရှိမည်နည်း?
၂၀ - သို့သော် ယခုတွင် သူတို့သည် များစွာသောအင်္ဂါများဖြစ်ကြသည်၊ သို့သော် ခန္ဓာတခုတည်းဖြစ်သည်။
၂၁ - ထို့အပြင် မျက်လုံးက လက်ကို မင်းကိုငါမလိုဟု ပြော၍မရနိုင်ပါ၊ ထို့အပြင် ခေါင်းက ခြေထောက်ကို မင်းကို ငါမလိုဟု မပြောနိုင်ပါ။
၂၂ - ထိုမှခြားနားစွာ ခန္ဓာကိုယ်ရှိ အလွန်အားနည်းဟန်ရှိသောအင်္ဂါများသည် ပို၍ပင်မရှိမဖြစ် လိုအပ်နေကြပါသည်။
၂၃ - ထို့အပြင် ပို၍ဂုဏ်အသရေနည်းသည်ဟု ငါတို့က ထင်နေကြသော ခန္ဓာ၏ ထိုအင်္ဂါများအပေါ် ငါတို့သည် ပို၍များပြားသော ဂုဏ်ပြုခြင်းကို ပေးနေကြရပါသည်၊ ထို့အပြင် ငါတို့၏ မလှပဟုထင်နေသောအင်္ဂါများသည် ပို၍များပြားသော လှပတင့်တယ်ခြင်းတို့ကို ပိုင်ဆိုင်ကြပါသည်။
၂၄ - အဘယ့်ကြောင့်ဆိုသော် ငါတို့၏ လှပသောအင်္ဂါများက အခြားသောအင်္ဂါများကို အလိုမရှိတတ်၊ သို့သော် ဘုရားသခင်သည် ကိုယ်ခန္ဓာကို အတူတကွ ဖွဲ့စည်းပေးထားသည်၊ လှပခြင်းမရှိသောအင်္ဂါများကို ပို၍များပြားသော ဂုဏ်ကျက်သရေကို ပေးထားပါသည်။
၂၅ - ထိုသို့ဖြင့် ခန္ဓာကိုယ်ထဲတွင် ခွဲခြားခြင်းမရှိရဘဲ၊ အင်္ဂါများ တခုနှင့်တခု တူညီသော ဂရုစိုက်မှု ရှိကြရအောင်ဖြစ်သည်။
၂၆ - ထို့အပြင် အင်္ဂါတခု ခံစားရသော်၊ အခြားအင်္ဂါများအားလုံး ၎င်းနှင့်အတူ ခံစားကြရပါသည်၊ (သို့) အင်္ဂါတခု ချီးမြှောက်ခံရသော် အခြားအင်္ဂါများအားလုံး ၎င်းနှင့်အတူ ဝမ်းမြောက်ကြရပါသည်။
၂၇ - ယခုတွင် သင်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်ကြသည်၊ တဦးချင်းသည် သူ၏အင်္ဂါများဖြစ်ကြသည်။

၂၈ - ဘုရားသခင်သည် အသင်းတော်တွင် ဤသူတို့ကို ခန့်အပ်ထားပါသည်၊ ပထမ တမန်တော်များ၊ ဒုတိယ ပရောဖက်များ၊ တတိယ ဆရာများ၊ ၎င်းတို့နောက်တွင် အံ့ သြစရာပြုလုပ်သူများ၊ ထို့နောက် ရောဂါများပျောက်စေနိုင်ခြင်း လက်ဆောင်၊ ကူညီ နိုင်ခြင်းလက်ဆောင်၊ အုပ်ချုပ်နိုင်ခြင်းလက်ဆောင်၊ ဘာသာစကားအမျိုးမျိုးကို ပြော နိုင်ခြင်း လက်ဆောင် ဖြစ်ကြပါသည်။
၂၉ - အားလုံး တမန်တော်များဖြစ်ကြပါသလော? အားလုံး ပရောဖက်များလော? အားလုံး ဆရာများဖြစ်ကြသလော? အားလုံး အံ့သြစရာလုပ်နိုင်သူများလော?
၃၀ - အားလုံး ရောဂါများပျောက်ကင်းစေနိုင်ခြင်းလက်ဆောင်များကို ရကြပါသ လော? အားလုံး အခြားသောဘာသာစကားများကို ပြောကြပါသလော? အားလုံးက ဘာသာပြန်နိုင်ကြပါသလော?
၃၁ - သို့သော် အကောင်းဆုံးလက်ဆောင်များကို စိတ်အားထက်သန်စွာ လိုချင်ကြပါ၊ ထိုသို့ဖြစ်သော်လည်း ငါသည် သင်တို့ထံ ပို၍ကောင်းမြတ်သောလမ်းကို ပြပါဦးမည်။

၁၃း၁-၁၃
၁ - ငါသည် လူတို့၏ဘာစကားများကို၎င်း၊ ကောင်းကင်တမန်တို့၏စကားကို၎င်းပြော နိုင်လျှင်လည်း၊ ချစ်ခြင်းမရှိလျှင်၊ ငါသည် အသံမြည်နေသော နှဲသာဖြစ်နေပါမည်၊ (သို့) တချွင်ချွင်မြည်နေသော လင်းကွင်းသာဖြစ်နေပါမည်။
၂- ထို့အပြင် ငါ၌ ပရောဖက်ပြုနိုင်သောလက်ဆောင်ရှိလျှင်လည်း၊ နက်နဲမှုအားလုံးကို နားလည်နိုင်လျှင်လည်း၊ အားလုံးသောအသိပညာရှိလျှင်လည်း၊
အားလုံးသောယုံကြည်ခြင်းကို ပိုင်သဖြင့် တောင်များကို ရွှေ့စေနိုင်ခဲ့လျှင်လည်း၊ ချစ် ခြင်းမရှိလျှင် ငါသည် အလကားလူဖြစ်ပါသည်။
၃ - ထို့အပြင် ငါသည် ရှိသမျှ ပစ္စည်းဥစ္စာများကို ဆင်းရဲသူတို့အား ပေးလျှင်လည်း၊ ငါ၏ကိုယ်ခန္ဓာကို မီးရှို့ဖို့ ပေးလျှင်လည်း၊ ချစ်ခြင်းမရှိလျှင်၊ ငါ့ထံ၌ ဘာအကျိုးမှ မရှိပါ။
၄ - ချစ်ခြင်းသည် စိတ်ရှည်ပါသည်၊ ကျင်နာပါသည်၊ မနာလိုမဖြစ်ပါ၊ ချစ်ခြင်းသည် မကြွားဝါ၊ မာနမကြီးပါ၊
၅ - မသင့်တော်သောအရာကို မလုပ်ပါ၊ မိမိအကျိုးအတွက်သာမကြည့်ပါ၊ အလွယ် တကူ စိတ်မဆိုးပါ၊ ဆိုးညစ်ခြင်းကို မတွေးပါ၊
၆ - အပြစ်ဒုစရိုက်တွင် မပျော်ရွှင်၊ သို့သော် အမှန်တရားတွင်သာ ပျော်ရွှင်ပါသည်။
၇ - အားလုံးကို ကာကွယ်ပေးသည်၊ အားလုံးကို ယုံကြည်ပါသည်၊ အားလုံးကို မျှော် လင့်ပါသည်၊ အားလုံးကို သည်းခံပါသည်။
၈ - ချစ်ခြင်းသည် ဘယ်တော့မှ ပျောက်မသွားပါ၊ သို့သော် ပရောဖက်ပြုခြင်းတို့သည် ပျောက်သွားမည်ဖြစ်သည်၊ ဘာသာစကားများပြောတတ်ခြင်းသည်လည်း ပျောက်သွား

ပါမည်၊ အသိပညာသည်လည်း ပျောက်လွင့်သွားပါမည်။
၉ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် တစိတ်တပိုင်းကိုသာ သိကြသည်၊ တစိတ်တပိုင်းကိုသာ ပရောဖက်ပြုကြသည်။
၁၀ - သို့သော် ပြည့်စုံခြင်းရောက်လာသောအခါ၊ ထိုတစိတ်တပိုင်းသည် ပျောက်ကွယ်သွားပါမည်။
၁၁ - ငါသည် ငယ်စဉ်အခါ၊ သူငယ်ကဲ့သို့ ပြောဆိုပါသည်၊ သူငယ်ကဲ့သို့သာ နားလည်ပါသည်၊ သူငယ်ကဲ့သို့သာ ငါ တွေးပါသည်၊ သို့သော် ငါ လူကြီးဖြစ်လာသောအခါ၊ ကလေးဆန်ခြင်းတို့ကို လွှင့်ပစ်လိုက်ပါသည်။
၁၂ - အဘယ့်ကြောင့်ဆိုသော် ယခုချိန်တွင် ငါတို့သည် မှန်မှတဆင့် ကြည့်မြင်ကြသည်၊ မသဲမကွဲဖြစ်သည်၊ သို့သော် တချိန်တွင် မျက်နှာချင်းဆိုင် တွေ့ကြမည်ဖြစ်သည်၊ ယခုတွင် ငါသည် တစိတ်တပိုင်းကိုသာ သိပါသည်၊ သို့သော် ထိုအချိန်ရောက်လျှင် ငါ့ကိုသိသလို ငါကလည်း သိမည်ဖြစ်သည်။
၁၃ - ယခုတွင် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ထိုသုံးမျိုးတို့ တည်မြဲပါမည်၊ သို့သော် ထိုသုံးမျိုးထဲတွင် အကြီးမြတ်ဆုံးသည် ချစ်ခြင်းဖြစ်သည်။

၁၄း၁-၄၀
၁ - ချစ်ခြင်းနောက်သို့လိုက်ပါ၊ ထို့အပြင် ဝိညာဉ်လက်ဆောင်များကို လိုချင်ဆန္ဒရှိပါ၊ သို့သော် သင်တို့သည် ပို၍ပ ရောဖက်ပြုကြပါ။
၂ - အဘယ့်ကြောင့်ဆိုသော် နားမလည်သောဘာသာစကားကိုပြောသူသည် လူတို့ထံ ပြောသည်မဟုတ်၊ ဘုရားထံ သို့သာပြောခြင်းဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် မည်သူကမျှ သူ့ကိုနားမလည်ပါ၊ သို့သော် သူသည် ဝိညာဉ်၌ နက်နဲခြင်းများကို ပြောသူဖြစ်သည်။
၃ - သို့သော် ပရောဖက်ပြုသူသည် လူတို့ထံ ပြောခြင်းဖြစ်သည်၊ အကျိုးရလဒ်ရှိရန်၊ အားပေးဖို့ရန်၊ နှစ်သိမ့်စေရန် ပြောခြင်းဖြစ်ပါသည်။
၄ - နားမလည်သောဘာသာစကားကိုပြောသူသည် မိမိကိုယ်ကိုသာ အကျိုးရှိစေသည်၊ သို့သော် ပရောဖက်ပြုသူသည် အသင်းတော်ကို အကျိုးရှိစေပါသည်။
၅ - ငါသည် သင်တို့ကို အခြားသောဘာသာစကားများထက် ပရောဖက်ပြုခြင်းကိုသာ ပြုစေချင်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ပရောဖက်ပြုသူသည် အခြားသော ဘာသာစကားများကိုပြောနိုင်သူထက် ပို၍ကြီးမြတ်ပါသည်၊ အခြားသောဘာသာစကားပြောသူကို ဘာသာပြန်ခြင်းရှိမှသာ အသင်းတော်သည် အကျိုးရနိုင်ပါသည်။
၆ - ယခုတွင် ညီအကိုတို့၊ ငါသည် သင်တို့ထံသို့ အခြားသောဘာသာစကားများကိုပြောလျှက် လာခဲ့လျှင်၊ သင်တို့၌ ဘာအကျိုးရှိမည်နည်း? ငါသည် သင်တို့ထံ ဖွင့်ပြချက်အားဖြင့်၄င်း၊ (သို့) အသိပညာအားဖြင့်၄င်း၊ (သို့) ပရောဖက် ပြုခြင်းအားဖြင့်၄င်း၊

(သို့) ဩဝါဒအားဖြင့်၄င်း ပြောမှ အကျိုးရှိမည်မဟုတ်လော?
၇ - အသက်မရှိသောအရာများဖြစ်ကြသည့် ပုလွေ (သို့) စောင်းတို့က အသံပေးကြသည့်အခါ၊ ခြားနားသောအသံတို့ ကိုမပေးလျှင်၊ အဘယ်အရာသည် ပုလွေ၊ အဘယ်အရာသည် စောင်းဟု သိနိုင်ပါမည်နည်း?
၈ - အဘယ့်ကြောင့်ဆိုသော ခရာက မသေခြာသောအသံကိုပေးလျှင်၊ မည်သူသည် တိုက်ပွဲအတွက် မိမိကိုယ်ကို အသင့်ပြင်နိုင်မည်နည်း?
၉ - ထို့အတူ၊ သင်တို့သည် နားလည်လွယ်သောစကားလုံးများနှင့်အပြောလျှင်၊ ဘာကိုပြောသည်ကို မည်သို့သိနိုင် မည်နည်း? ထိုအခါ သင်တို့သည် လေထဲသို့ပြောနေခြင်းသာဖြစ်ပါမည်။
၁၀ - ကမ္ဘာပေါ်တွင် အသံမျိုးစုံရှိပါသည်၊ ထို့အပြင် မည်သည်ကမျှ အဓိပ္ပါယ်မဲ့မဟုတ်ပါ။
၁၁ - ထို့ကြောင့် အသံတခု၌ ဘာအဓိပ္ပါယ်ရှိသည်ကို ငါမသိခဲ့လျှင်၊ ငါသည် ထိုသူအတွက် လူရိုင်းသာဖြစ်နေပါမည်၊ ထို့အတူ ထိုအသံကို ငါထံပြောသူသည်လည်း ငါ့အတွက် လူရိုင်းသာဖြစ်နေပါမည်။
၁၂ - ထိုသို့ပင် သင်တို့သည်လည်း ဝိညာဉ်လက်ဆောင်များအတွက် အင်မတန် စိတ်ထက်သန်ကြရာ၊ သင်တို့သည် အသင်းတော်ကိုအကျိုးပြုခြင်း၌ အကောင်းမြတ်ဆုံးဖြစ်ရန် ပြုကြပါ။
၁၃ - ထို့ကြောင့် နားမလည်နိုင်သောစကားကိုပြောသူသည် ဘာသာပြန်ရှိမှ ပြောပါစေ။
၁၄ - အဘယ့်ကြောင့်ဆိုသော ငါသည် နားမလည်နိုင်သောစကားနှင့်ဆုတောင်းလျှင်၊ ငါ့ဝိညာဉ်သာ ဆုတောင်းပါသည်၊ သို့သော် ငါ၏နားလည်ခြင်းသည် အကျိုးမရပါ။
၁၅ - ထိုသို့ဆိုလျှင် မည်သို့ပြုရမည်နည်း? ဝိညာဉ်၌သာ ငါ ဆုတောင်းရမည်လော? ငါသည်နားလည်ခြင်းနှင့်လည်း ဆုတောင်းရမည်မဟုတ်လော? ငါသည် ဝိညာဉ်နှင့် သီချင်းဆိုရမည်၊ ထို့အပြင် နားလည်ခြင်းနှင့်လည်း သီဆိုရပါမည်။
၁၆ - ထိုသို့မဟုတ်လျှင် သင် ဝိညာဉ်နှင့်ကောင်းချီးပေးသောအခါ၊ အခန်းထဲရှိ မသိနားမလည်သူသည် သင်၏ကျေးဇူးတော်ချီးမွမ်းခြင်းကို မည်သို့လျှင် အာမင် ဟုပြောနိုင်မည်နည်း? သင်ဘာပြောသနည်းဆိုသည်ကို နားမလည်သော ကြောင့်ဖြစ်သည်။
၁၇ - ထို့ကြောင့် သင်သည် ကောင်းစွာ ကျေးဇူးတော်ချီးမွမ်းနေသော်လည်း အခြားသူများမှ ဘာအကျိုးကိုမှ မရကြပါ။
၁၈ - ငါသည် သင်တို့အားလုံးထက် အခြားသောဘာသာစကားများကို ပြောနိုင်သောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။
၁၉ - သို့သော် အသင်းတော်တွင် ငါသည် နားမလည်နိုင်သောဘာသာစကား အလုံးတသောင်းပြောသည်ထက်၊ နားလည်နိုင်သောစကား ငါးလုံးကိုသာ ပြောပါမည်၊ ထိုသို့

ဖြင့် ငါ့အသံနှင့် အခြားသူများကို သင်နိုင်ပါမည်။
၂၀ - ညီအကိုတို့ သင်တို့သည် နားလည်ခြင်း၌ ကလေးမဖြစ်ကြနှင့်၊ ဆိုးညစ်ခြင်း၌သာ ကလေးဖြစ်ကြလော့၊ သို့သော် နားလည်ခြင်း၌မူ လူကြီးများဖြစ်ကြလော့။
၂၁ - ပညတ်တော်တွင် ဤသို့ရေးထားသည်၊ "အခြားလူများ၏ဘာသာစကားများနှင့်၄င်း၊ အခြားနှုတ်ခမ်းတို့နှင့်၄င်း ငါသည် ငါ့လူတို့ကို စကားပြောမည်၊ သို့သော်လည်း အားလုံးက ငါ့ကို နားထောင်ကြမည်မဟုတ်ဟု ဘုရားသခင်က ပြောသည်။"
၂၂ - ထို့ကြောင့် အခြားသောဘာသာစကားတို့သည် ယုံကြည်သူတို့အတွက် နိမိတ်လက္ခဏာမဟုတ်၊ မယုံကြည်သူတို့အတွက်သာဖြစ်ပါသည်၊ သို့သော် ပရောဖက်ပြုခြင်းကမူ မယုံကြည်သူတို့အတွက်သာ အကျိုးရှိသည်မဟုတ်၊ ယုံကြည်သူတို့အတွက်လည်း အကျိုးရှိပါသည်။
၂၃ - ထို့ကြောင့် အသင်းတော်တခုလုံး တနေရာသို့စုဝေးသည့်အခါ၊ အားလုံး အခြားသောဘာသာစကားများနှင့် ပြောဆိုကြလျှင်၊ နားမလည်သူတချို့လာလျှင်၊ (သို့) မယုံကြည်သူတို့လာလျှင် သူတို့က သင်တို့သည် ရူးနေကြသည်ဟု ပြောကြမည်မဟုတ်လော?
၂၄ - သို့သော် အားလုံးက ပရောဖက်ပြုကြပါက၊ မယုံကြည်သူလာလျှင်၊ (သို့) မသိနားမလည်သူလာလျှင် သူသည် အားလုံးကို သဘောပေါက်ပါမည်၊ အားလုံးကို ဆုံးဖြတ်နိုင်ပါမည်၊
၂၅ - ထိုသို့ဖြင့် သူ့နှလုံးသား၏လျှို့ဝှက်ချက်များအားလုံး ပေါ်လာသဖြင့် သူသည် ပြပ်ဝပ်လျှက်၊ ဘုရားသခင်ကို ဝတ်ပြုမည်ဖြစ်သည်၊ ထို့အပြင် သင်တို့ထဲ၌ ဘုရားသခင် အမှန်ပင်ရှိတော်မူသည်ဟု သက်သေခံမည်ဖြစ်သည်။
၂၆ - ထိုသို့လျှင် ညီအကိုတို့၊ သင်တို့သည် အတူစုဝေးကြသောအခါ၊ သင်တို့တဦးစီ၌ ဆာလံရှိသည်မဟုတ်လော၊ ဩဝါဒရှိသည်မဟုတ်လော၊ ဘာသာစကားရှိသည်မဟုတ်လော၊ ဗျာဒိတ်ဖွင့်ပြချက် ရှိသည်မဟုတ်လော၊ ဘာသာပြန် ရှိသည်မဟုတ်လော။ အားလုံးကို အသင်းတော်၏အကျိုးအမြတ်အတွက်သာ ပြုကြပါ။
၂၇ - တစုံတဦးက မသိသောစကားနှင့်ပြောလျှင်၊ နှစ်ဦးသာပြောပါစေ၊ (သို့) အလွန်ဆုံး သုံးဦးသာပြောပါစေ၊ တယောက်အလှည့်ပြောပါစေ၊ တဦးက ဘာသာပြန်ပါစေ။
၂၈ - ဘာသာပြန်မရှိလျှင်၊ အသင်းတော်၌ ထိုသူသည် ငြိမ်ငြိမ်နေပါစေ၊ သူ့ဘာသာသူသာ ပြောစေ၊ ဘုရားသခင်သို့သာ ပြောပါစေ။
၂၉ - ပရောဖက်များသည် နှစ်ဦး (သို့) သုံးဦးပြောစေ၊ အခြားသူများက စီရင်ဆုံးဖြတ်စေ။
၃၀ - အကယ်၍ တစုံတရာကို အခြားထိုင်နေသူထံ ဖွင့်ပြလာလျှင်၊ ထိုသူသည် ပထမ တိတ်တိတ်နေပါစေ။
၃၁ - အဘယ့်ကြောင့်ဆိုသော် သင့်တို့အားလုံး တလှည့်စီသာ ပရောဖက်ပြုကြပါ၊ ထို

သို့ဖြင့် အားလုံးက သင်ယူနိုင်မည်၊ အားလုံး နှိစ်သိမ့်ကြပါမည်။
၃၂ - ထို့အပြင် ပရောဖက်တို့၏ဝိညာဉ်များသည် ပရောဖက်တို့၏အုပ်ချုပ်မှုအောက်တွင် ရှိပါသည်။
၃၃ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ရှုပ်ထွေးခြင်းကို ပြုလုပ်သူမဟုတ်ပါ၊ ငြိမ်းချမ်းခြင်းကိုပြုလုပ်သူ ဖြစ်သည်၊ အသင်းတော်အားလုံးရှိသန့်ရှင်းသူအားလုံးတို့ထံ ထိုသို့သာဖြစ်သည်။
၃၄ - သင်တို့၏အမျိုးသမီးများသည် အသင်းတော်များတွင် တိတ်တိတ်နေကြပါစေ၊ အဘယ့်ကြောင့်ဆိုသော် သူတို့ကို စကားပြောခွင့် ပေးမထားပါ၊ သို့သော် သူတို့သည် အုပ်ချုပ်မှုအောက်တွင်သာ ရှိစေပါသည်၊ ထိုကဲ့သို့ပင် ပညတ်တော်တွင်လည်း ပြောထားပါသည်။
၃၅ - အကယ်၍ အမျိုးသမီးတို့က သင်ယူချင်လျှင်၊ အိမ်၌ မိမိတို့ယောကျ်ားများထံ မေးကြပါစေ၊ အဘယ့်ကြောင့်ဆိုသော် အသင်းတော်ထဲတွင် အမျိုးသမီးတို့ စကားပြောခြင်းသည် ရှက်စရာဖြစ်ပါသည်။
၃၆ - ဘာပြောချင်သနည်း? ဘုရားသခင်၏နှုတ်ကပတ်တော်သည် သင့်အထဲမှ ထွက်လာနိုင်သလော? (သို့) သင့်ထံသို့ ရောက်လာခြင်းသာ ဖြစ်သလော?
၃၇ - အကယ်၍ တစုံတဦးက မိမိကိုယ်ကို ပရောဖက်ဖြစ်သည်၊ (သို့) ဝိညာဉ်ရေးရာလူဖြစ်သည်ဟုထင်လျှင်၊ သင်တို့ထံသို့ ငါရေးသောအရာများသည် သခင်ဘုရား၏အမိန့်တော်များဖြစ်သည်ဟု ထိုသူ သိမှတ်ပါစေ။
၃၈ - သို့သော် အချို့က မသိမှတ်ချင်လျှင် ထိုသူသည် ထိုသို့ပင် နေပါစေ။
၃၉ - ထို့ကြောင့် ညီအကိုတို့၊ ပရောဖက်ပြုခြင်းကို အလွန်လိုချင်ပါ၊ ထို့အပြင် အခြားသောဘာသာစကားများ ပြောခြင်းကိုလည်း မတားကြနှင့်။
၄၀ - အရာခပ်သိမ်းကို စနစ်တကျ၊ သင့်တင့်လျှောက်ပတ်စွာ လုပ်ကိုင်ကြပါ။

၁၅း၁-၅၈
၁ - ထို့အပြင် ညီအကိုတို့၊ သင်တို့ထံ ငါဟောပြောသောဧဝံဂေလိတရားကို အလေးအနက်ပြောချင်ပါသည်၊ ၎င်းကို သင်တို့ကလည်း လက်ခံ၍၊ ထိုနေရာ၌ သင်တို့သည် ရပ်တည်နေကြသည်၊
၂ - ထိုတရားအားဖြင့် သင်တို့သည် ကယ်တင်ခြင်းကိုခံရကြသည်၊ အကယ်၍ သင်တို့သည် ငါဟောပြောသောအရာများကို သတိရကြလျှက် စောင့်ထိန်းကြလျှင်ဖြစ်သည်၊ ထိုသို့မဟုတ်ပါက သင်တို့သည် အချည်းနှီးမဲ့ယုံကြည်ကြပြီဖြစ်သည်။
၃ - အဘယ့်ကြောင့်ဆိုသော် ငါသည် ပထမခံယူရရှိသောအကြောင်းအရာများကိုသာ သင်တို့ထံ ဟောပြောခြင်းဖြစ်သည်၊ ခရစ်တော်သည် ကျမ်းစာအတိုင်း ငါတို့အပြစ်များအတွက် မည်ကဲ့သို့ အသေခံသည်ဆိုသည့်အကြောင်းဖြစ်သည်၊

၄ - ထို့နောက် သူသည် မြှုပ်နှံခြင်းကိုခံတော်မူသည်၊ ထို့နောက် ကျမ်းစာအတိုင်း သုံးရက်မြောက်နေ့တွင် ပြန်ထမြောက်သည်၊
၅ - ထို့နောက် သူ့ကို ဆီးဖပ်(စ်)ကမြင်သည်၊ ထို့နောက် ဆယ့်နှစ်ယောက်ကမြင်သည်၊
၆ - ထို့နောက် သူ့ကို ညီအကိုငါးရာမကက တချိန်တည်းတွင်မြင်ကြသည်၊ ထိုသူတို့ထဲမှ အများစုသည် ယနေ့တိုင်အောင် ရှိနေကြသေးသည်၊ သို့သော် အချို့တို့မှာ အိပ်ပျော်ကြပြီဖြစ်သည်။
၇ - ထို့နောက် သူ့ကို ဂျိမ်း(စ်)ကမြင်သည်၊ ထို့နောက် တမန်တော်များအားလုံးက မြင်ကြသည်။
၈ - ထို့အပြင် နောက်ဆုံးတွင် သူ့ကို အချိန်နှောင်းမှဖွားမြင်သူကဲ့သို့ဖြစ်သော ငါကလည်း မြင်ပါသည်။
၉ - အဘယ့်ကြောင့်ဆိုသော် ငါသည် တမန်တော်များထဲတွင် ဘာမှမဟုတ်ဆုံး တမန်တော်ဖြစ်ပါသည်၊ ဘုရားသခင်၏အသင်းတော်ကို နှိပ်စက်သောကြောင့်ဖြစ်သည်။
၁၀ - သို့သော် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ငါသည် ငါဖြစ်ပါသည်၊ ထို့အပြင် ငါ့အပေါ် ပေးသနားတော်မူသော သူ၏ကျေးဇူးတော်သည် အချည်းနှီးမဖြစ်ပါ၊ သို့သော် ငါသည် သူတို့အားလုံးထက် ပို၍များပြားစွာ လုပ်ကိုင်ပါသည်၊ သို့သော် ငါမဟုတ်ပါ၊ ငါနှင့်အတူရှိနေသော ဘုရားသခင်၏ကျေးဇူးတော်သာဖြစ်သည်။
၁၁ - ထို့ကြောင့် ငါဖြစ်စေ (သို့) သူတို့ဖြစ်စေ၊ ဟောပြောကြသည်၊ ထိုသို့ဖြင့် သင်တို့ ယုံကြည်ကြသည်။
၁၂ - ယခုတွင် ခရစ်တော်သည် သေခြင်းမှထမြောက်သည်ဟု ဟောပြောကြလျှက်၊ သင်တို့ထဲမှ အချို့တို့က လူသေတို့ ရှင်ပြန်ထမြောက်ခြင်းမရှိဟု အဘယ်သို့ ပြောနိုင်ကြရသနည်း?
၁၃ - အကယ်၍ လူသေတို့ ရှင်ပြန်ထမြောက်ခြင်းမရှိလျှင်၊ ခရစ်တော်သည်လည်း ထမြောက်မည်မဟုတ်ပါ၊
၁၄ - ထို့အပြင် ခရစ်တော် မထမြောက်လျှင်၊ ငါတို့၏ဟောပြောခြင်းသည် အချည်းနှီးသာဖြစ်သည်၊ သင်တို့၏ယုံခြင်းသည်လည်း အချည်းနှီးသာဖြစ်သည်။
၁၅ - မှန်သည်၊ ထို့အပြင် ငါတို့သည် ဘုရားသခင်၏ မမှန်သောသက်သေများဖြစ်ကြပါမည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က ခရစ်တော်ကို ထမြောက်စေသည်ဟု ငါတို့ သက်သေခံကြသောကြောင့်ဖြစ်သည်၊ အကယ်၍ လူသေတို့ ထမြောက်ခြင်း မရှိလျှင် ဘုရားသခင်က သူ့ကိုလည်း ထမြောက်စေမည်မဟုတ်ပါ။
၁၆ - အဘယ့်ကြောင့်ဆိုသော် လူသေတို့ မထမြောက်လျှင်၊ ခရစ်တော်လည်း ထမြောက်မည် မဟုတ်ပါ၊
၁၇ - ခရစ်တော် မထမြောက်လျှင်၊ သင်တို့၏ယုံခြင်းသည် အချည်းနှီးဖြစ်သည်၊သင်တို့သည် သင်တို့၏ အပြစ်များထဲတွင် ရှိနေကြဆဲဖြစ်သည်။

၁၈ - ထို့အပြင် ခရစ်တော်၌ အိပ်ပျော်ကြပြီးသူများလည်း ဆုံးရှုံးကြပြီဖြစ်သည်။
၁၉ - အကယ်၍ ငါတို့သည် ခရစ်တော်၌ ယခုဘဝအတွက်သာ မျှော်လင့်ခြင်းရှိကြလျှင်၊ ငါတို့သည် လူအားလုံးထဲ၌ စိတ်ပျက်စရာအကောင်းဆုံး လူသားများ ဖြစ်ကြပါမည်။
၂၀ - သို့သော် ယခုတွင် ခရစ်တော်သည် သေခြင်းမှထမြောက်သည်၊ ထို့အပြင် အိပ်ပျော်သောသူအပေါင်းတို့တွင် ပထမဆုံးအသီးဖြစ်လာသည်။
၂၁ - အဘယ့်ကြောင့်ဆိုသော် လူအားဖြင့် သေခြင်းသည် ရောက်လာခဲ့သည့်အတွက်၊ သေခြင်းမှထမြောက်ခြင်း သည်လည်း လူအားဖြင့်သာရောက်လာခဲ့ပါသည်။
၂၂ - အာဒံထဲ၌ အားလုံး သေကြသကဲ့သို့၊ ထိုသို့ပင် ခရစ်တော်၌ အားလုံးသည် ရှင်ခြင်းကို ရကြပါမည်။
၂၃ - သို့သော် လူတိုင်းအတွက် အစီအစဉ်ရှိပါသည်၊ ခရစ်တော်သည် ပထမဆုံး အသီးဖြစ်သည်၊ ထို့နောက် သူပြန်လာသောအချိန်တွင် ခရစ်တော်၏လူများအားလုံး ရှင်ကြပါမည်။
၂၄ - ထို့နောက် အဆုံးရောက်မည်၊ ခရစ်တော်က မိမိ၏နိုင်ငံကို ခမည်းတော်ဖြစ်သော ဘုရားသခင်ထံ အပ်နှံသောအခါ၊ ခရစ်တော်က အုပ်စိုးသူအားလုံး၊ ဩဇာရှိသူအားလုံး၊ တန်ခိုးစွမ်းအားအားလုံးကို နှိမ်နင်းပိုင်ဆိုင်ပြီးသောအခါ ဖြစ်သည်။
၂၅ - အဘယ့်ကြောင့်ဆိုသော် သူသည် မိမိ၏ရန်သူများအားလုံးကို သူ၏ခြေအောက်၌ ထားပြီးသည့်တိုင်အောင် အုပ်စိုးရမည်ဖြစ်သည်။
၂၆ - ခြေမှုန်းရမည့် နောက်ဆုံးရန်သူမှာ သေခြင်းဖြစ်သည်။
၂၇ - အဘယ့်ကြောင့်ဆိုသော် သူသည် အားလုံးကို သူ၏ခြေအောက်၌ထားရှိပြီးဖြစ်သည်။ သို့သော် ဘုရားသခင်က အရာအားလုံးတို့ကို သူ့အောက်၌ ထားသည်ဟုပြောသောအခါ၊ အရာအားလုံးကို သူ့အောက်၌ထားပေးသော ဘုရားသခင်မပါကြောင်း ထင် ရှားလျှက်ရှိပါသည်။
၂၈ - ထို့အပြင် အရာအားလုံးသည် သူ၏ထိန်းချုပ်မှုအောက်ရောက်သောအခါ၊ သားတော်သည် အရာအားလုံးကို သူ့အောက်၌ထားပေးသောသူထံသို့ မိမိကိုယ်ကို အပ်နှံမည်ဖြစ်သည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် အာရာခပ်သိမ်း၏ အရာခပ်သိမ်းဖြစ်တော်မူပါမည်။
၂၉ - ထိုသို့မဟုတ်ဘဲ၊ အကယ်၍သာ လူသေတို့ ထမြောက်ခြင်းမရှိခဲ့လျှင် လူသေတို့အတွက် ဗတ္တိဇံခံသူတို့သည် ဘာကိုလုပ်ကြသနည်း? သူတို့သည် အဘယ့်ကြောင့် လူသေတို့အတွက် ဗတ္တိဇံကို ခံကြရပါသနည်း?
၃၀ - ထို့အပြင် အဘယ့်ကြောင့် ငါတို့သည် နာရီတိုင်း အန္တရယ်ထဲ၌ ရပ်တည်ကြရသနည်း?
၃၁ - ငါတို့သခင်ခရစ်တော်ယေရှုထံမှရရှိသော သင်တို့၏ဝမ်းမြောက်ခြင်းဖြင့် ငါခြေပ

ပါမည်၊ ငါသည် နေ့တိုင်းသေပါသည်။
၃၂ - လူသေတို့သာ ထမြောက်ခြင်းမရှိလျှင်၊ လူတို့၏ပြောဆိုမှုပုံစံဖြင့် သားရဲများဟုခေါ်သော ဧဖက်မြို့သားများနှင့် တိုက်ခိုက်ရင်ဆိုင်ခြင်းသည် ငါ၌ ဘာအကျိုးရှိပါမည်နည်း? စားကြအံ့၊ သောက်ကြအံ့၊ မနက်ဖြန် ငါတို့အားလုံး သေကြမည်။
၃၃ - အညာမခံကြနှင့်၊ ဆိုးညစ်ခြင်းနှင့်ဆက်ဆံခြင်းက ကောင်းသောအကျင့်စာရိတ္တတို့ကို ပျက်စီးယိုယွင်းစေပါသည်။
၃၄ - ဖြောင့်မတ်ခြင်းသို့ ထမြောက်ကြလော့၊ အပြစ်မလုပ်ကြနှင့်၊ အဘယ့်ကြောင့်ဆိုသော် အချို့တို့တွင် ဘုရားသခင်ကိုသိသောအသိပညာ မရှိကြပါ၊ ဤသို့ ငါပြောရခြင်းသည် သင်တို့ ရှက်တတ်ရန်ဖြစ်သည်။
၃၅ - သို့သော် အချို့တို့က လူသေတို့ မည်သို့ထမြောက်ကြမည်နည်း?ဟု ပြောကြပါမည်၊ ထို့အပြင် သူတို့သည် မည်သို့သောကိုယ်ခန္ဓာနှင့်ထမြောက်ကြမည်နည်း?ဟု မေးကြပါမည်။
၃၆ - မိုက်မဲသောသူ၊ သင်စိုက်ပျိုးသောမျိုးစေ့သည် မသေလျှင် ရှင်လာမည်မဟုတ်ပါ၊
၃၇ - ထို့အပြင် သင်စိုက်သောအခါ၊ ဖြစ်လာမည့်ကိုယ်ခန္ဓာကို သင်စိုက်ခြင်းမဟုတ်ပါ၊ သို့သော် မျိုးစေ့ကိုသာစိုက် ခြင်းဖြစ်သည်၊ ဂျုံဖြစ်ကောင်းဖြစ်မည် (သို့) အခြားသောမျိုးစေ့ဖြစ်နိုင်ပါသည်၊
၃၈ - သို့သော် ဘုရားသခင်က သူ့စိတ်တော်တွေ့သကဲ့သို့ ကိုယ်ခန္ဓာကိုပေးပါသည်၊ မျိုးစေ့တိုင်းအတွက် ကိုယ်ပိုင်ခန္ဓာကို ပေးတော်မူပါသည်။
၃၉ - အသားအားလုံး တမျိုးတည်းမဟုတ်ပါ၊ သို့သော် လူတို့၏ အသားသည် တမျိုး၊ သားရဲတိရိစ္ဆာန်တို့၏အသားသည် တမျိုး၊ ငါးတို့သည် တမျိုး၊ ငှက်တို့သည် တမျိုးဖြစ်ပါသည်။
၄၀ - အာကာသနှင့်ဆိုင်သော ခန္ဓာများရှိပါသည်၊ ထို့အပြင် မြေကမ္ဘာနှင့်ဆိုင်သော ခန္ဓာများလည်းရှိနေပါသည်၊ အာကာသနှင့်ဆိုင်သည်များ၏ ဂုဏ်ကျက်သရေသည် တမျိုးဖြစ်သည်၊ ထို့အပြင် မြေကမ္ဘာနှင့်ဆိုင်သည်များ၏ ဂုဏ်ကျက်သရေသည် နောက်တမျိုးဖြစ်ပါသည်။
၄၁ - နေအတွက် ဂုဏ်ကျက်သရေတမျိုး၊ လအတွက် ဂုဏ်ကျက်သရေတမျိုး၊ ကြယ်တို့အတွက် ဂုဏ်ကျက်သရေတ မျိုးရှိပါသည်၊ ကြယ်တခုအတွက် ဂုဏ်ကျက်သရေတမျိုး၊ နောက်ကြယ်တခုအတွက် ဂုဏ်ကျက်သရေ နောက်တမျိုး ရှိပါသည်။
၄၂ - ထိုသို့ပင် လူသေတို့၏ထမြောက်ခြင်းဖြစ်ပါသည်။ စိုက်စဉ်အခါ ပျက်စီးယိုယွင်းခြင်းသို့စိုက်ပါသည်၊ ထမြောက်သောအခါ၊ မပျက်စီးနိုင်သောအဖြစ်သို့ ဖြစ်ပါမည်။
၄၃ - စိုက်ပျိုးစဉ် ဂုဏ်ကျက်သရေမဲ့ပါသည်၊ ထမြောက်သော် ဂုဏ်ကျက်သရေထဲသို့ဖြစ်သည်၊ စိုက်ပျိုးစဉ် အားနည်းပါသည်၊ ထမြောက်သော် ခွန်အားအစွမ်းသို့ဖြစ်သည်။

၄၄ - စိုက်ပျိုးစဉ် သဘာဝခန္ဓာနှင့်ဖြစ်သည်၊ ထမြောက်သော် ဝိညာဉ်နှင့်ဆိုင်သော ခန္ဓာနှင့်ဖြစ်သည်။ သဘာဝကိုယ် ခန္ဓာရှိသလို၊ ဝိညာဉ်နှင့်ဆိုင်သောခန္ဓာလည်း ရှိပါသည်။

၄၅ - ထို့ကြောင့် ဤသို့ရေးထားပါသည်၊ ပထမလူအာဒံသည် ရှင်နေသောသူအဖြစ် ဖန်ဆင်းထားသည်၊ နောက်ဆုံး အာဒံကိုမူ အသက်ရှင်စေသောဝိညာဉ်ဖြစ်စေပါသည်။

၄၆ - ထို့အပြင် ဝိညာဉ်ရေးရာခန္ဓာသည် ပထမဖြစ်သည်မဟုတ်ပါ၊ သို့သော် သဘာဝခန္ဓာသည်သာ ပထမဖြစ်သည်၊ နောက်မှ ဝိညာဉ်ရေးရာခန္ဓာ ဖြစ်လာပါသည်။

၄၇ - ပထမလူသည် ကမ္ဘာမြေကြီးမှဖြစ်သည်၊ မြေကြီးသားဖြစ်သည်၊ ဒုတိယလူသည် ကောင်းကင်မှလာသော သခင် ဖြစ်သည်။

၄၈ - မြေကြီးသားတို့သည် မြေကြီးသားတို့ကဲ့သို့ ဖြစ်ကြသည်၊ ကောင်းကင်သားတို့မူ ကောင်းကင်သားတို့ကဲ့သို့ဖြစ် ကြပါသည်။

၄၉ - ထို့အပြင် ငါတို့သည် မြေကြီး၏ပုံသဏ္ဍာန်ကို ဆောင်နေခဲ့ကြသကဲ့သို့၊ တနေ့တွင် ကောင်းကင်၏ပုံသဏ္ဍာန်ကို ဆောင်ကြလိမ့်ဦးမည်ဖြစ်သည်။

၅၀ - ညီအကိုတို့၊ ယခုတွင် ငါပြောပါသည်၊ အသွေးနှင့်အသားသည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံနိုင်ပါ၊ ထို့အတူ ပျက်စီးယိုယွင်းခြင်းက မပျက်စီးမယိုယွင်းနိုင်ခြင်းကို အမွေမခံနိုင်ပါ။

၅၁ - ကြည့်ပါ၊ ငါ သင်တို့ကို နက်နဲသောအရာတခုကို ပြပါမည်၊ ငါတို့အားလုံး အိပ်ပျော်ကြလိမ့်မည်မဟုတ်ပါ၊ သို့သော် ငါတို့အားလုံး ပြောင်းလဲသွားကြပါမည်၊

၅၂ - မျက်စိတမိတ်အတွင်း၊ နောက်ဆုံးခရာမှုတ်ချိန်တွင်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ခရာမှုတ်မည်၊ ထို့နောက် လူသေတို့သည် မပျက်စီးမယိုယွင်းနိုင်ခြင်းသို့ ထမြောက်ကြမည်၊ ထို့နောက် ငါတို့အားလုံး ပြောင်းလဲသွားကြပါမည်။

၅၃ - ဤပျက်စီးယိုယွင်းနိုင်သောအရာက မပျက်စီးမယိုယွင်းနိုင်ခြင်းကို ဝတ်ဆင်ရမည်ဖြစ်သည်၊ သေတတ်သောအရာက မသေနိုင်သောအဖြစ်ကို ဝတ်ဆင်ရမည်ဖြစ်ပါသည်။

၅၄ - ထို့ကြောင့် ဤပျက်စီးယိုယွင်းခြင်းက မပျက်စီးမယိုယွင်းနိုင်ခြင်းကို ဝတ်ဆင်သည့်အခါ၊ သေတတ်သောအရာက မသေနိုင်သောအဖြစ်ကို ဝတ်ဆင်သည့်အခါ၊ သေခြင်းကို အောင်မြင်ခြင်းက မျိုချလိုက်ပြီဟု ရေးထားသောကျမ်းစာ တကယ်ဖြစ်လာမည်ဖြစ်သည်။

၅၅ - အို သေခြင်း၊ သင်၏အဆိပ်သည် အဘယ်မှာနည်း? အို သင်္ချိုင်း၊ သင်၏ အောင်မြင်ခြင်းသည် အဘယ်မှာနည်း?

၅၆ - သေခြင်း၏အဆိပ်သည် အပြစ်ဖြစ်သည်၊ အပြစ်၏ခွန်အားသည် ပညတ်ဥပဒေသများ ဖြစ်ပါသည်။

၅၇ - သို့သော် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်၊ သူသည် ငါတို့သခင်ယေရှုခရစ်

အားဖြင့် ငါတို့ထံ အောင်မြင်ခြင်းကို ပေးတော်မူပါသည်။
၅၈ - ထို့ကြောင့်၊ ငါချစ်ရသောညီအကိုတို့၊ ခိုင်မာစွာ ရပ်တည်ကြပါ၊ မလှုပ်နိုင်ခြင်းအဖြစ်၌နေကြပါ၊ သခင်ဘုရား၏ အလုပ်ကို အမြဲတမ်း တိုးပွားစေကြပါ၊ သခင်ဘုရားထံ၌ သင်တို့၏ လုပ်ကိုင်ခြင်းမှန်သမျှသည် အချည်းနှီးမဲ့မဖြစ်ကြောင်း သင်တို့ သိကြပါသည်။

၁၆း၁-၂၄
၁- ယခုတွင် သန့်ရှင်းသူတို့အတွက် အလှူငွေကောက်ခံခြင်းကို ပြောပါမည်၊ ငါ ဂလေးရှားပြည်နယ်ရှိ အသင်းတော်များကို ပြောသကဲ့သို့ သင်တို့လည်း ပြုကြပါ။
၂ - တပတ်၏ပထမဆုံးနေ့တွင် သင်တို့အယောက်စီတိုင်း၊ ဘုရားသခင်က တိုးပွားစေသကဲ့သို့၊ တစုံတခုသောအရေအတွက်ကို ဖယ်ထားပါ၊ ထိုသို့ဖြင့် ငါလာသောအခါ စုဆောင်းစရာမလိုဘဲ နေပါမည်။
၃ - ငါလာသောအခါ၊ သင်တို့စိတ်ချသောသူကို သင်တို့၏စာနှင့်အတူ သင်တို့၏ရက်ရောသောအလှူကို ယေရုရှလင်သို့ ငါပို့လိုက်ပါမည်။
၄ - အကယ်၍ ငါ လိုက်ပါဖို့လိုသည်ဆိုလျှင်၊ ငါလည်းသွားပါမည်၊ သူတို့ ငါနှင့်အတူသွားကြမည်။
၅ - ယခုတွင် မက်စီဒိုးနီးယားကိုဖြတ်သွားသည့်အခါ ငါ သင်တို့ထံ ဝင်ခဲ့မည်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် မက်ဒီဒိုးနီးယားမှ ဖြတ်ကိုဖြတ်သွားမည်ဖြစ်သည်။
၆ - ထို့အပြင် ဆောင်းကာလပတ်လုံး သင်တို့ထံ ငါနေကောင်းနေမည်၊ ထိုနောက်မှ ငါ မည်သည့်နေရာသို့သွားသွား သင်တို့ လိုက်ပို့မည်ဖြစ်သည်။
၇ - အဘယ့်ကြောင့်ဆိုသော် ယခုသွားရာလမ်းတွင် သင်တို့ထံဝင်နိုင်မည်ဟု ငါမထင်၊ သို့သော် သခင်ဘုရားအခွင့်ရှိလျှင် သင်တို့ထံ ငါ ခေတ္တနေခွင့်ရဦးမည်ဟု ယုံကြည်ပါသည်။
၈ - သို့သော် ပဲန်တီးကော့(စ်)တိုင်အောင် ငါ အဲဖီးစပ်(စ်)မြို့တွင် နေမည်။
၉ - အဘယ့်ကြောင့်ဆိုသော် ကြီးသောတံခါးနှင့်ထိရောက်ခြင်းသည် ငါထံသို့ ပွင့်လျှက်ရှိသည်၊ ထို့အပြင် များပြားသော ဆန့်ကျင်ဖက်များလည်း ရှိနေကြမည်ဖြစ်သည်။
၁၀ - ယခုတွင် အကယ်၍ တိမောသေလာခဲ့လျှင်၊ သင်တို့ထံနေစဉ် သူမကြောက်လန့်စေရန် သတိပြုကြပါ၊ အဘယ့်ကြောင့်ဆိုသော် သူသည် ငါကဲ့သို့ သခင်ဘုရား၏အလုပ်ကို လုပ်သူဖြစ်သည်။
၁၁ - ထို့ကြောင့် မည်သူကမျှ သူ့ကို အထင်မသေးကြနှင့်၊ သို့သော် သူနှင့်အတူ ငြိမ်းချမ်းစွာဆက်ဆံကြပါ၊ ထိုသို့ဖြင့် သူသည် ငါ့ထံ လာပါမည်၊ အဘယ့်ကြောင့်ဆိုသော် သူနှင့်ညီအကိုများ လာရောက်ကြရန် ငါမျှော်နေပါသည်။
၁၂ - ငါတို့ညီအကို အာပေါလော့(စ်)နှင့်ပတ်သက်၍ ငါပြောချင်သည်မှာ၊ သူသည် အ

ခြားညီအကိုများနှင့် သင်တို့ထံလာရန် ငါ အလွန်ဆန္ဒရှိပါသည်၊ သို့သော် သူ၏ဆန္ဒမှာ ယခုချိန်တွင် မလာချင်သေးပါ၊ သို့သော် သူအဆင်ပြေသောအချိန်တွင် သူလာလိမ့်မည်ဖြစ်သည်။

၁၃ - သင်တို့ သတိနှင့်နေကြပါ၊ ယုံကြည်ခြင်း၌ ခိုင်မာစွာရပ်တည်ကြပါ၊ ယောကျ်ားတို့၏သတ္တိ ရှိကြပါ၊ သန်မာကြပါ။

၁၄ - သင်တို့ လုပ်စရာရှိသည်များအားလုံးကို ချစ်ခြင်းနှင့်လုပ်ဆောင်ကြပါ။

၁၅ - ညီအကိုတို့ သင်တို့သည် အက်ခါယပြည်နယ်၏ အဦးသီးသောအသီးများဖြစ်ကြသည့် စတီဖဲန်းနပ်(စ်)တို့အိမ်ထောင်စုကို သိကြပါသည်၊ သူတို့သည် သန့်ရှင်းသူတို့အား ကူညီဆောင်မခြင်းကို အလွန်အမင်းစွဲလန်းကြသူများ ဖြစ်ကြသည်၊

၁၆ - ထိုသို့ ငါတို့အားကူညီသူတို့နှင့် ငါတို့နှင့်အတူလုပ်ဆောင်သူတို့ထံ သင်တို့သည် မိမိတို့ကိုယ်ကို အပ်နှံကြပါဟု ငါတောင်းပန်ပါသည်။

၁၇ - စတီဖဲန်းနပ်(စ်)၊ ဖေါ်ချွန်းနေတပ်(စ်)နှင့် အက်ခိုင်းယပ်(စ်)တို့ ရောက်လာကြခြင်းကို ငါ ဝမ်းမြောက်ပါသည်၊ သင်တို့ဖက်၌ လိုအပ်နေသည်များကို သူတို့က ဖြည့်ပေးကြလိမ့်မည်ဖြစ်သည်။

၁၈ - အဘယ့်ကြောင့်ဆိုသော် သူတို့က သင်တို့နှင့်ငါ၏ဝိညာဉ်များကို ပြန်လည်လန်းဆန်းစေမည်ဖြစ်သည်၊ ထို့ကြောင့် ထိုသို့သောသူများကို အသိအမှတ်ပြုကြပါ။

၁၉ - အေးရှားနယ်ရှိအသင်းတော်များက သင်တို့ကို နုတ်ဆက်ကြပါသည်။ အာကွီးလားနှင့်ပရီစီးလားတို့က သူတို့၏ အိမ်တွင်ရှိသောအသင်းတော်နှင့်အတူ သင်တို့ကို သခင်ဘုရား၌ များစွာနုတ်ဆက်ကြပါသည်။

၂၀ - ညီအကိုများအားလုံးက သင်တို့ကို နုတ်ခွန်းဆက်ကြပါသည်။ သန့်ရှင်းသောအနမ်းဖြင့် သင်တို့ တဦးကိုတဦး နုတ်ဆက်ကြပါ။

၂၁ - ငါ ပေါလုသည် နုတ်ခွန်းဆက်ခြင်းကို မိမိ၏လက်ဖြင့် ရေးထားပါသည်။

၂၂ - အကယ်၍ တစုံတဦးသည် သခင်ယေရှုခရစ်တော်ကို မချစ်လျှင် ထိုသူသည် ကျိန်ခြင်းကိုခံစေသတည်း။ သခင်ဘုရားကြွလာတော်မူပါ။

၂၃ - ငါတို့ သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်သည် သင်တို့နှင့်အတူ ရှိစေသတည်း။

၂၄ - ငါ၏ချစ်ခြင်းသည်လည်း ခရစ်တော်ယေရှုအားဖြင့် သင်တို့ထံ၌ရှိစေသတည်း။ အာမင်။

××××××××××××××××××××××××××

# ကောရိန္သုဩဝါဒစာ ဒုတိယစောင်
(Second Corinthians)

**၂ကော ၁း၁–၂၄**

၁ - ပေါလု၊ ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်တော်၏တမန်တော်ဖြစ်သူ
နှင့် ငါတို့ညီအကို တိမောသေ့က ကောရင့်မြို့၌ရှိသော ဘုရားသခင်၏အသင်းတော်
နှင့် အကာခိုင်းယားပြည်ရှိ သန့်ရှင်းသူတို့အားလုံးထံသို့ ရေးလိုက်ပါသည်၊
၂ - ငါတို့၏ဖခင် ဘုရားသခင်ထံနှင့် သခင်ယေရှုခရစ်ထံမှ ကျေးဇူးတော်နှင့်ငြိမ်းချမ်း
ခြင်းသည် သင်တို့ထံ ရှိပါစေသော။
၃ - ငါတို့ သခင်ယေရှုခရစ်၏ဖခင်လည်းဖြစ်သူ၊ ဂရုဏာအပေါင်းတို့၏ဖခင်လည်းဖြစ်
သူ၊ နှစ်သိမ့်မှုအားလုံးတို့၏ဖခင်လည်းဖြစ်သူ၊ ဘုရားသခင်သည် ကောင်းချီးနှင့်ပြည့်ဝ
ပါစေသတည်း။
၄ - သူသည် ဒုက္ခအခက်အခဲမျိုးစုံကိုခံရချိန်တွင် ငါတို့ကို နှစ်သိမ့်မှုပေးတော်မူပါ
သည်၊ ထိုသို့ဖြင့် ငါတို့က အခက်အခဲထဲရောက်နေသူများကို ငါတို့ခံရသော ဘုရားသ
ခင်၏ နှစ်သိမ့်မှုဖြင့် နှစ်သိမ့်မှုပေးနိုင်ကြမည်ဖြစ်သည်။
၅ - အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏ဆင်းရဲဒုက္ခများ ငါတို့အထဲ၌ တိုးပွားလာသ
ကဲ့သို့၊ ငါတို့၏ နှစ်သိမ့်ရမှုများသည်လည်း ခရစ်တော်အားဖြင့် တိုးပွားလျှက်ရှိပါသည်။
၆ - ထို့အပြင် ငါတို့ နှိပ်စက်ခံရသည်ဖြစ်စေ၊ ထိုသို့ခံရခြင်းသည် သင်တို့နှစ်သိမ့်စရာ
ဖို့နှင့် ကယ်တင်ခြင်းခံရဖို့ဖြစ်ပါသည်၊ ငါတို့ခံရသကဲ့သို့သော ခံစားရခြင်းများကို ကြံ့ကြံ့
ခံနိုင်စေဖို့ ထိရောက်ခြင်းများကို ဖြစ်စေသည်၊ (သို့) ငါတို့ နှစ်သိမ့်စွာနေရသည်ဖြစ်စေ
၎င်းသည် သင်တို့၏ နှစ်သိမ့်ရမှုအတွက်နှင့် ကယ်တင်ခြင်းအတွက်ဖြစ်ပါမည်။
၇ - ထို့အပြင် သင်တို့အပေါ်ထားရှိသော ငါတို့၏မျှော်လင့်ခြင်းသည် ခိုင်မာလျှက်ရှိပါ
သည်၊ သင်တို့သည် ငါတို့နှင့်အတူ ဒုက္ခခံစားရခြင်းများကို ပါဝင်ဆက်ဆံရသူများ ဖြစ်
ကြသည်နှင့်အညီ၊ နှစ်သိမ့်မှုကိုလည်း ခံကြရလိမ့်ဦးမည်ဟု ငါတို့ သိကြပါသည်။
၈ - အဘယ့်ကြောင့်ဆိုသော် ငါတို့ အေးရှားဒေသတွင် မည်သို့သော ဒုက္ခဆင်းရဲများ
ကို ခံခဲ့ကြရကြောင်း သင်တို့ မသိဘဲနေစေခြင်းငှာ ငါတို့ အလိုမရှိပါ၊ ငါတို့သည် ငါတို့
ခံနိုင်စွမ်းထက်ပိုအောင် ဒုက္ခပေးခြင်းကို ခံခဲ့ကြရပါသည်၊ ငါတို့၌ရှိသောခွန်အားထက်
ပိုမိုခံခဲ့ကြရပါသည်၊ သေမည်ဟုပင် ငါတို့ ထင်မှတ်နေခဲ့ကြပါသည်၊
၉ - သို့သော် ငါတို့သည် သေဒဏ်ကို မိမိတို့ကိုယ်ကို ပေးခဲ့ကြပြီးဖြစ်သည်၊ သို့သော်
ငါတို့သည် မိမိတို့ကိုယ်ကို အားမကိုးသင့်ပါ၊ သေသူများကို ပြန်လည်ထမြောက်စေသူ
ဘုရားသခင်ကိုသာ အားကိုးကြရပါမည်၊
၁၀ - ငါတို့ကို ထိုမျှကြီးလှစွာသောသေခြင်းမှ ကယ်လွှတ်သူဖြစ်သဖြင့်၊ ဆက်၍ ကယ်
လွှတ်ဦးမည်သာဖြစ်ပါသည်၊ သူသည် ငါတို့ကို ကယ်လွှတ်ပါဦးမည်ဟု ဘုရားသခင်ကို
သာ ငါတို့ အားကိုးကြပါသည်၊

၁၁ - သင်တို့သည်လည်း ငါတို့အဖို့ဆုတောင်းခြင်းဖြင့် ငါတို့ကို ကူညီနေကြပါသည်၊ ငါတို့အပေါ် လူအများအားဖြင့် အပ်နှင်းကြသော ထိုလက်ဆောင်များအတွက်၊ ငါတို့ ကိုယ်စား အများတို့က ကျေးဇူးတင်ကြပါသည်။

၁၂ - အဘယ့်ကြောင့်ဆိုသော် ငါတို့၏ ဝမ်းမြောက်ရခြင်းသည် ဤသို့ဖြစ်ပါသည်၊ ရိုးသားခြင်း၊ ဘုရားတရား ကြောက်ရွံ့ရိုသေသော ရိုးစင်းခြင်းဖြင့်၊ အသွေးအသားနှင့်ဆိုင်သော ဉာဏ်ပညာဖြင့်မဟုတ်၊ သို့သော် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်၊ ငါတို့သည် ဤကမ္ဘာကြီးထဲတွင် လုပ်ရှားပြောဆိုအသက်ရှင်ကြပါသည်၊ သင်တို့ထံသို့ ပို၍ များပြားစွာ ထိုသို့ပြုမူကြပါသည်။

၁၃ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သင်တို့ထံ အခြားသောအရာများကို ရေးကြသည်မဟုတ်ပါ၊ သင်တို့ဖတ်ပြီး (သို့) အသိအမှတ်ပြုပြီးသည်များကိုသာ ရေးကြပါသည်၊ ထို့အပြင် သင်တို့သည် အဆုံးတိုင်းအောင် အသိအမှတ် ပြုကြမည်ဟု ငါ ယုံကြည်ပါသည်၊

၁၄ - ငါတို့သည် သင်တို့၏ဝမ်းမြောက်ရခြင်းဖြစ်သည်ကို သင်တို့က တစိတ်တပိုင်းဖြင့် အသိအမှတ်ပြုကြသကဲ့သို့၊ သခင်ယေရှု၏နေ့ရက်တွင် သင်တို့သည်လည်း ငါတို့၏ဝမ်းမြောက်ရခြင်း ဖြစ်ပါသည်။

၁၅ - ထိုစိတ်ချရခြင်းကြောင့် ငါသည် သင်တို့ထံလာမည်ဟု ယခင်က စိတ်ကူးရှိခဲ့ပါသည်၊ ထိုသို့ဖြင့် သင်တို့သည် ဒုတိယအကျိုးအမြတ်ကို ရကြမည်ဖြစ်သည်။

၁၆ - ထို့အပြင် သင်တို့ဘေးမှ ဖြတ်၍ မက်စီဒိုးနီးယားသို့ သွားပါမည်၊ ထို့နောက် မက်စီဒိုးနီးယားမှ သင်တို့ထံ ပြန်လာပါမည်၊ ထို့နောက် သင်တို့ထံမှနေ၍ ဂျူဒီးယားပြည်သို့ ငါခရီးသွားပါမည်။

၁၇ - ငါ ထိုသို့ စိတ်ကူးသဖြင့် ပေါ့ပေါ့ကလေးတွေးသည်ဟု ထင်ကြပါသလော? (သို့) ငါရည်ရွယ်သောအရာများကို အသွေးအသားနှင့်ဆိုင်၍သာ ရည်ရွယ်ချက်ချမှတ်သည်ဟု ထင်မှတ်ကြသလော? ထို့ကြောင့် ဟုတ်ပါသည်၊ ဟုတ်ပါသည်ဟုပြောနေလျှက် မဟုတ်ပါ မဟုတ်ပါဟု ငါပြောသလော?

၁၈ - သို့သော် ဘုရားသခင်သည် အမှန်တရားဖြစ်သကဲ့သို့၊ သင်တို့ထံ ငါတို့ပြောသော စကားသည်လည်း ဟုတ်ပါသည်နှင့်မဟုတ်ပါ မဖြစ်ပါ။

၁၉ - သင်တို့ကြားတွင် ငါတို့အားဖြင့်၊ ငါကိုယ်တိုင်၊ စီလ်ဗားနပ်(စ်)နှင့် တိမောသေတို့အားဖြင့်၊ ဟောပြောခြင်းခံရသူ ဘုရားသခင်၏သားတော် ယေရှုခရစ်သည် ဟုတ်ပါသည်နှင့်မဟုတ်ပါ မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သူ့ထံတွင် ဟုတ်၏ဆိုသည်သာ ရှိပါသည်။

၂၀ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ကတိတော်များအားလုံးသည် သူ့ထံ၌ ဟုတ်၏ ဖြစ်ပါသည်၊ သူ့ထံတွင် အာမင် ဖြစ်ပါသည်၊ ငါတို့အားဖြင့် ဘုရားသခင်၏ ဘုန်းတော်ဖြစ်ပါသည်။

၂၁ - ယခုတွင် သင်တို့နှင့်အတူ ငါတို့ကို ခရစ်တော်၌ တည်ထောင်အခြေခိုင်စေသူ၊ ငါတို့ကို ဘိသိတ်ပေးသူသည် ဘုရားသခင်ဖြစ်ပါသည်။
၂၂ - ထို့အပြင် သူသည် ငါတို့ကို တံဆိပ်ခတ်လျှက် ငါတို့နှလုံးသားများတွင် ဝိညာဉ်တော်၏ အာမခံချက်ကို ပေးတော်မူပါသည်။
၂၃ - ထို့အပြင် ငါသည် သင်တို့ကို ညှာ၍သာ ယခုတိုင်အောင် ကောရင့်မြို့သို့ မလာသေးကြောင်း ဘုရားသခင်ကို ငါ့ ဝိညာဉ်မှ တိုင်တည်ပါသည်။
၂၄ - ငါတို့က သင်တို့၏ယုံကြည်ခြင်းကို စိုးမိုးဖို့မဟုတ်ပါ၊ သို့သော်သင်တို့ဝမ်းမြောက်နိုင်ဖို့ ကူညီသူများသာ ဖြစ်ကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ယုံကြည်ခြင်းဖြင့် ရပ်တည်ကြခြင်းဖြစ်သည်။

## ၂ကော ၂း၁–၁၇

၁- သို့သော် သင်တို့ထံ ငါပြန်လာသောအခါ၊ လေးလံသောစိတ်ဖြင့် မလာတော့ပါဟု ငါ ဆုံးဖြတ်ပါသည်။
၂ - အဘယ့်ကြောင့်ဆိုသော် ငါ သင်တို့ကို ဝမ်းနည်းစေလျှင်၊ ငါ့ကိုမည်သူက ဝမ်းသာစေပါတော့မည်နည်း? ငါ ကိုယ်တိုင်က ဝမ်းနည်းစေသောသူတို့ပင် မဟုတ်ပါလော?
၃ - ထို့အပြင် ငါသည် ထိုအကြောင်းကိုပင် သင်တို့ထံ ရေးနေပါသည်၊ သို့မဟုတ်ပါက၊ သင်တို့ထံမှ ဝမ်းမြောက် ခြင်းကို ရမည့်အစား ဝမ်းနည်းခြင်းကိုသာရမည် စိုးရပါသည်၊ ငါ၏ဝမ်းသာရခြင်းသည် သင်တို့အားလုံး၏ ဝမ်းသာရခြင်းဖြစ်ပါမည်ဟု သင်တို့အားလုံးကို ငါစိတ်ချပါသည်။
၄ - အဘယ့်ကြောင့်ဆိုသော် ငါ့နှလုံးသား၏ ဖိစီးခြင်းများစွာ၊ မချိတင်ကဲဝေဒနာများစွာမှနေ၍ များစွာသောမျက်ရည်နှင့်အတူ ဤစာကို ရေးလိုက်ခြင်းဖြစ်ပါသည်၊ သင်တို့စိတ်မကောင်းဖြစ်ဖို့မဟုတ်ပါ၊ သို့သော် သင်တို့ကို မည်မျှများပြားသောချစ်ခြင်းဖြင့် ငါချစ်ရသည်ကို သိနိုင်ကြရန်ဖြစ်ပါသည်။
၅ - သို့သော် အကယ်၍ တစုံတဦးက စိတ်မကောင်းဖြစ်လျှင်၊ ငါ့ကို စိတ်မကောင်းစေခြင်းမဟုတ်၊ အားလုံးကိုစိတ်မကောင်းစေခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ငါသည် သင်တို့အပေါ် မတန်တဆစေခိုင်းသူ မဖြစ်လာရန်ဖြစ်သည်။
၆ - ထိုသို့သောသူအတွက် အားလုံးကချမှတ်သောစီရင်ခြင်းသည် လုံလောက်ပြီဖြစ်သည်။
၇ - ထိုသို့ဖြင့် သင်တို့သည် သူ့ကို ခွင့်လွှတ်သင့်ကြပါသည်၊ သူ့ကို နှစ်သိမ့်ကြပါ၊ မဟုတ်ပါက ထိုသို့သောသူသည် များလှစွာသောဝမ်းနည်းခြင်းထဲ နှစ်မြုတ်သွားမည် စိုးရပါသည်။
၈ - ထို့ကြောင့် သင်တို့သည် သူ့ထံသို့ ချစ်ခြင်းကို ပြန်၍ပြဌာန်းကြပါဟု တိုက်တွန်းချင်ပါသည်။

၉ - အဘယ့်ကြောင့်ဆိုသော် ထိုရည်ရွယ်ချက်အတွက် ငါရေးနေခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့သည် အရာအားလုံး၌ နာခံခြင်းရှိကြကြောင်းကို ငါသက်သေရမည်ဖြစ်သည်။
၁၀ - သင်တို့က ခွင့်လွှတ်သောသူကို ငါကလည်း ခွင့်လွှတ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် အကယ်၍ ငါက တစုံတဦးထံ တစုံတခုကို ခွင့်လွှတ်သည်ဆိုလျှင်၊ သင်တို့အတွက် ထိုအရာကို ခရစ်တော်၏ရှေ့မှောက်၌ ခွင့်လွှတ်ခြင်းဖြစ်သည်၊
၁၁ - ထိုသို့မဟုတ်လျှင် စာတန်က ငါတို့ထံမှ အခွင့်အရေးယူမည်စိုးရပါသည်၊ အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သူ၏အကြံအစည်များကို မသိဘဲနေကြသည်မဟုတ်ပါ။
၁၂ - ထို့အပြင်၊ ခရစ်တော်၏ဧဝံဂေလိတရားကိုဟောရန် ထရောစ်မြို့သို့ ငါလာသောအခါ၊ သခင်ဘုရားက တံခါးကို ငါ့အတွက် ဖွင့်ပေးပါသည်၊
၁၃ - ထိုအခါ ငါ့ညီအကို တိုက်တပ်(စ်)ကို မတွေ့သောကြောင့် ငါ့ဝိညာဉ်သည် အနားမရပါ၊ သို့သော် ထိုသူတို့ထံမှ ခွင့်တောင်းလျှက် ထိုနေရာမှ မက်စီဒိုးနီးယားသို့ ဆက်သွားပါသည်။
၁၄ - ယခုတွင် ငါတို့ကို ခရစ်တော်၌အောင်နိုင်ဖို့ရန် အမြဲတမ်းဖြစ်စေတော်မူသူ၊ နေရာတိုင်းတွင် ငါတို့အားဖြင့် မိမိအသိပညာတော်၏ အနံ့အရသာအား ပေါ်ထွက်စေတော်မူသူ ဘုရားသခင်ကို ကျေးဇူးများစွာတင်ရပါသည်။
၁၅ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ဘုရားသခင့်ထံတော်၌ ခရစ်တော်၏ ချိုမြိန်သောအနံ့အရသာ ဖြစ်ကြပါသည်၊ ကယ်တင်ခြင်းခံရသူများထံနှင့် ဆုံးရှုံးခြင်းသို့ရောက်ကြသူများထံသို့ ထိုသို့ဖြစ်ကြပါသည်၊
၁၆ - တအုပ်စုအတွက် ငါတို့သည် သေခြင်းသို့ရောက်စေသော သေခြင်း၏ အနံ့အရသာဖြစ်ပါသည်၊ ထို့အပြင် နောက်တအုပ်စုအတွက်မူ ငါတို့သည် အသက်ရှင်ခြင်းသို့ရောက်စေသော အသက်ရှင်ခြင်း၏ အနံ့အရသာဖြစ်ပါသည်။ မည်သူသည် ထိုအရာများအတွက် လုံလောက်ပါသနည်း?
၁၇ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ဘုရားသခင်၏နုတ်ကပတ်တော်ကို ပျက်စီးစေကြသူများနှင့် မတူကြပါ၊ သို့သော် ငါတို့သည် ဘုရားသခင်၏လူများအနေနှင့် ရိုးစင်းစွာ ဘုရားသခင့်ရှေ့တော်မှောက်တွင် ခရစ်တော်၌ ပြောဆိုကြပါသည်။

**၂ကော ၃း၁–၁၈**

၁ - ငါတို့သည် နောက်တခါ မိမိတို့ကိုယ်ကို ချီးကျူးကြရမည်လော? (သို့) အခြားသူများကဲ့သို့ ငါတို့သည်လည်း သင်တို့ထံ ထောက်ခံချီးမွမ်းစာများ လိုအပ်ကြပါသလော? (သို့) သင်တို့ထံမှ ထောက်ခံစာများ လိုအပ်ကြပါသလော?
၂ - သင်တို့သည် ငါတို့နှလုံးသားများပေါ်တွင်ရေးထားသောစာများဖြစ်ကြပါသည်၊ လူ

တိုင်းကသိ၍ ဖတ်နေကြပါသည်။

၃ - သင်တို့သည် ငါတို့၏အမှုတော်ဆောင်ခြင်းဖြင့် ခရစ်တော်၏စာဖြစ်ကြသည်ဟု ထင်ရှားစွာကြေညာနေပါသည်၊ မှင်နှင့်ရေးသောစာမဟုတ်၊ အသက်ရှင်သောဘုရားသခင်၏ဝိညာဉ်တော်ဖြင့်ရေးသောစာဖြစ်သည်၊ ကျောက်ပြားများပေါ်တွင်ရေးထားသည်မဟုတ်၊ အသားဖြစ်သောကျောက်ပြားများဖြစ်ကြသည့် နှလုံးသားပေါ်တွင် ရေးထားပါသည်။

၄ - ငါတို့တွင် ထိုသို့သောစိတ်ချအားကိုးခြင်းကို ခရစ်တော်အားဖြင့် ဘုရားသခင့် ထံတော်၌ ထားရှိကြပါသည်။

၅ - ငါတို့ကိုယ်ကို၌ အရာအားလုံးအတွက် ပြည့်စုံလုံလောက်ကြသည်ဟု မထင်မှတ်ကြပါ၊ သို့သော် ငါတို့၏ပြည့်စုံလုံလောက်ခြင်းသည် ဘုရားသခင့်ထံတော်၌ဖြစ်ပါသည်၊

၆ - သူသည် ငါတို့ကို ပဋိညာဉ်သစ်၏ ပိုင်နိုင်သောအမှုတော်ဆောင်များဖြစ်အောင် လုပ်တော်မူပါသည်၊ စာအားဖြင့်မဟုတ်ပါ၊ သို့သော် ဝိညာဉ်အားဖြင့်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် စာက သတ်ပါသည်၊ သို့သော် ဝိညာဉ်ကရှင်ခြင်းကိုပေးပါသည်။

၇ - သို့သော် သေခြင်းကိုအမှုဆောင်ပေးသောအရာ၊ ကျောက်တုံးများပေါ်၌ ထွင်းထုရေးသားထားသောအရာသည် ဘုန်းကျက်သရေရှိခဲ့ပါလျှင်၊ ထို့ကြောင့် အစ္စရေးသားသမီးတို့က မောရှေ၏ဘုန်းကျက်သရေနှင့်ပြည့်သောမျက်နှာကို ရဲရဲမကြည့်နိုင်ကြပါလျှင်၊ သို့သော် ထိုဘုန်းကျက်သရေသည် တနေ့ကွယ်ပျောက်ရမည့် ဘုန်းကျက်သရေသာဖြစ်ခဲ့ပါလျှင်၊

၈ - ဝိညာဉ်၏အမှုတော်ဆောင်ခြင်းသည် မည်မျှပင် ပို၍ ဘုန်းကျက်သရေနှင့် ပြည့်စုံလိုက်ပါမည်နည်း?

၉ - အဘယ့်ကြောင့်ဆိုသော် အပြစ်စီရင်ခြင်း၏အမှုဆောင်ခြင်းက ထိုမျှဘုန်းကျက်သရေရှိသည်ဆိုပါလျှင်၊ ဖြောင့်မတ်ခြင်း၏အမှုတော်ဆောင်ခြင်းက ပို၍ အလွန့်အလွန် ဘုန်းကျက်သရေရှိမည် အမှန်ဖြစ်သည်။

၁၀ - အဘယ့်ကြောင့်ဆိုသော် ဘုန်းကျက်သရေပြည့်ဝအောင် ပြုလုပ်ထားခဲ့သောအရာသည်၊ ထိုတုနှိုင်း၍မရသော ဘုန်းကျက်သရေနှင့်နှိုင်းလျှင်၊ ထင်သလောက် ဘုန်းကျက်သရေ မရှိသည်ကို တွေ့ရပါသည်။

၁၁ - အဘယ့်ကြောင့်ဆိုသော် မကြာမီကွယ်ပျောက်သွားမည့်အရာသည် ထိုမျှ ဘုန်းကျက်သရေရှိခဲ့ပါလျှင်၊ အမြဲတမ်းတည်ရှိသောအရာသည် အတော်ပင် ပို၍ဘုန်းကျက်သရေရှိပါမည်။

၁၂ - ငါတို့ထံ၌ ထိုမျှကြီးမြင့်သောမျှော်လင့်ခြင်းရှိနေသည်ကို မြင်နေကြသဖြင့်၊ ငါတို့သည် ကြီးမြတ်ရိုးရှင်းသောစကားကိုသာ အသုံးပြုကြပါသည်၊

၁၃ - မိမိမျက်နှာကို ပဝါဖြင့် ဖုံးအုပ်သော မောရှေကဲ့သို့မဟုတ်ပါ၊ ထိုဖျက်သိမ်းပစ်မည့်အရာ၏အဆုံးသတ်အထိ အစ္စရေးသားသမီးတို့က ရဲရဲမကြည့်ရဲခဲ့ကြပါ၊

၁၄ - သို့သော် သူတို့၏စိတ်များသည် ကန်းနေကြသည်၊ ယနေ့တိုင်အောင်ဓမ္မဟောင်း ကျမ်းကိုဖတ်သောအခါ ထိုပဝါကပင် ဖုံးအုပ်လျှက် ရှိနေပါသည်၊ ထိုပဝါသည် ခရစ်တော်ထံတွင် ဖယ်ထားပြီးဖြစ်ပါသည်။
၁၅ - သို့သော် ယနေ့တိုင်အောင်ပင်၊ မောရှေကိုဖတ်ကြသောအခါ၊ ပဝါသည် သူတို့၏ နှလုံးသားများအပေါ် ဖုံးအုပ်လျှက် ရှိနေပါသေးသည်။
၁၆ - မည်သို့ပင်ဖြစ်ပါစေ၊ သခင်ဘုရားထံသို့ လှည့်ပြန်သူတိုင်းထံတွင်မူ ထိုပဝါကို အဝေးသို့ဖယ်ရှားပစ်လိုက်ပါသည်။
၁၇ - သခင်ဘုရားသည် ဝိညာဉ်တော်ဖြစ်ပါသည်၊ သခင်ဘုရားဝိညာဉ်တော်ရှိသည့် နေရာတိုင်းတွင်၊ လွတ်လပ်ခြင်းသည်ရှိနေပါသည်။
၁၈ - သို့သော် ငါတို့အားလုံးသည်၊ သခင်ဘုရား၏ဘုန်းကျက်သရေကို မှန်ထဲမှနေ၍ မြင်ရသကဲ့သို့ ဖွင့်ထားသောမျက်နှာဖြင့် မြင်နေကြပါသည်၊ ထိုပုံသဏ္ဍာန်နှင့်တူညီခြင်းသို့ ပြောင်းလဲနေကြသည်မှာ ဘုန်းကျက်သရေမှဘုန်းကျက်သရေသို့ ဖြစ်ပါသည်၊ သခင်ဘုရား၏ဝိညာဉ်တော်အားဖြင့်ပင် ဖြစ်ပါသည်။

၂ကော ၄း၁–၁၈
၁ - ထို့ကြောင့် ငါတို့သည် ဤအမှုတော်မြတ်ကို လက်ခံရရှိကြကြောင်း တွေ့လျှက်၊ ဂရုဏာတော်ကို ရကြသည်နှင့် အညီ၊ ငါတို့သည် စိတ်မပျက်ကြပါ၊
၂ - သို့သော် မရိုးသားသောအတွင်းသဘောများကို စွန့်ပစ်ကြလျှက်၊ ဥာဏ်နီဥာဏ်နက်များဖြင့် အသက်မရှင်ကြဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလည်း မရိုးမသားမကိုင်တွယ်ကြဘဲ၊ မိမိတို့ကိုယ်ကို၌ အမှန်တရားကို ဖေါ်ထုတ်ကြလျှက်၊ ဘုရားသခင့်ရှေ့တော်မှောက်တွင် လူတိုင်း၏သြတ္တပ္ပစိတ်၌လည်း ဖေါ်ထုတ်ပြသကြပါသည်။
၃ - သို့သော် အကယ်၍ ငါတို့၏ဧဝံဂေလိတရားသည် ဖုန်းကွယ်နေသည်ဆိုလျှင်၊ ပျောက်ဆုံးသောသူတို့ထံ၌သာ ဖုန်းကွယ်ခြင်းဖြစ်ပါမည်။
၄ - ထိုမယုံကြည်သောသူတို့အထဲတွင် ဤလောက၏ဘုရားရှိနေ၍ သူတို့၏စိတ်နှလုံးများကို ကန်းစေပါသည်၊ ထိုသို့မဟုတ်ပါက ဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်သည့် ခရစ်တော်၏ကြီးမြတ်လှသောဧဝံဂေလိအလင်းရောင် သူတို့ထံတွင် တောက်ပစွာလင်းနေမည်စိုး၍ဖြစ်သည်။
၅ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မိမိတို့ကိုယ်ကိုအကြောင်းကို ဟောပြောကြသည် မဟုတ်ပါ၊ သခင်ဖြစ်သော ခရစ်တော်ယေရှုကို ဟောပြောကြခြင်းဖြစ်သည်၊ ထို့အပြင် ယေရှုအတွက်ကြောင့် ငါတို့သည် သင်တို့၏အစေခံများ ဖြစ်ကြပါသည်။
၆ - အဘယ့်ကြောင်ဆိုသော် မှောင်မိုက်ထဲတွင် အလင်းကို တောက်ပရန် အမိန့်ပေးသူ ဘုရားသခင်သည် ငါတို့နှလုံးသားများ၌ တောက်ပစေပြီးဖြစ်သည်၊ ထိုသို့ဖြင့် ယေရှုခရစ်၏ မျက်နှာ၌ရှိသည့် ဘုရားသခင်၏ဘုန်းတော်၏ အသိပညာအလင်းကို ပေးရန်

ဖြစ်သည်။
၇ - သို့သော် ငါတို့သည် ထိုရတနာမြတ်ကို မြေအိုးများဖြင့် ရရှိကြခြင်းဖြစ်သည်၊ ထိုသို့ဖြင့် ထိုစွမ်းအား၏ကြီးမြတ်ခြင်းသည် ငါတို့ထံမှမဟုတ်ဘဲ ဘုရားသခင်ထံမှသာ ဖြစ်ကြောင်း သိသာမည်ဖြစ်သည်။
၈ - ငါတို့သည် ထောင့်တိုင်းတွင် ပြဿနာရှိကြပါသည်၊ သို့သော် စိတ်ဖိစီးမှုတော့ မဖြစ်ကြပါ၊ ငါတို့သည် စိတ်ရှုပ်ကြပါသည်၊ သို့သော် စိတ်ဓါတ်တော့ မပျက်ပြားကြပါ။
၉ - နှိပ်စက်ခြင်းကိုခံကြရသည်၊ သို့သော် စွန့်ပစ်မခံကြရပါ၊ လှဲချခြင်းကိုခံကြရသည်၊ သို့သော် ခြေမှုန်းခြင်းတော့မခံ ကြရပါ။
၁၀ - သခင်ယေရှု၏သေခြင်းကို အမြဲတမ်း ခန္ဓာကိုယ်၌ သယ်ဆောင်ကြပါသည်၊ ထိုသို့ဖြင့် ယေရှု၏အသက်ရှင်ခြင်း သည်လည်း ငါတို့၏ခန္ဓာကိုယ်များတွင် ပေါ်လွင်နေရန် ဖြစ်သည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် အသက်ရှင်နေသောငါတို့သည် ယေရှုအတွက်ကြောင့် သေခြင်းသို့ယူဆောင်ခြင်းကို အမြဲ ခံကြရပါသည်၊ ထိုသို့ဖြင့် ယေရှု၏အသက်ရှင်ခြင်း သည်လည်း ငါတို့၏ သေတတ်သောအသွေးအသားတွင် အမြဲတမ်း ပေါ်လွင်နေမည်ဖြစ်ပါသည်။
၁၂ - ထို့သို့ဖြင့် သေခြင်းသည် ငါတို့အထဲ၌ အမြဲတမ်း အလုပ်လုပ်ပါသည်၊ သို့သော် အသက်ရှင်ခြင်းသည် သင်တို့ အထဲ၌ ဖြစ်ပါသည်။
၁၃ - ငါယုံကြည်သည်၊ ထို့ကြောင့် ယုံကြည်သည့်အတိုင်း ငါပြောသည်ဟု ရေးထားသကဲ့သို့ ငါတို့သည် တူညီသော ယုံကြည်ခြင်း၏ဝိညာဉ် ရှိကြပါသည်၊ ထို့ကြောင့် ငါတို့သည်လည်း ယုံကြည်ကြသည်၊ ထို့ကြောင့် ယုံကြည်သည့်အတိုင်း ပြောဆိုကြသည်။
၁၄ - သခင်ယေရှုကို ထမြောက်စေသူသည် ငါတို့ကိုလည်း ယေရှုအားဖြင့် ထမြောက်စေမည်ဟုသိလျှက်၊ သင်တို့နှင့်အတူ ငါတို့ကို ရှေ့တော်သို့ပို့မည်ဖြစ်သည်။
၁၅ - အဘယ့်ကြောင့်ဆိုသော် အရာအားလုံးသည် သင်တို့အတွက်ဖြစ်သည်၊ ထိုသို့ဖြင့် များပြားလှသောကျေးဇူးတော်သည် လူအများ၏ ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်သို့ တိုးပွားမည်ဖြစ်သည်။
၁၆ - ထိုအတွက်ကြောင့် ငါတို့သည် အားလျှော့စိတ်မပျက်ကြခြင်းဖြစ်သည်၊ သို့သော် ငါတို့၏ အပြင်ဖက်လူသည် ပျက်ဆီးသော်လည်း၊ အတွင်းလူမှာ တနေ့ပြီးတနေ့ သစ်သည်ထက်သစ်လာနေပါသည်။
၁၇ - အဘယ့်ကြောင့်ဆိုသော် ခဏသာကြာသော ငါတို့၏ပေါ့ပါးသောဒုက္ခက ငါတို့ထံတွင် ပို၍ကြီးကျယ်မြင့်မြတ်သော၊ ထာဝရအလေးချိန်ရှိသော ဘုန်းကျက်သရေကို လုပ်ပေးနေပါသည်။
၁၈ - ငါတို့သည် မြင်ရသောအရာများကို ကြည့်မနေကြစဉ်တွင်၊ မမြင်ရသောအရာများကိုသာ ကြည့်မြင်ကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် မြင်ရသောအရာများသည်

ခဏသာတည်ကြပါသည်၊ သို့သော် မမြင်ရသောအရာများသည်သာ ထာဝရတည်ကြပါသည်။

၂ကော ၅း၁–၂၁
၁ - အဘယ့်ကြောင့်ဆိုသော် ငါတို့၏ မြေကြီးနှင့်ဆိုင်သောနေအိမ်ဖြစ်သည့် ဤတဲသည် ပျက်လျှင်၊ ငါတို့၌ ဘုရားသခင်၏အဆောက်အဦတခု ရှိသည်ကို ငါတို့သိကြပါသည်၊ ထိုအိမ်သည် လက်များဖြင့် ဆောက်ထားသည်မဟုတ်၊ ကောင်းကင်ဘုံတွင်ရှိသော ထာဝရအိမ်ဖြစ်ပါသည်။
၂ - ထိုအချက်တွင် ငါတို့သည် ညည်းညူနေကြရပါသည်၊ ကောင်းကင်ဘုံ၌ရှိသော ငါတို့၏အိမ်ဖြင့် လွှမ်းခြုံခြင်းခံရရန် အလွန်စိတ်ထက်သန်နေကြပါသည်။
၃ - ထိုသို့လွှမ်းခြုံခြင်းကိုခံကြရလျှင် ငါတို့သည် အဝတ်အချည်းစည်းရှိကြမည်မဟုတ်ပါ။
၄ - ဤတဲတွင်နေနေရသောငါတို့သည် ပင်ပန်းလှသဖြင့် ညီးညူနေကြရပါသည်၊ လွှမ်းခြုံခြင်းမခံရမည်ကို စိုးရိမ်၍မဟုတ်ပါ၊ လွှမ်းခြုံခံကြရပါမည်၊ ထိုသို့ဖြင့် ပျက်ဆီးယိုယွင်းနိုင်သော အရာသည် အသက်ရှင်ခြင်းထဲမျိုချခြင်း ခံရပါမည်။
၅ - ယခုတွင် ငါတို့ကို ထိုသို့ဖြစ်ရန် ပြုလုပ်ပေးသူသည် ဘုရားသခင်ပင်ဖြစ်ပါသည်၊ သူက ငါတို့ကို ဝိညာဉ်တော်ဆိုသည့် အာမခံကိုလည်း ပေးထားပါသည်။
၆ - ထို့ကြောင့် ကိုယ်ခန္ဓာအိမ်တွင်နေကြစဉ်၊ သခင်ဘုရားထံမှ အဝေးသို့ ရောက်နေကြချိန်တွင် ငါတို့သည် အမြဲတမ်း ယုံကြည်စိတ်ချနေကြပါသည်၊
၇ - (အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းအသက်ရှင်ကြသည်၊ မြင်တွေ့ရခြင်းဖြင့် မဟုတ်ပါ)၊
၈ - ငါတို့သည် ကိုယ်ခန္ဓာမှဝေးကွာလျှက်၊ သခင်ဘုရားနှင့်အတူရှိနေကြရန် ယုံကြည်စိတ်ချရမှုနှင့်လိုချင်ဆန္ဒရှိကြပါသည်။
၉ - ထို့ကြောင့် ငါတို့သည်၊ သူ့ရှေ့မှောက်၌ရှိသည်ဖြစ်စေ၊ သူနှင့်ဝေးကွားရာ၌ ရှိသည်ဖြစ်စေ၊ သူ၏လက်ခံခြင်းကို ခံကြရရန် ကြိုးစားလုပ်ကိုင်နေကြပါသည်။
၁၀ - အဘယ့်ကြောင့်ဆိုသော် ငါတို့အားလုံးသည် ခရစ်တော်၏တရားစီရင်ခြင်းပလ္လင်ရှေ့သို့ ပေါ်လာရကြမည်ဖြစ်သည်၊ အယောက်စီတိုင်း မိမိ၏ကိုယ်ခန္ဓာတွင် လုပ်ခဲ့သည့်အတိုင်း ရကြမည်ဖြစ်သည်၊ သူလုပ်ခဲ့သောအရာများ၏ ကောင်းမြတ်ခြင်း ဆိုးညစ်ခြင်းအတိုင်း ရကြမည်ဖြစ်သည်။
၁၁ - ထို့ကြောင့် သခင်ဘုရား၏ကြောက်ရွံ့စရာကောင်းခြင်းကို သိကြလျှက်၊ ငါတို့သည် လူတို့ကို သွေးဆောင်ကြပါသည်၊ သို့သော် ဘုရားသခင်ထံ၌ ငါတို့သည် ထင်ရှားနေကြသလို၊ သင်တို့၏သြတ္တပ္ပစိတ်များ၌လည်း ထင်ရှားနေပါမည်ဟု ငါယုံကြည်ပါသည်။

၁၂ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မိမိတို့ကိုယ်ကို သင်တို့ထံသို့ ချီးကျူးနေကြသည်မဟုတ်ပါ၊ သို့သော် ငါတို့အတွက် ဂုဏ်ယူနိုင်ကြရန်အခွင့်ကို ပေးနေကြခြင်း ဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့သည်၊ နှလုံးသား၌မဟုတ်ဘဲ အပေါ်ယံသဘော၌သာ ဂုဏ်ယူနေကြသူများထံ အဖြေပေးနိုင်ကြမည်ဖြစ်သည်။
၁၃ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မိမိတို့စိတ်နှင့်ကိုယ် မကပ်နိုင်အောင် ဖြစ်ကြလျှင်၊ ဘုရားသခင်ထံသို့ဖြစ်ကြပါသည်၊ သို့မဟုတ် တည်တည်ငြိမ်ငြိမ်ဖြစ်လျှင် သင်တို့အတွက်ကြောင့်ဖြစ်ပါမည်။
၁၄ - အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏ချစ်ခြင်းက ငါတို့ကို ထိန်းချုပ်ထားပါသည်၊ ထို့ကြောင့် အကယ်၍ တစ်ဦးတစ်ယောက်က အားလုံးအတွက်သေသည်ဆိုလျှင်၊ အားလုံးသေကြမည်ဟု ငါတို့ စီရင်ဆုံးဖြတ်ကြပါသည်။
၁၅ - သူသည် အားလုံးအတွက်သေခဲ့ပါသည်၊ ထိုသို့ဖြင့် အသက်ရှင်သူတို့သည် ယခုမှစ၍ မိမိတို့အတွက်သာ မရှင်ကြတော့ဘဲ၊ သူတို့အတွက်သေပေးသူ၊ ထို့နောက် ပြန်ရှင်လာသူအတွက်သာ ရှင်ကြပါတော့မည်။
၁၆ - ထို့ကြောင့် ယခုမှစ၍ ငါတို့သည် မည်သူ့ကိုမျှ အသွေးအသားအရ မသိကြတော့ပါ၊ မှန်ပါသည်၊ ငါတို့သည် ခရစ်တော်ကို အသွေးအသားအရ သိခဲ့ကြသော်လည်း၊ ယခုမှစ၍ သူ့ကို ငါတို့သည် ထိုသို့မသိကြတော့ပါ။
၁၇ - ထို့ကြောင့် တစ်ဦးတစ်ယောက်သည် ခရစ်တော်၌ရှိလျှင်၊ သူသည် သတ္တဝါသစ်ဖြစ်သည်၊ ဟောင်းသောအရာများသည် ပျောက်သွားကြပြီ၊ ကြည့်ပါ၊ အရာအားလုံးသည် အသစ်ဖြစ်လာကြပြီဖြစ်သည်။
၁၈ - ထို့အပြင် အားလုံးသည် ဘုရားသခင်ကပိုင်သောအရာများဖြစ်သည်၊ သူသည် ငါတို့ကို မိမိကိုယ်ကိုထံ ယေရှုခရစ်အားဖြင့် ပြန်လည်သင့်မြတ်စေခဲ့ပြီဖြစ်သည်။
၁၉ - ဆိုလိုသည်မှာ၊ ဘုရားသခင်သည် ခရစ်တော်၌ရှိနေသည်၊ ကမ္ဘာကြီးကို မိမိထံတော်သို့ ပြန်လည်သင့်မြတ်စေသည်၊ သူတို့၏ကျူးလွန်ခြင်းများကို သူတို့ထံ၌ အမှတ်မထားတော့ပါ၊ ငါတို့ထံသို့ ပြန်လည်သင့်မြတ်စေခြင်းစကားကို အပ်နှံတော်မူပါသည်။
၂၀ - ထို့ကြောင့် ယခုတွင် ငါတို့သည် ခရစ်တော်၏ သံအမတ်များဖြစ်ကြပါသည်၊ သင်တို့ကို ဘုရားသခင်သည် ငါတို့အားဖြင့် တောင်းခံနေသကဲ့သို့ဖြစ်ပါသည်၊ ငါတို့သည် သင်တို့ကို ခရစ်တော်ကိုယ်စား တောင်းဆိုကြပါသည်၊ သင်တို့ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ကြပါ။
၂၁ - အဘယ့်ကြောင့်ဆိုသော် သူသည် အပြစ်ကိုမသိသော သူ့ကို ငါတို့အတွက် အပြစ်ဖြစ်စေပါသည်၊ ထိုသို့ဖြင့် ငါတို့သည် သူ့အားဖြင့် ဘုရားသခင်၏ဖြောင့်မတ်သူများဖြစ်လာစေဖို့ ပြုလုပ်ပေးရန်ဖြစ်သည်။

**၂ကော ၆း၁–၁၈**

၁ - သူနှင့်အတူ လုပ်ဆောင်ကြသောသူများအဖြစ်နှင့် ငါတို့သည် သင်တို့ကို တိုက်တွန်းကြသည်မှာ သင်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အချည်းမဲ့ လက်မခံကြပါနှင့် ဟူ၍ဖြစ်ပါသည်။

၂ - အဘယ့်ကြောင့်ဆိုသော် "ငါသည် သင့်ကို လက်ခံထိုက်သောအချိန်တွင် နားထောင်ပြီ၊ ကယ်တင်ခြင်း၏နေ့ရက်တွင် ငါ သင့်ကို ကူညီစောင်မသည်၊ ကြည့်ပါ၊ ယခုချိန်သည် လက်ခံထိုက်သောအချိန်ဖြစ်သည်၊ ကြည့်ပါ ယခုချိန်သည် ကယ်တင်ခြင်း၏နေ့ ဖြစ်ပါသည်"ဟု သူက ပြောပါသည်။

၃ - မည်သည့်ကိစ္စအတွက်မှ မျက်စိစပါးမွေးစူးစရာ မလုပ်ပါနှင့်၊ ထိုသို့ဖြင့် အမှုတော်ဆောင်ခြင်းသည် အပြစ်တင် မခံရဘဲရှိပါမည်၊

၄ - သို့သော် အရာအားလုံးတွင် ဘုရားသခင်၏အမှုတော်ဆောင်များအဖြစ် မိမိတို့ကိုယ်ကို ပြသကြပါသည်၊ အလွန်သည်းခံခြင်း၌၄င်း၊ ဒုက္ခဝေဒနာများ၌၄င်း၊ လိုအပ်ခြင်းများ၌၄င်း၊ စိတ်ဖိစီးစရာများ၌၄င်း၊

၅ - ကြိမ်ဒဏ်ခံရခြင်းများ၌၄င်း၊ ထောင့်ကျခြင်းများ၌၄င်း၊ ဝရုန်းသုံးကား ဖြစ်ခြင်း၌၄င်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းများ၌၄င်း၊ မအိပ်ဘဲစောင့်နေရခြင်းများ၌၄င်း၊ အငတ်ခံခြင်းများ၌၄င်း၊

၆ - စင်ကြယ်ခြင်းဖြင့်၄င်း၊ အသိပညာဖြင့်၄င်း၊ စိတ်ရှည်ခြင်းနှင့်၄င်း၊ ကြင်နာခြင်းဖြင့်၄င်း၊ သန့်ရှင်းသောဝိညာဉ် တော်အားဖြင့်၄င်း၊ ဟန်မလုပ်သောချစ်ခြင်းဖြင့်၄င်း၊

၇ - အမှန်တရားနတ်ကပတ်တော်ဖြင့်၄င်း၊ ဘုရားသခင်၏တန်ခိုးတော်ဖြင့်၄င်း၊ ညာဖက်နှင့် ဘယ်ဖက်တို့ရှိ ဖြောင့်မတ်ခြင်း၏လက်နက်များဖြင့်၄င်း၊

၈ - ဂုဏ်အသရေရှိခြင်းနှင့်မရှိခြင်းဖြင့်၄င်း၊ နာမည်ကောင်းရခြင်း နာမည်ဆိုးရခြင်းဖြင့်၄င်း၊ လူညာများကဲ့သို့ဖြစ်သော်လည်း မှန်နေကြလျှက်၄င်း၊

၉ - မည်သူမျှမသိသကဲ့သို့ဖြစ်သော်လည်း ကျော်ကြားသူဖြစ်လျှက်၊ ကြည့်ပါ သေတော့မည်သူကဲ့သို့ဖြစ်သော်လည်း ငါတို့အသက်ရှင်ကြပါသည်၊ ဆုံးမခံကြရသောသူများကဲ့သို့ဖြစ်သော်လည်း အသတ်တော့မခံကြရပါ၊

၁၀ - ဝမ်းနည်းသူများကဲ့သို့ဖြစ်သော်လည်း၊ အမြဲဝမ်းမြောက်ကြလျှက်၄င်း၊ ဆင်းရဲသကဲ့သို့ဖြစ်သော်လည်း လူအများကို ချမ်းသာစေကြလျှက်၊ ဘာမှမရှိသလိုနှင့် သို့သော်အားလုံးကို ပိုင်ဆိုင်ကြလျှက် ရှိနေကြပါသည်။

၁၁ - အိုး ကောရင်မြို့သားတို့၊ ငါတို့၏ပါးစပ်များသည် သင်တို့ထံ ဟထားကြပါပြီ၊ ငါတို့နှလုံးသားများလည်း ကျယ် စွာဖွင့်ထားကြပြီဖြစ်သည်။

၁၂ - သင်တို့သည် ငါတို့အားဖြင့် ကန့်သတ်ခြင်းမခံကြရပါ၊ သို့သော် သင်တို့သည် မိမိတို့၏မေတ္တာဂရုဏာဖြင့်သာ ကန့်သတ်ခြင်းကိုခံကြရပါသည်။

၁၃ - ယခုတွင် (ငါသည် မိမိသားသမီးတို့ထံပြောသကဲ့သို့ပြောပါမည်)၊ သင်တို့သည်

လည်း တူညီစွာပြန်လည်ကျေးဇူးဆပ်ဖို့ရာ မိမိတို့နှလုံးသားများကို ကျယ်စွာဖွင့်ထားကြပါ။
၁၄ - သင်တို့သည် မယုံကြည်သူတို့နှင့်အတူ မတူညီသောထမ်းပိုးကို မထမ်းကြနှင့်၊ အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်ခြင်းသည် မဖြောင့်မတ်ခြင်းနှင့်အတူ မည်သည့်မိတ်သဟာယကို ဖွဲ့နိုင်မည်နည်း?
၁၅ - ထို့အပြင် ခရစ်တော်သည် ဗာလနတ်နှင့်မည်သို့ သင့်မြတ်နိုင်မည်နည်း? (သို့) ယုံကြည်သောသူသည် မယုံကြည်သူနှင့် မည်သည့်ဝေစုကို ရနိုင်မည်နည်း?
၁၆ - ထို့အပြင် ဘုရားသခင်၏ဗိမ္ဗာန်တော်နှင့် ရုပ်တုများကြား မည်သည့်သဘောတူညီမှုကို ပြုနိုင်မည်နည်း? သင်တို့သည် ဘုရားသခင်၏ဗိမ္ဗာန်တော်ဖြစ်ကြသည်၊ ဘုရားသခင်က "ငါ သူတို့ထဲတွင် နေမည်၊ သူတို့ကြားတွင် သွားလာမည်၊ ငါသည် သူတို့ဘုရား ဖြစ်မည်၊ သူတို့သည် ငါ့လူ များဖြစ်ကြမည်"ဟု ပြောတော်မူပါသည်။
၁၇ - ထို့ကြောင့် သူတို့ကြားထဲမှ ထွက်လာခဲ့ကြပါ၊ ထို့နောက် သင်တို့ သီးသန့်နေကြပါ၊ "မသန့်ရှင်းသောအရာကို မတို့နှင့်၊ ငါ သင့်ကို လက်ခံမည်"ဟု သခင်ဘုရားက ပြောပါသည်၊
၁၈ - "ထို့အပြင် ငါသည် သင်တို့ထံတွင် ဖခင်ဖြစ်မည်၊ သင်တို့သည် ငါ့သားများ သမီးများဖြစ်ကြမည်"ဟု အနန္တတန်ခိုးတော်ရှင်ဘုရားသခင်က ပြောတော်မူပါသည်။

၂ကော ၇း၁–၁၂
၁ - ထို့ကြောင့် အလွန်မြတ်နိုးစွာချစ်ရသောသူတို့ ငါတို့သည် ထိုကတိတော်များကို ရရှိကြသဖြင့် မိမိတို့ကိုယ်ကို အသွေးအသားနှင့်ဝိညာဉ်၏ အညစ်အကြေးအားလုံးမှနေ၍ သန့်ရှင်းစေကြပါမည်၊ ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းဖြင့် သန့်ရှင်းခြင်း၌ ပြည့်စုံကြပါမည်။
၂ - ငါတို့ကို လက်ခံကြပါ၊ ငါတို့သည် မည်သူ့ကိုမှ မမှားစေကြပါ၊ ငါတို့သည် မည်သူ့ကိုမှ မပျက်စီးစေကြပါ၊ ငါတို့သည် မည်သူ့ကိုမှ မလှည့်ဖြားကြပါ။
၃ - သင်တို့ကို ရှုတ်ချဖို့ ထိုသို့ငါပြောသည် မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ယခင်က ငါပြောခဲ့သလို၊ သင်တို့နှင့်အတူ သေဖို့၊ အသက်ရှင်ဖို့ သင်တို့သည် ငါတို့နှလုံးသားများထဲတွင် ရှိကြပါသည်။
၄ - သင်တို့ထံသို့ဆိုလျှင် ငါ၏စကားပြောချက်သည် ရဲရင့်လှပါသည်၊ သင်တို့ကို ငါချီးမြှောက်ခြင်းသည် ကြီးမားလှပါသည်၊ ငါသည် နှစ်သိမ့်ခြင်းနှင့်ပြည့်နေပါသည်၊ ငါတို့ခံရသော ဘေးဒုက္ခအားလုံးတွင် ငါသည် အတိုင်းထက်အလွန် ဝမ်းမြောက်လျက်ရှိပါသည်။
၅ - အဘယ့်ကြောင့်ဆိုသော် ငါတို့ မက်စီဒိုးနီးယားနိုင်ငံသို့ လာကြသောအခါ၊ ငါတို့၏အသွေးအသားများသည် အနားမရကြပါ၊ ထို့အပြင် အဖက်ဖက်မှဒုက္ခများသည်

ရောက်လာနေကြပါသည်၊ အပြင်ဖက်မှ တိုက်ခိုက်ခြင်းများ၊ အတွင်းဖက်တွင်မူ ကြောက်ရွံ့မှုများဖြင့် ပြည့်နေပါသည်။
၆ - သို့သော် အနိမ့်ခံများကိုနှစ်သိမ့်ခြင်းပေးသော ဘုရားသခင်က တိုက်တပ်စ်ကို ရောက်လာစေခြင်းဖြင့် ငါတို့ကို နှစ်သိမ့်စေပါသည်၊
၇ - သူရောက်လာခြင်းကြောင့်သာမဟုတ်ပါ၊ သင့်တို့ထံတွင် သူရခဲ့သော နှစ်သိမ့်မှုကြောင့်လည်း ဖြစ်ပါသည်၊ သူက သင်တို့၏စိတ်အားထက်သန်စွာလိုချင်မှု၊ သင်တို့၏ ညီတွားနေရမှု၊ ငါ့ထံသို့ထားကြသော သင်တို့၏ပြင်းထန်သောစိတ်ဓါတ် စသည်တို့ကို ပြောပြသောအခါ၊ ငါသည် ပို၍ဝမ်းမြောက်ရပါသည်။
၈ - ငါသည် သင်တို့ကို စာတဆောင်ဖြင့် ဝမ်းနည်းစေသော်လည်း၊ နောင်တရခဲ့သော်လည်း ယခုတွင် ငါနောင်တမရတော့ပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုစာက သင်တို့ကို ဝမ်းနည်းစေသော်လည်း၊ ခဏသာဖြစ်ပါသည်။
၉ - ယခုတွင် ငါဝမ်းမြောက်ပါသည်၊ သင်တို့ကို ဝမ်းနည်းစေသောကြောင့်မဟုတ်ပါ၊ သင်တို့သည် နောင်တရခြင်းသို့ ဝမ်းနည်းကြသောကြောင့်ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့ကို ဘုရားသခင်အားကြောက်ရိုသေခြင်းပုံစံနှင့် ဝမ်းနည်းစေသောကြောင့်ဖြစ်ပါသည်၊ ထိုသို့ဖြင့် သင်တို့သည် ငါတို့အားဖြင့် မည်သည့်ပျက်စီးခြင်းကိုမှ မရကြသောကြောင့်ဖြစ်သည်။
၁၀ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်အားကြောက်ရွံ့ရိုသေသော ဝမ်းနည်းခြင်းက ကယ်တင်ခြင်းရစေသောနောင်တရခြင်းကို ဖြစ်စေပါသည်၊ သို့သော် ဤကမ္ဘာကြီး၏ဝမ်းခြင်းကမူ သေခြင်းကို ဖြစ်စေပါသည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် ကြည့်ပါ သင်တို့ကို ဘုရားသခင်အား ကြောက်ရွံ့ရိုသေခြင်းနှင့်ညီသော ဝမ်းနည်းခြင်းကိုဖြစ်စေသည့် ဤအရာက သင်တို့ထံတွင် မည်သည့် ဂရုတ စိုက်ဖြစ်မှုကို ဖြစ်စေပါသနည်း! မှန်သည်၊ မည်သို့သော မိမိတို့ကိုယ်ကို အမြင်ကြည်လင်စေခြင်းကို ဖြစ်စေပါသနည်း! မှန်ပါသည်၊ မည်သည့် နာကြည်းမှုကို ဖြစ်စေသနည်း! မှန်ပါသည်၊ မည်သည့်ကြောက်ရွံ့မှုမျိုးနည်း! မှန်ပါသည်၊ မည်သည့် ပြင်းထန်သောစိတ်ဆန္ဒကိုဖြစ်စေပါသနည်း! မှန်ပါသည်၊ မည်သည့် စိတ်အားထက်သန်မှုဖြစ်စေသနည်း! မှန်ပါသည်၊ မည်သည့် လက်စားခြေမှုဖြစ်စေသနည်း! အရာခပ်သိမ်းတွင် သင်တို့သည် မိမိတို့ကိုယ်ကို ဤအမှု၌ ကင်းရှင်းစေကြပါသည်။
၁၂ - ထို့ကြောင့် သင်တို့ထံ ငါရေးနေသော်လည်း၊ အမှားကိုကျူးလွန်သူအတွက် ငါရေးသည်မဟုတ်ပါ၊ နစ်နာသူအတွက်လည်းမဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သင်တို့ကို ဘုရားသခင့်မျက်မှောက်တွင် ငါတို့ မည်မျှဂရုစိုက်ကြသည်ကို ထင်ရှားရန် ရေးသားခြင်းဖြစ်ပါသည်။
၁၃ - ထို့ကြောင့် ငါတို့သည် သင်တို့၏နှစ်သိမ့်ခြင်းတွင် နှစ်သိမ့်မှုရကြပါသည်၊ မှန်ပါသည်၊ ထို့အပြင် တိုက်တပ်စ်၏ဝမ်းမြောက်မှုကြောင့် ငါတို့သည် ပို၍အတိုင်းထက် အ

လွန် ဝမ်းမြောက်ကြရပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ၏ဝိညာဉ်သည် သင်တို့ကြောင့် လန်းဆန်းသွားခဲ့ပါသည်။
၁၄ - ငါသည် သူ့ထံတွင် သင်တို့အတွက် တစုံတခုကြောင့် ဝါကြွားခဲ့သည်မှန်လျှင်၊ ငါရှက်မည်မဟုတ်ပါ၊ သို့သော် ငါတို့သည် အားလုံးကို အမှန်အတိုင်း သင်တို့ထံ ပြောသလို၊ ငါတို့၏ဝါကြွားခြင်းလည်းဖြစ်ပါသည်၊ တိုက်တပ်စ်ရှေ့တွင် အမှန်တရားအတိုင်းပင်ဖြစ်ပါသည်။
၁၅ - ထို့အပြင် သင်တို့က သူ့ကို မည်သို့သော ကြောက်ရွံ့မှု၊ တုန်လှုပ်မှုဖြင့် လက်ခံကြကြောင်း၊ သင်တို့အားလုံး၏ နာခံမှုကို သူသတိရလျှက်၊ သူ၏အတွင်းစိတ်မှ ချစ်ခြင်းသည် သင်တို့ထံသို့ ပို၍များပြားလာလျှက်ရှိပါသည်။
၁၆ - ထို့ကြောင့် ငါသည် သင်တို့ထံ၌ အာရာအားလုံးအတွက် ယုံကြည်စိတ်ချလျှက်ဝမ်းမြောက်နေပါသည်။

**၂ကော ၈း၁–၂၄**

၁ - ထို့အပြင် ညီအကိုတို့၊ မက်စီဒိုးနီးယားနိုင်ငံရှိ အသင်းတော်များအပေါ် ဘုရားသခင်ချပေးတော်မူသော ကျေးဇူးတော်အား ငါတို့ သင်တို့ကို သိစေချင်ပါသည်။
၂ - သူတို့သည် ကြီးစွာသောဒုက္ခဆင်းရဲခြင်းများကို ခံကြရခြင်းများတွင် သူတို့၏ ဝမ်းမြောက်ခြင်းသည် အလျှံအပယ် ရှိနေပါသည်၊ ထို့အပြင် သူတို့၏ နက်ရှိုင်းသော ဆင်းရဲခြင်းမှနေ၍ လွတ်လပ်စွာပေးကမ်းခြင်းတွင် ကြွယ်ဝနေကြပါသည်။
၃ - အဘယ့်ကြောင့်ဆိုသော် သူတို့သည် မိမိတို့၏စွမ်းအားထက်ပို၍ပင် မိမိတို့ကိုယ်ကို ပေကမ်းရန် လိုချင်ဆန္ဒရှိကြသည်ကို ငါ သက်သေခံပါသည်။
၄ - ငါတို့က သူတို့၏ လက်ဆောင်ကို လက်ခံကြမည်အကြောင်းအနူးအညွတ်တောင်းပန်ကြလျှက်၊ သန့်ရှင်းသူတို့အားပြုစုစောင့်ရှောက်ခြင်းမိတ်သဟာယကို ငါတို့ထံသို့ ပေးအပ်ကြပါသည်။
၅ - ထို့အပြင် ထိုသို့ပြုစုကြခြင်းကို ငါတို့မျှော်လင့်ထားသကဲ့သို့ ပြုကြသည်မဟုတ်၊ သို့သော် ပထမ သူတို့ကိုယ်သူတို့ သခင်ဘုရားထံ ပေးအပ်ကြလျှက်၊ ထို့နောက် ဘုရားသခင်၏ အလိုတော်အားဖြင့် ငါတို့ကိုထံ အပ်နှံကြခြင်းဖြစ်သည်။
၆ - ထို့ကြောင့် သင်တို့ကြားတွင် စတင်လုပ်ကိုင်ခဲ့ပြီးဖြစ်သည်နှင့်အညီ၊ တိုက်တပ်စ်သည် ထိုတူညီသော ကျေးဇူးတော်ကို သင်တို့ထံ၌ ပြီးဆုံးအောင် လုပ်ဆောင်ဖို့ ငါတို့သူ့ကို တိုက်တွန်းကြပါသည်။
၇ - ထို့ကြောင့် သင်တို့သည် အရာအားလုံး၌အလျှံအပယ် ရှိကြသည်နှင့်အညီ၊ ယုံကြည်ခြင်း၌၄င်း၊ နုတ်ကပတ်တော်၌၄င်း၊ အသိပညာ၌၄င်း၊ လုံးလဝီရိယရှိခြင်း အားလုံး၌၄င်း၊ ငါတို့ထံထားသော သင်တို့၏ချစ်ခြင်း၌၄င်း သင်တို့သည် ထိုတူညီသော ကျေးဇူးတော်၌လည်း အလျှံအပယ်ရှိကြရန် သတိပြုကြပါ။

၈ - ငါသည် အမိန့်ပေးသလို ပြောသည်မဟုတ်ပါ၊ သို့သော် အခြားသူများ၏ လုံးလဝီရိယရှိခြင်းကို အကြောင်းပြု၍ သင်တို့ချစ်ခြင်း၏ရိုးသားမှုကို သက်သေပြနိုင်ရန်ဖြစ်သည်။

၉ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ ကျေးဇူးတော်ကို သိကြပါသည်၊ သူသည် ချမ်းသာသော်လည်း သင်တို့အတွက်ကြောင့် ဆင်းရဲသူ ဖြစ်လာခဲ့ပါသည်၊ သူ၏ဆင်းရဲခြင်းဖြင့် သင်တို့ ချမ်းသာကြရန်ဖြစ်သည်။

၁၀ - ဤနေရာတွင် ငါ၏အကြံပေးပါမည်၊ တနှစ်ခန့်ကပင် သင်တို့ပြုခဲ့သည်သာမက၊ သိတတ်ခြင်းဖြင့် စတင်ပြုခဲ့သည့်အရာကို ဆက်လုပ်ခြင်းသည် အလွန်ကောင်းလှပါသည်။

၁၁ - ထို့ကြောင့် ယခုတွင် ထိုအရာကိုဆက်လုပ်ကြပါ၊ လိုချင်ဆန္ဒရှိမှုသည် အဆင့်သင့်ရှိနေသဖြင့် သင်တို့၌ရှိသောအရာနှင့်လက်တွေ့လုပ်ဆောင်ခြင်း ပေါ်ထွက်လာပါမည်။

၁၂ - အဘယ့်ကြောင့်ဆိုသော် လိုချင်သောစိတ်ရှိလျှင်၊ လူတဦးထံတွင်ရှိသည့်အရာသည် လက်ခံဖွယ်ဖြစ်သည်၊ သူထံ၌မရှိသောအရာနှင့် ပြုစရာမလိုအပ်ပါ။

၁၃ - ငါဆိုလိုသည်မှာ အခြားသူတို့ သက်သာစေ၊ သင်တို့သာ ပင်ပန်းဝန်ထုတ်ကြီးစေဟု ပြောနေခြင်းမဟုတ်ပါ၊

၁၄ - သို့သော် ညီမျှစွာနှင့်ပြောခြင်းဖြစ်သည်၊ ယခုတွင် သင်တို့၏ အလျှံအပယ်ရှိခြင်းသည်၊ သူတို့လိုအပ်နေချိန်တွင် ပံ့ပိုးနိုင်ဖို့ဖြစ်လာသည်၊ ထို့အတူ သူတို့၏အလျှံအပယ်ဖြစ်ခြင်းသည်လည်း သင်တို့လိုအပ်သည့်အခါ ပံ့ပိုးနိုင်ဖို့ ဖြစ်ကောင်းဖြစ်လာပါမည်၊ ထိုသို့ဖြင့် ညီမျှနေပါသည်။

၁၅ - များများစုသိမ်းသူထံတွင် များများမကျန်ပါ၊ အနည်းငယ်သာ စုသိမ်းသူလည်း လိုအပ်ချက်မရှိပါဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။

၁၆ - သို့သော် ထိုသို့သော တူညီသည့် စိတ်အားထက်သန်စွာဂရုစိုက်မှုကို သင်တို့အတွက် တိုက်တပ်စ်၏နှလုံးသားတွင်ထားပေးသူ ဘုရားသခင်ကို ကျေးဇူးတင်ရပါသည်။

၁၇ - အဘယ့်ကြောင့်ဆိုသော် သူသည် တကယ်ပင် တိုက်တွန်းခြင်းကို လက်ခံရပါသည်၊ သို့သော် ထို့ထက်ပင်သိတတ်လျက်၊ မိမိအလိုဆန္ဒအတိုင်း သင်တို့ထံ သူထွက်သွားပါသည်။

၁၈ - သူနှင့်အတူ ဧဝံဂေလိတရားဟောခြင်း၌ အသင်းတော်များအကြား ချီးမွမ်းခံရသော ညီအကိုတဦးကို ငါတို့အတူလွှတ်လိုက်ကြပါသည်၊

၁၉ - ထို့ထက်ပင်မကပါ၊ သူ့ကို ဤကျေးဇူးပြုခြင်းရည်ရွယ်ချက်အတွက် ငါတို့နှင့်အတူ ခရီးသွားလာရန် အသင်းတော်များကလည်း ရွေးချယ်ကြပါသည်၊ ထိုသို့ဖြင့် ငါတို့သည် ထိုသခင်၏ဘုန်းကျက်သရေအတွက် လုပ်ကျွေးကူညီခြင်းကို ပြုကြပါသည်၊ သင်တို့၏ အဆင်သင့်ရှိသောစိတ်သဘောထားကိုလည်း ကြေညာကြပါသည်၊

၂၀ - မည်သူကမှ ငါတို့အားဖြင့်လုပ်ကျွေးပြုစုသည့် ဤအလျှံအပယ်ရှိခြင်းကို အပြစ်မ

တင်နိုင်ခြင်းငှာ ငါတို့ ရှောင်ရှားကြပါသည်၊
၂၁ - ရိုးသားဖြောင့်မတ်သောအရာများကိုသာ ဘုရားရှေ့တွင်သာမက လူအများရှေ့တွင်လည်း ကြံစည်ပြုလုပ်ကြပါသည်။
၂၂ - သူတို့နှင့်အတူ ငါတို့ညီကို စေလွှတ်ပါသည်၊ ထိုသူသည် အကြိမ်မြောက်များစွာ ဇွဲလုံ့လဝီရိယရှိသူဟု သက်သေရပြီးသူဖြစ်သည်၊ သို့သော် ယခုတွင် သင်တို့အပေါ် ငါထားသည့် ကြီးလှသောယုံကြည်စိတ်ချခြင်းအတွက် သူသည် ပိုမိုသောလုံ့လဝီရိယကို ပြုပါသည်။
၂၃ - တိုက်တပ်စ်သည် မည်သို့သောသူဖြစ်သည်ကို မေးမြန်းသူရှိလျှင်၊ သူသည် ငါတို့၏လုပ်ကိုင်ဖက်ဖြစ်သည်၊ သင်တို့နှင့်ပတ်သက်၍ အတူတကွအကူအညီပေးသူဖြစ်သည်၊ (သို့) အခြားသောညီအကိုတို့အကြောင်းကို မေးမြန်းသူရှိလျှင်၊ သူတို့သည် အသင်းတော်များ၏တမန်များဖြစ်ကြသည်၊ ခရစ်တော်၏ဘုန်းကျက်သရေလည်းဖြစ်ကြပါသည်။
၂၄ - ထို့ကြောင့် သင်တို့ မိမိကိုယ်ကို သူတို့ထံ ပြသကြပါ၊ အသင်းတော်များသို့ ပြသကြပါ၊ သင်တို့၏ချစ်ခြင်းကို သက်သေပြကြပါ၊ သင်တို့နှင့်ပတ်သက်၍ ငါတို့၏ကြွားဝါခြင်းကို သက်သေပြကြပါ။

**၂ကော ၉း၁–၁၅**

၁ - သန့်ရှင်းသူများကို ပြုစုစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ ရေးသားဖို့ရန် ငါ့အတွက် မလိုအပ်သောအရာဖြစ်ပါသည်၊
၂ - အဘယ့်ကြောင့်ဆိုသော် သင်တို့၏အဆင်သင့်ရှိသောစိတ်သဘောကို ငါသိပါသည်၊ ထို့အတွက်ကြောင့် ငါသည် မက်စီဒိုးနီးယားနိုင်ငံသားတို့ရှေ့တွင် အမြဲ ကြွားနေရသည်၊ အာခါယနိုင်ငံသားတို့သည် တနှစ်ခန့်ကထဲက အဆင်သင့်ရှိနေကြပြီဟု ငါပြောလေ့ရှိသည်၊ သင်တို့၏ စိတ်အားထက်သန်မှုက လူအများကို နိုးထစေပါသည်။
၃ - သို့သော် ငါ ညီအကိုတစုကို လွှတ်လိုက်ပါသည်၊ သို့မဟုတ်ပါက သင်တို့အတွက် ငါတို့၏ဝါကြွားခြင်း အချည်းနှီးဖြစ်မည်စိုးရပါသည်၊ ငါပြောခဲ့သလို၊ သင်တို့ အဆင်သင့်ဖြစ်နေကြပါမည်၊
၄ - သို့မဟုတ် မက်စီဒိုးနီးယားနိုင်ငံသားတို့ ငါနှင့်အတူလိုက်လာကြ၍ သင်တို့ အဆင်သင့်မဖြစ်ကြသည်ကိုမြင်လျှင် သူတို့ပျော်နေပါဦးမည်၊ သင်တို့အပေါ်စိတ်ချလျှက်ကြွားဝါနေကြသောငါတို့သည်(သင်တို့လည်းအပါ)အရှက်ကြမည် စိုးရပါသည်။
၅ - ထို့ကြောင့် ညီအကိုများကို နှိုးစော်တိုက်တွန်းခြင်းသည် လိုအပ်မည်ဟု ငါတွေးလျှက်၊ သူတို့သည် သင်တို့ထံ ကြို တင်သွားကြကာ ကြိုတင်၍သင်တို့၏ရက်ရောမှုကို ကြိုတင်ပြင်ဆင်ကြပါမည်၊ ရက်ရောမှုဖြစ်သည် လောဘကြီးမှုမဟုတ်ပါ။
၆ - ဤအချက်ကိုငါပြောပါမည်၊ ချွေတာစွာ စိုက်ပျိုးသူသည် ချွေတာစွာ ရိတ်သိမ်းရ

မည်၊ အလှူအပယ်စိုက်ပျိုးသူ သည် အလှူအပယ်ကို ရိတ်သိမ်းရပါမည်။
၇ - လူတိုင်း သူ၏နှလုံးသားမှရည်ရွယ်သည်အတိုင်း ပေးပါစေ၊ နှမြောတွန့်တိုသော စိတ်နှင့်မပေးရ၊ (သို့) မဖြစ်မနေ ပေးရမည်ဆိုသောကြောင့် မပေးရ၊ အဘယ့်ကြောင့် ဆိုသော် ဘုရားသခင်သည် စိတ်ကြည်နူးစွာပေးသူကို ချစ်တော်မူသည်။
၈ - ထို့အပြင် ဘုရားသခင်သည် အားလုံးသောကျေးဇူးတော်များကို သင်တို့ထံ ပေါများစေနိုင်ပါသည်၊ ထိုသို့ဖြင့် သင်တို့သည် အရာအားလုံး၌ လုံလုံလောက်လောက် ရှိနိုင်ကြပါမည်၊ ကောင်းသောအလုပ်အားလုံး၌ တိုးတက်နိုင်ကြပါမည်။
၉ - ("ကျယ်ပြန့်စွာ ဖြန့်သူ၏၊ ဆင်းရဲသူများကို ပေးကမ်းသူ၏ ဖြောင့်မတ်ခြင်းသည် ထာဝရတည်မြဲမည်"ဟု ရေးထားသကဲ့သို့ဖြစ်ပါသည်။
၁၀ - ယခုတွင် စိုက်ပျိုးသူအတွက် မျိုးစေ့ကို ပံ့ပိုးပေးသူ ဘုရားသခင်သည် သင်တို့ကို အစားအစာနှင့် သင်တို့စိုက် ပျိုးသောမျိုးစေ့ နှစ်မျိုးစလုံးကို တိုးပွားစေတော်မူမည်၊ ထို့အပြင် သင်တို့၏ဖြောင့်မတ်ခြင်းအသီးအပွင့်များကိုလည်း ပွားများစေတော်မူမည်၊)
၁၁ - အရာခပ်သိမ်း၌ အားလုံးသောပေါ်များလှခြင်းသို့ ကြွယ်ဝစေခြင်းကို ခံကြရသည်နှင့်အညီ ငါတို့အားဖြင့် ဘုရားသခင်အားကျေးဇူးတင်ရခြင်းကို ဖြစ်စေပါသည်။
၁၂ - အဘယ့်ကြောင့်ဆိုသော် ဤကူညီစောင်မခြင်းက သန့်ရှင်းသူတို့၏ လိုအပ်မှုကို သာ ဖြည့်စည်းပေးသည် မဟုတ်၊ လူအများက ဘုရားသခင်ထံ မြောက်များစွာ ကျေးဇူးတင်ခြင်းကိုလည်း ဖြစ်စေပါသည်။
၁၃ - ဤကူညီစောင်မခြင်းကို လက်တွေ့ခံစားကြစဉ်တွင် သင်တို့၏ ခရစ်တော်၏ ဧဝံဂေလိတရားအား နာခံခြင်းအတွက် သူတို့သည် ဘုရားသခင်ကိုဂုဏ်တော်ချီးမွမ်းကြပါသည်၊ ထို့အပြင် သူတို့ထံနှင့်လူအားလုံးတို့ထံ သင်တို့၏ ရက်ရောစွာပေးကမ်းခြင်း အတွက်လည်းဖြစ်ပါသည်။
၁၄ - သင်တို့အဖို့ သူတို့သည် ဆုတောင်းကြလျှက်၊ သင်တို့၌ရှိသော ဘုရားသခင်၏ ကြီးမားလှသောကျေးဇူးတော်အတွက် သင်တို့ကို ချစ်မြတ်နိုးကြပါသည်။
၁၅ - သူ၏ နှုတ်ဖြင့်ပြော၍ပင် မဖြစ်နိုင်သောလက်ဆောင်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။

၂ကော ၁၀း၁–၁၈
၁ - သင်တို့ရှေ့၌ နိမ့်ချသူ၊ သို့သော် သင်တို့မရှိရာ၌ သင်တို့ဆီသို့ ရဲရင့်သောသူ ငါ ပေါလုကိုယ်တိုင်က သင်တို့ကို ခရစ်တော်၏သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့် တိုက်တွန်းပါသည်။
၂ - ငါလာသောအခါ ငါသည် ငါမျှော်မှန်းသလောက် ရဲရင့်မည်မဟုတ်ဟု သင်တို့ကို တောင်းပန်ပါသည်၊ ငါတို့သည် ဤကမ္ဘာကြီး၏စံနှုန်းများတိုင်း အသက်ရှင်ကြသည်ဟု ထင်နေကြသည့်အချို့သောသူတို့ထံသို့ဖြစ်သည်။

၃ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အသွေးအသားဖြင့် အသက်ရှင်နေကြသော်လည်း၊ ငါတို့သည် အသွေးအသားဖြင့် စစ်တိုက်ကြသည်မဟုတ်ပါ၊
(၄ - ငါတို့တိုက်နေသောစစ်ပွဲ၌ သုံးသောလက်နက်များသည် အသွေးအသားနှင့်မဆိုင်ပါ၊ သို့သော် ဘုရားသခင်အားဖြင့် အားကြီးသောလက်နက်များဖြစ်ကြသည်၊ ခိုင်ခန့်သော ခံတပ်ကြီးများကို ဖြိုချနိုင်သောလက်နက်များဖြစ်သည်၊)
၅ - အတွေးအခေါ်များကို ကျရှုံးစေသော၊ ထို့အပြင် ဘုရားသခင်၏အသိပညာကို ဆန့်ကျင်ကြလျှက် မိမိတို့ဘာသာ ချီးမြှောက်ကြသည့် မြင့်သောအရာအားလုံးကို ကျရှုံးစေသော၊ အတွေးရှိသမျှကို ခရစ်တော်အားနာခံခြင်းသို့ ခေါ်ဆောင်သော လက်နက်ဖြစ်သည်။
၆ - ထို့အပြင် သင်တို့၏နာခံခြင်းပြည့်စုံချိန်တွင် မနာခံခြင်းရှိသမျှကို လက်စားခြေရန် အဆင်သင့်ရှိလျှက်နေပါ ည်။
၇ - သင်တို့သည် အရာခပ်သိမ်းကို အပေါ်ယံမြင်ရသည့်အတိုင်းသာ ကြည့်နေကြပါသလော? အကယ်၍ တစုံတဦးက သူသည် ခရစ်တော်၏လူဖြစ်သည်ဟု စိတ်ချနေပါလျှင် ဤအချက်ကို သူသည် တခါပြန်စဉ်းစားကြည့်ပါစေ၊ သူသည် ခရစ်တော်၏လူဖြစ်သလို၊ ငါတို့သည်လည်း ခရစ်တော်၏လူများ ဖြစ်ကြသည်မဟုတ်လော?
၈ - ငါသည် ငါတို့၏သြဇာအာဏာနှင့်ပတ်သက်၍ ပို၍ကြွားဝါလျှင်လည်း၊ ၄င်းကို သင်တို့၏ပျက်စီးခြင်းအတွက် မဟုတ်၊ သခင်ဘုရားသည် ငါတို့ကို သူတပါးအားမြှင့်တင်ပေးဖို့ရန်သာ ပေးထားခြင်းဖြစ်၍၊ ငါသည် မရှက်သင့်ပါ။
၉ - သင်တို့ကို စာများဖြင့် ကြောက်လန့်စေသလိုမျိုးလည်း မဖြစ်စေချင်ပါ။
၁၀ - အဘယ့်ကြောင့်ဆိုသော် သူ၏စာများသည် လေးနက်၍စွမ်းအားရှိကြသည်၊ သို့သော် သူ၏သွင်ပြင်လက္ခဏာမှာ အားနည်းလှသည်၊ သူ၏စကားပြောဟန်သည်လည်း အထင်သေးစရာကောင်းလှသည်ဟု သူတို့က ပြောတတ်ကြပါသည်။
၁၁ - ထိုသို့ပြောသူသည် ဤအချက်ကိုလည်းတွေးပါစေ၊ ငါတို့သည် မျက်မှောက်တွင် မရှိကြသည့်အခါ၊ စာများ၌ပါသောစကားများဖြင့် ထိုသို့ဖြစ်သလို၊ မျက်မှောက်ရှိကြသောအခါ၌လည်း ထိုသို့ပင်ဖြစ်ကြပါမည်။
၁၂ - ငါတို့သည် မိမိတို့ကိုယ်ကိုချီးကျူးကြသူများနှင့် တအုပ်စုတည်းဖြစ်မည်ကို မလိုချင်ကြပါ၊ (သို့) ထိုသူတို့နှင့်လည်း မိမိတို့ကိုယ်ကို မနှိုင်းယှဉ်ချင်ကြပါ၊ ထိုသို့သောသူတို့သည် မိမိတို့ကိုယ်ကိုမိမိတို့သာ တိုင်းတာကြပါသည်၊ သူတို့ကိုယ်ကိုသူတို့ကြား၌သာ နှိုင်းယှဉ်ကြပါသည်၊ ထိုသို့သောသူတို့သည် ပညာရှိများမဟုတ်ကြပါ။
၁၃ - သို့သော် ငါတို့သည် မိမိတို့၏တိုင်းတာမှုဖြင့် အပြင်ဖက်မှအကြောင်းအရာများအတွက် မကြွားကြပါ၊ ဘုရားသခင်က ငါတို့ထံပေးထားသော စည်းမျည်းဖြင့်သာ တိုင်းတာကြပါသည်၊ ထိုတိုင်းတာခြင်းသည် သင်တို့ထံသို့တိုင်အောင် ရောက်လာပါသည်။
၁၄ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သင်တို့ထံသို့မရောက်နိုင်သကဲ့သို့ မိမိတို့၏

အကန့်အသတ်ထက်ကျော်လွန်၍ မိမိတို့ကိုယ်ကို မဆန့်ထုတ်ကြပါ၊ ငါတို့သည် သင်တို့ထံသို့လည်း ခရစ်တော်၏ဧဝံဂေလိတရားကိုဟောကြားလျှက် ရောက်အောင်လာကြခြင်းဖြစ်သည်။
၁၅ - ငါတို့၏အကန့်အသတ်ထက်ကျော်လွန်၍ အပြင်ဖက်အကြောင်းအရာများ၌ မကြွားဝါကြပါ၊ ဆိုလိုသည်မှာ၊ အခြားလူများ၏လုပ်ကိုင်ခြင်းများ၌ဖြစ်သည်၊ သို့သော် မျှော်လင့်ခြင်းရှိလျှက်၊ သင်တို့၏ယုံကြည်ခြင်းတိုးတက်လာ သည်နှင့်အညီ ငါတို့၏နယ်သည် ငါတို့၏စည်းမျည်းအရ သင်တို့အားဖြင့် အလွန်ကျယ်ပြန့်လာမည်ဖြစ်သည်၊
၁၆ - သင်တို့နယ်ကိုလွန်လျှက် ဧဝံဂေလိဟောကြားရန်ဖြစ်သည်၊ အခြားသူ လုပ်ကိုင်သော နယ်နိမိတ်လိုင်းကို ငါတို့အတွက်အဆင်သင့်ဖြစ်သလို မကြွားကြပါ။
၁၇ - သို့သော် ဝါကြွားသူသည် သခင်ဘုရားအားဖြင့်သာ ကြွားပါစေ။
၁၈ - အဘယ့်ကြောင့်ဆိုသော် မိမိကိုယ်ကို ချီးကျူးသည် အတည်ပြုခံရမည်မဟုတ်၊ သို့သော် သခင်ဘုရား၏ချီးကျူးခံရသူသာ အတည်ပြုခြင်းခံရပါမည်။

## ၂ကော ၁၁း၁–၃၃

၁ - သင်တို့ ငါ၏မိုက်မဲခြင်းကို ခဏတာသည်းခံကြပါ၊ အမှန်ပင် ငါ့ကိုသည်းခံကြပါ။
၂ - အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့အပေါ် ဘုရားတရားရိုသေခြင်း၌ သဝန်တိုပါသည်၊ ငါသည် သင်တို့ကို ခင်ပွန်းတဦးနှင့်ထိန်းမြားစေခဲ့ပြီဖြစ်သည်၊ ထိုသို့ဖြင့် ငါသည် သင်တို့ကို ခရစ်တော်ထံ စင်ကြယ်သောအပျိုကဲ့သို့ ပေးအပ်နိုင်မည်ဖြစ်သည်။
၃ - သို့သော် မြွေသည် ဧဝကို သူ၏ပါးနပ်ခြင်းဖြင့် လှည့်ဖြားသကဲ့သို့၊ တနည်းနည်းဖြင့် သင်တို့စိတ်များထဲရှိ ခရစ်တော်အားဖြင့်ရရှိကြသော ရိုးသားခြင်းကို ပျက်ဆီးစေဦးမည်ဟု ငါကြောက်ရွံ့ပါသည်။
၄ - အကယ်၍ တစုံတဦးက ငါတို့မဟောပြောသော အခြားယေရှုကို ဟောပြောလျှက်လာသည်ဆိုလျှင်၊ (သို့) သင်တို့က လက်မခံခဲ့ဘူးသည့် တခြားဝိညာဉ်ကို လက်ခံကြသည်ဆိုလျှင်၊ (သို့) သင်တို့လက်ခံမရရှိဘူးသည့် အခြားသောဧဝံဂေလိတရားကို လက်ခံရသည်ဆိုလျှင်၊ သင်သည် ထိုသူကို သည်းခံကောင်းသည်းခံနိုင်ပါမည်။
၅ - အဘယ့်ကြောင့်ဆိုသော် ငါသည် အကြီးဆုံးတမန်တော်များထက် စိုးစဉ်းမျှ အဆင့်နိမ့်သူ မဟုတ်ပါ။
၆ - သို့သော် ငါသည် စကားပြောဆိုခြင်း၌ ကြမ်းတတ်သော်လည်း၊ အသိပညာ၌ ထိုသို့မဟုတ်ပါ၊ သင်တို့ကြားတွင် အရာအားလုံးအတွက် ပြည့်စုံစွာ ဖေါ်ပြခဲ့ကြပြီး ဖြစ်ပါသည်။
၇ - သင်တို့ကို ချီးမြှောက်ဖို့ရန် ငါသည် မိမိကိုယ်ကို နှိမ့်ချခြင်း၌ သင်တို့ကို စိတ်အနှောက်အယှက်ဖြစ်စေပါသလော? သင်တို့ထံ ငါသည် ဘုရားသခင်၏ဧဝံဂေလိတရားကို အဖိုးအခမဲ့ ဟောခြင်းကြောင့်လော?

၈ - ငါသည် သင်တို့ထံထိုသို့အမှုဆောင်နိုင်ရန် အခြားအသင်းတော်များကို ဓါးပြတိုက်သလို၊ အထောက်အပံ့ရယူခဲ့ပါသည်။
၉ - သင်တို့ထံ ငါရှိစဉ်အခါ၊ လိုအပ်ချက်များရှိနေခဲ့သော်လည်း၊ မည်သူ့ကိုမှ မတောင်းဆိုပါ၊ အဘယ့်ကြောင့်ဆိုသော် ငါ၏လိုအပ်ချက်တို့ကို မက်စီဒိုးနီးယားနိုင်ငံမှလာသော ညီအကိုများက ပံ့ပိုးကြပါသည်၊ အရာခပ်သိမ်း၌ သင်တို့ကို ဝန်ထုတ်ဝန်ပိုးမဖြစ်စေရန် ငါသည် မိမိကိုယ်ကို၌သာ သိမ်းထားပါသည်၊ ထိုသို့ပင် နောက်တွင်လည်းနေပါဦးမည်။
၁၀ - ခရစ်တော်၏အမှန်တရားသည် ငါ့ထံ၌ရှိနေသဖြင့်၊ အာခါယပြည်နယ် တလျှောက်၌ ငါ၏ထိုသို့ဝါကြွားခြင်းကို မည်သူကမျှ မတားနိုင်ပါ။
၁၁ - အဘယ်ကြောင့်နည်း? ငါ သင်တို့ကို မချစ်၍လော? ဘုရားသခင်ကသိပါသည်။
၁၂ - သို့သော် ငါလုပ်ရမည်ကို ငါလုပ်မည်ဖြစ်သည်၊ ထိုသို့ဖြင့် အခွင့်အရေး ရှာနေကြသူများကို ငါ တားနိုင်မည်ဖြစ်သည်၊ ထိုအခါ သူတို့ကြွားနေသောအရာများတွင် ငါတို့သည်လည်း သူတို့နှင့်အတူတူဖြစ်ကြောင်း တွေ့ကြမည်ဖြစ်သည်။
၁၃ - ထိုသို့သောသူများသည် မှားယွင်းသောတမန်တော်များဖြစ်ကြသည်၊ လိမ်ညာလှည့်ဖြားခြင်းများကို လုပ်ကိုင်သူများဖြစ်သည်၊ သူတို့ကိုယ်ကို ခရစ်တော်၏တမန်တော်များကဲ့သို့ အသွင်ပြောင်းကြသူများဖြစ်သည်။
၁၄ - ထိုသို့ပြောင်းလဲခြင်းကို မအံ့သြသင့်ပါ၊ အဘယ့်ကြောင့်ဆိုသော် စာတန်သည်ပင် မိမိကိုယ်ကို အလင်း၏ကောင်းကင်တမန်ကဲ့သို့ အသွင်ပြောင်းတတ်ပါသည်။
၁၅ - ထို့ကြောင့် စာတန်၏အမှုဆောင်များလည်း ဖြောင့်မတ်ခြင်း၏ အမှုဆောင်များကဲ့သို့ အသွင်ပြောင်းကြခြင်းသည် သိပ်ကြီးကျယ်သောကိစ္စမဟုတ်ပါ၊ ၎င်းတို့၏နိဂုံးသည် ၎င်းတို့၏အလုပ်များအတိုင်းဖြစ်ပါမည်။
၁၆ - ငါနောက်တခေါက်ပြန်ပြောမည်၊ မည်သူကမှ ငါ့ကို အရူးဟု မထင်ကြနှင့်၊ ထိုသို့မဟုတ်ပါက အရူးကဲ့သို့ ငါ့ကို လက်ခံကြပါ၊ ထိုသို့ဖြင့် ငါ အနည်းငယ်ကြွားနိုင်ပါမည်။
၁၇ - ငါယခုပြောမည့်အရာများသည် သခင်ဘုရားနောက်လိုက်၍ပြောသည်မဟုတ်၊ ဤစိတ်ချစွာဝါကြွားခြင်းကို အရူးကဲ့သို့ ပြောခြင်းဖြစ်ပါသည်။
၁၈ - လူအများက အသွေးအသားတွင် ကြွားကြသလို၊ ငါလည်းကြွားစရာရှိပါသည်။
၁၉ - သင်တို့သည် မိမိတို့ကိုယ်ကို ပညာရှိများဟုမြင်ကြလျှက်၊ အရူးများကို ဝမ်းသာစွာ လက်ခံနေကြသောကြောင့်ဖြစ်သည်။
၂၀ - အဘယ့်ကြောင့်ဆိုသော် တစုံတဦးက သင်တို့ကို ကျွန်ဘဝသို့ ပြန်ခေါ်သွားလျှင်၊ ဖျက်ဆီးဝါးမြိုလျှင်၊ သင်တို့ထံမှ လုယူလျှင်၊ သူ့ကိုယ်သူ ချီးမြှောက်နေလျှင်၊ သင်တို့မျက်နှာကို ဖြတ်ရိုက်လျှင်၊ သင်တို့ သည်းခံနေကြသည်။
၂၁ - ငါတို့ကို သိက္ခာချကြခြင်းနှင့်ပတ်သက်၍ငါပြောမည်၊ ငါတို့သည် အားနည်းကြသူများဖြစ်သည်ဟု ပြောကြခြင်းအတွက်ဖြစ်သည်။ မည်သို့သောသူက သူသည် ထိုအ

ရာတွင် သတ္တိရှိသည်ဟုဆိုလျှင်၊ (အရူးကဲ့သို့ငါပြောမည်)၊ ထိုအရာ၌ ငါလည်း သတ္တိရှိပါသည်။

၂၂ - သူတို့ ဟီဗရူးများမဟုတ်လော? ငါလည်း ဟုတ်ပါသည်၊ သူတို့သည်အစ္စရေးများဖြစ်ကြသလော? ငါလည်းဟုတ်ပါသည်၊ သူတို့သည် အေဗြာဟမ်၏ မျိုးနွယ်ဆက်များလော? ငါလည်းဟုတ်ပါသည်။

၂၃ - သူတို့သည် ခရစ်တော်၏အမှုဆောင်များဖြစ်ကြသလော? (ငါ အရူးကဲ့သို့ပြောမည်) ငါသည်သူတို့ထက်ပိုပါသည်၊ လုပ်ကိုင်ခြင်း၌ ပို၍များပြားစွာ လုပ်ကိုင်သည်၊ ကြိမ်ဒဏ်ခံရခြင်း၌ မရေတွက်နိုင်အောင်ဖြစ်သည်၊ ထောင်ကျခြင်း၌ ပို၍မကြာခဏဖြစ်သည်၊ သေကောင်ပေါင်းလဲခံရခြင်း၊ မကြာမကြာဖြစ်သည်။

၂၄ - ဂျူးတို့၏ကြိမ်ဒဏ်သုံးဆယ့်ကိုးချက်ပေးခြင်းကို ငါ ငါးကြိမ်ခံရသည်။

၂၅ - သုံးကြိမ် တင်းပုတ်နှင့်အရိုက်ခံရသည်၊ တကြိမ် ကျောက်ခဲနှင့်ပစ်သတ်ခံရသည်၊ သုံးကြိမ် သင်္ဘောပျက်ခြင်း ကြုံရသည်၊ တညနှင့်တရက် ပင်လယ်ထဲမျောနေခဲ့သည်၊

၂၆ - မကြာခဏခရီးသွားသည်၊ ရေလမ်းခရီး၏အန္တရယ်များ၊ ဓါးပြများ၏အန္တရယ်များ၊ ငါ့နိုင်ငံသားများကပေးသောအန္တရယ်များ၊ မယုံကြည်သူများပေးသောအန္တရယ်များ၊ မြို့တော်တွင်းရှိအန္တရယ်များ၊ တောတောင်ကန္တာရများ၏အန္တရယ်များ၊ ပင်လယ်၏အန္တရယ်များ၊ ညီအကိုအတုအယောင်များ၏အန္တရယ်များတို့ကို ခံခဲ့ရပြီ၊

၂၇ - စိုးရိမ်ပူပန်ခြင်းများ၊ နာကျင်ရခြင်းများ၊ မအိပ်ဘဲစောင့်ကြည့်နေခြင်းများ၊ စာလောင်ခြင်း၊ ရေငတ်ခြင်း၊ မကြာခဏ အငတ်ခံရခြင်း၊ အအေးလွန်ခြင်း၊ အဝတ်ဗလာဖြစ်ခြင်းများကိုလည်း ခံစားခဲ့ပြီဖြစ်သည်။

၂၈ - ထိုအပြင်ဖက်မှလာသောအကြောင်းအရာများအပြင်၊ ငါ့အပေါ်သို့ နေတိုင်းရောက်လာသောအကြောင်းမှာ အသင်းတော်များအားလုံးကို ဂရုစိုက်ရခြင်းဖြစ်ပါသည်။

၂၉ - ငါ အားမနည်းဘဲ၊ မည်သူအားနည်းသနည်း? မည်သူသည် မကျေမနပ် ဖြစ်နေပါသနည်း၊ ငါကတော့ မလောင်ကျွမ်းသွားပါ?

၃၀ - အကယ်၍ ငါ ကြွားဝါလိုသည်မှန်လျှင်၊ မိမိ၏အားနည်းခြင်းများအပေါ် ငါကြွားဝါမည်ဖြစ်သည်။

၃၁ - အမြဲတမ်းကောင်းချီးမင်္ဂလာနှင့်ပြည့်ဝသော ငါတို့သခင်ယေရှုခရစ်၏ဖခင်ဖြစ်သူဘုရားသခင်က ငါမလိမ်ကြောင်းသိပါသည်။

၃၂ - ဒမတ်စကပ်မြို့တွင် ဘုရင် အေရီတပ်စ်၏ မြို့တော်ဝန်သည် ငါ့ကိုဖမ်းဆီးချင်သဖြင့် ဒမတ်စကပ်မြို့ကို အစောင့်တပ်နှင့်ပိတ်ဆို့ထားရာ၊

၃၃ - သူ့လက်မှလွတ်ရန်၊ ပြတင်းပေါက်မှနေ၍ ငါ့ကို ချင်းတောင်းဖြင့် လျှောချခဲ့ကြရပါသည်။

၂ကော ၁၂း၁-၂၁

၁- ငါ့အတွက် ကြွားဝါခြင်းသည် သံသယဖြစ်စရာမလိုအောင် မသင့်တော်ပါ။ မည်သို့ပင်ဖြစ်ပါစေ၊ ငါ သခင်ဘုရား၏မြင်စေခြင်းများနှင့်ဖွင့်ပြချက်များကို ပြောပါဦးမည်။

၂ - လွန်ခဲ့သော ဆယ့်လေးနှစ်က ခရစ်တော်၏လူတဦး တတိယကောင်းကင်သို့ ခေါ်ဆောင်သွားခြင်းခံရသည်ကို ငါသိပါသည် (ကိုယ်ခန္ဓာနှင့်လား ငါမပြောတတ်ပါ၊ (သို့) ကိုယ်ခန္ဓာမပါဘဲလား ငါ မပြောတတ်ပါ၊ ဘုရားသခင်သိပါသည်)။

၃ - ငါ ထိုသူကိုသိပါသည်၊ (ခန္ဓာနှင့်လော၊ ခန္ဓာမပါဘဲနှင့်လော၊ ငါမပြောနိုင်ပါ၊ ဘုရားသခင်သိပါသည်)

၄ - သူသည် ပါရာဒိုက်စ်သို့ ခေါ်ဆောင်သွားခြင်းကို ခံရပါသည်၊ စကားလုံးများဖြင့် ပြော၍မဖြစ်နိုင်သည်များကို ကြားခဲ့ရပါသည်၊ ၄င်းတို့ကို လူတဦးက ပြန်ပြောရန် ဥပဒေနှင့်မညီပါ။

၅ - ထိုသို့သောသူအတွက် ငါ ဂုဏ်ယူမည်ဖြစ်သည်၊ သို့သော် ငါ့အတွက်ဆိုလျှင် ဂုဏ်ယူမည်မဟုတ်ပါ၊ သို့သော် ငါ၏အားနည်းချက်များတွင်သာဂုဏ်ယူပါမည်။

၆ - ငါ ဂုဏ်ယူဖို့ရာ ဆန္ဒရှိလျှင်လည်း၊ ငါသည် အမှန်တရားကိုပြောနေခြင်းဖြစ်သည်၊ သို့သော် ငါထိုသို့မပြုပါ၊ မဟုတ်ပါက တစုံတဦးက ငါ့ကို ထင်သင့်သည်ထက် ပို၍အထင်ကြီးမည်စိုးရပါသည်၊ (သို့) ငါ့ထံမှကြားသည်ထက် ပိုအထင်ကြီးနေပါမည်။

၇ - ထို့အပြင် များပြားလှသော ဖွင့်ပြချက်များကြောင့် ငါသည် မိမိကိုယ်ကို ထင်သင့်သည်ထက် ပို၍ချီးမြှောက်မည်စိုးသဖြင့်၊ ငါ့အသွေးအသားထဲတွင် ဆူးကို ပေးထားပါသည်၊ စာတန်၏တမန်ဖြစ်သည်၊ ငါ့ကိုထိုးနှက်ရန်ဖြစ်သည်၊ မဟုတ်ပါက မိမိကိုယ်ကို အထင်ကြီးလွန်းမည်စိုး၍ဖြစ်သည်။

၈ - ထိုအရာအတွက် သခင်ဘုရားကို သုံးကြိမ်တောင်းပန်သည်၊ ထိုအရာ ငါ့ထံမှ ထွက်သွားရန်ဖြစ်သည်။

၉ - ငါ၏ကျေးဇူးတော်သည် သင့်အတွက် လုံလောက်သည်၊ ငါ၏ခွန်အားသည် အားနည်းခြင်း၌ ပြည့်စုံခြင်းကိုလုပ်ပေးသည်ဟု ဘုရားသခင်က ငါ့ကိုပြောပါသည်။ ထို့ကြောင့် ငါသည် ငါ၏အားနည်းခြင်းများအတွက် အသေအချာပင် အလွန်ဝမ်းမြောက်နေမည်ဖြစ်သည်၊ ထိုသို့ဖြင့် ခရစ်တော်၏တန်ခိုးသည် ငါ့အပေါ်၌ တည်ရှိနေမည်ဖြစ်သည်။

၁၀ - ထို့ကြောင့် ငါသည် ခရစ်တော်အတွက် အားနည်းခြင်းများ၌၊ စေဖန်အပြစ်တင်ခံရခြင်းများ၌၊ လိုအပ်ခြင်းများ၌၊ နှိပ်စက်ညှင်းဆဲခံရခြင်းများ၌၊ စိတ်ပူပန်ရခြင်းများ၌ သာယာနေပါသည်၊ အဘယ့်ကြောင့်ဆိုသော် ငါ အားနည်းသောအခါ၊ ငါသည် သန်မာနေပါသည်။

၁၁ - ငါသည် ဂုဏ်ယူခြင်း၌ လူမိုက်ဖြစ်လို့နေပါသည်၊ သင်တို့က ထိုသို့ အတင်းဖြစ်စေနေကြသည်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့၏ချီးကျူးခြင်းကို ခံသင့်

သော်လည်း ထိုသို့မခံရ၍ဖြစ်သည်၊ ငါသည် ဘာမျှမဟုတ်သော်လည်း အကြီးဆုံးသောတမန်တော်များထက် မည်သည့်အရာအတွက်မျှ နောက်ကျန်သူမဟုတ်ပါ။

၁၂ - တမန်တော်များ၏နိမိတ်လက္ခဏာများအားလုံးသည် သင်တို့ကြားတွင် မှန်ကန်စွာ ဖြစ်ပျက်ခဲ့ပြီးဖြစ်သည်၊ အားလုံးသော သည်းခံခြင်းများ၊ နိမိတ်လက္ခဏာများ၊ အံ့ဩစရာများ၊ ကြီးမားသောအပြုအမူများဖြစ်သည်။

၁၃ - မည်သည့်အကြောင်းအရာ၌ သင်တို့သည် အခြားသောအသင်းတော်များထက် နိမ့်ကျပါသနည်း? ငါသည် သင်တို့အတွက် ဝန်ထုတ်ဝန်ပိုးမဖြစ်ခြင်း၌သာ မဟုတ်ပါလော? ထိုအမှားအတွက် ငါ့ကို ခွင့်လွှတ်ကြပါ။

၁၄ - ကြည့်ပါ၊ ငါသည် သင်တို့ထံ တတိယအကြိမ်လာရန် အသင့်ရှိနေပြီဖြစ်သည်၊ လာသည့်အခါတွင်လည်း သင်တို့အတွက် ဝန်ထုတ်ဝန်ပိုးဖြစ်မည်မဟုတ်ပါ၊ ငါသည် သင်တို့၏ဥစ္စာများကို ရှာသူမဟုတ်၊ သင်တို့ကိုရှာသူဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သားသမီးတို့သည် မိဘတို့အတွက် အမွေစုဆောင်းခြင်း မပြုသင့်ပါ၊ မိဘတို့ကသာ သားသမီးတို့အတွက် စုဆောင်းပေးရမည်ဖြစ်သည်။

၁၅ - ငါသည် သင်တို့အတွက် ဝမ်းမြောက်စွာ သုံးနေပါမည်၊ ပို၍သုံးနေပါမည်။

၁၆ - သို့သော် ထိုသို့ပင် ရှိပါစေ၊ ငါသည် သင်တို့ကို ဝန်ထုတ်ဝန်ပိုးမဖြစ်စေပါ၊ သို့သော်၊ ပါးနပ်သူဖြစ်သဖြင့်၊ သင်တို့ကို ငါ ပရိယာယ်နှင့်ဖမ်းမိပြီဖြစ်သည်။

၁၇ - သင်တို့ထံသို့ ငါစေလွှတ်သူများအားဖြင့် ငါ သင်တို့ကို အမြတ်ထုတ်ခဲ့ပါသလော?

၁၈ - ငါ တိုက်တပ်စ်ကို သွားစေချင်သည်၊ ထို့ကြောင့် သူနှင့်အတူ ညီအကိုတဦးကို စေလွှတ်ခဲ့သည်။ တိုက်တပ်စ်က သင်တို့ကို အမြတ်ထုတ်ပါသလော? တူညီသောစိတ်ဝိညာဉ်ဖြင့် ငါတို့ ပြုမူကြသည်မဟုတ်လော? တူညီသောလျှောက်လှမ်းပုံဖြင့် ငါတို့ အတူတူ လျှောက်လှမ်းကြသည် မဟုတ်လော?

၁၉ - နောက်တဖန်၊ ငါတို့သည် သင်တို့ထံ ဆင်ခြေတက်နေကြသည်ဟု သင်တို့ထင်နေကြသလော? ငါတို့သည် ခရစ်တော်အားဖြင့် ဘုရားသခင်၏ရှေ့တော်၌ ပြောနေကြခြင်းဖြစ်သည်၊ သို့သော် ချစ်လှစွာသောညီအကိုတို့၊ ငါတို့သည် ထိုအရာများအားလုံးကို သင်တို့အကျိုးအတွက် လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။

၂၀ - ငါလာသောအခါ၊ သင်တို့ကို ငါသည် တွေ့သင့်သည့်ပုံစံအတိုင်း မတွေ့မည်ကိုစိုးရိမ်ပါသည်၊ ထို့အတူ ငါ့ကိုလည်း သင်တို့သည် တွေ့သင့်သည့်ပုံစံနှင့် မတွေ့မည်ကို စိုးရိမ်ပါသည်၊ ငါလာသောအခါ ငြင်းခုံခြင်းများ၊ မနာလိုခြင်းများ၊ အမျက်ဒေသများ၊ ရန်ဖြစ်ခြင်းများ၊ အတင်းပြောခြင်းများ၊ တီးတိုးပြောခြင်းများ၊ မောက်မာခြင်းများ၊ ပြောင်းဆန်နေခြင်းများသာ ရှိနေမည် စိုးရိမ်ရပါသည်၊

၂၁ - ထို့အပြင်၊ ငါပြန်လာသောအခါ၊ ဘုရားသခင်သည် ငါ့ကို သင်တို့ကြားတွင် နှိမ့်ချသဖြင့်၊ အပြစ်ပြုပြီးသူများအတွက်၊ မသန့်ရှင်းခြင်း၊ မတရားသောမေထုန်မှီဝဲခြင်း၊

ကာမရာဂစိတ်ပြင်းထန်လွန်းခြင်းတို့ကို ကျူးလွန်ကြလျှက် နောင်တမရကြသူများအ
တွက် ဝမ်းနည်းပက်လက်ဖြစ်နေရမည် စိုးရပါသည်။

၂ကော ၁၃း၁–၁၄
၁ - ယခုအကြိမ်သည် သင်တို့ထံ ငါ သုံးကြိမ်မြောက်လာခြင်းဖြစ်သည်။ သက်သေ နှစ်
ဦး(သို့) သုံးဦးတို့၏နှုတ်ဖြင့် စကားရှိသမျှသည် အတည်ဖြစ်ရမည်။
၂ - ငါ သင်တို့ကိုပြောခဲ့ပြီ၊ ဒုတိယအကြိမ်တွင် ငါ သင်တို့ထံ ရှိနေသလိုဖြင့် ကြိုတင်
ပြောခဲ့ပြန်သည်၊ ယခုတွင်လည်း အပြစ်ပြုနေကြသူများထံ ငါမရှိသော်လည်း ထပ်ပြော
ပါသည်၊ အခြားသူများကိုလည်း ငါလာလျှင် ညှာနေမည်မဟုတ်တော့ပါ။
၃ - ခရစ်တော် ငါထံ၌စကားပြောသည်မပြောသည်ကို သင်တို့သည် သက်သေပြချက်
ရှာနေကြသည်ဖြစ်၍၊ သူသည် သင်တို့နှင့်ပတ်သက်၍ အားနည်းသည်မဟုတ်၊ သင်တို့
ထံ ခွန်အားကြီးတော်မူသည်။
၄ - သူသည် အားနည်းခြင်းဖြင့် လက်ဝါးကပ်တိုင်၌တင်ထားခြင်းခံရသော်လည်း၊ သူ
သည် ဘုရားသခင်၏တန်ခိုးတော်ဖြင့် အသက်ရှင်လာခဲ့ပါသည်။ ငါတို့သည်လည်း သူ့
ထံ၌ အားနည်းကြပါသည်၊ သို့သော် သင်တို့ထံသို့မူ သူနှင့်အတူ ဘုရားသခင်၏ တန်
ခိုးတော်ဖြင့်အသက်ရှင်ကြပါမည်။
၅ - မိမိတို့ကိုယ်ကို ဆန်းစစ်ကြပါ၊ သင်တို့သည် ယုံကြည်ခြင်း၌ရှိမရှိ၊ မိမိတို့ကိုယ်ကို
သက်သေပြကြပါ။ သင်တို့သည် မိမိတို့ကိုယ်ကို မသိကြပါသလော? ယေရှုခရစ်တော်
သည် သင်တို့၌ မည်သို့ရှိနေသည်ကို မသိကြပါသလော? သင်တို့သည် ငြင်းပယ်ခံရသူ
များ ဖြစ်ကြမှသာ မသိဘဲရှိကြပါမည်။
၆ - သို့သော် ငါ စိတ်ချပါသည်၊ ငါတို့သည် ငြင်းပယ်ခြင်းခံရသူများမဟုတ်ကြောင်းကို
သင်တို့သိကြပါလိမ့်မည်။
၇ - ယခုတွင် သင်တို့သည် ဆိုးညစ်ခြင်းကို မပြုကြရန် ဘုရားသခင်ထံ ငါဆုတောင်းပါ
သည်၊ ငါတို့သည် ထိုသို့ဖြင့် မှန်သောသူများဖြစ်သည်ဟု ထင်ရှားရန်မဟုတ်ပါ၊ သို့
သော် ငါတို့သည် ငြင်းပယ်ခြင်းခံရသူများကဲ့သို့ထင်ရသော်လည်း၊ သင်တို့သည် ရိုးသား
ခြင်းဆိုသောအရာကိုသာ ပြုလုပ်ကြရန်ဖြစ်သည်။
၈ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အမှန်တရားကိုဆန့်ကျင်၍ ဘာမှမလုပ်နိုင်
ကြပါ၊ သို့သော် အမှန်တရားအတွက်သာဖြစ်ပါသည်။
၉ - ငါတို့သည် အားနည်းကြသည့်အခါ ဝမ်းသာနေကြပါသည်၊ သင်တို့မူ သန်မာကြပါ
သည်၊ ထို့အပြင် သင်တို့ ပြည့်စုံကြဖို့ကိုလည်း ငါတို့ ဆန္ဒရှိကြပါသည်။
၁၀ - ထို့ကြောင့် ငါ သင်တို့ထံ၌မရှိသော်လည်း ဤအရာများကို ရေးရခြင်းဖြစ်သည်၊
သို့မဟုတ်ပါက သခင်ဘုရားပေးထားသောတန်ခိုးစွမ်းအားဖြင့် ငါသည် သင်တို့ထံရှိ

လျှင် ပြင်းထန်စွာပြောမိမည်စိုးရပါသည်၊ ထိုတန်ခိုးကို မြှင်တင်ခြင်းပြုလုပ်ပေးရန်သာ
ပေးထားပါသည်၊ ဖျက်ဆီးဖို့ရန် မဟုတ်ပါ။
၁၁ - နောက်ဆုံးအနေနှင့်၊ ညီအကိုတို့၊ နုတ်ဆက်ပါသည်။ အပြစ်ပြောစရာမရှိအောင်
ပြည့်စုံကြပါ၊ ကောင်းသောနှစ်သိမ့်မှုရှိကြပါ၊ တစိတ်တဝမ်းတည်းရှိကြပါ၊ ငြိမ်းချမ်း
ခြင်း၌အသက်ရှင်ကြပါ၊ ထိုအခါ ငြိမ်းချမ်းခြင်းနှင့်ချစ်ခြင်း၏ဘုရားသခင်သည် သင်တို့
နှင့်အတူ ရှိတော်မူမည်။
၁၂ - သန့်ရှင်းသောအနမ်းဖြင့် တဦးကိုတဦးနှုတ်ခွန်းဆက်ကြပါ။
၁၃ - သန့်ရှင်းသူအားလုံးက သင်တို့ကို နုတ်ဆက်ကြပါသည်။
၁၄ - သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်၊ ဘုရားသခင်၏ချစ်ခြင်း၊ သန့်ရှင်းသော
ဝိညာဉ်တော်၏မိတ်သဟာယဖွဲ့ခြင်းသည် သင်တို့နှင့်အတူ ရှိပါစေ၊ အာမင်။

×××××××××××××

ဂလာတိဩဝါဒစာ
(Galatians)

**ဂလာတိ ၁း၁–၂၄**
၁ - ပေါလ်၊ တမန်တော်၊ (လူများကြောင့်မဟုတ်၊ လူများအားဖြင့်မဟုတ်၊ သို့သော်
ယေရှုခရစ်တော်နှင့် သူ့ကိုသေ ခြင်းမှထမြောက်စေသော ခမည်းတော်ဘုရားသခင်
ကြောင့်ဖြစ်သည်)
၂ - ငါနှင့်အတူရှိကြသော ညီအကိုများက ဂလေးရှားပြည်နယ်ရှိအသင်းတော်များကို
နုတ်ဆက်ကြသည်၊
၃ - ကျေးဇူးတော် သင်တို့၌ရှိပါစေ၊ ထို့အပြင် ငါတို့၏သခင် ယေရှုခရစ်နှင့် ခမည်း
တော်ဘုရားသခင့်ထံတော်မှ ငြိမ်း ချမ်းခြင်းသည် သင်တို့၌ရှိပါစေ၊
၄ - ခရစ်တော်သည် မိမိကိုယ်ကို ငါတို့အပြစ်များကြောင့် ပေးအပ်ပါသည်၊ ထိုသို့ဖြင့်
သူသည် ငါတို့၏ဖခင်၊ ဘုရားသခင်၏အလိုတော်နှင့်အညီ၊ ငါတို့ကို မျက်မှောက် ဆိုး
ညစ်သောကမ္ဘာကြီးမှ ကယ်လွှတ်နိုင်ရန်ဖြစ်သည်၊
၅ - ဘုန်းကျက်သရေတော်သည် သူ့ထံတော်၌အစဉ်အမြဲ ရှိနေပါစေသတည်း၊ အာ
မင်။
၆ - သင်တို့သည် သင်တို့ကို ခရစ်တော်၏ကျေးဇူးတော်ထဲသို့ခေါ်ခဲ့သူထံမှ တခြားဧဝံ
ဂေလိတရားသို့ ထိုမျှမြန်စွာ ပြောင်းသွားကြခြင်းကို ငါအံ့ဩပါသည်၊
၇ - ထိုဧဝံဂေလိသည် နောက်တမျိုးမဟုတ်ပါ၊ သို့သော် သင်တို့ကို ဒုက္ခပေးချင်သူများ
ရှိနေပါသည်၊ သူတို့က သင်တို့ကို ခရစ်တော်၏ဧဝံဂေလိမှ လမ်းလွဲသွားစေချင်ကြ
သည်။
၈ - ငါတို့ဖြစ်စေ၊ (သို့) ကောင်းကင်မှကောင်းကင်တမန်တဦးဖြစ်စေ၊ သင်တို့ထံသို့ ငါ

တို့ဟောပြီးခဲ့သော ဧဝံဂေလိတရားမဟုတ်ဘဲ၊ အခြားသောဧဝံဂေလိတရားကို ဟောသည်ဆိုလျှင် ထိုသူသည် ကျိန်ခြင်းကိုခံပါစေသတည်း။

၉ - ထိုသို့ အရင်က ငါတို့ပြောခဲ့ပြီ၊ ယခု ငါထပ်ပြောပါသည်၊ အကယ်၍တစုံတဦးက၊ ငါတို့ထံမှ သင်တို့ရရှိသော ဧဝံဂေလိတရားမဟုတ်ဘဲ၊ အခြားဧဝံဂေလိတမျိုးကို ဟောပြောသည်ဆိုလျှင် ထိုသူသည် ကျိန်ခြင်းကိုခံပါစေသတည်း။

၁၀ - ငါသည် လူများကို သဘောကျစေသူလော (သို့) ဘုရားသခင်ကိုလော?အကယ်၍ ငါသည် လူများကို ကျေနပ်အောင်လုပ် နေသူဖြစ်လျှင်၊ ငါသည် ခရစ်တော်၏ အစေခံ မဖြစ်ထိုက်ပါ။

၁၁ - သို့သော် ငါ သင်တို့ကို အာမခံပါသည်၊ ညီအကိုတို့၊ ငါဟောပြောခဲ့သောဧဝံဂေလိတရားသည် လူမှဖြစ်လာ သည်မဟုတ်ပါ။

၁၂ - အဘယ့်ကြောင့်ဆိုသော် ၄င်းကို ငါသည် လူသားထံမှလက်ခံရရှိခြင်းလည်းမဟုတ်ပါ၊ လူသားက ငါ့ကို သင်ပေးခြင်းလည်း မဟုတ်ပါ၊ သို့သော် ယေရှုခရစ်တော်၏ ဖွင့်ပြခြင်းဖြင့်ဖြစ်ပါသည်။

၁၃ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ငါ၏ပြောင်းလည်းခြင်းကို ကြားခဲ့ကြပြီဖြစ်သည်၊ ယခင်က ငါသည် ဂျူးဘာသာ၌နေခဲ့ပါသည်၊ ငါသည် ဘုရားသခင်၏အသင်းတော်ကို မည်မျှ အတိုင်းထက်အလွန် နှိပ်စက်ညှင်းဆဲခဲ့သည်၊ ဖျက်ဆီးခဲ့သည်ကို သင်တို့ သိပါသည်၊

၁၄ - ထို့အပြင် ငါသည် ဂျူးဘာသာရေး၌ ငါနိုင်ငံ၏ငါနှင့်ရွယ်တူတို့ထက် ပို၍ပြင်းထန်သူဖြစ်ခဲ့ပါသည်၊ ငါ့ဖခင်တို့၏ဓလေ့ထုံးစံများအတွက် အလွန်ပြင်းထန်စွာ တဖက်စွန်းရောက် စိတ်အားထက်သန်ခဲ့သူဖြစ်ခဲ့သည်။

၁၅ - သို့သော် ငါ့ကို ငါ့အမေ၏ဝမ်းမှနေ၍ ခွဲခြားခဲ့သော ဘုရားသခင်က သူသဘောကျသောအချိန်တွင် ငါ့ကို သူ၏ကျေးဇူးတော်ဖြင့် ခေါ်တော်မူပါသည်၊

၁၆ - သူ၏သားတော်ကို ငါ့ထံ၌ ဖွင့်ပြရန်ဖြစ်သည်၊ ထိုသို့ဖြင့် ငါသည် သူ့ကို မယုံကြည်သူများကြားတွင် ဟောပြောရန်ဖြစ်သည်၊ ချက်ခြင်းပင် ငါသည် အသွေးအသားနှင့် တိုင်ပင်ခဲ့သည်မဟုတ်ပါ၊

၁၇ - ငါ့အရင် တမန်တော်ဖြစ်သူများရှိရာ ဂျေရုဆလင်မြို့သို့လည်း မသွားခဲ့ပါ၊ သို့သော် အာရေဗီးယားသို့သာ ငါ သွားခဲ့ပါသည်၊ ထို့နောက် ဒမတ်စကပ်မြို့သို့ ပြန်လာခဲ့ပါသည်။

၁၈ - ထို့နောက် သုံးနှစ်ကြာသောအခါ၊ ပီတာကိုတွေ့ရန် ဂျေရုဆလင်မြို့သို့သွားခဲ့ပါသည်၊ ထိုနေရာတွင် သူနှင့် ဆယ်ငါးရက် အတူနေခဲ့ပါသည်။

၁၉ - သို့သော် အခြားတမန်တော်များကို၊ သခင်ဘုရား၏ညီ ဂျိမ်းစ်မှလွဲ၍ မည်သူ့ကိုမျှ မတွေ့ဘူးပါ။

၂၀ - ငါ ယခု သင်တို့ထံရေးသည်များကို ဘုရားသခင်ရှေ့၌ပြောဝံ့ပါသည်၊ ငါမလိမ်ပါ။

၂၁ - ထို့နောက် ငါသည် ဆီရီးယားနှင့်စီလီစီးယားနယ်များသို့ ပြန်လာခဲ့ပါသည်၊
၂၂ - ထို့အပြင် ခရစ်တော်၌ရှိကြသော ဂျူဒီးယားနယ်ရှိအသင်းတော်များက ငါ့ကို မျက်နှာဖြင့် မသိကြသေးပါ၊
၂၃ - သို့သော် ကြားသာကြားဖူးကြပါသည်၊ ငါတို့ကို ယခင်ချိန်များက နှိပ်ဆက်ညှင်းဆဲခဲ့သူသည် ယခုအခါ တချိန်က သူဖျက်ဆီးခဲ့သည့်ယုံကြည်ချက်ကို ပြန်ဟောပြောနေသည်ဟု သိကြပါသည်။
၂၄ - ထို့နောက် ငါ့အတွက် သူတို့ ဘုရားသခင်ကို ချီးမွမ်းကြသည်။

**ဂလာတိ ၂း၁–၂၁**

၁ - ထို့နောက် ဆယ့်လေးနှစ်ကြာသော် ငါသည် ဗာနဘတ်စ်နှင့်အတူ ဂျေရုဆလင်မြို့သို့ သွားပါသည်၊ တိုက်တပ်စ် ကိုလည်း ငါနှင့်အတူ ခေါ်သွားပါသည်။
၂ - ဗျာဒိတ်ဖွင့်ပြချက်အတိုင်း ငါသွားခဲ့ခြင်းဖြစ်သည်၊ တပါးအမျိုးသားများထဲ၌ ငါဟောပြောခဲ့သော ဧဝံဂေလိအကြောင်းကို သူတို့ထံ သိစေရန်သွားပြောခြင်းဖြစ်သည်၊ သို့သော် ဂုဏ်အသရေရှိသူတို့ထံသို့သာ သိုသိုသိပ်သိပ် ပြော ခဲ့ပါသည်၊ မဟုတ်ပါက ငါသည် ပြေးနေသော်လည်း အချည်းနှီးမဲ့ပြေးနေရမည်စိုး၍ဖြစ်သည်။
၃ - ငါနှင့်အတူပါသော တိုက်တပ်စ်ကိုလည်း ဂရိလူမျိုးဖြစ်သဖြင့် အတင်းအကြပ် အရေဖျားလှီးခြင်း မခံခိုင်းပါ၊
၄ - ထိုသို့ပြုရခြင်းမှာ ညီအကိုယောင်ဆောင်သူတို့ သတိမပြုမိလိုက်ဘဲ ဝင်ရောက်လာလျှက်၊ ခရစ်တော်ယေရှုထံမှ ရကြသော ငါတို့၏လွတ်လပ်ခြင်းကို လျှို့ဝှက်စွာ စောင့်ကြည့်ကြမည်စိုး၍ဖြစ်သည်။
၅ - ထိုသူတို့ထံသို့ ငါတို့သည် လုံးဝမနာခံကြပါ၊ တနာရီမျှပင်လက်မခံပါ၊ ထိုသို့ဖြင့် ဧဝံဂေလိ၏အမှန်တရားသည် သင်တို့နှင့်အတူ ဆက်လက်တည်ရှိနိုင်ရန်ဖြစ်သည်။
၆ - သို့သော် မိမိတို့ကိုယ်ကို အတော်အရေးကြီးသူများဟု ထင်နေကြသူတစုရှိပါသည်၊ (မည်သို့သောသူဖြစ်ကြပါစေ၊ ငါ့အတွက် ဂရုစိုက်စရာမဟုတ်ပါ၊ ဘုရားသခင်သည် မည်သူ့ကိုမျှ သူဘာဖြစ်သည်ဆို၍လက်ခံခြင်းမဟုတ်ပါ) အဘယ့်ကြောင့်ဆိုသော် ထိုမိမိတို့ကိုကိုယ် အဟုတ်ကြီးထင်ကြသူတို့က အစည်းအဝေးလုပ်ကြရာ၊ ငါ့အတွက် ဘာမှ ထူးမနေပါ။
၇ - ထိုမှဆန့်ကျင်စွာ၊ အရေဖျားလှီးခြင်းမခံသောသူတို့၏ဧဝံဂေလိကို ငါ့ထံ၌အပ်ထားကြောင်း သူတို့သိသွားကြပါသည်၊ အရေဖျားလှီးခြင်းခံသူတို့၏ဧဝံဂေလိကိုမူ ပီတာထံတွင် ဖြစ်ပါသည်၊
၈ - (အဘယ့်ကြောင့်ဆိုသော် အရေဖျားလှီးခြင်းခံသူများထံ တမန်တော်ဖြစ်လာဖို့ ပီတာကို အကျိုးအာနိသင်ရှိစွာ အမှုဆောင်စေသူသည်၊ ငါ့ထံ၌လည်း တပါးအမျိုးသားများထံသို့ အားကြီးစွာလုပ်ဆောင်ပေးပါသည်)၊

၉ - ထို့အပြင် အမာခံတိုင်မကြီးများနှင့်တူကြသော ဂျိမ်းစ်၊ စီးဖတ်စ်၊ ဂျွန်တို့ကလည်း ငါ့ထံသို့ပေးထားသော ကျေးဇူးတော်ကို သဘောပေါက်ကြပါသည်၊ ထို့ကြောင့် သူတို့က ငါနှင့်ဗာနဘတ်စ်ထံ လက်ျာလက်ဟူသောမိတ်သဟာယဖွဲ့ခြင်းကို ပေးအပ်ကြပါသည်၊ ငါတို့သည် မယုံကြည်သူများထံသွားသင့်ကြသည်၊ သူတို့မူ အရေဖျားလှီးခြင်းခံကြသူတို့ထံ သွားကြမည်ဟု ဆုံးဖြတ်ကြသည်။
၁၀ - သူတို့က ငါတို့သည် ဆင်းရဲသူများကိုသတိရကြဖို့ကိုသာ အလိုရှိကြပါသည်၊ ထိုအမှုကို ငါကလည်း အထူးပြု လုပ်ကိုင်ချင်ပါသည်။
၁၁ - သို့သော် ပီတာ အန်တီအုတ်မြို့သို့လာသောအခါ၊ ငါသည် သူ့ကို မျက်နှာချင်းဆိုင်ခဲ့ရပါသည်၊ အဘယ့် ကြောင့်ဆိုသော် သူသည် အပြစ်တင်ခံထိုက်သည်ကိုပြုသောကြောင့်ဖြစ်သည်။
၁၂ - ဂျိမ်းစ်ထံမှ လူအချို့မလာကြခင်၊ ပီတာသည် တပါးအမျိုးသားတို့နှင့်အတူ စားသောက်လျှက်နေပါသည်၊ သို့သော် ထိုသူတို့လာကြသောအခါ၊ သူသည် နောက်ဆုတ်သွားပါသည်၊ သူ့ကိုသူ သီးသန့်နေပါသည်၊ အရေဖျားလှီး ခြင်းခံသူများကို ကြောက်၍ထိုသို့ပြုမူခြင်းဖြစ်သည်။
၁၃ - ထိုအခါ အခြားဂျူးများကလည်း အတူမနေကြတော့ဘဲ သူကဲ့သို့ပြုမူကြပါသည်၊ ထို့နောက် ဗာနဘတ်စ်လည်း သူတို့၏ဟန်ဆောင်မှုကြောင့် သူ့တို့ဖက် ပါသွားပါသည်။
၁၄ - သို့သော် သူတို့သည် ဧဝံဂေလိအမှန်တရားအတိုင်း ဖြောင့်မတ်စွာမရှောက်လှမ်းကြခြင်းကို ငါတွေ့သောအခါ၊ သူတို့အားလုံးရှေ့တွင် ပီတာ့ကို "သင်သည် ဂျူးဖြစ်သော်လည်း ဂျူးတို့ကဲ့သို့မနေဘဲ တပါးအမျိုးသားတို့နေထိုင်ပုံနှင့် နေခဲ့လျှင်၊ သင်သည် အဘယ့်ကြောင့် တပါးအမျိုးသားတို့ကို ဂျူးတို့ကဲ့သို့နေရန် အကျပ်ကိုင်ရပါသနည်း?"ဟု ငါ ပြောပါသည်။
၁၅ - ဂျူးဖြစ်သောငါတို့သည် သဘာဝအားဖြင့် တပါးအမျိုးသားတို့ကဲ့သို့ အပြစ်သားများ မဟုတ်ကြ၊
၁၆ - လူတဦးသည် ပညတ်တော်များ၏အလုပ်များအားဖြင့် မဖြောင့်မတ်နိုင် ခရစ်တော်ယေရှုကို ယုံကြည်ခြင်းဖြင့် သာ ဖြောင့်မတ်နိုင်သည်ကို သိကြလျှက်၊ ငါတို့ကိုယ်တိုင်ပင် ယေရှုခရစ်ကို ယုံကြည်ခဲ့ကြပါသည်၊ ထိုသို့ဖြင့် ငါတို့သည် ခရစ်တော်အား ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်လာကြရန်ဖြစ်သည်၊ ပညတ်တော်၏အလုပ်များဖြင့်မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ပညတ်တော်၏အလုပ်များဖြင့် မည်သည့်အသွေးအသားမှ မဖြောင့်မတ်နိုင်ကြပါ။
၁၇ - သို့သော် ခရစ်တော်အားဖြင့်ဖြောင့်မတ်ဖို့ ရှာဖွေနေကြလျှက်နှင့် ငါတို့သည် အပြစ်သားများအဖြစ် တွေ့နေကြ ရပါသေးသလော? ထိုသို့ဖြစ်လျှင် ခရစ်တော်သည် အပြစ်ကိုပြုလုပ်ပေးသူဖြစ်သလော? ဘုရားသခင်က တားမြစ်ပါသည်။
၁၈ - အဘယ့်ကြောင့်ဆိုသော် ငါဖျက်ဆီးခဲ့သောအရာကို ငါပြန်တည်ဆောက်နေ

သည်ဆိုလျှင်၊ ငါသည် မိမိကိုယ်ကို အပြစ်ကျူးလွန်သူ ဖြစ်နေစေပါမည်။
၁၉ - ငါသည် ပညတ်တော်အားဖြင့် ပညတ်တော်သို့ သေပါသည်၊ ထိုသို့ဖြင့် ဘုရားသခင့်ထံတော်သို့ ငါ အသက်ရှင်ရန်ဖြစ်သည်။
၂၀ - ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်တွင်အတင်ခံရသည်၊ သို့ပါလျှက် ငါ အသက်ရှင်ပါသည်၊ သို့သော် ငါမဟုတ်ပါ၊ ခရစ်တော် ငါ့အထဲ၌ ရှင်နေခြင်းဖြစ်သည်၊ ထို့အပြင် အသွေးအသားထဲ၌ ယခုအချိန် ငါရှင်နေသောအသက်သည် ငါ့ကိုချစ်၍၊ ငါ့အတွက် မိမိကိုယ်ကိုပေးအပ်သော ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းဖြင့် ရှင်နေခြင်းဖြစ်ပါသည်။
၂၁ - ငါသည် ဘုရားသခင်၏ကျေးဇူးတော်ကို ကဖျက်ယဖျက်မလုပ်ပါ၊ အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်ခြင်းသာ ပညတ်တော်ဖြင့်လာခဲ့လျှင်၊ ခရစ်တော်သည် အချည်းနှီးမဲ့ အသေခံရမည်ဖြစ်သည်။

**ဂလာတိ ၃း၁–၂၉**

၁ - အိုး၊ မိုက်မဲသောဂလေးရှန်းနယ်သားတို့၊ အမှန်တရားကို မနာခံကြရန်၊ သင်တို့ကို မည်သူက ပြုစားပါသနည်း? သင်တို့၏မျက်လုံးများရှေ့တွင် ယေရှုခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်၌အသေခံသူအဖြစ်နှင့် သင်တို့ကြားတွင် ထင်ရှားစွာ ပြခဲ့ပြီးမဟုတ်လော?
၂ - ဤအကြောင်းအရာတခုတည်းကိုသာ သင်တို့ထံမှ ငါသိချင်ပါသည်၊ သင်တို့သည် ဝိညာဉ်တော်ကို ပညတ်တော်များအားလုပ်ကိုင်ခြင်းဖြင့် လက်ခံရရှိကြပါသလော? (သို့) ယုံကြည်ခြင်းအကြောင်းကို ကြားရခြင်းအားဖြင့်လော?
၃ - သင်တို့သည် ထိုမျှ မိုက်မဲကြသလော? ဝိညာဉ်တော်ဖြင့်စတင်ကြလျှက်၊ သင်တို့သည် ယခုတွင် အသွေးအသားဖြင့် ပြည့်စုံဖို့ပြင်ကြပါသလော?
၄ - သင်တို့သည် မြောက်များစွာအရာများကို အချည်းနှီးမဲ့ ခံကြပြီလော? အားလုံးသည် အချည်းနှီးမဲ့ဖြစ်နေပြီလော။
၅ - သင်တို့ထံသို့ ဝိညာဉ်တော်အားဖြင့် အမှုဆောင်ပေးသူ၊ သင်တို့ကြား၌ အံ့သြစရာများကို ပြုလုပ်ခဲ့သူသည်၊ ပညတ်တော်၏အလုပ်များဖြင့် လုပ်ခဲ့ခြင်းဖြစ်ပါသေလာ? (သို့) ယုံကြည်ခြင်းကို ကြားနာခြင်းအားဖြင့်လော?
၆ - ထိုနည်းတူ အေဗရာဟမ်သည် ဘုရားသခင်ကို ယုံကြည်ခဲ့ပါသည်၊ ၎င်းကို သူ၏ ဖြောင့်မတ်ခြင်းအတွက် မှတ်ယူခဲ့ပါသည်။
၇ - ထို့ကြောင့် ယုံကြည်ခြင်းရှိသူမှန်သမျှသည် အေဗရာဟမ်၏သားသမီးများဖြစ်ကြသည်ဟု သင်တို့သိကြပါ။
၈ - ကျမ်းစာက ဘုရားသခင်သည် မယုံကြည်သူတို့ကို ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်စေမည်ကို ကြိုသိသဖြင့်၊ အေဗရာဟမ်ထံ ဧဝံဂေလိကို ကြိုတင်ဟောကြားခဲ့ပါသည်၊

"သင့်အားဖြင့် နိုင်ငံအားလုံးတို့သည် ကောင်းချီးခံရမည်"ဟု ပြောခဲ့ပါသည်။
၉ - ထို့ကြောင့် ယုံကြည်ခြင်းရှိသူတို့သည် သစ္စာရှိသောအေဗြဟာမ်နှင့်အတူ ကောင်းချီးခံကြရပါသည်။
၁၀ - အဘယ့်ကြောင့်ဆိုသော် ပညတ်တော်၏အလုပ်များအောက်၌ ရှိနေသမျှသောသူတို့သည် ကျိန်ခြင်းအောက်၌ရှိကြပါသည်၊ "ပညတ်တော်စာအုပ်တွင် ရေးထားသောအရာများအားလုံးကို ဆက်လက်၍မလုပ်သူတိုင်း ကျိန်ခြင်းကိုခံစေ"ဟုရေးထားပါသည်။
၁၁ - သို့သော် မည်သည့်လူသားမျှ ပညတ်တော်အားဖြင့် ဘုရားသခင့်ရှေ့မှောက်တွင် မဖြောင့်မတ်ကြပါ၊ ထိုအချက်သည် ထင်ရှားနေပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်မည်ဖြစ်သောကြောင့်ပင်။
၁၂ - ပညတ်တော်သည် ယုံကြည်ခြင်းမဟုတ်ပါ၊ သို့သော် ထိုအရာတို့ကို လုပ်ကိုင်သူသည် ထိုအရာများထဲ၌အသက်ရှင်မည်ဖြစ်သည်။
၁၃ - ခရစ်တော်သည် ငါတို့ကို ပညတ်တော်၏ကျိန်ခြင်းမှ ကယ်လွှတ်ခဲ့ပြီဖြစ်သည်၊ ငါတို့အတွက် မိမိကိုယ်ကို ကျိန်ခြင်းဖြစ်စေခဲ့ပြီ၊ အဘယ့်ကြောင့်ဆိုသော် ဤသို့ရေးထားပါသည်၊ "သစ်ပင်ပေါ်တွင် ချိန်ဆွဲထားခြင်းခံရသူတိုင်းသည် ကျိန်ခြင်းကို ခံရသူဖြစ်သည်။"
၁၄ - ထိုသို့ဖြင့် အေဗြဟာမ်၏ကောင်းချီးမင်္ဂလာသည် ယေရှုခရစ်တော်အားဖြင့် တပါးအမျိုးသားတို့ထံ ရောက်လာရန်ဖြစ်သည်၊ ငါတို့သည်လည်း ဝိညာဉ်တော်၏ကတိတော်ကို ယုံကြည်ခြင်းဖြင့် ရနိုင်ကြရန်ဖြစ်သည်။
၁၅ - ညီအကိုတို့၊ ငါသည် လူတို့ပြောစုံပုံနှင့်ပြောနေခြင်းဖြစ်ပါသည်၊ လူသားပြုသောပဋိညာဉ်ပင်လျှင်၊ အခိုင်အမာပြုပြီးဖြစ်ပါက၊ မည်သူကမှ ဖျက်ပစ်၍မရပါ၊ (သို့) ထပ်ထည့်၍လည်း မရပါ။
၁၆ - ယခုတွင် အေဗြဟာမ်နှင့်သူ၏မျိုးနွယ်ထံ ကတိတော်များကိုပေးထားပါသည်။ ထိုသို့ပေးသည့်အခါ၊ ဘုရားသခင်က သင်၏မျိုးနွယ်တို့ထံဟု ပြောမထားပါ၊ အများထံပေးသကဲ့သို့မပြောပါ၊ သို့သော် တဦးတည်းထံသို့သာ ပြောပါသည်၊ သင်၏မျိုးနွယ်ဟူ၍ဖြစ်သည်၊ ထိုသူသည် ခရစ်တော်ဖြစ်သည်။
၁၇ - ဤသို့ငါပြောရခြင်းမှာ၊ ဘုရားသခင့်ရှေ့ ခရစ်တော်၌ အခိုင်အမာပြုပြီးသောပဋိညာဉ်ကို၊ နောက်နှစ်ပေါင်းလေးရာ့သုံးဆယ်ကြာမှ ရောက်လာသော ပညတ်တော်များက မဖျက်ပစ်နိုင်သောကြောင့်၊ ၎င်းက ကတိတော်ကို အာနိသင်မရှိအောင် မပြုလုပ်နိုင်သောကြောင့်ဖြစ်ပါသည်။
၁၈ - အဘယ့်ကြောင့်ဆိုသော် အမွေရခြင်းသည် ပညတ်တော်ကြောင့်သာဖြစ်လျှင်၊ ၎င်းသည် ကတိတော်ကြောင့် မဖြစ်နိုင်တော့ပါ၊ သို့သော် ဘုရားသခင်က ၎င်းအမွေကို အေဗြဟာမ်ထံ ကတိတော်ဖြင့် ပေးအပ်ခဲ့ပါသည်။

၁၉ - ထိုသို့ဖြစ်လျှင် ပညတ်တော်က မည်သည်ကိုဆောင်ရွက်ပေးပါသနည်း? ၎င်းကို ဖေါက်ဖျက်ကျူးလွန်ခြင်းများကြောင့် ထပ်ထည့်ရခြင်းဖြစ်ပါသည်၊ ကတိတော်ကိုပေးအပ်ထားသော မျိုးစေ့ ရောက်လာသည့်တိုင်အောင်ဖြစ်သည်၊ ၎င်းကို ကြားဝင်ဖြန်ဖြေပေးသူ၏လက်၌ ကောင်းကင်တမန်များအားဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

၂၀ - ယခုတွင် ကြားဝင်ဖြန်ဖြေသူသည် တဖက်တည်းအတွက် ကြားဝင်ဖြန်ဖြေပေးခြင်း မဟုတ်ပါ၊ သို့သော် ဘုရားသခင်သည် တဖက်ဖြစ်ပါသည်။

၂၁ - ထိုသို့ဆိုလျှင် ပညတ်တော်သည် ဘုရားသခင်၏ကတိတော်ကို ဆန့်ကျင်နေပါသလား? ဘုရားသခင်ကတားမြစ်ပါသည်၊ အကယ်၍သာ အသက်ရှင်ခြင်းကိုပေးနိုင်သော ပညတ်တော်ကို ပေးခဲ့သည်ဆိုပါလျှင်၊ ဖြောင့်မတ်ခြင်းသည် အမှန်တကယ်ပင် ပညတ်တော်မှရနိုင်ပါမည်။

၂၂ - သို့သော် ကျမ်းစာက အားလုံးကို အပြစ်၏အောက်၌နိုင်ငံချုပ်ပစ်လိုက်ပါသည်၊ ထိုသို့ဖြင့် ယေရှုခရစ်တော်၏ ယုံကြည်ခြင်းကတိတော်ကို ယုံကြည်သူတို့ထံ ပေးနိုင်ရန် ဖြစ်သည်။

၂၃ - သို့သော် ယုံကြည်ခြင်းရောက်မလာခင်၊ ငါတို့သည် ပညတ်တော်အောက်တွင် ထိန်းထားခြင်းခံကြရပါသည်၊ နောက်မှဖွင့်ပြတော်မူမည့် ယုံကြည်ခြင်းသို့ ပိတ်ထားခြင်းကို ခံနေခဲ့ကြရပါသည်။

၂၄ - ထို့ကြောင့် ပညတ်တော်သည် ငါတို့၏ကျောင်းအုပ်ဆရာကြီးဖြစ်ပါသည်၊ ငါတို့ကို ခရစ်တော်ထံ ခေါ်သွားသူဖြစ်သည်၊ ထိုသို့ဖြင့် ငါတို့သည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်နိုင်ကြရန်ဖြစ်သည်။

၂၅ - သို့သော် ထိုယုံကြည်ခြင်းရောက်လာပြီးသောအခါ၊ ငါတို့သည် ကျောင်းအုပ်ဆရာကြီး၏အောက်၌ ရှိမနေကြတော့ပါ။

၂၆ - အဘယ့်ကြောင့်ဆိုသော် သင်တို့အားလုံးသည် ခရစ်တော်ယေရှုကို ယုံကြည်ကြသဖြင့် ဘုရားသခင်၏သားသမီးများဖြစ်ကြပြီဖြစ်သည်။

၂၇ - ခရစ်တော်ထံသို့ ဗတ္တိဇံခံယူကြသမျှသော သင်တို့အားလုံးသည် ခရစ်တော်ကို ဝတ်ဆင်ကြပြီဖြစ်သည်။

၂၈ - ထိုနေရာတွင် ဂျူး၊ ဂရိဟူ၍ မရှိပါ၊ ထို့အတူ ကျွန်၊ လွတ်လပ်သူ၊ ယောကျ်ား၊ မိန်းမ ဟူ၍မရှိပါ၊ အဘယ့်ကြောင့်ဆိုသော် သင်တို့အားလုံးသည် ခရစ်တော်ယေရှု၌ တစ်လုံးတဝတည်း ဖြစ်ပါသည်။

၂၉ - ထို့အပြင် သင်သည် ခရစ်တော်ပိုင်ဖြစ်လျှင်၊ သင်သည် အေဗရာဟမ်၏မျိုးနွယ် ဖြစ်ပါသည်၊ ကတိတော်အရ အမွေခံရမည့်သူဖြစ်သည်။

၁၆ - ယခုတွင် အေဗရာဟမ်နှင့်သူ၏မျိုးနွယ်ထံ ကတိတော်များကိုပေးထားပါသည်။ ထိုသို့ပေးသည့်အခါ၊ ဘုရားသခင်က သင်၏မျိုးနွယ်တို့ထံဟု ပြောမထားပါ၊ အများထံ

ပေးသကဲ့သို့မပြောပါ၊ သို့သော် တဦးတည်းထံသို့သာ ပြောပါသည်၊ သင်၏မျိုးနွယ်ဟူ၍ဖြစ်သည်၊ ထိုသူသည် ခရစ်တော်ဖြစ်သည်။
၂၉ - ထို့အပြင် သင်သည် ခရစ်တော်ပိုင်ဖြစ်လျှင်၊ သင်သည် အေဗရာဟမ်၏ မျိုးနွယ်ဖြစ်ပါသည်၊ ကတိတော်အရ အမွေခံရမည့်သူဖြစ်သည်။

**ဂလာတိ ၄း၁–၃၁**

၁ - ယခုတွင် ငါပြောမည်၊ အမွေခံသည်၊ ငယ်စဉ်ကာလတလျှောက်လုံး၊ အားလုံး၏သခင်ဖြစ်သော်လည်း၊ အစေခံတဦးနှင့် ဘာမျှမခြားပါ၊
၂ - သို့သော် သူသည် နည်းပြဆရာတို့နှင့်အုပ်ချုပ်သူတို့အောက်တွင် နေထိုင်ရပါသည်၊ ဖခင်က ခန့်အပ်သောအချိန်အထိဖြစ်သည်။
၃ - ငါတို့လည်း ထိုသို့ဖြစ်ကြပါသည်၊ ငါတို့ ငယ်စဉ်ကာလတွင်၊ ကမ္ဘာကြီး၏အခြေခံသဘောတရားများအောက်တွင် ကျွန်ဖြစ်နေခဲ့ကြရသည်။
၄ - သို့သော် အချိန်ပြည့်စုံခြင်း ရောက်သောအခါ၊ ဘုရားသခင်သည် သူ၏သားတော်ကို စေလွှတ်ပါသည်၊ မိန်းမဖြင့်ဖွားသောသား၊ ပညတ်တော်အောက်၌ဖွားသောသားဖြစ်ပါသည်။
၅ - ပညတ်များအောက်၌ရှိနေကြသူများကို ကယ်တင်ရန်ဖြစ်သည်၊ ထိုသို့ဖြင့် ငါတို့သည် သားများအဖြစ်မွေးစားခံရခြင်းကို လက်ခံရရှိကြရန်ဖြစ်သည်။
၆ - ထို့အပြင် သင်တို့သည် သားများဖြစ်ကြသဖြင့်၊ ဘုရားသခင်သည် သူ့သားတော်၏ ဝိညာဉ်တော်ကို သင်တို့နှလုံးသားများထဲသို့ စေလွှတ်ပါသည်၊ ထို့ကြောင့် သင်တို့က အဗ္ဗ၊ အဖဟု ခေါ်နိုင်ကြသည်။
၇ - ထို့အတွက်ကြောင့် သင်တို့သည် ကျွန်မဟုတ်ကြတော့ပါ၊ သို့သော် သား ဖြစ်ကြသည်၊ သားဖြစ်လျှင် ခရစ်တော်အားဖြင့် ဘုရားသခင်၏အမွေခံဖြစ်ကြပါသည်။
၈ - သို့သော်လည်း သင်တို့ ဘုရားသခင်ကိုမသိကြချိန်က၊ သဘာဝအားဖြင့် ဘုရားမဟုတ်သောအရာများကို အမှုဆောင်ခဲ့ကြပါသည်။
၉ - သို့သော် ယခု၊ သင်တို့ ဘုရားသခင်ကိုသိကြသောအခါ၊ (သို့) ဘုရားသခင်ကသင်တို့ကို သိသောအခါဟုပြောလျှင်ပိုမှန်မည်၊ သင်တို့သည် မည်သို့လျှင် အားနည်းသော၊ သူတောင်းစာမျှသာဖြစ်သော အကြောင်းတရားများသို့ ပြန်လှည့်ကြပြန်ပါသနည်း?
သင်တို့သည် မည်ကဲ့သို့ နောက်တဖန် ကျွန်ခံချင်ကြပြန်သနည်း?
၁၀ - သင်တို့သည် နေ့များ၊ လများ၊ အချိန်များ၊ နှစ်များကို စောင့်ထိန်းနေကြပြန်သည်။
၁၁ - ငါ သင်တို့ထံ လုပ်ကိုင်ခဲ့သမျှသည် အချည်းနှီးမဲ့ဖြစ်တော့မည်ကို စိုးရိမ်နေပါသည်။
၁၂ - ညီအကိုတို့၊ ငါကဲ့သို့ဖြစ်ကြပါဟု သင်တို့ကို တိုက်တွန်းပါသည်၊ အဘယ့်ကြောင့်

ဆိုသော် ငါသည် သင်တို့ကဲ့သို့ဖြစ်ပါသည်၊ သင်တို့က ငါ့ကို မည်သို့မျှ မနစ်နာစေကြပါ။
၁၃ - အစတွင် ငါသည် သင်တို့ထံ ဧဝံဂေလိဟောခဲ့သည့်အခါ အသွေးအသားဖြင့် မည်မျှ နာကျင်စွာခံခဲ့ရကြောင်း သင်တို့သိကြပါသည်။
၁၄ - ထို့အပြင် ငါ၏အသွေးအသားထဲ၌ရှိသော စုံစမ်းနှောက်ယှက်ခြင်းကို သင်တို့သည် အထင်မသေးခဲ့ကြပါ၊ ငြင်းလည်း မငြင်းပယ်ခဲ့ကြပါ၊ သို့သော် ငါ့ကို ဘုရားသခင်၏ ကောင်းကင်တမန်အဖြစ် လက်ခံခဲ့ကြပါသည်၊ ခရစ်တော်ယေရှုကဲ့သို့ပင် ထင်ကြပါသည်။
၁၅ - ထို သင်တို့ပြောခဲ့သော ကောင်းချီးခံရခြင်းများ မည်သည့်နေရာသို့ ရောက်ကုန်သနည်း? အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ဖြစ်နိုင်သည်ဆိုလျှင် ငါ့ကိုပေးဖို့ရန် သင်တို့၏မျက်လုံးများကိုပင် ထုတ်ချင်ကြသည်ကို ငါမှတ်မိပါသေးသည်။
၁၆ - ငါ သင်တို့ကို အမှန်တရားပြောပြသဖြင့် သင်တို့၏ရန်သူ ဖြစ်သွားပြီလော?
၁၇ - သူတို့သည် သင်တို့ကို ပြင်းထန်စွာ သဘောကျကြသည်၊ သို့သော် မှန်ကန်စွာဖြင့် မဟုတ်ပါ၊ ထိုသို့ဖြင့် သင်တို့က သူတို့ကို သဘောကျလာရန်သာဖြစ်သည်။
၁၈ - သို့သော် ၊ ငါ သင်တို့ထံ၌ ရှိစဉ်အခါတွင်သာ မဟုတ်ပါ၊ ကောင်းမြတ်သောအရာအတွက် ပြင်းထန်စွာသဘောကျခြင်းသည် အမြဲတမ်းကောင်းပါသည်။
၁၉ - ငါ၏ သားငယ်သမီးငယ်တို့၊ သင်တို့အထဲ၌ခရစ်တော်သည် ပုံစံကျရှိသည်တိုင်အောင် သင်တို့အတွက် ငါသည် သားဖွားခြင်းဝေဒနာကို ခံစားရသကဲ့သို့ ပြန်လည်ခံစားနေရပါသည်။
၂၀ - ယခုတွင် ငါ သင်တို့ထံတွင် ရှိချင်လှသည်၊ ငါ့အသံကို ပြောင်းရန်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် သင်တို့ကို သံသယဖြစ်လျှက် ရပ်နေရပါသည်။
၂၁ - သင်တို့ ငါ့ကိုပြောပြကြပါ၊ သင်တို့ ပညတ်တော်အောက် ပြန်နေချင်ကြသည့်အခါ၊ ပညတ်တော်က ဘာပြောသည်ကို သင်တို့မကြားဘူး၍လော?
၂၂ - ဤသို့ရေးထားပါသည်၊ "အေဗရာဟမ်ထံတွင် သားနှစ်ဦးရှိသည်၊ တဦးသည် ကျွန်မမှ မွေးလာသူဖြစ်သည်၊ နောက်တဦးမှာ လွတ်လပ်သောအမျိုးသမီးမှ မွေးလာသူဖြစ်သည်။"
၂၃ - သို့သော် ကျွန်မမှမွေးလာသူသည် အသွေးအသားအားဖြင့် မွေးလာသူဖြစ်သည်၊ သို့သော် လွတ်လပ်သောအမျိုးသမီးမှမွေးသောသူသည် ကတိတော်ဖြင့်မွေးလာသူဖြစ်သည်။
၂၄ - ထိုအရာတို့သည် ပုံခိုင်းရေးဖွဲ့ထားခြင်းဖြစ်သည်၊ ၎င်းတို့က ပဋိညာဉ်နှစ်မျိုးကို ပုံဆောင်သည်၊ တခုသည် ဆိုင်းနိုင်းတောင်ဖြစ်သည်၊ ကျွန်ခံရခြင်းသို့ မွေးဖွားပေးသည်၊ သူ့ကို ဟာဂါဟုခေါ်သည်။
၂၅ ထို ဟာဂါသည်၊ အာရေဗီးယားဒေသရှိ ဆိုင်းနိုင်းတောင်ဖြစ်သည်၊ မိမိသားသမီး

များကို ကျွန်ဘဝသို့ရောက်စေသည်၊ ယခုရှိနေသော ဂျေရုဆလင်တောင်နှင့် အလားတူ ဖြစ်သည်။
၂၆ - သို့သော် အထက်မှလာသော ဂျေရုဆလင်သည် လွတ်လပ်သည်၊ ငါတို့အားလုံး ၏မိခင်ဖြစ်သည်။
၂၇ - "ဝမ်းမြောက်လော့၊ အသင် မြုံသောအမျိုးသမီး၊ ကလေးအားနို့မတိုက်ဘူးသူအ မျိုးသမီး၊ ကလေးမွေးခြင်းဝေဒနာကိုမခံဘူးသော သင်၊ ပေါက်ကွဲသံနှင့်အော်ဟစ်လော့၊ အဘယ့်ကြောင့်ဆိုသော် ပစ်ထားခြင်းခံရသောသူသည် လင်ရှိသောအမျိုးသမီးထက် ကလေးများစွာကိုရရှိပြီဖြစ်သည်၊"ဟုရေးထားပါသည်။
၂၈ - ညီအကိုတို့၊ ငါတို့သည် အိုင်းဇက်ကဲ့သို့ဖြစ်ပါသည်၊ ကတိတော်ဖြင့်မွေးသော သားသမီးများဖြစ်ကြပါသည်။
၂၉ - သို့သော် ထိုအချိန် အသွေးအသား၌မွေးဖွားလာသူက ဝိညာဉ်တော်အားဖြင့် မွေးဖွားလာသူကို ညှင်းဆဲခဲ့သကဲ့သို့၊ ယနေ့တွင်လည်း ဖြစ်နေပါသည်။
၃၀ - မည်သို့ဖြစ်ပါစေ ကျမ်းစာက ဘာပြောခဲ့ပါသနည်း? ကျွန်မနှင့်သူ့သားကို နှင် ထုတ်လိုက်ပါ၊ ကျွန်မ၏သားသည် လွတ်လပ်သောအမျုးသမိး၏သားနှင့်အတူတူ အ မွေမခံရဟု ပြောခဲ့ပါသည်။
၃၁ - ညီအကိုတို့၊ ထိုကဲ့သို့ပင် ငါတို့သည် ကျွန်မ၏ သားသမီးများမဟုတ်ကြပါ၊ လွတ် လပ်သူ၏သားသမီးများ ဖြစ်ကြပါသည်။

ဂလာတိ ၅း၁–၂၆
၁ - ထို့ကြောင့် ခရစ်တော်က ငါတို့ကို လွတ်လပ်အောင်ပြုလုပ်ပေးသော လွတ်လပ် ခြင်း၌ အခိုင်အမာရပ်နေကြလော့၊ ကျွန်ခံခြင်း ထမ်းပိုးနှင့် နောက်တဖန် ပြန်လည် ပတ်သက်ရှုတ်ထွေးခြင်း မပြုကြနှင့်။
၂ - ကြည့်ပါ၊ ငါ ပေါလ်က သင်တို့ထံ ပြောသည်မှာ၊ အကယ်၍သင်တို့ အရေဖျား လှီးခြင်းခံကြလျှင်၊ ခရစ်တော်သည် သင်တို့ထံ၌ ဘာမှအကျိုးရှိမည်မဟုတ်ပါ။
၃ - အဘယ့်ကြောင့်ဆိုသော် အရေဖျားလှီးခြင်းခံသူတိုင်းထံ ငါ နောက်တခါ သက် သေခံသည်မှာ၊ ထိုသူသည် ပညတ်အားလုံးကို လုပ်ကိုင်ရန် အကြွေးတင်နေသူဖြစ်ပါ သည်။
၄ - သင်တို့ထဲမှ မည်သူမဆို ပညတ်တော်အားဖြင့်ဖြောင့်မတ်သည်ဆိုလျှင် ခရစ်တော် သည် သင်တို့ထံ ဘာအကျိုးသက်ရောက်မှုမှ မရှိတော့ပါ၊ သင်တို့သည် ကျေးဇူးတော်မှ ကျဆုံးကြပြီဖြစ်သည်။
၅ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ဝိညာဉ်တော်အားဖြင့် ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်ကြမည်ဆိုသောမျှော်လင့်ချက်ဖြင့် စောင့်နေကြပါသည်။
၆ - ယေရှုခရစ်ထံတွင် အရေဖျားလှီးခံခြင်းသည် ဘာမှအရာမရောက်ပါ၊ ထို့အတူ မခံ

ခြင်းလည်းဖြစ်ပါသည်၊ သို့သော် ချစ်ခြင်းဖြင့် လုပ်ဆောင်သော ယုံကြည်ခြင်းသာအရာ ရောက်ပါသည်။
၇ - သင်တို့သည် ကောင်းစွာပြေးခဲ့ကြပြီ၊ သင်တို့အား အမှန်တရားကို မနာခံရန် မည်သူက ဟန့်တားသနည်း?
၈ - ထိုသွေးဆောင်ခြင်းသည် သင်တို့ကို ခေါ်သောသူထံမှ လာသည်မဟုတ်ပါ။
၉ - တဆေးအနည်းငယ်က မုန့်တပုံလုံးကို အချဉ်ပေါက်စေနိုင်ပါသည်။
၁၀ - သင်တို့သည် အခြားသောစိတ်ကူးများ ရှိကြလိမ့်မည်မဟုတ်ဟု သခင်ဘုရားအားဖြင့် ငါသည် သင်တို့ကို စိတ်ချပါသည်၊ သို့သော် သင်တို့ကို ပြဿနာဖြစ်စေသူသည် မည်သို့သောသူဖြစ်ပါစေ၊ မိမိ၏ပြစ်ဒဏ်ကို ခံရမည်ဖြစ်သည်။
၁၁ - ညီအကိုတို့၊ ငါသည်လည်း၊ အရေဖျားလှီးခံခြင်းကို ဆက်၍ဟောပြောနေသည်ဆိုလျှင်၊ အဘယ့်ကြောင့် ညှဉ်းဆဲခြင်းကို ခံ နေရပါဦးမည်နည်း? ထိုသို့ဆိုလျှင် လက်ဝါးကပ်တိုင်ကြောင့်ဖြစ်သော စိတ်နှောက်အယှက်ဖြစ်ရခြင်းသည် ရပ်ဆဲသွားမည်ဖြစ်သည်။
၁၂ - သင်တို့ကို ပြဿနာပေးသောသူတို့ကို ဖယ်ထုတ်လိုက်ရန် ငါအလိုရှိပါသည်။
၁၃ - အဘယ့်ကြောင့်ဆိုသော်၊ ညီအကိုတို့၊ သင်တို့ကို လွတ်လပ်ခြင်းသို့ခေါ်ထားခဲ့ပြီဖြစ်သည်၊ ထိုလွတ်လပ်ခြင်းကို အသွေးအ သားအတွက်သာ မသုံးကြနှင့်၊ သို့သော် ချစ်ခြင်းဖြင့် တဦးကိုတဦး ကူညီယိုင်းပင်းကြပါ။
၁၄ - အဘယ့်ကြောင့်ဆိုသော် ပညတ်တော်သည် စကားတလုံးတည်းနှင့် ပြည့်စုံသောကြောင့်ဖြစ်သည်၊ သင်သည် မိမိအိမ်နီးချင်း ကို သင်ကိုယ်သင်ချစ်သကဲ့သို့ ချစ်ပါ ဆိုသောစကားလုံး၌ပင် ဖြစ်ပါသည်။
၁၅ - သို့သော် သင်တို့သည် တဦးနှင့်တဦး ကိုက်နေကြလျှင် ဝါးမျိုနေကြလျှင်၊ သင်တို့သည် တဦးကိုတဦး ဖျက်ဆီးကြတော့မည်ကို သတိထားကြပါ။
၁၆ - ထို့ကြောင့် ဝိညာဉ်တော်၌လျှောက်လှမ်းကြပါဟု ငါပြောချင်ပါသည်၊ ထိုအခါ သင်တို့သည် အသွေးအသား၏တပ်မက်မှုကို မပြည့်စုံစေဘဲ နေနိုင်ကြပါမည်။
၁၇ - အဘယ့်ကြောင့်ဆိုသော် အသွေးအသားက ဝိညာဉ်တော်ကို ဆန့်ကျင်၍သာ တပ်မက်ပါသည်၊ ထို့အတူ ဝိညာဉ်တော်ကလည်း အသွေးအသားကိုဆန့်ကျင်ပါသည်၊ ၎င်းတို့သည် တခုကိုတခု ဆန့်ကျင်နေကြပါသည်၊ ထို့ကြောင့် သင်တို့သည် လုပ်ချင်သည့်အရာများကို မလုပ်နိုင်ကြခြင်းဖြစ်သည်။
၁၈ - သို့သော် သင်တို့သည် ဝိညာဉ်တော်၏ ဦးဆောင်ခြင်းကိုခံကြလျှင်၊ သင်တို့သည် ပညတ်တော်အောက်၌ ရှိမနေကြတော့ပါ။
၁၉ - ယခုတွင် အသွေးအသား၏အလုပ်တို့သည် ထင်ရှားလှပါသည်၊ ဤသည်တို့ဖြစ်ကြပါသည်၊ သူ့မယားနှင့်ဖေါက်ပြန်ခြင်း၊ လိင်မှုကိစ္စ၌ စည်းကမ်းမရှိခြင်း၊ မသန့်ရှင်းခြင်း၊ ကာမရာဂစိတ်ပြင်းပြလွန်းခြင်း၊

၂၀ - ရုပ်တုကိုးကွယ်ခြင်း၊ စုန်းကဝေအတတ်ပညာကျင့်သုံးခြင်း၊ မုန်းတီးခြင်း၊သဘော ထားကွဲလွဲခြင်း၊ ပြိုင်ဆိုင်ခြင်း၊ အမျက်ဒေါသ ကြီးခြင်း၊ ရန်ဖြစ်ခြင်း၊ အချင်းချင်းကွဲပြား စေခြင်း၊ မှားယွင်းသောဩဝါဒများကိုသင်ပေးခြင်း၊
၂၁ - မနာလိုခြင်းများ၊ လူသတ်ခြင်းများ၊ အရက်မူးခြင်း၊ သောက်စားမြူးထူးခြင်းများ နှင့် ထိုသို့သောအရာများဖြစ်ကြသည်၊ ၎င်းတို့ နှင့်ပတ်သက်၍ သင်တို့ကို ငါ အရင်က ပြောခဲ့ပြီ၊ ထိုသို့သောအကျင့်များကို လုပ်ကိုင်ကြသူတို့သည် ဘုရားသခင်၏နိုင်ငံတော် ကို အမွေမခံကြရဟုလည်း ငါ သင်တို့ကို အရင်ကပြောခဲ့ပြီးဖြစ်ပါသည်။
၂၂ - သို့သော် ဝိညာဉ်တော်၏အသီးအပွင့်များမှာ ချစ်ခြင်း၊ ဝမ်းသာခြင်း၊ ငြိမ်းချမ်း ခြင်း၊ စိတ်ရှည်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကောင်း မြတ်ခြင်း၊ ယုံကြည်ခြင်း၊
၂၃ - အနွံအတာခံခြင်း၊ မိမိကိုယ်ကိုထိန်းသိမ်းနိုင်ခြင်း စသည်တို့ဖြစ်သည်၊ ထိုသို့ သော အကျင့်စရိုက်များကို မည်သည့်ပညတ်ကမျှ မဆန့်ကျင်ကြပါ။
၂၄ - ထို့အပြင် ခရစ်တော်၌ရှိကြသူတို့သည် အသွေးအသားကို ၎င်း၏သဘောကျခြင်း များ၊ တပ်မက်ခြင်းများနှင့်အတူ လက်ဝါး ကပ်တိုင်၌ ရိုက်ထားကြပြီဖြစ်သည်။
၂၅ - အကယ်၍ ငါတို့သည် ဝိညာဉ်တော်၌ အသက်ရှင်ကြလျှင်၊ ဝိညာဉ်တော်အား ဖြင့် လျှောက်လှမ်းကြပါမည်။
၂၆ - အချည်းနှီးသောထင်ပေါ်ကျော်ကြားမှုကို မလိုချင်ဘဲ နေကြပါမည်၊ တဦးကိုတ ဦး ရန်စခြင်းများ၊ မနာလိုခြင်းများကို မပြုဘဲ နေကြပါမည်။

**ဂလာတိ ၆း၁–၁၈**

၁ - ညီအကိုတို့၊ အကယ်၍တစုံတဦးသည် မှားယွင်းခြင်းပြုမိလျှင်၊ ဝိညာဉ်ရေးရာ၌ အားကြီးသောသင်တို့က ထိုသို့သောသူကို နူးညံ့သောဝိညာဉ်ဖြင့် နေရာမှန်ပြန်ပို့ကြ လော့၊ သင်တို့ကိုယ်ကိုလည်း သတိထားဆင်ခြင်ကြပါ၊ သို့မဟုတ်ပါက သင်သည်လည်း စုံးစမ်းခြင်းခံရမည်စိုးရပါသည်။
၂ - တဦး၏ဝန်ထုပ်ဝန်ပိုးတို့ကို တဦးကထမ်းပေးကြလော့၊ ထိုသို့သခင်ဘုရား၏ပညတ် တော်ကို ပြည့်စုံစေကြလော့။
၃ - အဘယ့်ကြောင့်ဆိုသော် သူသည် မည်သည့်မျှ မဟုတ်ဘဲနှင့် တစုံတဦးက မိမိ ကိုယ်ကို တစုံတဦးဖြစ်သည်ဟုထင်လျှင်၊ သူသည် မိမိကိုယ်ကို လိမ်ညာသူဖြစ်သည်။
၄ - သို့သော် လူတိုင်း မိမိတို့အလုပ်သည်မှန်ကန်ကြောင်း သက်သေပြကြစေ၊ ထိုအခါ သူသည် သူတပါး၏အမှု၌မဟုတ်ဘဲ၊ မိမိ၏အမှု၌ဝမ်းမြောက်သူဖြစ်မည်။
၅ - အဘယ့်ကြောင့်ဆိုသော် လူတိုင်း မိမိ၏ဝန်ထုတ်ဝန်ပိုးကို ထမ်းရွက်ရမည်ဖြစ် သည်။
၆ - နုတ်ကပတ်တော်သင်ကြားပေးခြင်းခံရသူသည်၊ သူ့အား သင်ပေးသူထံ ကောင်း သောအရာများအားလုံးကို ဝေမျှပါစေ။

၇ - အညာမခံကြနှင့်၊ ဘုရားသခင်သည် အလှောင်အပြောင် ခံတော်မမူ၊ အဘယ့်ကြောင့်ဆိုသော် လူသည် မိမိစိုက်သည်အတိုင်း ရိတ်ရလိမ့်မည်ဖြစ်သည်။
၈ - အဘယ့်ကြောင့်ဆိုသော် မိမိ၏အသွေးအသားသို့ စိုက်ပျိုးသူသည် အသွေးအသားနှင့်ဆိုင်သော ပျက်စီးခြင်းကို ရိတ်ရလိမ့်မည်၊ သို့သော် ဝိညာဉ်သို့ စိုက်ပျိုးသူမှာ ဝိညာဉ်နှင့်ဆိုင်သော ထာဝရအသက်ကို ရိတ်ရမည်ဖြစ်သည်။
၉ - ထို့နောက် ငါတို့သည် ကောင်းမွန်စွာလုပ်ကိုင်ခြင်းတို့၌ စိတ်မပျက်ဘဲနေကြမည်၊ အဘယ့်ကြောင့်ဆိုသော် အကယ်၍ ငါတို့သည် အားလျှော့မသွားလျှင် အချိန်တန်သောအခါ၊ ငါတို့သည် ရိတ်သိမ်းကြရဦးမည်ဖြစ်သည်။
၁၀ - ထို့ကြောင့် ငါတို့သည် အခွင့်အရေးရကြသည်အတိုင်း၊ လူတိုင်းထံသို့ ကောင်းမြတ်ခြင်းကို လုပ်ကြပါမည်၊ အထူးသဖြင့် ယုံကြည်ခြင်းအိမ်ထောင်စုထဲရှိနေကြသူတို့ထံတွင်ဖြစ်သည်။
၁၁ - ငါ၏လက်ဖြင့် မည်မျှလောက်ကြီးသောစကားလုံးကိုရေးကြောင်း သင်တို့ မြင်ကြပြီဖြစ်သည်။
၁၂ - အသွေးအသားအားဖြင့် လူတို့၏ချီးမြှောက်မှုခံချင်သူ ရှိသမျှတို့က၊ သင်တို့ကို အတင်းအကြပ် အရေဖျားလှီးခံကြရန် ခိုင်းကြခြင်းဖြစ်သည်၊ ထိုသို့ဖြင့် သူတို့သည် ခရစ်တော်၏လက်ဝါးကပ်တိုင်ကြောင့် ခံရသောဒုက္ခများကို ရှောင်နိုင်ကြရန်ဖြစ်သည်။
၁၃ - အဘယ့်ကြောင့်ဆိုသော် အရေဖျားလှီးခြင်းကိုခံကြသော သူတို့ကိုယ်တိုင်ကလည်း ပညတ်တော်များကို မစောင့်ထိန်းကြပါ၊ သို့သော် သင်တို့ကို အရေဖျားလှီး ခံစေချင်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့၏အသွေးအသားဖြင့် ကြွားနိုင်ကြရန်ဖြစ်သည်။
၁၄ - သို့သော် ငါတို့သခင်ယေရှုခရစ်၏လက်ဝါးကပ်တိုင်မှလွဲ၍ မည်သည်ကိုမှမကြွားရန် ဘုရားသခင်က ငါ့ကို တားမြစ်တော်မူသည်၊ ထိုသခင်အားဖြင့် ကမ္ဘာကြီးသည် ငါ့ထံသို့ လက်ဝါးကပ်တိုင်ပေါ် ရိုက်ထားလျှက်ရှိသည်၊ ငါသည်လည်း ကမ္ဘာကြီးသို့ ရိုက်ထားခြင်းခံရပါသည်။
၁၅ - အဘယ့်ကြောင့်ဆိုသော် ခရစ်တော်ယေရှု၌ အရေဖျားလှီးခံခြင်းသည် ဘာအတွက်မှ အကျိုးမရှိပါ၊ ထို့အတူ မခံခြင်းလည်းဖြစ်သည်၊ သို့သော် အသစ်သောသတ္တဝါဖြစ်ခြင်းသာ အကျိုးရှိသည်။
၁၆ - ဘုရားသခင်၏အစ္စရေးလည်းဖြစ်ကြသော၊ ဤဥပဒေသအားဖြင့် လျှောက်လှမ်းကြသူတိုင်းထံ၊ ငြိမ်းချမ်းခြင်းနှင့်ဂရုဏာ ရှိပါစေသတည်း။
၁၇ - ယခုမှစ၍ မည်သူမှ ငါ့ကို ပြဿနာမပေးကြတော့နှင့်၊ အဘယ့်ကြောင့်ဆိုသော် ငါသည် မိမိကိုယ်ခန္ဓာပေါ်၌ သခင်ယေရှု၏အမှတ်အသားများကို သယ်ဆောင်ထားပါသည်။
၁၈ - ညီအကိုတို့၊ ငါတို့သခင်ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့ဝိညာဉ်များနှင့်

အတူ ရှိပါစေသတည်း။ အာမင်။

××××××××××××××××××××××

## ဧဖက် ဩဝါဒစာ
(Ephesians)

**ဧဖက် ၁း၁–၂၃**

၁ - ပေါလ်၊ ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်တော်၏တမန်တော်ဖြစ်သူ
က၊ အက်ဖီးစပ်စ်မြို့ရှိ သန့်ရှင်းသူများဖြစ်သော ခရစ်တော်ယေရှု၌သစ္စာရှိသူများထံ
ရေးလိုက်ပါသည်၊
၂ - ငါတို့ဖခင် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်းချမ်း
ခြင်းသည် သင်တို့၌ရှိပါစေ။
၃ - ငါတို့သခင် ယေရှုခရစ်တော်၏ဖခင် ဘုရားသခင်သည် ကောင်းချီးရှိပါစေသ
တည်း၊ သူသည် ငါတို့ကို ခရစ်တော်၌ ဝိညာဉ်ရေးရာကောင်းချီးအားလုံးဖြင့် ကောင်း
ကင်နှင့်ဆိုင်သောနေရာများတွင် ကောင်းချီးပေးတော်မူပါသည်၊
၄ - သူသည် ငါတို့ကို ကမ္ဘာကြီး၏အခြေခံအုတ်မြစ်မချမှီ သူထံ၌ရွေးကောက်တော်မူ
ပါသည်၊ ထိုသို့ဖြင့် ငါတို့သည် သန့်ရှင်းကြမည်၊ သူ့ရှေ့မှောက်တွင် ချစ်ခြင်းဖြင့် အပြစ်
တင်ခြင်း မခံရရန်ဖြစ်သည်၊
၅ - ဘုရားသခင်သည် မိမိအလိုတော်၏ ကောင်းသောကျေနပ်သဘောကျမှုအရ၊ မိမိ
ထံသို့ ယေရှုခရစ်တော်အားဖြင့် သားသမီးများအဖြစ် ငါတို့ကို ကြိုတင်ခွဲခန့်မှတ်သား
တော်မူပါသည်၊
၆ - မိမိကျေးဇူးတော်၏ဂုဏ်ကျက်သရေကို ချီးမွမ်းဖို့ရန်၊ ချစ်ခြင်း၌ ငါတို့ကို လက်ခံ
ထိုက်သူများအဖြစ် ပြုလုပ်တော်မူပါသည်။
၇ - သူ၏အသွေးတော်အားဖြင့် သူ့ထံ၌ ငါတို့သည် ကယ်လွှတ်ခြင်းကို ရကြပါသည်၊
သူ၏ကျေးဇူးတော်ကြွယ်ဝခြင်းကြောင့်ဖြစ်သည်၊
၈ - ထိုသို့ဖြင့် သူသည် ငါတို့ထံသို့ အားလုံးသောဥာဏ်ပညာနှင့် ဆင်ခြင်တွေးတောမှု
တို့ကို များပြားစေပါသည်၊
၉ - မိမိကိုယ်ကိုအတွင်း၌ ရည်ရွယ်ချက်ထားသည့် မိမိ၏ ကောင်းမြတ်သောကျေနပ်
သဘောကျမှုအတိုင်း၊ မိမိအလိုတော်၏နက်နဲခြင်းကို ငါတို့ထံ သိစေပါသည်၊
၁၀ - ထိုသို့ဖြင့် အချိန်ကာလပြည့်စုံခြင်းရောက်သောအခါ သူသည် အရာအားလုံးကို
ခရစ်တော်၌တစ်ပေါင်းတည်းဖြစ်စေရန် အတူတကွ စုသိမ်းဖို့ရန်ဖြစ်သည်၊ ကောင်းကင်
တွင်ရှိသောအရာများ၊ မြေကြီးပေါ်တွင်ရှိသောအရာများ နှစ်အုပ်စုစလုံးကို သူ့ထံတော်
၌ ထိုသို့ဖြစ်စေပါမည်၊
၁၁ - အရာအားလုံးကို မိမိကိုယ်ပိုင် အလိုဆန္ဒ အကြံအစည်အတိုင်း လုပ်ကိုင်သူက၊

မိမိရည်ရွယ်ချက်အတိုင်း ကြိုတင်ခွဲခန့်မှတ်သားတော်မူသောကြောင့်၊ ငါတို့သည် သူ့အားဖြင့် အမွေကိုလည်း ရရှိကြပါသည်၊
၁၂ - ထိုသို့ဖြင့် ခရစ်တော်ကိုပထမဆုံးအားကိုးကြသည့် ငါတို့သည် သူ၏ဘုန်းကျက်သရေကို ချီးမွမ်းဖို့ အကြောင်းအရင်း ဖြစ်လာကြရန်ဖြစ်ပါသည်။
၁၃ - သင်တို့ကို ကယ်တင်ခြင်းရစေသည့် ဧဝံဂေလိတရားဆိုသော အမှန်တရားစကားများကို သင်တို့ကြားနာပြီးသော်၊ သူ့ကို အားကိုးလာခဲ့ကြသည်၊ သူ့အား သင်တို့ ယုံကြည်ပြီးကြသောအခါ၊ သင်တို့သည် ကတိပေးထားသည့် သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခတ်နှိပ်ခြင်းကို ခံကြရပါသည်၊
၁၄ - ၎င်းသည် ငါတို့ရမည့်အမွေအတွက် အာမခံဖြစ်သည်၊ ပြန်လည်ရွေးနုတ်ချိန်ထိ ဝယ်ယူထား၍ ပိုင်ဆိုင်ခြင်းခံရသူများဖြစ်စေသည်၊ သူ၏ဘုန်းကျက်သရေကို ချီးမွမ်းရန်ဖြစ်ပါသည်။
၁၅ - ထို့ကြောင့် ငါသည်လည်း၊ သခင်ယေရှုအား သင်တို့ယုံကြည်ကြသည်၊ သန့်ရှင်းသူအားလုံးတို့ကို ချစ်ကြသည်ဟု ကြားရပြီးနောက်၊
၁၆ - သင်တို့အတွက် ဘုရားသခင်ထံ မရပ်မနား ကျေးဇူးတင်နေပါသည်၊ ငါ၏ဆုတောင်းခြင်းများထဲတွင် သင်တို့ကို အစဉ်အမြဲထည့်ပါသည်၊ (ဆုတောင်းသည်မှာ)
၁၇ - ထိုသို့ဖြင့် ငါတို့သခင်ယေရှုခရစ်၏ ဘုရားသခင်၊ ဘုန်းကျက်သရေ၏ဖခင်က သင်တို့ထံ ဉာဏ်ပညာ၏ဝိညာဉ်နှင့် သူ့အားသိခြင်းအသိပညာ၌ ဖွင့်ပြခြင်းကို ပေးတော်မူပါစေ၊
၁၈ - သင်တို့၏ နားလည်ခြင်းမျက်လုံးများ အလင်းပေးခြင်းခံကြရသဖြင့်၊ သူ၏ခေါ်တော်မူခြင်းမျှော်လင့်ချက်သည် မည်သို့ဖြစ်သနည်းဆိုသည်ကို သင်တို့ သိလာကြပါစေ၊
၁၉ - ယုံကြည်ကြသော ငါတို့ထံသို့ မိမိ၏အင်အားကြီးမားသောတန်ခိုး၏ ပြုလုပ်ပေးခြင်းအတိုင်း ပြုလုပ်ပေးသော သူ၏တန်ခိုးသည် မည်မျှအလွန့်အလွန်ကြီးမားကြောင်း သိလာကြပါစေ၊
၂၀ - ၎င်းကို သူသည် ခရစ်တော်အားဖြင့် ဖြစ်လာစေပါသည်၊ သူ့အားသေခြင်းမှ ထမြောက်စေကာ၊ ကောင်းကင်နှင့်ဆိုင်သောနေရာများ၌ မိမိ၏ညာဖက်တွင် ထိုင်စေချိန်တွင်ပြုတော်မူခြင်းဖြစ်သည်၊
၂၁ - သူသည် အုပ်စိုးသူအားလုံးထက်၊ တန်ခိုးအားလုံးထက်၊ အင်အားအားလုံးထက်၊ အုပ်စိုးခြင်းအားလုံးထက်၊ နာမည်အားလုံးထက် ပို၍မြင့်မားပါသည်၊ ဤကမ္ဘာလောကထဲရှိသည့် အရာတို့ထက်သာမကပါ၊ နောက်လာမည့်ကမ္ဘာတွင်ရှိမည့် ရှိသမျှတို့ထက်လည်း မြင့်မားတော်မူသည်၊
၂၂ - ထို့အပြင် ရှိရှိသမျှအားလုံးကို သူ၏ခြေအောက်သို့ ထားပါသည်၊ အသင်းတော်အတွက် သူ့ကို အရာအားလုံး၏ဦးခေါင်း ဖြစ်စေပါသည်၊
၂၃ - အသင်းတော်သည် သူ၏ခန္ဓာကိုယ်ဖြစ်သည်၊ အရာခပ်သိမ်းရှိရှိသမျှကို ပြည့်နေ

စေသော သူ၏ပြည့်စုံခြင်းဖြစ်ပါသည်။

**ဖေက် ၂း၁–၂၂**

၁ - အပြစ်များနှင့်လွန်ကျူးခြင်းများတွင် သေနေကြသောသင်တို့ကို သူသည် ပြန်လည်ရှင်စေခဲ့ပါသည်၊

၂ - သင်တို့သည် ယခင်ချိန်များက ဤကမ္ဘာကြီး၏ဓလေ့ထုံးစံများအတိုင်း လျှောက်လှမ်းခဲ့ကြသည်၊ ယခုချိန်တွင် မနာခံခြင်း၏သားသမီးတို့အထဲ၌ လုပ်ကိုင်နေသော ဝိညာဉ်ဖြစ်သည့် လေထုထဲရှိတန်ခိုးရှင်ကြီး၏အလိုအတိုင်း နေထိုင်ခဲ့ကြသည်၊

၃ - ထိုသူတို့ကြားတွင် ငါတို့အားလုံးတို့သည် ယခင်ချိန်များတွင် အသွေးအသား၏ တပ်မက်ခြင်းများ၌ နေထိုင်အသက်ရှင်ခဲ့ကြသည်၊ စိတ်၏တပ်မက်မှုများ၊ အသွေးအသား၏ တပ်မက်မှုများကို ပြည့်စုံစေခဲ့ကြသည်၊ ထို့အပြင် ငါတို့သည် သဘာဝအားဖြင့် အခြားသူများကဲ့သို့ပင် ကျိန်ခြင်း၏သားသမီးများဖြစ်ခဲ့ကြပါသည်။

၄ - သို့သော် ဂရုဏာ၌ကြွယ်ဝသောဘုရားသခင်သည်၊ မိမိ၏ကြီးမြတ်လှသောချစ်ခြင်းဖြင့် ငါတို့ကို ချစ်တော်မူပါသည်၊

၅ - ငါတို့သည် အပြစ်များထဲ၌ သေနေကြစဉ်တွင်၊ ခရစ်တော်နှင့်အတူ ငါတို့ကို ပြန်ရှင်စေပါသည်၊(ကျေးဇူးတော်အားဖြင့် သင်တို့သည် ကယ်တင်ခံကြရသည်)

၆ - ထို့နောက် ငါတို့ကို အတူတကွ ထမြောက်စေသည်၊ ထို့နောက် ကောင်းကင်ဘုံနှင့်ဆိုင်သောနေရာများ၌ ယေရှုခရစ်တော်၌ အတူတကွထိုင်စေပါသည်၊

၇ - ထိုသို့ဖြင့် အနာဂတ်အချိန်တွင် သူသည် မိမိ၏ကြီးမြတ်လွန်းလှသော ကျေးဇူးတော်ကြွယ်ဝခြင်းကို ပြနိုင်ရန်ဖြစ်သည်၊ ယေရှုခရစ်မှတဆင့် ငါတို့ထံ သူ၏ကျင်နာခြင်းဖြင့် ဖြစ်ပါသည်။

၈ - အဘယ့်ကြောင့်ဆိုသော် ကျေးဇူးတော်အားဖြင့် သင်တို့သည် ယုံကြည်ခြင်းမှတဆင့် ကယ်တင်ခြင်းရကြသည်၊ ၎င်း(ယုံကြည်ခြင်း)သည် သင်တို့ထံမှဖြစ်လာသည်မဟုတ်၊ ဘုရားသခင်၏လက်ဆောင်ဖြစ်သည်၊

၉ - အလုပ်အားဖြင့်မဟုတ်၊ မည်သူမျှမကြွားနိုင်ရန်ဖြစ်သည်။

၁၀ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သူ၏လက်ရာတော်များဖြစ်ကြသည်၊ ကောင်းသောအလုပ်များကိုလုပ်ရန် ယေရှုခရစ်တော်၌ဖန်ဆင်းထားသည်၊ ၎င်းကို ဘုရားသခင်သည် အစမှနေ၍ ခန့်ထားတော်မူသည်၊ ထိုသို့ဖြင့် ၎င်းတို့အထဲတွင် ငါတို့ လျှောက်လှမ်းကြရန်ဖြစ်သည်။

၁၁ - ထို့ကြောင့် သင်တို့သည် ယခင်က အသွေးအသား၌ တပါးအမျိုးသားများဖြစ်ခဲ့သည်ကို သတိရကြပါ၊ လက်များဖြင့် ပြုလုပ်သည့် အသွေးအသား၌အရေဖျားလှီးခြင်းခံကြသူများက အရေဖျားလှီးခြင်းမခံသူများဟု ခေါ်ခြင်း ခံခဲ့ကြရသူများ ဖြစ်ကြပါ

သည်၊

၁၂ - ထိုစဉ်အခါက သင်တို့သည် ခရစ်တော်နှင့်ကင်းကွာနေခဲ့ကြသည်၊ အစ္စရေးတို့၏ ဓနသဃဟာယအုပ်စုမှ တခြားစီဖြစ်နေခဲ့ကြသည်၊ ပဋိညာဉ်ကတိတော်များနှင့် သူစိမ်းများဖြစ်ခဲ့ကြသည်၊ မျှော်လင့်ခြင်းမရှိကြ၊ ကမ္ဘာလောကထဲတွင် ဘုရားမရှိဘဲ ဖြစ်ခဲ့ကြသည်၊

၁၃ - သို့သော် ယခုတွင်မူ ခရစ်တော်ယေရှု၌ တချိန်က ဝေးနေခဲ့ကြသောသင်တို့ကို ခရစ်တော်၏သွေးတော်ဖြင့် နီးစေခဲ့ပြီဖြစ်သည်။

၁၄ - အဘယ့်ကြောင့်ဆိုသော် သူသည် ငါတို့၏ငြိမ်းချမ်းရေးဖြစ်ပါသည်၊ နှစ်အုပ်စုလုံးကို တစုတည်းဖြစ်စေသည်၊ ငါတို့အကြား ခြားထားသောနံရံကို ဖြိုချပေးပါသည်၊

၁၅ - သူ၏အသွေးအသား၌ ရန်လိုမှုကို ဖျက်သိမ်းပေးလျှက်၊ ဝိနည်းထုံးဖွဲ့များတွင်ပါဝင်သော ပညတ်အမိန့်များ၏ဥပဒေသ ဆိုသည်ကိုလည်း ပယ်ဖျက်ပေးပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ့ထံတော်၌ ထိုအမှာကို တဦးတည်းသောလူသစ်ဖြစ်လာဖို့ ပြုလုပ်ချင်၍ဖြစ်သည်၊ ထို့ကြောင့် ငြိမ်းချမ်းခြင်းကိုပြုလုပ်ပေးပါသည်၊

၁၆ - ထိုသို့ဖြင့် သူသည် နှစ်အုပ်စုစလုံးကို ဘုရားသခင့်ထံတော်၌ လက်ဝါးကပ်တိုင်အားဖြင့် ခန္ဓာတခုသို့ ပြန်လည်သင့်မြတ်ကြရန်ဖြစ်ပါသည်၊ ထိုလက်ဝါးကပ်တိုင်ဖြင့် ထိုရန်လိုမှုကို သတ်ဖြတ်ပေးပါသည်၊

၁၇ - ထို့နောက် အဝေး၌ရောက်နေသောသင်တို့ထံနှင့် အနီး၌ရှိနေကြသူတို့ထံ လာရောက်ကာ ငြိမ်းချမ်းခြင်းကို ဟောကြားပါသည်။

၁၈ - အဘယ့်ကြောင့်ဆိုသော် သူ့အားဖြင့် ငါတို့နှစ်အုပ်စုစလုံးသည် ဝိညာဉ်တခု၌ ခမည်းတော်ထံ ဝင်ရောက်ခွင့်ရကြပါသည်။

၁၉ - ထို့ကြောင့် သင်တို့သည် ယခုအခါ သူစိမ်းများ၊ နိုင်ငံခြားသားများ မဟုတ်ကြတော့ပါ၊ သို့သော် သန့်ရှင်းသူတို့နှင့်အတူတကွ နိုင်ငံသူ/သားများဖြစ်ကြပါသည်၊ ထို့အပြင် ဘုရားသခင်၏အိမ်ထောင်စုဝင်များလည်းဖြစ်ကြပါသည်၊

၂၀ - သင်တို့ကို တမန်တော်များနှင့်ပရောဖက်များဆိုသော အခြေခံအုတ်မြစ်ပေါ်၌ တည်ဆောက်ထားပါသည်၊ ယေရှုခရစ်ကိုယ်တိုင်သည် ထိုအဆောက်အဦ၏ အဓိကကျောက်မြစ်ဖြစ်သည်၊

၂၁ - သူ့ထံတွင် အဆောက်အဦးတခုလုံးသည် အတူတကွ စရွေးကိုက် ဆက်စပ်တည်ရှိနေသည်၊ သခင်ဘုရားအားဖြင့် သန့်ရှင်းသောဗိမ္မာန်တော်အဖြစ်သို့ တိုးတက်ကြီးထွားနေပါသည်၊

၂၂ - သူ့ထံတော်၌ သင်တို့ကိုလည်း ဝိညာဉ်တော်အားဖြင့် ဘုရားသခင်နေထိုင်ရာဖြစ်ရန် အတူတကွ တည်ဆောက်ထားပါသည်။

**ဧဖက် ၃း၁–၂၁**

၁ - ဤအကြောင်းအရာတွက် ငါ ပေါလ်သည် တပါးအမျိုးသားဖြစ်သော သင်တို့အတွက် ယေရှုခရစ်တော်၏အကျဉ်းသားဖြစ်ပါသည်၊

၂ - သင်တို့အတွက် ငါ့ထံပေးထားသော ဘုရားသခင်၏ကျေးဇူးတော်အမှုတော်ကို သင်တို့ ကြားကြပါလိမ့်မည်၊

၃ - ဖွင့်ပြချက်အားဖြင့် သူက ငါ့အား နက်နဲခြင်းကို မည်ကဲ့သို့သိစေသည်၊ (ယွခင်က ငါ အနည်းငယ်သောစကားလုံးဖြင့် ရေးခဲ့သကဲ့သို့ဖြစ်သည်၊

၄ - ၎င်းကို သင်တို့ဖတ်ခြင်းဖြင့် ခရစ်တော်၏နက်နဲခြင်းကို ငါမည်မျှသိကြောင်း သင်တို့နားလည်ကြပါမည်)၊

၅ - ၎င်းကို ယွုအခါ ဝိညာဉ်တော်အားဖြင့် သူ၏သန့်ရှင်းသောတမန်တော်များနှင့် ပရောဖက်များထံ ဖွင့်ပြသကဲ့သို့၊ အခြားခေတ်များတွင် လူတို့၏သားများထံ သိစေခဲ့ခြင်းမရှိပါ၊

၆ - ၎င်းမှာ တပါးအမျိုးသားတို့သည် အတူတကွအမွေခံများဖြစ်ကြမည်၊ တခုတည်းသောခန္ဓာကိုယ်ဖြစ်ကြမည်၊ ဧဝံဂေလိအားဖြင့် ခရစ်တော်၌ပေးသော သူ၏ကတိတော်များအားလုံးကို ပါဝင်ဆက်ဆံကြသူများဖြစ်လာကြမည် ဆိုသည့်အကြောင်းဖြစ်ပါသည်၊

၇ - ထို့အတွက် ငါ့ကို အမှုတော်ဆောင်အဖြစ် ခန့်ထားပါသည်၊ သူ၏တန်ခိုးတော်၏အကျိုးအာနိသင်ရှိသော လုပ်ကိုင်ပေးခြင်းဖြင့် ငါ့ထံပေးထားသော ဘုရားသခင့်ကျေးဇူးတော်၏ လက်ဆောင်အရဖြစ်သည်။

၈ - ဘာမှမဟုတ်ဆုံးသော သန့်ရှင်းသူအားလုံးတို့ထက် ဘာမှမဟုတ်သော ငါ့ကို ထိုကျေးဇူးတော်အား ပေးထားပါသည်၊ ထိုသို့ဖြင့် ငါသည် ရှာဖွေသိမြင်၍ မကုန်နိုင်လောက်အောင် ကြွယ်ဝချမ်းသာလှသော ခရစ်တော်၏အကြောင်းကို တပါးအမျိုးသားတို့ထံ ဟောကြားရန်ဖြစ်ပါသည်၊

၉ - ထို့အပြင် လူအားလုံးက ထိုနက်နဲခြင်း၏မိတ်သဟာယကို သိလာကြရန်ဖြစ်သည်၊ ၎င်းသည် ကမ္ဘာတည်စကပင် အရာအားလုံးကို ယေရှုခရစ်အားဖြင့် ဖန်ဆင်းတော်မူသော ဘုရားသခင့်ထံတော်၌ ဖွက်ထားသောအရာဖြစ်သည်၊

၁၀ - ယွုချိန်တွင် ရည်ရွယ်သည်မှာ ကောင်းကင်အရပ်ဒေသများ၌ရှိကြသော တန်ခိုးရှင်များ၊ အုပ်စိုးသူများက အသင်းတော်အားဖြင့် ဘုရားသခင်၏မျိုးစုံလှသော ဉာဏ်ပညာတော်ကို သိလာကြရန်ဖြစ်သည်၊

၁၁ - ၎င်းသည် ဘုရားသခင်မှ ငါတို့သခင်ယေရှုခရစ်ထံ၌ ရည်ရွယ်ထားတော်မူသော ထာဝရရည်ရွယ်ချက်အတိုင်းဖြစ်သည်၊

၁၂ - သူ့အားဖြင့် ငါတို့သည် ရဲရင့်ခြင်းရှိကြပါသည်၊ ထို့အပြင် သူ့အားယုံကြည်ခြင်းဖြင့် ယုံကြည်စိတ်ချစွာဝင်ရောက်နိုင်ခြင်းကိုလည်း ရကြပါသည်။

၁၃ - ထို့ကြောင့် သင်တို့အတွက် ငါခံရသော ဒုက္ခဆင်းရဲခြင်းများအတွက် သင်တို့

အားပျော့သွားခြင်းကို ငါမလိုချင်ပါ၊ ထိုအရာသည် သင်တို့၏ ဘုန်းကျက်သရေအ
တွက် ဖြစ်ပါသည်။
၁၄ - ဤအတွက်ကြောင့် ငါသည် ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ထံဒူးထောက်
ဆုတောင်းပါသည်၊
၁၅ - သူ့အားဖြင့် ကောင်းကင်နှင့်မြေကြီးတခုလုံး၏ မိသားစုသည် အမည်ပေးခြင်းကို
ခံရပါသည်၊
၁၆ - သူသည် သင်တို့အား သူ၏ဝိညာဉ်တော်အားဖြင့် အားရှိစေခြင်းကို အတွင်းလူ
ထဲ၌ မိမိဘုန်းကျက်သရေ၏ ကြွယ်ဝချမ်းသာခြင်းဖြင့် အခွင့်ပေးတော်မူပါစေ၊
၁၇ - ခရစ်တော်သည် သင်တို့နှလုံးသားများထဲတွင် ယုံကြည်ခြင်းအားဖြင့် နေတော်မူ
ပါစေ၊ ထိုသို့ဖြင့် သင်တို့သည် ချစ်ခြင်းထဲတွင် အခြေကျလျှက်၊ အမြစ်တွယ်လျှက် ရှိ
ကြပါစေ၊
၁၈ - သန့်ရှင်းသူအားလုံးတို့နှင့်အတူ အလျား၊ အနံ၊ အနက်၊ အမြင့်တို့သည် အဘယ်
အရာနည်းဆိုသည်ကို နားလည်နိုင်ကြပါစေ၊
၁၉ - ထို့အပြင် အသိပညာကိုကျော်လွန်သော ခရစ်တော်၏ချစ်ခြင်းကို သိနိုင်ကြပါ
စေ၊ ထိုသို့ဖြင့် သင်တို့သည် ဘုရားသခင်၏ ပြည့်စုံခြင်းအားလုံးနှင့် ပြည့်လျှက် ရှိနေ
ကြပါစေ။
၂၀ - ယခုတွင် ငါတို့၏ဆုတောင်းခြင်း (သို့) တွေးခေါ်ခြင်းအားလုံးတို့ထက် မြင့်မားစွာ၊
အလွန့်အလွန်ပေါများစွာ၊ ငါတို့အထဲ၌ လုပ်ကိုင်နေသော တန်ခိုးတော်အတိုင်း လုပ်
နိုင်စွမ်းသူ ဘုရားသခင်သည်၊
၂၁ - ခရစ်တော်ယေရှုအားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် အဆုံးမရှိအောင်
ဘုန်းကျက်သရေ ရှိတော်မူပါစေ။ အာမင်။

**ဧဖက် ၄း၁–၃၂**
၁ - ထို့ကြောင့် သခင်ဘုရား၏အကျဉ်းခံဖြစ်သူ ငါက သင်တို့သည် သင်တို့ကိုခေါ်
ထားသော တာဝန်နှင့်လျှော်ညီစွာ လျှောက်လှမ်း အသက်ရှင်ကြပါဟု တောင်းပန်ပါ
သည်၊
၂ - အားလုံးသောနှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့နှင့်အတူ၊ စိတ်ရှည်ခြင်းနှင့်အတူ၊
တဦးကိုတဦး ချစ်ခြင်းဖြင့် သည်းခံစောင့်ရှောက်ကြပါ၊
၃ - ငြိမ်းချမ်းခြင်းထဲ၌ နှောင်ဖွဲ့ကြလျှက်၊ ဝိညာဉ်တော်၌ညီညွတ်ခြင်းကို စောင့်ရှောက်
ထိန်းသိမ်းရန် ကြိုးစားကြပါ။
၄ - ခန္ဓာတခု၊ ဝိညာဉ်တခုသာရှိနေပါသည်၊ သင်တို့၏ခေါ်ခြင်းသည် မျှော်လင့်ခြင်းတ
ခုထဲသို့ ခေါ်ခြင်းခံရသကဲ့သို့ ဖြစ်ပါသည်၊
၅ - သခင်တပါး၊ ယုံကြည်ခြင်းတခု၊ ဗတ္တိဇံတခု၊

၆ - အားလုံး၏ဖခင်လည်းဖြစ်သူ ဘုရားသခင်တပါးတည်းရှိပါသည်၊ သူသည် အားလုံး၏အထက်၌ရှိသူ၊ အားလုံးကိုထွင်းဖေါက်သူ၊ သင်တို့အားလုံးထဲ၌ရှိသူ ဖြစ်ပါသည်။
၇ - သို့သော် ငါတို့တယောက်စီတိုင်းသို့ ကျေးဇူးတော်ကို ခရစ်တော်၏လက်ဆောင်၏တိုင်းတာခြင်းနှင့်အညီ ပေးထားပါသည်။
၈ - ထို့အတွက်ကြောင့်၊ သူသည် မြင့်သောအရပ်သို့ထက်ကြွသည့်အခါ၊ သူသည် အကျဉ်းချထားခြင်းခံရသူများကို ခေါ်ဆောင်သွား ကာ၊ လူတို့ထံ လက်ဆောင်များကို ပေးတော်မူခဲ့ပါသည်ဟု သူက ပြောပါသည်။
၉ - (ယခုတွင် သူသည် အထက်သို့တက်သည်ဟုပြောသောအခါ၊ သူသည် ပထမတွင် ကမ္ဘာကြီး၏အောက်ဖက်အရပ်များသို့ ဆင်းသွားခဲ့ပါသည် မဟုတ်ပါလော?
၁၀ - ထိုသို့ဆင်းသွားခဲ့သူသည်၊ ကောင်းကင်အားလုံးတို့အထက်သို့ တက်သွားသူပင်ဖြစ်ပါသည်၊ ထိုသို့ဖြင့် သူသည် အရာအားလုံး ကို ပြည့်နိုင်ရန်ဖြစ်ပါသည်။)
၁၁ - ထို့နောက် သူသည် အချို့ကို တမန်တော်များအဖြစ် ၊ အချို့ကို ပရောဖက်များအဖြစ်၊ အချို့ကို ဧဝံဂေလိဆရာများအဖြစ် ၊ အချို့ကို သင်းအုပ်များနှင့်ဆရာများအဖြစ် ပေးပါသည်၊
၁၂ အဘယ့်ကြောင့်ဆိုသော် သန့်ရှင်းသူတို့၏ပြည့်စုံခြင်းအတွက်၊ အမှုတော်ဆောင်ခြင်းအလုပ်အတွက်၊ ခရစ်တော်၏ကိုယ်ခန္ဓာအား တိုးတက်မြှင့်တင်ပေးခြင်းအတွက်ဖြစ်သည်၊
၁၃ - ငါတို့အားလုံး ယုံကြည်ခြင်း၏ညီညွတ်ခြင်းသို့ ရောက်ကြသည့်တိုင်အောင်၊ ဘုရားသခင်၏သားတော်ကိုသိသောအသိပညာသို့ ရောက်ကြသည့်တိုင်အောင်၊ ပြည့်စုံသောလူတဦးအဖြစ်သို့၄င်း၊
ခရစ်တော်၏ပြည့်စုံခြင်း၏အရပ်အမောင်းအတိုင်းအတာသို့၄င်း ရောက်ကြသည့်တိုင်အောင်ဖြစ်ပါသည်၊
၁၄ - ထိုသို့ဖြင့် ငါတို့သည် ယခုချိန်မှစ၍ ရှေ့လျှောက်တွင် ကလေးများကဲ့သို့ မဖြစ်ကြတော့ပါ၊ ဟိုဖက်ဒီဖက်သို့ လူးလွန့်လျှက်၊ ဩ ဝါဒလေ တိုက်ခြင်းတိုင်း၏ ခေါ်ဆောင်သွားခြင်းသို့ ပါမသွားကြတော့ပါ၊ လူတို့၏လှည့်စားမှုဖြင့်၄င်း၊ ကောက်ကျစ်သောဉာဏ်နီ ဉာဏ်နက်ဖြင့်၄င်း၊ ထိုသို့ဖြင့် လိမ်ညာဖို့ရန်စောင့်နေတတ်ကြသူတို့၏ ဩဝါဒလေတိုက်ခြင်းတို့နောက် ပါမသွားကြတော့ပါ၊
၁၅ - သို့သော် အမှန်တရားကို ချစ်ခြင်းဖြင့် ပြောကြပါသည်၊ သူ့ထံသို့ အရာအားလုံး၌ကြီးထွားတိုးတက်ကြပါသည်၊ ၄င်းသည် ဦးခေါင်းဖြစ်သည်၊ ခရစ်တော်ပင်ဖြစ်သည်၊
၁၆ - သူ့ထံမှနေ၍၊ ခန္ဓာတခုလုံးသည်၊ စရွေးကိုက် အတူတကွ ဆက်စပ်တည်ရှိနေကြသည်၊ ကျစ်လစ်သပ်ရပ်စွာ အဆစ်အမြစ် တိုင်း၏ ထောက်ပံ့ခြင်းခြင်းဖြင့်၄င်း၊ အစိတ်အပိုင်းတခုစီတိုင်း၏ ပမာဏရှိသည့်အတိုင်း အကျိုးအာနိသင်ရှိစွာ လုပ်ကိုင်ခြင်းဖြင့်၄င်း၊ ထိုကိုယ်ခန္ဓာသည် မိမိကိုယ်ကိုချစ်ခြင်းဖြင့် မြှင့်တင်ပေးခြင်းသို့ တိုးတက်ရန် ပြု

လုပ်ပေးလျှက်ရှိပါသည်။
၁၇ - ထို့ကြောင့် ဤအရာကို ငါပြောပါသည်၊ သခင်ဘုရားအားဖြင့် သက်သေပေးခြင်းလည်းဖြစ်သည်၊ သင်တို့သည် ယခုမှစ၍ အခြားသောတပါးအမျိုးသားများ အသက်ရှင်ကြသည့်အတိုင်း အသက်မရှင်ကြတော့နှင့်၊ သူတို့သည် သူတို့စိတ်များ၏ အချည်းနှီးမဲ့ခြင်းများ၌ အသက်ရှင်ကြခြင်းဖြစ်သည်၊
၁၈ - သူတို့၏ နားလည်ခြင်းများသည် မှောင်မိုက်သွားကြပြီဖြစ်သဖြင့်၄င်း၊ သူတို့အထဲတွင်ရှိနေသည့် မသိနားမလည်ခြင်းဖြင့် ဘုရားသခင်၏အသက်ဖြင့် ကင်းကွာလျှက် ရှိနေကြသဖြင့်၄င်း၊ သူတို့နှလုံးသားများ၏ ကန်းနေခြင်းကြောင့်၄င်း၊
၁၉ - ခံစားခြင်းကို ကျော်လွန်သူများဖြစ်ကြသည်နှင့်အညီ၊ မိမိတို့ကိုယ်ကို ကာမရာဂစိတ်ပြင်းပြခြင်းသို့ ပေးအပ်လိုက်ကြပါသည်၊ အားလုံးသောမသန့်ရှင်းခြင်းများကို လောဘကြီးခြင်းနှင့်အတူ လုပ်ကိုင်ကြဖို့ဖြစ်သည်။
၂၀ - သို့သော် သင်တို့သည် ခရစ်တော်ကို သင်ယူကြပြီမဟုတ်ဘဲ၊
၂၁ - သင်တို့သည် သူ့ကိုကြားခဲ့ကြပြီးလျှင်၊ အမှန်တရားသည် ယေရှု၌ရှိသည်နှင့်အညီ၊ သူ၏သင်ပေးခြင်းကို ခံကြရပြီဖြစ်သည်၊
၂၂ - ထိုသို့ဖြင့် သင်တို့သည် ယခင်လျှောက်လှမ်းအသက်ရှင်ခဲ့သော လူဟောင်းကို ချွတ်လိုက်ကြပါသည်၊ ၄င်းသည် လိမ်လည်လှည့် ဖြားသော တပ်မက်ခြင်းတို့အားဖြင့် ပျက်ဆီးယိုယွင်းနေပါသည်၊
၂၃ - ထို့နောက် သင်တို့သည် သင်တို့စိတ်၏ဝိညာဉ်၌ အသစ်ဖြစ်ကြပြီဖြစ်သည်၊
၂၄ - ထို့နောက် သင်တို့သည် လူသစ်ကို ဝင်ဆင်ကြပြီ၊ ၄င်းသည် ဘုရားသခင်နှင့်တူသည်၊ ဖြောင့်မတ်ခြင်းနှင့်စစ်မှန်သောသန့်ရှင်းခြင်းတို့၌ ဖန်ဆင်းထားသည်။
၂၅ - ထို့ကြောင့် လိမ်ညာခြင်းကို အဝေးသို့ဖယ်လိုက်ကြပါ၊ အယောက်တိုင်း မိမိအိမ်နီးချင်းနှင့် အမှန်တရားကိုသာပြောကြပါ၊
၂၆ - သင်တို့ စိတ်ဆိုးပါ၊ အပြစ်မပြုနှင့်၊ သင်၏အမျက်ဒေါသအပေါ် နေဝင်မသွားစေနှင့်
၂၇ - ထို့အတူ နတ်ဆိုးကိုနေရာမပေးနှင့်
၂၈ - ခိုးသောသူသည် နောက် မခိုးတော့နှင့်၊ သို့သော် ၄င်းသည် အလုပ်လုပ်ပါစေ၊ ကောင်းသည်ဆိုသောအရာကို သူ၏လက်တို့ နှင့် လုပ်ကိုင်ပါစေ၊ ထိုသို့ဖြင့် သူသည် လိုအပ်သူတို့ကို ပေးကမ်းနိုင်ပါမည်။
၂၉ - မည်သည့် ပျက်ဆီးဖေါက်ပြန်သောဆက်ဆံပြောဆိုခြင်းကိုမှ သင်တို့နှုတ်ထဲက မထွက်စေကြနှင့်၊ အကျင့်စာရိတ္တ မြှင့်တင်ပေး နိုင်မည့် ကောင်းမွန်သောစကားတို့ကိုသာထွက်စေပါ၊ ကြားရသူများထံ ကျေးဇူးတော်ကို လုပ်ဆောင်ပေးမည့် စကားတို့ကိုသာထွက်စေကြပါ။
၃၀ - ထို့အပြင် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်၊ ၄င်း

အားဖြင့် သင်တို့ကို ကယ်လွှတ်ခြင်းနေ့တိုင် အောင် တံဆိပ်ခတ်နိုပ်ထားပါသည်။
၃၁ - ခါးသီးခြင်းအားလုံး၊ အမျက်ဒေါသအားလုံး၊ စိတ်ဆိုးခြင်းအားလုံး၊ ပွက်လောညံ ခြင်းအားလုံး၊ ဆိုးညစ်သောပြောဆိုခြင်းအားလုံးနှင့် မလိုမုန်းထားခြင်းအားလုံးတို့ကို သင်တို့ထံမှ ဖယ်ပစ်ကြကြပါ၊
၃၂ - ထို့နောက် တဦးနှင့်တဦး ကျင်နာကြပါ၊ သနားခြင်းရှိကြပါ၊ ဘုရားသခင်က လည်း သင်တို့ကို ခရစ်တော်အတွက် ကြောင့် ခွင့်လွှတ်သကဲ့သို့၊ တဦးကိုတဦး အပြစ် မှခွင့်လွှတ်ကြပါ။

ဧဖက် ၅း၁–၃၃
၁ - ထို့ကြောင့် သင်တို့သည် ချစ်လှစွာသောသားသမီးတို့ကဲ့သို့၊ ဘုရားသခင်အား အ တုခိုးသူများ ဖြစ်ကြပါ၊
၂ - ခရစ်တော်က ငါတို့ကို ချစ်သကဲ့သို့ ချစ်ခြင်း၌လျှောက်လှမ်းကြပါ၊ သူသည် ငါတို့ အတွက် မိမိကိုယ်ကို လှူဖွယ်ပစ္စည်းအနေနှင့်၎င်း၊ ယဇ်ပူဇော်ခြင်းအနေနှင့်၎င်း၊ မွှေး ကြိုင်သောအနံ့အရသာအဖြစ် ဘုရားသခင်ထံ ပေးအပ်ခဲ့ပါသည်။
၃ - သို့သော် မတရားသောမေထုန်နှင့် အားလုံးသောမသန့်ရှင်းခြင်းများ (သို့) လော ဘကြီးခြင်းတို့ကို သန့်ရှင်းသူများ ဖြစ်လာကြပြီဖြစ်သဖြင့် သင်တို့ကြားတွင် အမည်နှင့် ပင် မရှိစေနှင့်၊
၄ - ထို့အပြင် ညစ်ညူးခြင်း၊ မိုက်ရိုင်းသောပြောဆိုခြင်း၊ အောက်တန်းကျ ညစ်ညမ်း သောဟာသပြောဆိုခြင်း စသည့်မသင့်တော်သောအရာများကိုလည်း အမည်နှင့်ပင် မရှိစေကြနှင့်၊ ထိုမှဆန့်ကျင်စွာ ကျေးဇူးတင်ခြင်းနှင့်သက်ဆိုင်သည်များကိုသာ ပြော ကြပါ။
၅ - အဘယ့်ကြောင့်ဆိုသော် မိန်းမလိုက်စားသူများ၊ မသန့်ရှင်းသူများ၊ ရုပ်တုကိုးကွယ် သူဖြစ်သော လောဘကြီးသူများသည် ဘုရားသခင်နှင့်ခရစ်တော်၏နိုင်ငံတော်တွင် မည်သည့်အမွေကိုမျှ မခံကြရသည်ကို သင်တို့သိကြပါသည်။
၆ - အချည်းနှီးသောစကားလုံးတို့ဖြင့် သင်တို့ကို မည်သူကမျှ မလှည့်စားစေနှင့်၊ အ ဘယ့်ကြောင့်ဆိုသော် ဤအရာများကြောင့် ဘုရားသခင်၏အမျက်ဒေါသသည် နာခံ ခြင်းမရှိသောသူများအပေါ်သို့ ရောက်လာခြင်းဖြစ်ပါသည်။
၇ - ထို့ကြောင့် သင်တို့သည် ထိုသူတို့နှင့်အတူ ပါဝင်ဆက်ဆံသူများမဖြစ်ကြနှင့်။
၈ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ယခင်ချိန်များက မှောင်မိုက်ခြင်းထဲ ရှိနေခဲ့ ကြသည်၊ သို့သော် ယခုတွင် သင်တို့သည် သခင်ဘုရား၏အလင်းထဲ၌ ရောက်နေကြပြီ ဖြစ်သည်၊ အလင်း၏သားသမီးများကဲ့သို့ လျှောက်လှမ်းကြပါ၊
၉ - (အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်တော်၏အသီးအပွင့်သည် အားလုံးသောကောင်း မြတ်ခြင်း၊ ဖြောင့်မတ်ခြင်းနှင့်အမှန်တရားထဲတွင် ရှိပါသည်၊)

၁၀ - မည်သည့်အရာသည် သခင်ဘုရားလက်ခံသည့်အရာဖြစ်သည်ကို စစ်ဆေးကြပါ။
၁၁ - ထို့အပြင် မှောင်မိုက်၏ အသီးအပွင့်မပေးနိုင်သောအလုပ်တို့နှင့် ဖော်ရွေစွာ မဆက်ဆံကြနှင့်၊ ထိုမှဆန့်ကျင်စွာ ၄င်းတို့ကို ပြစ်တင်ရှုတ်ချကြပါ။
၁၂ - အဘယ့်ကြောင့်ဆိုသော် ၄င်းတို့က လျှို့ဝှက်၍လုပ်ကိုင်သည့်ထိုအရာများကို စကားဖြင့်ပြောခြင်းကပင် ရှက်စရာကောင်းပါသည်။
၁၃ - သို့သော် သင်တို့ပြစ်တင်ရှုတ်ချကြသောထိုအရာများသည် အလင်းအားဖြင့် ပေါ်လွင်ထင်ရှားအောင် ဖေါ်ထုတ်ခြင်းခံရဦးမည်ဖြစ်သည်။
၁၄ - ထို့အတွက်ကြောင့် "အိပ်နေသူ နိုးပါတော့၊ သေခြင်းမှ ထပါတော့၊ ခရစ်တော်က သင့်ကို အလင်းပေးလိမ့်မည်"ဟု သူက ပြောခဲ့ခြင်းဖြစ်သည်။
၁၅ - ထို့သို့မြင်နေရသဖြင့် သင်တို့သည် သတိထားစွာ လျှောက်လှမ်းကြပါ၊ လူမိုက်များကဲ့သို့မဟုတ်၊ ပညာရှိများကဲ့သို့ လျှောက်လှမ်းကြပါ၊
၁၆ - အချိန်ကို တန်ဖိုးထားကြပါ၊ အဘယ့်ကြောင့်ဆိုသော နေ့ရက်တို့သည် ဆိုးညစ်ကြသောကြောင့်ဖြစ်သည်။
၁၇ - ထို့ကြောင့် သင်တို့သည် ပညာမရှိသူများမဖြစ်ကြနှင့်၊ ထိုမှဆန့်ကျင်စွာ သခင်ဘုရား၏အလိုတော်သည် မည်သည်တို့ဖြစ်ကြောင်း နားလည်ကြပါ။
၁၈ - ဝိုင်သောက်၍မူးမနေကြနှင့်၊ အလွန်အကျွံ မဖြစ်ကြနှင့်၊ ထိုမှဆန့်ကျင်စွာဝိညာဉ်တော်နှင့်ပြည့်ကြပါ၊
၁၉ - သင်တို့ကိုယ်သင်တို့ ဆာလံများဖြင့်၄င်း၊ ဓမ္မသီချင်းများဖြင့်၄င်း၊ ဝိညာဉ်ရေးရာသီချင်းများဖြင့်၄င်း သီဆိုကာ ပြောဆိုကြပါ၊ သင်တို့၏နှလုံးသားများတွင် သခင်ဘုရားထံသို့ သာယာသောတေးသွားများကို ကျူးဧကြပါ၊
၂၀ - ဘုရားသခင်ထံ အရာခပ်သိမ်းအတွက် အမြဲတမ်း ကျေးဇူးတင်ကြပါ၊ သူသည် ငါတို့သခင်ယေရှုခရစ်၏နာမည်၌ ဖခင်လည်းဖြစ်ပါသည်၊
၂၁ - ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်း၌ သင်တို့သည် မိမိတို့ကိုယ်ကိုယ် တဦးနှင့်တဦးထံသို့ နာခံကြပါ။
၂၂ - ဇနီးသည်တို့၊ သင်တို့ကိုယ်သင်တို့ သင်တို့၏ခင်ပွန်းသည်တို့ထံ နာခံကြပါ၊ ခရစ်တော်ကို နာခံကြသကဲ့သို့ ဖြစ်သည်။
၂၃ - အဘယ့်ကြောင့်ဆိုသော် ခင်ပွန်းသည် ဇနီး၏ဦးခေါင်းဖြစ်ပါသည်၊ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်သကဲ့သို့ဖြစ်သည်၊ သူသည် သူ့ကိုယ်ခန္ဓာ၏ ကယ်တင်ရှင်လည်းဖြစ်ပါသည်။
၂၄ - ထို့အကြောင့် အသင်းတော်က ခရစ်တော်ကို လိုက်နာသကဲ့သို့၊ ထိုသို့ပင် ဇနီးများကလည်း မိမိတို့ခင်ပွန်းသည်များကို အရာအားလုံး၌ နာခံကြပါ။
၂၅ - ခင်ပွန်းသည်တို့၊ သင်တို့ဇနီးများကို ချစ်ကြပါ၊ ခရစ်တော်က အသင်းတော်ကို ချစ်သကဲ့သို့ဖြစ်သည်၊ သူသည် အသင်းတော်အတွက် မိမိကိုယ်ကိုယ် ပေးအပ်ခဲ့ပါ

သည်၊
၂၆ - ထိုသို့ဖြင့် သူသည် အသင်းတော်ကို နုတ်ကပတ်တော်ရေဖြင့် ဆေးကြောကာ သန့်ရှင်းစေလျှက်၊ စင်ကြယ်စေမည်ဖြစ်သည်၊
၂၇ - ထိုသို့ဖြင့် သူသည် မိမိကိုယ်ကိုယ်ထံ ဂုဏ်ကျက်သရေပြည့်ဝသော အသင်းတော်ကို ပေးအပ်နိုင်မည်ဖြစ်သည်၊ အစက်အပြောက်မရှိသော၊ (သို့) ပါးရေနားရေတွန့်ခြင်းမရှိသော၊ (သို) ထိုသို့သောအနာအဆာများမရှိသော အသင်းတော်ဖြစ်မည်၊ ထိုသို့ဖြင့် အသင်းတော်သည် သန့်ရှင်းလျှက်၊ အပြစ်အနာအဆာမရှိဘဲ ဖြစ်ပါမည်။
၂၈ - ထိုသို့ပင် ခင်ပွန်းသည်တို့ကလည်း မိမိတို့ဇနီးများကို၊ မိမိတို့ကိုယ်ခန္ဓာများအဖြစ် ချစ်သင့်ကြပါသည်။ မိမိဇနီးကို ချစ်သူသည် မိမိကိုယ်ကိုယ် ချစ်သူဖြစ်ပါသည်။
၂၉ - အဘယ့်ကြောင့်ဆိုသော် မည်သူကမျှ မိမိ၏အသွေးအသားကို မုန်းသူမရှိပါ၊ သို့သော် ကျွေးမွေးကြသည်၊ ချစ်ခင်မြတ်နိုးကြပါသည်၊ သခင်ဘုရားက အသင်းတော်ကို ချစ်ခင်မြတ်နိုးသကဲ့သို့ဖြစ်သည်၊
၃၀ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သူ့ကိုယ်ခန္ဓာ၏အင်္ဂါများဖြစ်ကြသည်၊ သူ၏ အသွေးအသား၊ သူ၏အရိုးများ ဖြစ်ကြပါသည်။
၃၁ - အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းကြောင့် ယောကျ်ားသည် သူ၏ဖခင်နှင့် မိခင်ကို စွန့်ခွာကာ၊ သူ၏ဇနီးနှင့်ပူးပေါင်းလိမ့်မည်၊ ထို့နောက် သူတို့နှစ်ဦးသည် အသွေးအသားတခု ဖြစ်လာကြပါလိမ့်မည်။
၃၂ - ဤအရာသည် ကြီးသောနက်နဲခြင်းဖြစ်သည်၊ သို့သော် ငါသည် ခရစ်တော်နှင့် အသင်းတော်တို့၏သက်ဆိုင်မှုကို ပြောခြင်းဖြစ်သည်။
၃၃ - မည်သို့ပင်ဖြစ်ပါစေ၊ သင်တို့ထဲမှတယောက်တိုင်းက မိမိဇနီးကိုချစ်ပါ၊ သူ့ကိုယ်သူချစ်သကဲ့သို့ ချစ်ပါ၊ ဇနီးကလည်း မိမိခင်ပွန်းသည်ကို လေးစားဖို့ ဂရုပြုပါ။

**ဧဖက် ၆း၁–၂၄**
၁ - ကလေးတို့၊ သခင်ဘုရား၌ သင်တို့၏မိဘများကို နာခံကြပါ၊ အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် မှန် သောကြောင့်ဖြစ်သည်။
၂ - သင်၏ဖခင်နှင့်မိခင်ကို ရိုသေပါ၊ (၄င်းသည် ကတိတော်နှင့်လာသော ပထမ ပညတ်ဖြစ်သည်)
၃ - အရာအားလုံးသည် သင့်ထံ၌ အဆင်ပြေမည်၊ သင်သည် ကမ္ဘာပေါ်တွင် အသက်ရှည်မည်ဖြစ်သည်။
၄ - ဖခင်တို့ သင်တို့သားသမီးများကို အမျက်ဒေါသဖြစ်ရန် မဆွနှင့်၊ ထိုမှဆန့်ကျင်စွာ ၄င်းတို့ကို သခင်ဘုရား၏ဆုံးမခြင်းနှင့်ပြုစုပျိုးထောင်ခြင်း၌ ကြီးပြင်းလာစေကြပါ။
၅ - အစေခံတို့၊ အသွေးအသားအရ သင်တို့၏သခင်များကို နာခံကြပါ၊ ကြောက်ရွံ့တုန်လှုပ်ကြပါ၊ သင်တို့နှလုံးသားတွင် စိတ်တခုတည်းဖြစ်စေပါ၊ ခရစ်တော်ထံပြုသကဲ့

သို့ ပြုကြပါ၊
၆ - လူတို့ကိုကျေနပ်စေသူတို့ကဲ့သို့ သူတို့မျက်မှောက်၌သာမဟုတ်ဘဲ၊ ခရစ်တော်၏အစေခံများကဲ့သို့၊ ဘုရားသခင်၏အလိုတော်ကို နှလုံးသားမှဆောင်ရွက်ခြင်းအနေနှင့် နာခံကြပါ၊
၇ - ကောင်းသောစိတ်နှင့် လူတို့ထံသို့မဟုတ်ဘဲ သခင်ဘုရားထံကဲ့သို့ အမှုဆောင်ကြပါ၊
၈ - မည်သူမဆို ကောင်းမြတ်ခြင်းကိုပြုသူသည်၊ အနှောင်ဖွဲ့ခံရသူဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ၊ သူလုပ်သောကောင်းမြတ်ခြင်းအတိုင်း သခင်ဘုရားထံမှ ပြန်ရမည်ဖြစ်သည်ကို သိလျှက် ကောင်းစွာပြုကြပါ။
၉ - ထို့အတူ အကြီးအကဲတို့၊ စိတ်ကိုထိန်းလျှက် ခြိမ်းခြောက်ခြင်းကိုမလုပ်ဘဲ၊ သူတို့ထံ ထိုသို့ပင်ပြုကြပါ၊ သင်တို့၏အရှင်သခင်သည်လည်း ကောင်းကင်၌ရှိသည်ကို သိကြလျှက် ထိုသို့ပြုကြပါ၊ သူသည် မည်သူ့ကိုမှ မျက်နှာမလိုက်သည်ကို သိမှတ်ကြပါ။
၁၀ - နောက်ဆုံးအနေနှင့်၊ ငါ့ညီအကိုတို့၊ သခင်ဘုရား၌သန်မာကြပါ၊ သူ၏ခွန်အားကြီးခြင်း၏တန်ခိုး၌ သန်မာကြပါ။
၁၁ - ဘုရားသခင်၏သံချပ်ကာအစုံကို ဝတ်ဆင်ကြပါ၊ ထိုသို့ဖြင့် သင်တို့သည် နတ်ဆိုး၏ မာယာများကို ဆန့်ကျင်ခံရပ်နိုင်ကြပါမည်။
၁၂ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် အသွေးအသား ရှိသူတို့နှင့် ဆန့်ကျင်တိုက်ခိုက် နပန်းလုံးနေကြသည် မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ အမြင့်ဆုံးအုပ်စိုးသူများနှင့်ဖြစ်သည်၊ တန်ခိုးသြဇာများနှင့်ဆန့်ကျင်နေကြရခြင်းဖြစ်သည်၊ ဤကမ္ဘာကြီး၏အမှောင်ထု၌ အုပ်ချုပ်နေကြသူများနှင့် ဆန့်ကျင်နေကြရခြင်းဖြစ်သည်၊ မြင့်မားသောနေရာများတွင် ရှိကြသည့် ဝိညာဉ်ရေးရာဆိုးညစ်သူများနှင့် ဆန့်ကျင်နေကြရခြင်းဖြစ်ပါသည်။
၁၃ - ထို့ကြောင့် ဘုရားသခင်၏သံချပ်ကာဝတ်စုံတခုလုံးကို သင်တို့ထံ ဝတ်ဆင်ကြပါ၊ ထိုသို့ဖြင့် သင်တို့သည် ဆိုးညစ်သောနေ့တွင် ခံရပ်နိုင်ကြပါမည်၊ ခုခံခြင်းအလုံးစုံကိုပြုကြလျှက် မတ်မတ်ရပ်နိုင်ကြပါမည်။
၁၄ - ထို့ကြောင့် ခံရပ်ကြပါ၊ သင်တို့ခါးကို အမှန်တရားခါးပတ်နှင့် ပတ်ထားကြပါ၊ ဖြောင့်မတ်ခြင်းရင်အုပ်ကာကို ဝတ်ထားကြပါ။
၁၅ - ထို့နောက် သင်တို့ခြေကို ငြိမ်းချမ်းခြင်းဧဝံဂေလိဟောခြင်း၏ ကြိုတင်ပြင်ဆင်မှုဖိနပ်ကို စီးကြပါ၊
၁၆ - ၄င်းတို့အပြင်၊ ယုံကြည်ခြင်းဆိုသည် ဒိုင်းကိုလည်း ယူကြပါ၊ ထိုအရာနှင့် သင်တို့သည် ဆိုးညစ်ခြင်း၏မီးမြှားများကို ငြိမ်းသတ်နိုင်ကြမည်ဖြစ်သည်။
၁၇ - ထို့နောက် ကယ်တင်ခြင်းဖြစ်သည့် သံခမောက်ကိုဆောင်းကြပါ၊ ဝိညာဉ်တော်၏ဓါးဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကိုင်ဆွဲကြပါ၊
၁၈ - ဆုတောင်းခြင်းမျိုးစုံ၊ အသနားခံခြင်းမျိုးစုံနှင့် ဝိညာဉ်တော်အားဖြင့် ဆုတောင်း

ကြပါ၊ ထို့အပြင် အားလုံးသောဖွဲလုံ့လဝီရိယရှိခြင်းဖြင့် စောင့်ကြည့်လျှက်၊ သန့်ရှင်းသူ
အားလုံးတို့အတွက် ဆုတောင်းကြပါ၊
၁၉ - ငါ့အတွက်လည်း တောင်းပေးကြပါ၊ ထိုသို့ဖြင့် ငါ့ထံတွင် ဟောပြောခြင်းကို ပေး
တော်မူမည်ဖြစ်သည်၊ ထိုသို့ဖြင့် ငါသည် နုတ်ကို ရဲရဲဖွင့်ရဲပါမည်၊ ဧဝံဂေလိတရား၏
နက်နဲခြင်းကို အများသိလာရန်ပြုနိုင်ပါမည်၊
၂၀ - ထို့အတွက်ကြောင့် ငါသည် အတုတ်နှောင်ခံနေရသော သံအမတ်ဖြစ်ပါသည်၊
ထိုသို့သောအခြေအနေတွင် ငါသည် ငါပြောသင့်သည်အတိုင်း ရဲရင့်စွာပြောနိုင်ပါ
မည်။
၂၁ - သို့သော် ငါ့ထံမှအဖြစ်အပျက်များကို သင်တို့လည်း သိလာပါမည်၊ ငါ့အခြေအ
နေ မည်သို့ဖြစ်သည်ကို၊ ချစ်လှစွာသောညီအကိုနှင့် သခင်ဘုရား၏သစ္စာရှိသော သင်း
အုပ် တိုင်ခီးခပ်စ်က၊ အလုံးစုံပြောပြပါလိမ့်မည်၊
၂၂ - သူ့ကို ထိုရည်ရွယ်ချက်အတွက် သင်တို့ထံ ငါ လွှတ်လိုက်ပါသည်၊ ထိုသို့ဖြင့်
သင်တို့သည် ငါတို့အခြေအနေများကို သိနိုင်ကြပါမည်၊ ထိုသို့ဖြင့် သူက သင်တို့နှလုံး
သားများကို နှစ်သိမ့်ပေးပါလိမ့်မည်။
၂၃ - ငြိမ်းချမ်းခြင်းသည် ညီအကိုတို့ထံ ရှိပါစေ၊ ခမည်းတော်ဘုရားသခင်နှင့် သခင်
ယေရှုခရစ်ထံမှ ယုံကြည်ခြင်းနှင့်ဖြစ်သောချစ်ခြင်းသည် တည်ရှိပါစေ။
၂၄ - ငါတို့သခင်ယေရှုခရစ်အား ရိုးသားခြင်းနှင့်ချစ်ကြသူအားလုံးတို့ထံ ကျေးဇူးတော်
ရှိနေပါစေ။ အာမင်။

××××××××××××××××××××××××

## ဖိလိပ္ပိ ဩဝါဒစာ
(Philippians)

**ဖိလိပ္ပိ ၁း၁–၃၀**

၁ - ယေရှုခရစ်၏ အစေခံများဖြစ်ကြသော ပေါလ်နှင့်တိမောသေတို့က ဖိလစ်ပိုင်မြို့၌
ရှိကြသော သင်းအုပ်များနှင့် သင်းထောက်များအပါအဝင် သန့်ရှင်းသူတို့ထံ၊ ရေးလိုက်
ပါသည်၊
၂ - ငါတို့၏ဖခင် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်း
ချမ်းခြင်းသည် သင်တို့ထံ၌ ရှိပါစေသတည်း။
၃ - သင်တို့အား မှတ်မိသတိရခြင်းတိုင်းအတွက် ငါသည် ငါ၏ဘုရားသခင်ထံ ကျေး
ဇူးတင်နေမိပါသည်၊
၄ - ငါ၏ဆုတောင်းခြင်းတိုင်းတွင် သင်တို့အတွက် အမြဲတမ်း ဝမ်းမြောက်ခြင်းနှင့်
တောင်းလျှောက်ပေးပါသည်၊
၅ - အဘယ့်ကြောင့်ဆိုသော် အစပထမနေ့မှ ယနေ့တိုင်အောင် သင်တို့ထားရှိသော

ဇဝံဂေလိတရားအားဖြင့် မိတ် သဟာယဖွဲ့ခြင်းအတွက်ဖြစ်သည်၊
၆ - သင်တို့ထဲ၌ ကောင်းသောအလုပ်ကို စတင်ပေးသူသည် ထိုကောင်းသော အလုပ်ကို သင်တို့ထဲ၌ ယေရှုခရစ်၏ နေ့ရက်တိုင်အောင် ပြုလုပ်ပါလိမ့်မည် ဆိုသော ယုံကြည်စိတ်ချမှုနှင့် ဆုတောင်းခြင်းဖြစ်သည်၊
၇ - သင်တို့နှင့်ပတ်သက်၍ထိုသို့တွေးတောခြင်းသည် ငါ့အဖို့ သင့်တော်လှပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့ကို ငါ့နှလုံးသားထဲ၌ အမြဲထားရှိ၍ဖြစ်သည်၊ ငါ၏ ချည်နှောင်ခံရခြင်းထဲတွင်လည်း ထိုသို့ပင်ဖြစ်ပါသည်၊ ဇဝံဂေလိတရားအား ခုခံကာကွယ်ခြင်း၊ အတည်ပြုပေးခြင်းတို့၌လည်း ဖြစ်ပါသည်၊ သင်တို့အားလုံးသည် ငါ၏ကျေးဇူးတော်ကို ပါဝင်ဆက်ဆံကြသူများ ဖြစ်ကြပါသည်။
၈ - ယေရှုခရစ်တော်၏ချစ်ခြင်းဖြင့် ငါ သင်တို့အားလုံးကို မည်မျှလွမ်းကြောင်း၊ ဘုရားသခင်သည် ငါ့မှတ်တမ်းဖြစ်သည်။
၉ - သင်တို့၏ချစ်ခြင်းသည် အသိပညာနှင့်အားလုံးသောစီရင်ဆုံးဖြတ်ခြင်းတို့၌ ပို၍ပို၍ တိုးပွားကြပါစေ၊
၁၀ - ထိုသို့ဖြင့် သင်တို့သည် ကောင်းမြတ်သောအရာများကို သေချာသိကြပါမည်၊ ရိုးသားကြပါမည်၊ ခရစ်တော်၏ နေ့ရက်တိုင်အောင် မျက်စိစပါးမွေးစူးစရာ မဖြစ်ဘဲနေကြပါမည်၊
၁၁ - ဘုရားသခင်အားချီးမွမ်းဖို့နှင့် သူ၏ဘုန်းတော်ထင်ရှားစေဖို့ ခရစ်တော်အားဖြင့်ရရှိသော ဖြောင့်မတ်ခြင်း၏ အသီးအပွင့်တို့နှင့် ပြည့်ကြပါစေဟု ငါဆုတောင်းပါသည်။
၁၂ - သို့သော် ညီအကိုတို့ သင်တို့ကို ငါ နားလည်စေချင်သည်မှာ၊ ငါ့အပေါ် ကျရောက်လာသော အဖြစ်အပျက်တို့သည် အခြားကြောင့်မဟုတ်၊ ဇဝံဂေလိတရား ပို၍ဝေးလံစွာရောက်ရှိသွားဖို့ ရောက်လာကြခြင်းဖြစ်သည် ဆိုသည့်အကြောင်းကို ဖြစ်ပါသည်။
၁၂ - ထို့ကြောင့် ခရစ်တော်၌ ငါခံရသော တုတ်နှောင်ခြင်းတို့က နန်းတော်တွင်၄င်း၊ အခြားနေရာအားလုံးတွင်၄င်း ထင်ရှားနေပါသည်၊
၁၄ - သခင်ဘုရား၌ရှိသော ညီအကိုအများတို့လည်း ငါ၏တုတ်နှောင်ခံရခြင်းကြောင့် ပို၍ယုံကြည်စိတ်ချမှုကို ရရှိကြပါသည်၊ နုတ်ကပတ်တော်ကို ကြောက်ရွံ့ခြင်းမရှိဘဲ ပို၍ရဲရင့်စွာ ပြောဆိုရဲကြပါသည်။
၁၅ - အချို့တို့သည် ခရစ်တော်အကြောင်းကို ဟောကြားကြသည့်အခါ၊ မနာလိုခြင်းနှင့် ရန်ဖြစ်လိုခြင်းကြောင့် ဟောပြောတတ်ကြသည်မှာ အမှန်ဖြစ်သည်၊ အချို့တို့ကမူ ကောင်းသောအလိုဆန္ဒနှင့် ဟောပြောတတ်ကြပါသည်၊
၁၆ - တဦးက ခရစ်တော်အကြောင်းကို ငြင်းခုံရန်ဖြစ်လိုခြင်းနှင့် မရိုးသားစွာ ဟောပြောတတ်ပါသည်၊ ငါ၏တုတ်နှောင်ခံရခြင်းများတွင် ပို၍ဒုက္ခရောက်စေရန် ရည်ရွယ်

လျှက် ပြုခြင်းဖြစ်သည်၊

၁၇ - သို့သော် အခြားတဦးကမူ ချစ်ခြင်းဖြင့်ဟောကြားပါသည်၊ ငါသည် ဧဝံဂေလိတရားကို ခုခံခြင်းကြောင့် ယ္ခုလိုဖြစ်ရသည်ကို သိလျှက်ပြုခြင်းဖြစ်သည်။

၁၈ - ထို့အတွက် ဘာကိုပြောရမည်နည်း? မည်သို့ပင်ဖြစ်ပါစေ၊ နည်းလမ်းအားလုံးဖြင့်၊ ဟန်ဆောင်၍ဖြစ်စေ၊ အမှန် တရား၌ဖြစ်စေ၊ ခရစ်တော်ကို ဟောပြောကြသည် ချည်းသာဖြစ်ပါသည်၊ ထို့ကြောင့် ငါသည် ၎င်းတို့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်၊ မှန်သည်၊ နောင်တွင်လည်း ဝမ်းမြောက်ဦးမည်သာဖြစ်ပါသည်။

၁၉ - အဘယ့်ကြောင့်ဆိုသော် ထိုအရာသည် သင်တို့၏ဆုတောင်းခြင်းအားဖြင့် ငါ၏ ကယ်တင်ခြင်းနှင့် ယေရှုခရစ် ၏ဝိညာဉ်တော်၏ ပံ့ပိုးကူညီပေးခြင်း ဖြစ်လာမည်ကို ငါ သိနေပါသည်၊

၂၀ - ငါ၏ စိတ်အားထက်သန်လှသော တောင့်တခြင်းနှင့် မျှော်လင့်ခြင်းအရ၊ မည်သည့်အမှုကိစ္စတွင်မှ အရှက်ကွဲလိမ့်မည် မဟုတ်ပါ၊ သို့သော် အမြဲတမ်း ငါပြုသလို၊ အားလုံးသောရဲရင့်ခြင်းနှင့်၊ ယ္ခုတွင်လည်း ခရစ်တော်သည် ငါ၏ကိုယ်ခန္ဓာအားဖြင့် ဘုန်းထင်ရှားမည်ဖြစ်ပါသည်၊ အသက်ရှင်ချိန်တွင်ဖြစ်စေ၊ (သို့) သေဆုံးလျှင်လည်း ဖြစ်စေ ထိုသို့ပင်ဖြစ်ပါမည်။

၂၁ - အဘယ့်ကြောင့်ဆိုသော် ငါ့အတွက် အသက်ရှင်ခြင်းသည် ခရစ်တော်အတွက် ဖြစ်သည်၊ ထို့အတူ သေခြင်းသည်လည်း အောင်နိုင်ခြင်းဖြစ်ပါသည်။

၂၂ - သို့သော် အကယ်၍ အသွေးအသား၌ ငါရှင်နေသည်ဆိုလျှင်၊ ဆိုလိုသည်မှာ ငါ့ အလုပ်ကြောင့် အသီးအပွင့် ရလာသည်ကို ပြောခြင်းဖြစ်သည်၊ ထိုသို့ဆိုလျှင် ဘာကို ရွေးရမည်ကို ငါမသိပါ။

၂၃ - ငါသည် ထိုအရာနှစ်ခုကြားတွင် ကျပ်တည်းစွာ ရောက်နေပါသည်၊ ခရစ်တော် နှင့်အတူရှိရန် ထွက်သွားဖို့ကိုလည်း လိုချင်လှပါသည်၊ ထိုအဖြစ်သည် ပို၍ကောင်း မြတ်လှပါသည်၊

၂၄ - မည်သို့ပင်ဖြစ်စေ၊ အသွေးအသားတွင်ဆက်နေခြင်းသည် သင်တို့အတွက် ပို၍ လိုအပ်နေပြန်ပါသည်။

၂၅ - ထိုစိတ်ချခိုင်မာခြင်းကိုရလျှက်၊ ငါသည် ဆက်လက်အသက်ရှင်မည်၊ သင်တို့ ပို၍တိုးတက်ဖို့နှင့် ယုံကြည်ခြင်း ၏ ဝမ်းမြောက်ခြင်းအတွက် သင်တို့အားလုံးနှင့်အတူ ငါဆက်နေမည်ကို ငါသိနေပါသည်၊

၂၆ - ထိုသို့ဖြင့် သင်တို့၏ဝမ်းမြောက်ခြင်းသည်၊ ငါ သင်တို့ထံပြန်လာခြင်းဖြင့်၊ ယေရှု ခရစ်တော်၌ ပိုမိုများပြားလာပါမည်။

၂၇ - သင်တို့၏ပြောဆိုဆက်ဆံခြင်းကို ခရစ်တော်၏ဧဝံဂေလိတရားနှင့် ကိုက်ညီစေကြပါ၊ သင်တို့ကို ငါလာကြည့် သည်ဖြစ်စေ၊ ငါမရှိချိန်တွင်ဖြစ်စေ၊ ငါသည် သင်တို့အမှုအရာများကို ကြားနိုင်မည်ဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့သည် ဝိညာဉ်တခုတွင် ခိုင်

မာစွာရပ်တည်ကြပါ၊ စိတ်သဘောတခုနှင့် ဧဝံဂေလိတရား၏ယုံကြည်ခြင်းအတွက် အတူတကွ ကြိုးစားကြပါ၊
၂၈ - သင်တို့၏ရန်သူများက သင်တို့ကို မတုန်လှုပ်စေကြနှင့်၊ ၎င်းသည် သူတို့ အမှန်ပင် ပျက်ဆီးခြင်းသို့ ရောက်ကြမည်ကို သက်သေပြသည့် အမှတ်အသားဖြစ်ပါသည်၊ သို့သော် သင်တို့အတွက်မူ ၎င်းသည် ကယ်တင်ခြင်းအမှတ်အသားဖြစ်ပါသည်၊ ဘုရားသခင်ပေးခြင်း ဖြစ်ပါသည်။
၂၉ - အဘယ့်ကြောင့်ဆိုသော် သင်တို့ထံသို့ ခရစ်တော်အတွက်ကြောင့်၊ သူ့အပေါ် ယုံကြည်နိုင်ခြင်းကိုသာ ပေးထားသည် မဟုတ်ပါ၊ သူ့အတွက် ဒုက္ခခံရခြင်းကိုလည်း ပေးအပ်ထားပါသည်၊
၃၀ - သင်တို့ ငါ့ထံတွင်မြင်ရသော တိုက်ပွဲနှင့်တပုံစံတည်သောတိုက်ပွဲကို သင်တို့ တိုက်နေကြသည်ဖြစ်ရာ၊ သင်တို့ ကြားသည်အတိုင်း ငါထံတွင် ရှိနေပါသည်။

**ဖိလိပ္ပိ ၂း၁–၃၀**

၁ - ထို့ကြောင့် အကယ်၍ ခရစ်တော်၌ဖြေသိမ့်စရာ တစုံတခု ရှိသည်ဆိုလျှင်၊ ချစ်ခြင်း၏နှစ်သိမ့်စရာ တစုံတခု ရှိသည်ဆိုလျှင်၊ ဝိညာဉ်တော်၏မိတ်သဟာယဖွဲ့ခြင်း တစုံတရာ ရှိသည်ဆိုလျှင်၊ အကယ်၍ သနားကျင်နာခြင်း တစုံတရာ ရှိသည်ဆိုပါလျှင်၊
၂ - သင်တို့ ငါ့ဝမ်းမြောက်ခြင်းကို ပြည့်စုံစေကြပါ၊ ထိုသို့ဖြင့် သင်တို့သည် စိတ်သဘောညီညွတ်နိုင်ကြပါမည်၊ တူသောချစ်ခြင်းကို ထားရှိကြပါမည်၊ သဘောထားတခုတည်း၊ တစိတ်တဝမ်းတည်း ဖြစ်နိုင်ကြပါမည်။
၃ - မည်သည့်အရာကိုမျှ ရန်တွေ့လိုသောစိတ် (သို့) အချည်းနှီးသော ထင်ပေါ်ကျော်ကြားခြင်းအတွက် မလုပ်ကြနှင့်၊ သို့သော် စိတ်နှိမ့်ချခြင်းဖြင့် မိမိတို့ကိုယ်ကိုထက် တဦးကိုတဦး လေးစားကြပါ။
၄ - အယောက်တိုင်းက မိမိ၏အကြောင်းအရာတို့ကိုသာ မကြည့်ကြနှင့်၊ သို့သော် အခြားသူများ၏အကြောင်းအရာ များကိုလည်း အယောက်တိုင်းက ကြည့်ရှုကြပါ။
၅ - ခရစ်တော်ယေရှု၌လည်း ရှိနေသော ထိုစိတ်သည် သင်တို့ထဲ၌ရှိနေပါစေ၊
၆ - သူသည် ဘုရားသခင်၏ပုံစံထဲ၌ရှိနေသော်လည်း၊ ဘုရားသခင်နှင့်တူညီသော အဖြစ်မှ လုယူခံရသည်ဟု မထင်မှတ်ဘဲ၊
၇ - မိမိကိုယ်ကို ဂုဏ်သရေမရှိသောအဖြစ်သို့ပြုလုပ်ပါသည်၊ ထို့နောက် အစေခံကျွန်၏ပုံစံကို မိမိကိုယ်ကိုအပေါ်သို့ ယူဆောင်ခဲ့ပါသည်၊ ထို့နောက် လူသားတို့နှင့် တူညီသောပုံစံသို့ ပြုလုပ်ခြင်းကို ခံခဲ့ပါသည်၊
၈ - ထို့နောက် လူ၏ပုံစံကဲ့သို့ တွေ့ရလျှက်၊ သူသည် မိမိကိုယ်ကို နှိမ့်ချခဲ့ပါသည်၊ သေသည့်တိုင်အောင် နာခံခဲ့ပါ သည်၊ လက်ဝါးကပ်တိုင်ပေါ်သေခြင်းကိုပင် ဖြစ်ပါသည်။
၉ - ထို့ကြောင့် ဘုရားသခင်ကလည်း သူ့ကို မြင့်မားစွာချီးမြှောက်ခဲ့ပါသည်၊ နာမည်

အားလုံးတို့ထက် မြင့်မားသော အမည်တခုကို သူ့ထံ ပေးအပ်ခဲ့ပါသည်၊
၁၀ - ထိုသို့ဖြင့် ယေရှု၏အမည်၌ ဒူးရှိသမျှထောက်ကြရမည်၊ ကောင်းကင်၌ရှိသော အရာများ၊ မြေကြီးပေါ်၌ရှိသော အရာများ၊ မြေကြီးအောက်၌ရှိသော အရာများအားလုံး ဖြစ်ကြသည်၊
၁၁ - ထို့နောက် လျှာတိုင်းကလည်း ယေရှုခရစ်သည် သခင်ဖြစ်သည်ဟု ဝန်ခံကြရပါမည်၊ ခမည်းတော်ဘုရားသခင် ၏ဘုန်းတော်အတွက်ဖြစ်သည်။
၁၂ - ထို့ကြောင့်၊ ငါချစ်ရသောသူတို့၊ သင်တို့သည် အမြဲတမ်း နာခံကြသလို၊ ငါ့ရှေ့မှောက်၌သာမဟုတ်၊ ငါမရှိချိန်တွင် ပို၍ပင် နာခံကြပါ၊ သင်တို့၏ကယ်တင်ခြင်းကို ကြောက်ရွံ့ရှိသေလျှက်၊ တုန်လှုပ်လျှက် ထုတ်လုပ်ကြပါ။
၁၃ - အဘယ့်ကြောင့်ဆိုသော် သင်တို့အထဲ၌ သူ၏ကောင်းသောဆန္ဒကို အလိုရှိရန်၊ လုပ်ဆောင်ရန်၊ နှစ်ခုစလုံးကို လုပ်ပေးသူသည် ဘုရားသခင်ဖြစ်ပါသည်။
၁၄ - အရာအားလုံးကို ညည်းတွားခြင်းများ၊ ငြင်းခုံခြင်းများ မပြုဘဲ လုပ်ကြပါ၊
၁၅ - ထိုသို့ဖြင့် သင်တို့သည် အပြစ်တင်ခွင့်မရှိသော၊ သူတပါးအတွက် အန္တရယ်မဖြစ်သော ဘုရားသခင်၏သားများ ဖြစ်ကြပါမည်၊ ကွေကောက်သော၊ လမ်းလွဲနေသော မျိုးဆက်ထဲတွင် သင်တို့သည် အပြစ်တင်ခွင့်မရှိကြဘဲဖြစ်ကြပါမည်၊ ဤကမ္ဘာကြီးအလည်တွင် သင်တို့သည် အလင်းအများကဲ့သို့ လင်းလက်နေကြပါမည်၊
၁၆ - အသက်ရှင်ခြင်းနုတ်ကပတ်တော်ကို ကိုင်ဆွဲကြပါ၊ ထိုသို့ဖြင့် ငါသည် ခရစ်တော်၏နေ့တွင် ဝမ်းမြောက်နိုင်ပါမည်၊ ငါသည် အချည်းနှီးပြေးခဲ့ခြင်းမဟုတ်၊ ထို့အတူ အချည်းနှီး ကြိုးစားလုပ်ကိုင်ခဲ့ခြင်းလည်း မဟုတ်ကြောင်း သိမည်ဖြစ်သည်။
၁၇ - မှန်သည်၊ အကယ်၍ ငါ့ကို သင်တို့၏ယုံကြည်ခြင်းအား ကူညီထောက်မရန် အတွက် ယဇ်ပူဇော်သည့်နေရာအပေါ်သို့ ပူဇော်လျှင်လည်း ငါသည် ဝမ်းမြောက်နေပါမည်၊ သင်တို့အားလုံးနှင့်အတူ ဝမ်းမြောက်နေပါမည်။
၁၈ - အဘယ့်ကြောင့်ဆိုသော် ထိုသို့သောတူညီသော အကြောင်းအရာအတွက် သင်တို့လည်း ဝမ်းမြောက်ကြ၍ ဖြစ်သည်၊ ငါနှင့်အတူ ဝမ်းမြောက်ကြ၍ဖြစ်ပါသည်။
၁၉ - သို့သော် သင်တို့ထံ မကြာမှီ တိမောသေကို စေလွှတ်နိုင်မည်ဟု ငါ သခင်ယေရှုအားဖြင့် ယုံကြည်စိတ်ချပါသည်၊ ထိုသို့ဖြင့် သင်တို့အခြေအနေကို ငါသိသောအခါ ကောင်းသောနှစ်သိမ့်မှုကို ရမည်ဖြစ်သည်။
၂၀ - အဘယ့်ကြောင့်ဆိုသော် သူကဲ့သို့ ပင်ကိုအားဖြင့်ပင် သင်တို့အခြေအနေကို ဂရုစိုက်သောသူ စိတ်သဘောတူ ညီသောသူ ငါ့ထံ၌မရှိသောကြောင့်ဖြစ်ပါသည်။
၂၁ - အဘယ့်ကြောင့်ဆိုသော် အားလုံးက မိမိတို့အတွက်သာ ရှာဖွေကြပါသည်၊ ယေရှုခရစ်တော်၏အကြောင်းအရာများကို မရှာဖွေကြ၍ဖြစ်သည်။
၂၂ - သို့သော် သင်တို့ သူ၏သက်သေကို သိကြပြီးဖြစ်ပါသည်၊ ဖခင်နှင့်အတူရှိသော သားကဲ့သို့၊ သူသည် ငါနှင့်အတူ ဧဝံဂေလိတရား၌ အမှုဆောင်ရွက်သူဖြစ်သည်။

၂၃ - ထို့ကြောင့် ငါ သူ့ကို မကြာမီလွှတ်လိုက်မည်ဟု မျှော်လင့်ပါသည်၊ ငါ၏အခြေအနေ မည်သို့ဖြစ်မည်ကို သိလျှင်သိချင်း ငါလွှတ်လိုက်ပါမည်။
၂၄ - သို့သော် ငါကိုယ်တိုင်ပင် သင်တို့ထံ မကြာမီ လာနိုင်မည်ဟု သခင်ဘုရား၌ ယုံကြည်စိတ်ချနေပါသည်။
၂၅ - သို့သော်လည်း ငါ၏ညီအကို၊ ကြိုးစားလုပ်ကိုင်ဖော်လုပ်ကိုင်ဖက်၊ သင်တို့၏အတွက်မူ တမန်၊ ငါ့လိုအပ်ချက်များကို ကူညီစောင်မသူ အိပါဖရောဒိုင်းဒပ်စ်ကို သင်တို့ထံစေလွှတ်ဖို့ လိုအပ်သည်ဟု ငါတွေးမိပါသည်။
၂၆ - အဘယ့်ကြောင့်ဆိုသော် သူသည် သင်တို့ကို လွမ်းနေပါသည်၊ စိတ်လည်း လေးလံနေပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် ဖျားနာနေခဲ့သည်ကို သင်တို့ကြားကြမည်ဖြစ်သည်။
၂၇ - အဘယ့်ကြောင့်ဆိုသော် သူသည် သေကောင်ပေါင်းလဲဖျားနာခဲ့ပါသည်၊ သို့သော် ဘုရားသခင်က သူ့ကို သနားတော်မူသည်၊ သူ့ကိုသာမဟုတ်ပါ၊ ငါကိုလည်းဖြစ်သည်၊ မဟုတ်ပါက ငါ့အပေါ် ဝမ်းနည်းရခြင်း တခုပြီးတခု ထပ်နေမည်ဖြစ်သည်။
၂၈ - ထို့ကြောင့် ငါသည် သူ့ကို ပို၍ဂရုစိုက်စွာ စေလွှတ်ပါသည်၊ ထိုသို့ဖြင့် သင်တို့သူ့ကိုတွေ့သောအခါ၊ ဝမ်း မြောက်နိုင်ကြမည်၊ ထိုသို့ဖြင့် ငါ၏ဝမ်းနည်းရခြင်းသည်လည်း လျှော့ပါးမည်ဖြစ်သည်။
၂၉ - ထို့ကြောင့် အားလုံးသောဝမ်းသာခြင်းဖြင့် သခင်ဘုရား၌ သူ့ကို လက်ခံကြပါ၊ ရိုသေလေးစားကြပါ၊
၃၀ - အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏အလုပ်ကြောင့် သူသည် သေခြင်းနှင့် အလွန်နီးခဲ့သူဖြစ်သည်၊ သင်တို့ ငါ့ထံသို့ပြုရမည့် အမှုဆောင်ခြင်းကို ဖြည့်စည်းသည့်အခါ၊ သူသည် သူ့အသက်ကိုပင် ဂရုမစိုက်ပါ။

**ဖိလိပ္ပိ ၃း၁–၂၁ .**

၁ - နောက်ဆုံးအနေနှင့်၊ ငါ့ညီအကိုတို့၊ သခင်ဘုရား၌ ဝမ်းမြောက်ကြပါ။ သင်တို့ထံ ထိုတူညီသော အကြောင်းအရာများကို ရေးရသည်မှာ ငါ့အတွက် ဆိုးရွားသောအကြောင်းအရာ လုံးလုံးမဟုတ်ရပါ၊ သို့သော် သင်တို့အတွက်မူ ၄င်းသည် လုံးခြုံစိတ်ချရခြင်းဖြစ်သည်။
၂ - ခွေးတို့ကို သတိထားကြပါ၊ ဆိုးညစ်ခြင်းကိုလုပ်ကိုင်သူတို့အား သတိထားကြပါ၊ အရေဖျားလှီးခြင်းခံသူတို့ကို သတိထားကြပါ။
၃ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ကို ဝိညာဉ်ထဲ၌ ဝတ်ပြုကြသူများဖြစ်ကြသော၊ ယေရှုခရစ်၌ ဝမ်းမြောက်ကြသော၊ အသွေးအသား၌ ယုံကြည်စိတ်ချမှု မရှိကြသော ငါတို့သည် အရေဖျားလှီးခြင်းခံသူများ ဖြစ်ကြပါသည်။
၄ - သို့ပါသော်လည်း ငါသည် အသွေးအသားတွင် ယုံကြည်စိတ်ချမှု ရှိနိုင်ပါသည်။

အခြားသူတဦးက၊ သူသည် အသွေးအသား၌ အားကိုးနိုင်ပါသည်ဟု တွေးခဲ့လျှင်၊ ငါ က ပိုရှိပါသည်၊
၅ - ရှစ်ရက်မြောက်နေ့တွင် အရေဖျားလှီးခြင်းခံခဲ့သည်၊ အစ္စရေးအုပ်စုထဲမှဖြစ်သည်၊ ဗင်္ဂျမင်မျိုးနွယ်မှဖြစ်သည်၊ ဟီဗရူးများထဲမှ ဟီဗရူးတယောက်ဖြစ်သည်၊ ပညတ်တော် များနှင့်ပတ်သက်၍ပြောရလျှင်၊ ဖါရိရှဲတဦးဖြစ်သည်၊
၆ - စိတ်အားထက်သန်ခြင်းနှင့်ပတ်သက်လျှင်၊ အသင်းတော်အား နှိပ်စက်သူဖြစ်သည်၊ ပညတ်တော်ထဲရှိ ဖြောင့်မတ်ခြင်းနှင့်ပတ်သက်လျှင်၊ အပြစ်တင်ခွင့်ကင်းသူဖြစ်သည်။
၇ - သို့သော် ငါ့အတွက် အမြတ်ရစေသည်ဆိုသော ထိုအရာများကို ငါသည် ခရစ် တော်အတွက် ဆုံးရှုံးစရာဟု မှတ်ယူပါသည်။
၈ - မှန်သည် သံသယဖြစ်စရာ မရှိပါ၊ ငါ၏သခင် ယေရှုခရစ်၏ ကြီးကျယ်မြင့်မြတ်လှ သော အသိပညာအတွက်၊ အရာအားလုံးကို ဆုံးရှုံးရသည်ဟုသာ ငါတွက်ဆပါသည်၊ သူ့အတွက် အရာအားလုံး ဆုံးရှုံးရခြင်းကို ငါခံစားပါသည်၊ ခရစ်တော်ကိုရရန်အတွက် ထိုအရာတို့ကို မစင်ကဲ့သို့ မှတ်ပါသည်၊
၉ - သူ့ထံတွင် ငါ့ကိုတွေ့ရရန် ဖြစ်သည်၊ ပညတ်တော်များမှလာသော ငါ၏ကိုယ်ပိုင် ဖြောင့်မတ်ခြင်းမဟုတ်၊ သို့သော် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ရလာသောအ ရာဖြစ်သည်၊ ယုံကြည်ခြင်းဖြင့်ဖြစ်သည့် ဘုရားသခင့်ထံမှလာသော ဖြောင့်မတ်ခြင်း ဖြစ်ပါသည်၊
၁၀ - ထိုသို့ဖြင့် ငါသည် သူ့ကို သိနိုင်မည်၊ သူ၏ထမြောက်ခြင်းတန်ခိုးကို သိနိုင်ပါ မည်၊ သူ၏ဝေဒနာခံစားခြင်းများနှင့် မိတ်သဟာယဖွဲ့ရခြင်းကို သိနိုင်ပါမည်၊ သူ၏အ သေခံခြင်းနှင့် ကိုက်ညီသူအဖြစ် ပြုလုပ်ခြင်းခံရပါမည်၊
၁၁ - မည်သည့်နည်းလမ်းနှင့်မဆို၊ ငါသည် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းသို့ ပါဝင် နိုင်ရန်ဖြစ်ပါသည်။
၁၂ - ငါသည် ရရှိပြီးဖြစ်သကဲ့သို့ မနေပါ၊ ပြည့်စုံပြီဟုလည်း မထင်ပါ၊ သို့သော် ငါ သည် ဆက်၍ လိုက်လျှောက်နေပါသည်၊ ငါ့ကို ခရစ်တော်ကနားလည်သလို၊ ငါက လည်း နားလည်သဘောပေါက်ရန်ဖြစ်သည်။
၁၃ - ညီအကိုတို့၊ ငါသည် အားလုံးကိုနားလည်ပြီဟု ကိုယ့်ကိုကိုယ် မထင်ပါ၊ သို့သော် ဤအရာကို ငါလုပ်ပါသည်၊ နောက်တွင်ကျန်ခဲ့သည်များကို မေ့ပစ်လျှက်၊ ရှေ့တွင် ထားရှိသည်များထံသို့သာ လက်လှမ်းပါသည်၊
၁၄ - ခရစ်တော်ယေရှု၌ရှိသည့် ဘုရားသခင်၏ မြင့်မားသောခေါ်ခြင်းနှင့်ဆိုင်သည့် ဆုလဒ်ရဖို့ အမှတ်အသားသို့ ငါသည် ဆက်လက်လိုက်လျှောက်နေပါသည်။
၁၅ - ထို့ကြောင့် ပြည့်စုံသောသူရှိသမျှတို့က ထိုသို့သောစိတ်ထားရှိကြပါမည်၊ အကယ် ၍ တစုံတခုနှင့်ပတ်သက်၍ ခြားနားသောစိတ်ထားရှိခဲ့လျှင်၊ ထိုအရာကို ဘုရားသခင် က သင်တို့ထံ ဖွင့်ပြတော်မူပါမည်။

၁၆ - မည်သို့ပင်ဖြစ်ပါစေ၊ ငါတို့ရခဲ့ပြီးဖြစ်သော တူညီသောဥပဒေသများအတိုင်း လျှောက်လှမ်းကြပါမည်၊ ထိုတူညီ သောအရာအတွက်သာ ဂရုတစိုက်ရှိကြပါမည်။
၁၇ - ညီအကိုတို့၊ အတူတကွနှင့် ငါ့နောက်လိုက်ဖြစ်ကြပါ၊ ငါတို့ထံမှရသော ဥပမာ များအတိုင်း လျှောက်လှမ်းသူ များကို မှတ်သားကြလျှက် ထိုသို့ အသက်ရှင်လျှောက် လှမ်းကြပါ။
၁၈ - (အဘယ့်ကြောင့်ဆိုသော် လူအများသည်၊ ထိုသူတို့အကြောင်း သင်တို့ထံ ငါ မ ကြာခဏ ပြောခဲ့ပြီးဖြစ်သည်၊ ယခုတွင်လည်း ငိုကြွေးလျှက် သင်တို့ထံ ပြောပါဦးမည်၊ ခရစ်တော်၏ လက်ဝါးကပ်တိုင်၏ ရန်သူများအဖြစ် လျှောက် လှမ်းအသက်ရှင်ကြပါ သည်၊
၁၉ - ထိုသူတို့၏အဆုံးသတ်သည် ပျက်ဆီးခြင်းသာဖြစ်ပါသည်၊ သူတို့၏ဘုရားသည် သူတို့၏ဗိုက်သာဖြစ်ပါသည်၊ သူတို့၏ ဂုဏ်ကျက်သရေသည် သူတို့၏အရှက်ကွဲရခြင်း ဖြစ်သည်၊ သူတို့သည် ကမ္ဘာမြေကြီးနှင့် ပတ်သက်သည်များ ကိုသာ စိတ်ဝင်စားကြ သည်။)
၂၀ - အဘယ့်ကြောင့်ဆိုသော် ငါတို့၏နိုင်ငံသားဖြစ်ခြင်းသည် ကောင်းကင်ဘုံ၌ ဖြစ် သည်၊ ထိုနေရာမှ ကယ်တင်ရှင်ကိုသာ ငါတို့ ရှာဖွေကြသည်၊ သခင်ယေရှုခရစ်ဖြစ်ပါ သည်၊
၂၁ - သူက ငါတို့၏ ဆိုးညစ်သောခန္ဓာကို ပြောင်းပေးလိမ့်မည်၊ ထိုသို့ဖြင့် ၎င်းသည် သူ၏ဘုန်းကျက်သရေနှင့်ပြည့်သော ကိုယ်ခန္ဓာအတိုင်း ဖြစ်လာလိမ့်မည်၊ ထိုသို့သော လုပ်ကိုင်ခြင်းအရ သူသည် အရာအားလုံးကို မိမိထံသို့ ထိန်းချုပ် နိုမ်နှင်းတော်မူပါ သည်။

ဖိလိပ္ပိ ၄း၁-၂၃
၁ - ထို့ကြောင့်၊ အလွန်ချစ်ရသော၊ လွမ်းရသော၊ ငါ၏ဝမ်းမြောက်ရခြင်းနှင့် သရဖူဖြစ် သော ငါ့ညီအကိုတို့၊ သခင်ဘုရား၌ ခိုင်မာစွာရပ်တည်ကြပါ၊ ငါအလွန်ချစ်ရသော ညီ အကိုတို့။
၂ - ငါ ယူအိုဒီယပ်စ်ကို တောင်းပန်ပါသည်၊ ထို့အတူ စင်တိုင်းခီကိုလည်း တောင်းပန် ပါသည်၊ သူတို့သည် တူညီသောစိတ်သဘောထားကို သခင်ဘုရား၌ ထားရှိကြပါစေ။
၃ - စစ်မှန်သော လုပ်ဖေါ်ဆောင်ဖက်ဖြစ်သူ သင့်ကိုလည်း ငါ အနူးအညွှတ်တောင်း ပန်ပါသည်၊ ငါနှင့်အတူ ကလီမင့်တို့နှင့်အတူ၊ ငါ၏အခြားသော လုပ်ဖေါ်ဆောင်ဖက် များနှင့်အတူ ဧဝံဂေလိတရားတွင် ခက်ခဲပင်ပန်းစွာအလုပ်လုပ်ကြသူ ထိုအမျိုးသမီး များကို ကူညီပါလော့၊ အသက်ရှင်ခြင်းစာအုပ်ထဲတွင် သူတို့၏အမည်များ ရှိကြပါ သည်။
၄ - သခင်ဘုရား၌ အမြဲတမ်း ဝမ်းမြောက်ကြပါ၊ ငါ ထပ်ပြောပါမည်၊ ဝမ်းမြောက်ကြ

ပါ။
၅ - သင်တို့၏ ချင့်ချင့်ချိန်ချိန် အလွန်အကျွံမဖြစ်ခြင်းကို လူအားလုံးတို့ထံ သိစေကြပါ။ သခင်ဘုရားသည် နီးနီးလေးတွင် ရှိနေပါသည်။
၆ - မည်သည့်အရာအတွက်မှ စိုးရိမ်သောကမရောက်ကြနှင့်၊ ထိုမှဆန့်ကျင်စွာ အရာခပ်သိမ်းတွင် ကျေးဇူးတင်ခြင်းနှင့်အတူ ဆုတောင်းလျှက်၊ အသနားခံလျှက် သင်တို့တောင်းချင်သည်များကို ဘုရားသခင်ထံ သိစေကြပါ။
၇ - ထိုအခါ၊ နားလည်ခြင်းအားလုံးကို ကျော်လွန်သော ဘုရားသခင်၏ငြိမ်းချမ်းခြင်းက သင်တို့၏ နှလုံးသားများနှင့်စိတ်များကို ခရစ်တော်ယေရှုအားဖြင့် စောင့်ရှောက်လိမ့်မည်။
၈ - နောက်ဆုံးအနေနှင့်၊ ညီအကိုတို့၊ မှန်သည်ဆိုသော မည်သည့်အရာကိုမဆို၊ ရိုးသားသည်ဆိုသော မည်သည့်အရာကိုမဆို၊ ဖြောင့်မတ်သည်ဆိုသော မည်သည့်အရာကိုမဆို၊ စင်ကြယ်သည်ဆိုသော မည်သည့်အရာကိုမဆို၊ ချစ်စရာကောင်းသည်ဆိုသော မည်သည့်အရာကိုမဆို၊ ကောင်းသောသတင်းမွှေးသည့် မည်သည့်အရာကိုမဆို၊ ကောင်းမြတ်ခြင်း တစုံတရာရှိခဲ့လျှင်၊ ချီးမွမ်းထိုက်သောအရာ တစုံတခုရှိခဲ့လျှင်၊ ဌါအရာများကို တွေးတောဆင်ခြင်ကြပါ။
၉ - သင်တို့ ငါ့ထံမှ သင်ယူသော၊ လက်ခံရရှိသော၊ ကြားသော၊ မြင်သော ထိုအရာများကို လုပ်ကိုင်ကြပါ၊ ထိုအခါ ငြိမ်းချမ်းခြင်း၏ ဘုရားသခင်သည် သင်တို့နှင့်အတူ ရှိလိမ့်မည်ဖြစ်သည်။
၁၀ - သို့သော် သင်တို့၏ ငါ့အပေါ်ဂရုတစိုက်ရှိခြင်းသည် နောက်ဆုံးတွင် တဖန် ပြန်ရှင်သန်လာသဖြင့်၊ ငါသည် သခင်ဘုရား၌ ကြီးစွာသော ဝမ်းမြောက်ခြင်း ရှိပါသည်၊ ယွင်ကလည်း ထိုသို့ပင် ဂရုစိုက်ကြသော်လည်း အခွင့်အရေး မရခဲ့ကြပါ။
၁၁ - ငါ့ထံတွင် လိုအပ်ချက်များရှိသဖြင့် ထိုသို့ပြောရခြင်း မဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် မည်သည့်အခြေအနေ၌မဆို ရောင့်ရဲတင်းတိမ်ခြင်းနှင့်နေတတ်ရန် ငါသည် သင်ယူခဲ့ပြီး ဖြစ်ပါသည်။
၁၂ - ငါ မည်သို့ နိမ့်ကျစွာနေရမည်ကို သိပါသည်၊ ထို့အတူ ငါသည် မည်သို့ ကြွယ်ဝစွာနေရမည်ကိုလည်း သိပါသည်၊ နေရာတိုင်းတွင် အရာအားလုံး၌ ငါသည် ဝဝလင်လင်ဖြစ်ခြင်းနှင့် ဆာလောင်မွတ်သိပ်ခြင်း နှစ်မျိုးစလုံးကို သင်ခဲ့ပြီးဖြစ်သည်၊ ကြွယ်ဝများပြားခြင်းနှင့် လိုအပ်ခြင်းတို့ကို ခံစားရခြင်း နှစ်မျိုးလုံးတို့ကိုလည်း သင်ခဲ့ပြီးဖြစ်သည်။
၁၃ - ငါ့ကို ခွန်အားရှိစေသောခရစ်တော်အားဖြင့် အရာအားလုံးကို ငါ လုပ်နိုင်ပါသည်။
၁၄ - သို့သော်လည်း သင်တို့သည် ငါ၏ဆင်းရဲဒုက္ခခံရခြင်းကို ပါဝင်ဆက်ဆံကြခြင်းဖြင့်  ကောင်းစွာပြုကြပြီဖြစ်သည်။

၁၅ - ယ္ခုတြင္ ဖိလစ္ပိုင္ၿမိဳ႕သားတို႔ ဤအခ်က္ကိုလည္း သိၾကပါ၊ သင္တို႔ထံ ဧ၀ံေဂလိ
စေရာက္လာခ်ိန္၊ ငါ မက္စီဒိုးနီယားနယ္မွထြက္ခြာေသာအခါ၊ မည္သည့္အသင္း
ေတာ္ကမွ် ငါ့ကို လွဴဒါန္းျခင္း၊ လက္ခံျခင္းတို႔ မလုပ္ၾကပါ၊ သင္တို႔ကသာ လုပ္ေဆာင္
ၾကပါသည္။
၁၇ - ငါ လက္ေဆာင္ကိုလိုခ်င္၍ ေျပာေနသည္မဟုတ္ပါ၊ သို႔ေသာ္ သင္တို႔ထံ၌
အသီးအပြင့္မ်ားျပားရေအာင္ ငါ ဆႏၵရွိ၍ ျဖစ္ပါသည္၊
၁၈ - သို႔ေသာ္  ငါ့ထံတြင္ အားလုံးရွိပါသည္၊ မ်ားျပားပါသည္၊ ငါသည္ ျပည့္၀ေနပါ
သည္၊ ဧပါဖေရာဒိုင္းဒပ္စ္ထံမွ သင္တို႔ပို႔လိုက္သည္မ်ားကို လက္ခံရရွိျခင္းျဖင့္ ျဖစ္ပါ
သည္၊ ခ်ိဳၿမိန္ေသာရနံ႔၏ ေမႊးႀကိဳင္မွုျဖစ္သည္၊ လက္ခံထိုက္ေသာ ယဇ္ပူေဇာ္ျခင္းျဖစ္
သည္၊ ဘုရားသခင္ကို အေသအခ်ာ သေဘာက်ေစေသာအရာျဖစ္ပါသည္။
၁၉ - သို႔ေသာ္ ငါ၏ဘုရားသခင္က သင္တို႔၏လိုအပ္ခ်က္မ်ားအားလုံးကို သူ၏ဂုဏ္
က်က္သေရအတြင္း ႂကြယ္၀ခ်မ္းသာလွမွုအတိုင္း ခရစ္ေတာ္ေယရွုအားျဖင့္ ျဖည့္စြမ္း
ေတာ္မူလိမ့္မည္။
၂၀ - ယခုတြင္ ငါတို႔၏ဖခင္ႏွင့္ဘုရားသခင္ထံေတာ္၌ ဘုန္းက်က္သေရေတာ္သည္
ထာ၀ရမွထာ၀ရတိုင္ ရွိေနပါေစသတည္း။ အာမင္။
၂၁ - ခရစ္ေတာ္ေယရွု၌ရွိၾကေသာ သန္႔ရွင္းသူတိုင္းကို ႏုတ္ဆက္ၾကပါ။ ငါႏွင့္အတူ
ရွိၾကေသာ ညီအကိုတို႔က သင္တို႔ကို ႏွုတ္ဆက္ၾကပါသည္။
၂၂ - သန္႔ရွင္းသူအားလုံးက သင္တို႔ကို ႏွုတ္ဆက္ၾကသည္၊ အထူးသျဖင့္ ဆီဇာ ဧက
ရာဇ္၏ မိသားစု၀င္မ်ားက ျဖစ္ပါသည္။
၂၃ - ငါတို႔ သခင္ေယရွုခရစ္၏ေက်းဇူးေတာ္သည္ သင္တို႔ႏွင့္အတူ ရွိပါေစသတည္း။
အာမင္။

××××××××××××××××××××

# ကောလောသဲ ဩဝါဒစာ
(Colossians)

**ကောလောသဲ ၁း၁–၂၉**

၁ - ပေါလ်၊ ဘုရားသခင်၏အလိုတော်အားဖြင့် ယေရှုခရစ်၏တမန်တော်ဖြစ်သူနှင့် တိ
မောသေယပ်စ် ငါတို့ညီအကိုတို့က၊
၂ - ကော်လောဆားမြို့၌ရှိကြသော သန့်ရှင်းသူတို့နှင့်ခရစ်တော်၏ သစ္စာရှိသော ညီ
အကိုတို့ထံ ရေးလိုက်ပါသည်၊ ငါတို့၏ဖခင် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်
ထံမှ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့ထံ၌ ရှိပါစေသတည်း။
၃ - ငါတို့သည် ဘုရားသခင်ထံနှင့် ငါတို့သခင်ယေရှုခရစ်၏ဖခင်ဖြစ်သူထံ ကျေးဇူး
တင်ခြင်းကို အမြဲပြုကြပါသည်၊ သင်တို့အတွက်လည်း အမြဲဆုတောင်းကြပါသည်၊
၄ - သင်တို့၏ ယေရှုခရစ်ထံ ယုံကြည်ခြင်းနှင့် သန့်ရှင်းသူအားလုံးတို့ထံ ချစ်ခြင်းအ
ကြောင်းတို့ကို ကြားရသဖြင့်ဖြစ်သည်၊
၅ - အဘယ့်ကြောင့်ဆိုသော် သင်တို့အတွက် ကောင်းကင်ဘုံ၌ ထားရှိသော မျှော်လင့်
ခြင်းအကြောင်းကို သင်တို့သည် ဧဝံဂေလိအမှန်တရား၏ စကားလုံးများအားဖြင့် ကြား
ခဲ့ပြီးဖြစ်ပါသည်၊
၆ - ထိုစကားသည် တကမ္ဘာလုံးသို့ရောက်သကဲ့သို့ သင်တို့ထံလည်း ရောက်လာပါ
သည်၊ ထို့နောက် အသီးအပွင့်ကို ဖြစ်ပေါ်လာစေသည်၊ ၎င်းကိုကြားသောနေ့ကစ၍
သင်တို့အထဲ၌ ဖြစ်စေခဲ့သကဲ့သို့ဖြစ်သည်၊ ထို့အတူ ဘုရားသခင်၏ကျေးဇူးတော်ကို
အမှန်တရားထဲ၌ သိခဲ့ကြပါသည်၊
၇ - သင်တို့သည်လည်း ထိုအကြောင်းကို ငါတို့၏ချစ်လှစွာသော လုပ်ဖော်ကိုင်ဖက်၊
သင်တို့အတွက်မူ သစ္စာရှိသော ခရစ်တော်၏အမှုတော်ဆောင်ဖြစ်သူ ဧပါဖရာ့စ်ထံမှ
သင်ယူခဲ့ကြသကဲ့သို့ဖြစ်သည်၊
၈ - သူက သင်တို့၏ ဝိညာဉ်တော်၌ရှိသော ချစ်ခြင်းအကြောင်းကို ငါတို့ထံသို့လည်း
ကြေညာပါသည်။
၉ - အဘယ့်ကြောင့်ဆိုသော် ထိုအမှုအတွက်ကြောင့် ငါတို့သည်လည်း၊ ကြားသည့်နေ့
မှစ၍၊ မပြတ်တမ်း သင်တို့ဘို့ ဆုတောင်းကြပါသည်၊ သင်တို့သည် သူ၏အလိုတော်ကို
သိခြင်းအသိပညာဖြင့် အားလုံးသောဉာဏ်ပညာ၌၎င်း၊ ဝိညာဉ်ရေးရာ နားလည်သ
ဘောပေါက်ခြင်း အားလုံးတို့ဖြင့်၎င်း ပြည့်နိုင်ကြရန် လိုချင်ဆန္ဒနှင့်တောင်းကြပါသည်၊
၁၀ - ထိုသို့ဖြင့် သင်တို့သည် သခင်ဘုရား၏ ကျေနပ်စေခြင်းအားလုံးသို့ ထိုက်တန်စွာ
ရှောက်လှမ်းနိုင်ကြပါမည်၊ ကောင်းသောအလုပ်တိုင်း၌ သီးပွင့်ကြလျှက်၊ ဘုရားသခင်
အား သိခြင်းအသိပညာတွင် တိုးတက်နိုင်ကြပါမည်၊
၁၁ - သူ၏ ဘုန်းကျက်သရေပြည့်ဝလှသော တန်ခိုးတော်အရ အားလုံးသော အားကြီး

ခြင်းဖြင့် ခွန်အားရှိကြလျှက်၊ အားလုံးသော စိတ်ရှည်ခြင်း၊ သည်းခံခြင်းတို့ကို ဝမ်းမြောက်ခြင်းနှင့်အတူ ပြနိုင်ကြပါမည်၊
၁၂ - ခမည်းတော်ထံသို့ ကျေးဇူးတင်ခြင်းများကို ပြနိုင်ကြပါမည်၊ သူသည် ငါတို့ကို အလင်း၏ သန့်ရှင်းသူတို့၏ အမွေကို ခံယူနိုင်ကြသူများဖြစ်ရန် ပြုလုပ်ပေးပါသည်၊
၁၃ - ငါတို့ကို အမိုက်မှောင်၏တန်ခိုးမှ ကယ်နုတ်သူလည်းဖြစ်သည်၊ ထို့နောက် ငါတို့ကို သူ၏ချစ်လှစွာသော သားတော်၏နိုင်ငံသို့ ပြောင်းလဲပစ်လိုက်ပါသည်၊
၁၄ - သူ၏အသွေးတော်အားဖြင့် ငါတို့သည် ကယ်တင်ခြင်းကို ရကြခြင်းဖြစ်သည်၊ အပြစ်များမှ ခွင့်လွှတ်ခံရခြင်းကိုလည်း ရကြသည်၊
၁၅ - သူသည် မမြင်နိုင်သော ဘုရားသခင်၏ ပုံသဏ္ဍာန်ဖြစ်သည်၊ သက်ရှိသတ္တဝါတိုင်း၏ သားဦးဖြစ်သည်၊
၁၆ - အဘယ့်ကြောင့်ဆိုသော် ဖန်ဆင်းထားသောအရာအားလုံးကို သူ့အားဖြင့် ဖန်ဆင်းပါသည်၊ ကောင်းကင်၌ရှိသောအရာများ၊ မြေကြီး၌ရှိသောအရာများ၊ မြင်ရသောအရာ၊ မမြင်ရသောအရာ၊ ရာဇပလ္လင်များ၊ (သို့) အုပ်စိုးခြင်းများ၊ (သို့) အုပ်စိုးသူများ၊ (သို့) တန်ခိုးများ၊ အားလုံးတို့သည် သူ့အားဖြင့် ဖန်ဆင်းခြင်း ခံကြရသည်၊ သူ့အတွက်ဖြစ်ကြသည်၊
၁၇ - ထို့အပြင် သူသည် အားလုံးမရှိခင်ကပင် ရှိနေသည်၊ အရာအားလုံးသည် သူ့အားဖြင့် ဖြစ်တည်နေကြသည်။
၁၈ - ထို့အပြင် သူသည် ကိုယ်ခန္ဓာဖြစ်သော အသင်းတော်၏ ဦးခေါင်းလည်း ဖြစ်ပါသည်၊ အစပျိုးဖြစ်သူ၊ သေသောသူတို့မှ သားဦးဖြစ်သည်၊ ထိုသို့ဖြင့် သူသည် အရာအားလုံးတွင် အားလုံးထက်သာသူ ဖြစ်လာရန်ဖြစ်သည်။
၁၉ - အဘယ့်ကြောင့်ဆိုသော် ခမည်းတော်က သားတော်ထံတွင် ထိုသို့ ပြည့်စုံခြင်းအားလုံး ကျိန်းဝပ်နေရန် သဘာကျတော်မူသည်၊
၂၀ - ထို့အပြင် သူ၏လက်ဝါးကပ်တိုင်အားဖြင့် ငြိမ်းချမ်းရေးကို လုပ်တော်မူသည်၊ သူ့အားဖြင့်ဟု ငါပြောသည့်အခါ၊ မြေကြီးပေါ်ရှိသည့်အရာများ၊ (သို့) ကောင်းကင်၌ရှိသည့် အရာများနှင့်ဖြစ်သည်။
၂၁ - ထို့အပြင် တချိန်တခါက ကင်းကွာနေကြလျှက်၊ စိတ်နှလုံးထဲတွင် ဆိုးညစ်သော အလုပ်များအားဖြင့် ရန်သူများ ဖြစ်နေကြသော သင်တို့နှင့် သူသည် ယခုအခါ ပြန်လည်သင့်မြတ်ခြင်းကို ပြုတော်မူပါသည်၊
၂၂ - သူ့ခန္ဓာကိုယ်၏ အသွေးအသား၌ သေခြင်းဖြင့် ပြုခြင်းဖြစ်သည်၊ သင်တို့ကို သန့်ရှင်းလျှက်၊ အပြစ်တင်ခွင့်ကင်းလျှက် သူ၏ရှေ့တွင် ဆက်သရန်ဖြစ်သည်၊
၂၃ - သင်တို့သည် ယုံကြည်ခြင်း၌ ဆက်လက်၍ အခိုင်အခန့်ရပ်လျှက်၊ အတည်တကျအခြေချကြလျှင်ဖြစ်သည်၊ သင်တို့ကြားခဲ့ပြီးဖြစ်သော၊ သင်တို့ထံသို့၊ အခြားသော ကောင်းကင်အောက်၌ရှိကြသည့် ဖန်ဆင်းခံအားလုံးတို့ထံ ဟောကြားခဲ့သကဲ့သို့

ဟောကြားပြီးဖြစ်သော၊ ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှ အဝေးသို့ရွှေ့မသွားကြနှင့်၊ ထိုအမှုတော်အတွက် ငါ ပေါလ်သည် အမှုတော်ဆောင်အဖြစ် ပြုလုပ်ခြင်းခံရပါသည်၊
၂၄ - သင်တို့အတွက် ငါ၏ဝေဒနာခံစားရခြင်းများထဲတွင် ဝမ်းမြောက်နေသူ၊ နောက်တွင်ချန်ထားခဲ့သော ခရစ်တော်၏ ဒုက္ခဝေဒနာခံစားရခြင်းများကို ငါ၏အသွေးအသားတွင် အသင်းတော်ဟူသော သူ၏ကိုယ်ခန္ဓာအတွက်ကြောင့် ဖြည့်ပေးသူ၊
၂၅ - သူ့အားဖြင့် ငါသည် အမှုဆောင်တဦးဖြစ်လာပါသည်၊ ဘုရားသခင်၏ ခေတ်ကာလပိုင်းခြားမှုအရ၊ သင်တို့အတွက် ငါ့ထံ ပေးအပ်ခြင်းဖြစ်သည်၊ ဘုရားသခင့် နုတ်ကပတ်တော်ကို ပြည့်စုံစေရန်ဖြစ်ပါသည်၊
၂၆ - နှစ်များစွာမှနေ၍၊ မျိုးနွယ်ဆက်မြောက်များစွာမှနေ၍ ဝှက်ထားသော ထိုနက်နဲသည့်အရာကိုပင်ဖြစ်သည်၊ သို့သော် ယခုတွင် ထိုအရာကို သူ၏သန့်ရှင်းသူများထံ ပေါ်လာစေပြီးဖြစ်သည်၊
၂၇ - သူတို့ထံသို့ ဘုရားသခင်သည် တပါးအမျိုးသားများကြား၌ထားရှိသော ထိုနက်နဲခြင်း၏ ဘုန်းကျက်သရေ၏ ကြွယ်ဝခြင်းများကို သိစေချင်ပါသည်၊
၂၈ - သူ့ကို ငါတို့ ဟောပြောကြသည်၊ လူတိုင်းကို သတိပေးကြသည်၊ လူတိုင်းကို အားလုံး သောဉာဏ်ပညာဖြင့် သင်ပေးကြသည်၊ ထိုသို့ဖြင့် ငါတို့သည် လူတိုင်းကို ယေရှုခရစ်၌ ပြည့်စုံလျှက် ဆက်သနိုင်ကြရန်ဖြစ်သည်၊
၂၉ - ထိုသို့ ငါသည် လုပ်ဆောင်ပါသည်၊ ငါ့အထဲ၌ အားကြီးစွာ လုပ်ကိုင်တော်မူသူ၏ လုပ်ကိုင်ခြင်းအတိုင်း ကြိုးစားအားထုတ်ပါသည်။

ကောလောသဲ ၂း၁-၂၃

၁ - သင်တို့အတွက်၊ လော်ဒီးစီးယားနယ်သားတို့အတွက်၊ ငါ့မျက်နှာကို အသွေးအသား၌ မမြင်ဘူးကြသေးသူတို့အ တွက် ငါသည် မည်မျှကြီးသောတိုက်ပွဲကို ဝင်ခဲ့ရသည်ဆိုသည်ကို သင်တို့သိကြဖို့ရန် အလိုရှိပါသည်၊
၂ - ထိုသို့ဖြင့် သူတို့နှလုံးသားများသည် နှစ်သိမ့်မှုကို ရကြပါမည်၊ ချစ်ခြင်းမေတ္တာ၌ အချင်းချင်း နှောင်ဖွဲ့ကြလျှက်၊ ပြည့်စုံသော အာမခံချက်ရှိမှုကို နားလည်ခြင်း၏ အားလုံးသောကြွယ်ဝခြင်းသို့၄င်း၊ ဘုရားသခင်၏၊ ခမည်းတော်၏၊ သားတော်၏ နက်နဲခြင်းကို အသိအမှတ်ပြုကြခြင်းသို့၄င်း ရောက်နိုင်ကြမည်ဖြစ်သည်၊
၃ - သူ့ထံတွင် အားလုံးသော ဉာဏ်ပညာနှင့်အသိပညာတို့၏ဘဏ္ဍာများကို ဖွက်ထားပါသည်။
၄ - ထိုသို့ ငါပြောရခြင်းသည်၊ တစုံတဦးက သင်တို့ကို သွေးဆောင်ဖြားယောင်းသော စကားလုံးတို့ဖြင့် လိမ်လည် လှည့်ဖြားမည် စိုးသောကြောင့်ဖြစ်သည်။
၅ - ငါသည် အသွေးအသားဖြင့် ရှိမနေသော်လည်း၊ ငါသည် သင်တို့နှင့်အတူ ဝိညာဉ်၌ ရှိနေပါသည်၊ သင်တို့၏ ထုံးစံလိုက်နာမှုနှင့် ခရစ်တော်ထံထားရှိသည့် သင်တို့၏ယုံကြည်မှု တည်ကြည်ခိုင်မာခြင်းကို တွေ့မြင်လျှက်၊ ဝမ်း မြောက်နေပါသည်။

၆ - သင်တို့သည် ခရစ်တော်ယေရှုကို သခင်အဖြစ် လက်ခံကြသလောက်၊ သူထံတွင်လည်း လျှောက်လှမ်းအသက် ရှင်ကြသည်၊

၇ - သူ့ထံတွင် အမြစ်ကျကြလျှက်၊ တည်ဆောက်လျှက် ရှိနေကြပါသည်၊ ယုံကြည်ခြင်း၌ အခိုင်အမာ တည်ဆောက်လျှက် ရှိကြသည်၊ သင်တို့ကို သင်ပေးခဲ့သကဲ့သို့ ဖြစ်ပါသည်၊ ထိုနေရာတွင် သင်တို့သည် ကျေးဇူးတင်ခြင်းနှင့်အတူ ပို၍ပင် တိုးတက်လျှက် ရှိနေကြသည်။

၈ - သတိထားကြပါ၊ မဟုတ်ပါက တစုံတဦးက သင်တို့ကို ခရစ်တော်၏ သွန်သင်ခြင်းအတိုင်း မဟုတ်သည့် လူတို့ ၏ဓလေ့ထုံးစံများမှလာသော၊ ကမ္ဘာကြီး၏ အခြေခံသဘောတရားများမှလာသော အတွေးအခေါ်၊ အချည်းနှီးသော လိမ်ညာခြင်းတို့ဖြင့် ဖျက်ဆီးမည် စိုးရပါသည်။

၉ - အဘယ့်ကြောင့်ဆိုသော် သူ့ထံတွင် ဘုရားသခင့်အဖြစ်တော်၏ ပြည့်စုံခြင်းအားလုံးသည် အလုံးအခဲလိုက်နှင့် ကိုန်းဝပ်နေပါသည်။

၁၀ - သင်တို့သည် သူ့ထံ၌ ပြည့်စုံနေကြပါသည်၊ သူသည် အားလုံးသော အုပ်စိုးခြင်းများနှင့်တန်ခိုးအာဏာတို့၏ ဦး ခေါင်းဖြစ်ပါသည်၊

၁၁ - သူ့ထံ၌ သင်တို့သည် လက်တို့ဖြင့်မလုပ်သော အရေဖျားလှီးခြင်းကိုလည်း ခံယူကြပါသည်၊ ထို ခရစ်တော်၏ အရေဖျားလှီးခြင်းဖြင့် အပြစ်တို့၏ကိုယ်ခန္ဓာ၏ အသွေးအသားကို လှီးဖြတ်ပစ်လိုက်ကြပါသည်၊

၁၂ - သူနှင့်အတူ ဗတ္တိဇံ၌ မြှုတ်နှံခြင်းကို ခံကြပါသည်၊ ထို့နောက် သူနှင့်အတူ သင်တို့သည် ပြန်လည်ထမြောက် ကြပါသည်၊ ဘုရားသခင်က အကျိုးသက်ရောက်စေသည့် ယုံကြည်ခြင်းအားဖြင့်ဖြစ်သည်၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ပြန်လည်ထမြောက်စေသူဖြစ်သည်။

၁၃ - သင်တို့၏ အပြစ်များနှင့် သင်တို့၏အသွေးအသားကို အရေဖျားမလှီးခြင်းဖြင့် သေနေကြသော သင်တို့ကို၊ ဘုရားသခင်သည် သူနှင့်အတူ ပြန်လည်ရှင်ပြန်ထမြောက်စေပါသည်၊ သင်တို့၏ ကျူးလွန်ခြင်းများကို ခွင့်လွှတ် လျှက်ဖြစ်သည်၊

၁၄ - ငါတို့ကို တိုက်ခိုက်ခဲ့သော၊ ငါတို့ကို ဆန့်ကျင်ခဲ့သော၊ ပြဌာန်းထားသည့် စည်းမျဉ်းဥပဒေသများကို အဝေးသို့ ဖယ်ရှားပစ်လိုက်ပါသည်၊ သူ၏လက်ဝါးကပ်တိုင်တွင် ရိုက်ထားလိုက်ပါသည်၊

၁၅ - အားလုံးသော အုပ်စိုးခြင်းများနှင့် တန်ခိုးအာဏာများတို့ကို ဖျက်ဆီးဖြစ်လိုက်လျှက်၊ သူသည် ၄င်းတို့ကို အများမြင်ကွင်း၌ ဘာမှမဟုတ်ကြောင်းပြသလျှက်၊ ၎က်ဝါးကပ်တိုင်ဖြင့် ၄င်းတို့ကို အနိုင်ယူအောင်ပွဲခံပါသည်။

၁၆ - ထို့ကြောင့် သင်တို့ကို မည်သူကမျှ အသားစားခြင်း၌၊ (သို့) သောက်သုံးခြင်း၌၊ (သို့) နေ့ထူးနေ့မြတ်နှင့် ပတ်သက်၍၊ (သို့) လဆန်းနေ့နှင့်ပတ်သက်၍၊ (သို့) အနားယူရာ ဥပုသ်နေ့များနှင့်ပတ်သက်၍ မစီရင်စေကြနှင့်၊

၁၇ - ၎င်းတို့သည် နောက်လာမည့်အရာအတွက် အရိပ်နှင့်ပတ်သက်သောအကြောင်းအရာများ ဖြစ်ကြသည်၊ သို့သော် အဓိကအပိုင်းမှာ ခရစ်တော်ဖြစ်သည်။
၁၈ - မည်သူကမှ သင်တို့ရမည့် ဆုနှင့်ပတ်သက်၍ မလိမ်စေနှင့်၊ မိမိသဘောနှင့် နှိမ့်ချခြင်းဖြင့်၎င်း၊ ကောင်ကင်တ မန်များအား ကိုးကွယ်ခြင်းဖြင့်၎င်း မလိမ်စေနှင့်၊ ထိုသို့သောသူသည် မိမိ မမြင်ဘူးသောအရာများထဲသို့ ကျူးကျော် ဝင်ရောက်သူဖြစ်သည်၊ အသွေးအသားနှင့် ပတ်သက်သောစိတ်၌ အချည်းနှီးမဲ့ မာနကြီးသူဖြစ်ပါသည်၊
၁၉ - ဦးခေါင်းနှင့် ဆက်နွယ်မှု မပြုသူဖြစ်သည်၊ ထိုဦးခေါင်းမှနေ၍ တကိုယ်လုံးသည် ဆက်နွယ်နေကြသည်၊ ညီ ညွတ်စွာ စုဖွဲ့ထားလျှက် အဟာရဓါတ်ကို ရရှိကြသည်၊ အတူတကွ နှောင်ဖွဲ့ထားကြလျှက်၊ ဘုရားသခင်ပေးသော တိုးပွားခြင်းနှင့် တိုးတက်ကြီးပွားကြပါသည်။
၂၀ - ထို့ကြောင့် သင်တို့သည် ခရစ်တော်နှင့်အတူ၊ ကမ္ဘာကြီး၏အခြေခံ သဘောတရားများမှနေ၍၊ သေကြပြီဆိုလျှင်၊ အဘယ့်ကြောင့် သင်တို့သည် ကမ္ဘာကြီးထဲ၌ အသက်ရှင်နေကြသေးသကဲ့သို့ ဓလေ့ထုံးစံစည်းမျည်းများအောက်၌ ဆက်လက် နာခံနေထိုင်ကြပါသေးသနည်း?
၂၁ - (မထိနှင့်၊ မမြည်းနှင့်၊ မကိုင်တွယ်နှင့်၊
၂၂ - စသည်တို့သည် အသုံးပြုသူများနှင့်အတူတူ ပျက်ဆီးသွားကြမည့် အရာများသာဖြစ်ကြသည်)၊ လူတို့၏ ပညတ်များနှင့် ဩဝါဒများအတိုင်း ဆက်၍ နေထိုင်ကြရပါသေးသနည်း?
၂၃ - ထိုအရာတို့သည် လူသားအလိုဆန္ဒကို ကိုးကွယ်သော၊ ခန္ဓာကိုယ်ကို လစ်လျူရှုခြင်း၊ နှိမ့်ချခြင်းတို့ကို ကိုးကွယ် သော ဉာဏ်ပညာ၏ ပြင်ပအသွင်သဏ္ဍာန်မျှသာ ဖြစ်ပါသည်၊ သို့သော် ၎င်းသည် အသွေးအသားအား အလိုလိုက်ခြင်းကို ဆန့်ကျင်ရန်အတွက် မည်သည့်တန်ဖိုးမျှ မရှိပါ။
ကောလောသဲ ၃း၁-၂၅
၁ - အကယ်၍ သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြပြီဆိုလျှင်၊ အထက်၌ရှိသော ထိုအရာများကိုသာ ရှာ ဖွေကြပါ၊ ထိုနေရာသည် ဘုရားသခင့်လက်ျာဖက် ခရစ်တော်ထိုင်သောနေရာဖြစ်သည်။
၂ - သင်တို့၏အတွေးများကို အထက်အရပ်၌ရှိသော အရာများအပေါ်ထားကြပါ၊ မြေကြီး ပေါ်တွင်ရှိသော အရာများအပေါ် မထားကြနှင့်။
၃ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် သေခဲ့ကြပြီးဖြစ်သည်၊ သင်တို့အသက်များကို ခရစ်တော်နှင့်အတူ ဘုရား သခင့်ထံ၌ ဖွက်ထားလျှက်ရှိသည်။
၄ - ငါတို့၏အသက်ဖြစ်သူ ခရစ်တော် ရောက်လာသောအခါ၊ သင်တို့သည်လည်း သူနှင့်အတူ ဘုန်းကျက်သရေ၌ ပေါ်ထွက်လာကြမည်ဖြစ်သည်။
၅ - ထို့ကြောင့် ကမ္ဘာပေါ်၌ရှိနေကြဆဲဖြစ်သော သင်တို့၏အင်္ဂါများကို သေစေကြ

လော့၊ မိန်းမလွတ်နှင့်မှောက်မှားခြင်း၊ မသန့်ရှင်းခြင်း၊ လွန်လွန်ကဲကဲခင်တွယ်ခြင်း၊ ဆိုးညစ်သောကာမရာဂစိတ်၊ ရုပ်တုကိုးကွယ်ခြင်းဖြစ်သော လောဘကြီးခြင်းတို့၌ ဖြစ်ပါသည်။

၆ - ထိုအရာများအတွက် ဘုရားသခင်၏အမျက်ဒေါသသည် မနာခံခြင်း၏သားသမီးတို့အပေါ်သို့ ရောက်လာပါသည်၊-

၇ - သင်တို့သည်လည်း တချိန်တခါက ထိုသို့ပင် လျှောက်လှမ်းခဲ့ကြပါသည်၊ ၎င်းတို့အထဲတွင် သင်တို့ အသက်ရှင်ခဲ့ကြပါသည်။

၈ - သို့သော် ယခုအခါ သင်တို့သည် ထိုအရာများအားလုံးကို ချွတ်ပယ်လိုက်ကြပြီဖြစ်သည်၊- စိတ်ဆိုးခြင်း၊ အမျက် ဒေါသ၊ အငြိုးထားခြင်း၊ သင်တို့၏နုတ်များမှထွက်လာသော ညစ်ညမ်းသောစကားပြောဆိုခြင်းများ ဖြစ်ကြပါသည်။

၉ - တဦးကိုတဦး မလိမ်ကြနှင့်၊ လူဟောင်းကို ၎င်း၏အကျင့်များနှင့်အတူ ချွတ်ပယ်ခဲ့ပြီးဖြစ်သည်ကို သိကြရပါမည်၊-

၁၀ - ထို့နောက် လူသစ်ကို ဝတ်ဆင်ကြပြီဖြစ်သည်၊ ဖန်ဆင်းသူ၏ပုံသဏ္ဌာန်အတိုင်း အသိပညာ၌ အသစ်ဖြစ်စေသော လူသစ်ဖြစ်သည်၊-

၁၁ - ထိုနေရာတွင် ဂရိဟူ၍၎င်း၊ ဂျူးဟူ၍၎င်း မရှိပါ၊ အရေဖျားလှီးခံခြင်း အရေဖျားလှီးခြင်းမခံခြင်းလည်း မရှိပါ၊ လူရိုင်း၊ စစ်သီယန်း၊ ကျွန်၊ လွတ်လပ်သူဟူ၍ မရှိပါ၊ သို့သော် ခရစ်တော်သည် အားလုံး၏အားလုံးဖြစ်ပါသည်။

၁၂ - ထို့ကြောင့် ဘုရားသခင်၏ ရွေးကောက်ခြင်းခံရသူများဖြစ်ကြသဖြင့် သန့်ရှင်းခြင်းနှင့် ချစ်မြတ်နိုးစရာကောင်း ခြင်း၊ ဂရုဏာတရားနှင့်ပြည့်ဝခြင်း၊ သနားကြင်နာတတ်ခြင်းစိတ်၊ နှိမ့်ချခြင်း၊ စိတ်ရှည်ခြင်းတို့ကို ဝတ်ဆင်ကြပါ၊-

၁၃ - တဦးကိုတဦး သည်းခံကြပါ၊ အကယ်၍တစုံတဦးက တစုံတဦးနှင့် ဆန့်ကျင်ငြင်းခုံခြင်းရှိလျှင်၊ သင်တို့ကို ခရစ် တော်က ခွင့်လွှတ်သကဲ့သို့၊ တဦးကိုတဦးခွင့်လွှတ်ကြပါ။

၁၄ - ထိုအရာများအားလုံးအပြင်၊ ပြည့်စုံခြင်း၌နှောင်ဖွဲ့ခြင်းဆိုသော ချစ်ခြင်းမေတ္တာကို ထပ်မံဝတ်ဆင်ကြပါ။

၁၅ - ဘုရားသခင်၏ငြိမ်းချမ်းခြင်းက သင်တို့နှလုံးသားများကို အုပ်စိုးစေကြပါ၊ ထို့အတွက်ပင် သင်တို့ကို ကိုယ်ခန္ဓာ တခုတည်းသို့ ခေါ်ထားခြင်းဖြစ်သည်၊ သင်တို့ အမြဲ ကျေးဇူးတင်တတ်ကြပါ။

၁၆ - ခရစ်တော်၏စကား သင်တို့အထဲ၌ အားလုံးသော ဉာဏ်ပညာတို့ဖြင့် ကြွယ်ဝစွာတည်ရှိနေပါစေ၊ ဆာလံများ၊ ဓမ္မသီချင်းများ၊ ဝိညာဉ်ရေးရာသီချင်းများကို ကျေးဇူးတော်နှင့်အတူ သင်တို့၏နှလုံးသားများ၌ သခင်ဘုရားထံသို့ သီဆိုကြခြင်းဖြင့် တဦးကိုတဦး သွန်သင်ကြပါ၊ ဆုံးမကြပါ။

၁၇ - သင်တို့ မည်သည်ကိုလုပ်သည်မဆို စကားဖြင့်ဖြစ်စေ၊ လုပ်ကိုင်ခြင်းဖြင့်ဖြစ်စေ၊ အားလုံးကို သခင်ယေရှုအ မည်ဖြင့် လုပ်ကြပါ၊ ဘုရားသခင်နှင့် သူ့အားဖြင့် ဖခင်ဖြစ်

သူထံ အမြဲတမ်းကျေးဇူးတင်ကြပါ။
၁၈ - ဇနီးသည်တို့ သင်တို့ကိုသင်တို့ သင်တို့၏ခင်ပွန်းများကို နာခံကြပါ၊ ထိုသို့ပြုခြင်း သည် သခင်ဘုရား၌ ကိုက်ညီလှပါသည်။
၁၉ - ခင်းပွန်းတို့၊ သင်တို့၏ဇနီးများကို ချစ်ကြပါ၊ သူတို့ကိုဆန့်ကျင်၍ မခါးသီးကြနှင့်။
၂၀ - သားသမီးတို့၊ အရာအားလုံး၌ သင်တို့မိဘများကို နာခံလိုက်နာကြပါ၊- အဘယ့် ကြောင့်ဆိုသော် ထိုအချက်က သခင်ဘုရားကို ကောင်းစွာသဘောကျစေပါသည်။
၂၁ - ဖခင်တို့၊ သင်တို့သားသမီးများကို ဒေါသထွက်ရန် မဆွကြပါနှင့်၊ ထိုသို့ဖြင်လျှင် သူတို့သည် စိတ်ဓါတ်ကျ ကြ ပါမည်။
၂၂ - အစေခံတို့၊ အသွေးအသားအရ သင်တို့၏သခင်များကို အရာအားလုံး၌ နာခံ ကြပါ၊- လူတို့ကိုသာ ကျေနပ် စေသူများကဲ့သို့ မျက်မှောက်၌သာ နာခံကြသူများ မဖြစ်ကြနှင့်၊- သို့သော် တခုတည်းသောနှလုံးသားနှင့် ဘုရားသခင်ကို ကြောက်ရွံ့ရို သေလျှက်၊-
၂၃ - သင်တို့ မည်သည်ကိုလုပ်သည်ဖြစ်စေ၊ စိတ်နှလုံးအပြည့်နှင့်ပြုလုပ်ကြပါ၊ လူတို့ ထံ လုပ်သကဲ့သို့မဟုတ်၊ သခင် ဘုရားထံကဲ့သို့လုပ်ကြပါ၊-
၂၄ - သင်တို့ သခင်ဘုရားထံမှ အမွေဆိုသောဆုကို ရကြလိမ့်မည်ကို သိလျှက် လုပ် ကြပါ၊- အဘယ့်ကြောင့်ဆိုသော် သင်တို့သည် သခင်ခရစ်တော်ကို အမှုဆောင်နေကြ ခြင်းဖြစ်သည်။
၂၅ - သို့သော် အမှားကိုလုပ်သူသည် သူလုပ်သောအမှားနှင့်အညီ ဆုကိုပြန်ရပါလိမ့် မည်၊- သူ့ထံတော်တွင် မျက်နှာ လိုက်ခြင်းမရှိပါ။
ကောလောသဲ ၄း၁-၁၈
၁ - သခင်တို့၊ သင်တို့၏အစေခံများကို ဖြောင့်မတ်ခြင်း၊ ညီမျှခြင်းနှင့် ပေးကြပါ၊ သင် တို့၌လည်း ကောင်းကင်ဘုံ၌ သခင်တဦးရှိနေသည်ကို သိကြလျှက်ပြုကြပါ။
၂ - အမြဲမပြတ် ဆုတောင်းကြပါ၊ ကျေးဇူးတော်ချီးမွမ်းလျှက် ထိုသို့စောင့်ကြည့်ကြပါ၊-
၃ - ငါတို့အတွက်လည်း ဆုတောင်းကြပါ၊ ထိုသို့ဖြင့် ဘုရားသခင်သည် တရားဟော နိုင်ခြင်းတံခါးကို ငါတို့အတွက် ဖွင့်ပေးတော်မူမည်ဖြစ်သည်၊ ခရစ်တော်၏နက်နဲခြင်း ကို ပြောရန်ဖြစ်ပါသည်၊ ထို့အတွက်ကြောင့် ငါသည် တုတ်နှောင်ခြင်းကိုလည်း ခံရပါ သည်၊- ၄ - ထိုသို့ဖြင့် ငါသည် ငါပြောသင့်သလို ပြောလျှက် ဖွင့်ပြနိုင်မည်ဖြစ်သည်။
၅ - အပြင်ဖက်၌ ရှိကြသူတို့ထံသို့ ပညာရှိစွာ လျှောက်လှမ်းကြပါ၊ အချိန်ကိုတန်ဖိုး ထားကြပါ။ ၆ - သင်တို့၏စကားပြောဆိုခြင်းကို အမြဲတမ်း ကျေးဇူးတော်နှင့်ပြည့်စေပါ၊ ဆားဖြင့် အရသာရှိစေပါ၊ ထိုသို့ဖြင့် သင်တို့သည် လူတိုင်းထံ မည်သို့ဖြေသင့်သည်ကို သိနိုင်ကြပါမည်။ ၇ - ငါ့အခြေအနေအားလုံးကို တိုင်ခီးခုစ်က သင်တို့ထံ ပြောပြလိမ့် မည်၊ သူသည် ချစ်လှစွာသော ညီအကိုဖြစ်သည်၊ ထို့အပြင် သစ္စာရှိသော အမှုတော်

ဆောင်၊ သခင်ဘုရား ၌ လုပ်ဖေါ်ဆောင်ဖက်လည်းဖြစ်ပါသည်၊- ၈ - သူ့ကို သင်တို့ထံ
ငါစေလွှတ်ရခြင်းမှာ သင်တို့၏အခြေအနေကိုလည်း သိနိုင်ရန် ဖြစ်ပါသည်၊ သင်တို့နှ
လုံးသား များကို နှစ်သိမ့်စေရန်လည်းဖြစ်ပါသည်၊- ၉ - သစ္စာရှိသော၊ ချစ်လှစွာသော
ညီအကိုလည်းဖြစ်သော၊ သင်တို့ထဲမှတဦးဖြစ်သော အိုနေ့စီးမတ်စ်နှင့်အတူ လွှတ်လိုက်
ပါသည်။ သူတို့က ဤနေရာတွင် ဖြစ်ပျက်သမျှ အားလုံးကို ပြောပြကြပါလိမ့်မည်။
၁၀ - ငါနှင့်အတူထောင်ကျနေသော အာရစ်စတာခ့စ်က သင်တို့ကို နှုတ်ဆက်ပါသည်၊
ဗာနဗာ့စ်၏ညီမ၏သား မားခပ်စ်ကလည်း နှုတ်ဆက်ပါသည်၊ (သူနှင့်ပတ်သက်၍ သင်
တို့ မိန့်ကြားချက်များကို ရရှိကြပြီးဖြစ်သည်၊ အကယ် ၍ သူလာလျှင်၊ လက်ခံကြပါ၊-)
၁၁ - အရေဖျားလှီးခြင်းခံသောအုပ်စုမှ ဂျပ်စ်တပ်စ်ဟုလည်း ခေါ်သော ဂျီးဇပ်စ် က
လည်း နှုတ်ဆက်ပါသည်။ ထိုသူတို့သာလျှင် ဘုရားသခင်၏နိုင်ငံတော်၌ ငါ၏လုပ်ဖေါ်
ဆောင်ဖက်များဖြစ်ကြပါသည်၊ ငါ့ထံ နှစ်သိမ့်မှုကို ပေးကြသူများဖြစ်ကြသည်။
၁၂ - ဧပါဖရာ့စ်၊ သင်တို့ထဲမှတယောက်ဖြစ်သူ၊ ခရစ်တော်၏အစေခံက သင်တို့ကို
နှုတ်ဆက်ပါသည်၊ သူသည် အမြဲတမ်း သင်တို့အတွက် ဆုတောင်းခြင်းများ၌ စိတ်အား
ထက်သန်စွာလုပ်ဆောင်သူဖြစ်သည်၊ ထိုသို့ဖြင့် သင်တို့ သည် ဘုရားသခင်၏ အားလုံး
သော အလိုတော်များထဲ၌ ပြည့်စုံစွာ၊ စုံလင်စွာ ရပ်တည်နိုင်ကြပါမည်။ ၁၃ - အဘယ့်
ကြောင့်ဆိုသော် သူသည် သင်တို့အတွက် အလွန်စိတ်အားထက်သန် သည်ဟု ငါ မှတ်
တမ်းတင်ပါသည်၊ ထို့အတူ လော်ဒီးစီးယားမြို့၌ ရှိကြသူများ၊ ဟိုင်ရာ ပိုလစ်မြို့၌ ရှိကြ
သူများအတွက်လည်း ထိုသို့ပင်ဖြစ်ပါသည်။ ၁၄ - ချစ်လှစွာသော ဆရာဝန်လုကာနှင့်
ဒီးမတ်စ်တို့ကလည်း သင်တို့ကို နှုတ်ဆက် ကြပါသည်။ ၁၅ - လော်ဒီးစီးယားမြို့ရှိ ညီ
အကိုမောင်နှမများ၊ နင်မ်ဖာ့စ်နှင့် သူ၏အိမ်ရှိအသင်း တော်ကို နှုတ်ဆက်ကြပါ။
၁၆ - ဤစာကို သင်တို့ကြားတွင် ဖတ်ပြီးသောအခါ၊ လော်ဒီစီးယန်းမြို့သားတို့၏ အ
သင်းတော်၌လည်း ဖတ်ကြရန် စီစဉ်ကြပါ၊ ထို့အတူ သင်တို့ကလည်း လော်ဒီးစီးယားမှ
စာကို ဖတ်ကြပါ။ ၁၇ - အာခိပတ်စ်ကိုလည်း၊ သင် သခင်ဘုရားထံတော်မှ လက်ခံရရှိ
သော အမှုဆောင်ခြင်းကို သတိပြုပါ၊ ၎င်းကို ပြည့်စုံစေပါဟု ပြောကြပါ။ ၁၈ - ငါ
ပေါလ်၏လက်ဖြင့် နှုတ်ခွန်းဆက်ခြင်းကို ရေးပါသည်။ ငါ၏တုတ်နှောင်ခံရခြင်းကို သ
တိရကြပါ။ ကျေးဇူး တော်သည် သင်တို့၌ရှိပါစေ။ အာမင်။

××××××××××××××××××

# သက်သာလောနိတ် ဩဝါဒစာ ပထမစောင်
(First Thessalonians)

၁သက် ၁း၁-၁၀

၁ - ပေါလ်၊ စီလ်ဗားနပ်စ်၊ တိမောသေယပ်စ်တို့က ခမည်းတော်ဘုရားသခင်နှင့် ယေရှု
ခရစ်ထံ၌ရှိကြသည့် သက်စာလောနီးယန်းအသင်းတော်သို့ ရေးလိုက်ပါသည်၊ ငါတို့ဖ
ခင် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်းချမ်းခြင်းသည်
သင်တို့၌ ရှိနေပါစေ။
၂ - သင်တို့အားလုံးအတွက် ငါတို့သည် ဘုရားသခင်ထံ အမြဲတမ်း ကျေးဇူးတင်ကြပါ
သည်၊ ငါတို့၏ဆုတောင်းခြင်းများတွင်လည်း သင်တို့ကို အမြဲတမ်းဖေါ်ပြကြပါသည်၊-
၃ - ငါတို့၏ဖခင် ဘုရားသခင်၏မျက်မှောက်တွင်၊ ငါတို့သခင်ယေရှုခရစ်၌ သင်တို့ပြု
ကြသော ယုံကြည်ခြင်းအလုပ်၊ ချစ်ခြင်းဖြင့်အားထုတ်မှု၊ မျှော်လင့်လျှက်သည်းခံမှုတို့ကို
ငါတို့ မပြတ်တမ်းသတိရကြပါသည်၊-
၄ - ချစ်လှစွာသောညီအကိုတို့၊ သင်တို့ကို ဘုရားသခင်ကရွေးကောက်တော်မူကြောင်း
သိကြလျှက် ပြုကြခြင်းဖြစ်သည်။
၅ - အဘယ့်ကြောင့်ဆိုသော် ငါတို့ဧဝံဂေလိတရားသည် သင်တို့ထံသို့ စကားအဖြစ်နှင့်
သာ ရောက်လာသည်မဟုတ်၊ အလွန်သေချာခြင်းနှင့်၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၌
တန်ခိုးစွမ်းအားနှင့်၄င်း ရောက်လာခြင်းဖြစ်ပါသည်၊ သင်တို့အတွက် ငါတို့သည် သင်
တို့ကြားတွင် မည်သို့သောသူဖြစ်ခဲ့ကြသည်ကို သင်တို့သိကြပါသည်။
၆ - ထို့နောက် သင်တို့သည် သခင်ဘုရားနှင့် ငါတို့နောက်သို့ လိုက်သူများ ဖြစ်လာခဲ့
ကြသည်၊ နုတ်ကပတ်တော်ကို များပြားလှသော ဖိစီးနှိပ်စက်ခြင်းနှင့်အတူ သန့်ရှင်း
သော ဝိညာဉ်တော်၏ ဝမ်းမြောက်ခြင်းနှင့်အတူ လက်ခံခဲ့ကြပါသည်၊-
၇ - ထို့ကြောင့် သင်တို့သည် မက်စီဒိုးနီးယားနယ်နှင့် အက်ခါယားနယ်တို့
ရှိ ယုံကြည်သူအားလုံးတို့အတွက် စံနမူနာပြုရသူများ ဖြစ်လာကြပါသည်။
၈ - အဘယ့်ကြောင့်ဆိုသော် သင်တို့ထံမှနေ၍ သခင်ဘုရား၏နုတ်ကပတ်တော်သည်
မက်စီဒိုးနီးယားနှင့်အက်ခါယားနယ်တို့သို့သာ မြည်ဟီးသွားသည်မဟုတ်ပါ၊ ဘုရားသ
ခင့်ထံသို့ သင်တို့ထားသောယုံကြည်ခြင်းသည် နေရာတိုင်းသို့လည်း ပျံ့နှံ့သွားပါသည်၊
ထို့ကြောင့် ငါတို့က ဘာတခုမှပြောစရာမလိုပါ။
၉ - အဘယ့်ကြောင့်ဆိုသော် သူတို့ကိုယ်၌က ငါတို့သည် မည်သို့သောဝင်ရောက်ခြင်း
ဖြင့် သင်တို့ကြား ဝင်ရောက်ခွင့်ရခဲ့ကြသည်၊ သင်တို့သည် မည်ကဲ့သို့ ရုပ်တုများမှနေ
၍ အသက်ရှင်သော၊ စစ်မှန်သော ဘုရားသခင်၏အမှုတော်ထမ်းဆောင်ရန်အတွက်
မည်သို့ပြောင်းလည်းလာကြသည်ကို၊ ငါတို့ထံ ပြနေကြ၍ဖြစ်သည်၊
၁၀ - ထို့နောက် ဘုရားသခင်က သေခြင်းမှထမြောက်စေသော သူ၏သားတော်ဖြစ်သူ၊
ငါတို့ကို ရောက်လာမည့်အမျက်တော်မှနေ၍ ကယ်လွှတ်သူ သခင်ယေရှု၊ ကောင်းကင်

ဘုံမှ ပြန်လာမည်ကို စောင့်နေကြပါသည်။

၁သက် ၂း၁-၂၀
၁ - ညီအကိုတို့၊ သင်တို့ထဲသို့ ငါတို့၏ဝင်ရောက်ခြင်းသည် အချည်းနှီးမဲ့ မဟုတ်ကြောင်းကို သင်တို့ကိုယ်တိုင် သိကြပါသည်၊-
၂ - သို့သော် ဖိလစ်ပိုင်မြို့၌ အစတွင် ဒုက္ခများကိုခံစားကြရကာ၊ ထို့နောက် ရှက်ဖွယ်လိလိ ဆက်ဆံခြင်း ခံခဲ့ကြရသည်ကို သင်တို့အားလုံးသိကြပါသည်၊ ငါတို့သည် ငါတို့ဘုရားသခင်ထံ၌ ရဲရင့်စွာနှင့် သင်တို့ထံ ဘုရားသခင်၏ဧဝံဂေလိတရားကို များစွာသောဆန့်ကျင်မှုများနှင့်အတူ ဟောပြောခဲ့ကြပါသည်။
၃ - အဘယ့်ကြောင့်ဆိုသော် ငါတို့၏တိုက်တွန်းခြင်းသည် လိမ်ညာမှုဖြင့် မဟုတ်ပါ၊ ထို့အတူ မသန့်ရှင်းခြင်းလည်း မပါပါ၊ ထို့အပြင် မရိုးသားခြင်းလည်း မပါပါ၊-
၄ - သို့သော် ငါတို့ကို ဘုရားသခင်က ဧဝံဂေလိရားနှင့်အတူ စိတ်ချရသူများဟု မှတ်ယူသဖြင့်၊ ငါတို့သည် ဟောပြောကြပါသည်၊ လူတို့ကို ကျေနပ်စေရန်အတွက်မဟုတ်၊ ငါတို့၏နှလုံးသားများကို စစ်ဆေးသူ၊ ဘုရားသခင်၊ ကျေနပ်စေရန်အတွက် ဖြစ်သည်။
၅ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မည်သည့်အခါတွင်မျှ မြှောက်ပင့်သောစကားများကို မသုံးကြ၊ သင်တို့သိကြပါသည်၊ ထို့အတူ လောဘကြီးခြင်းဝတ်ရုံကိုလည်း မခြုံကြပါ၊ ဘုရားသခင်သည် သက်သေဖြစ်ပါသည်၊-
၆ - ထို့အတူ လူတို့ပေးသော ဂုဏ်ကျက်သရေကိုလည်း ငါတို့ မရှာကြပါ၊ သင်တို့ထံမှဖြစ်စေ၊ အခြားသူတို့ထံမှဖြစ်စေ မရှာကြပါ၊ ခရစ်တော်၏တမန်တော်များအဖြစ်နှင့် ငါတို့သည် အခြားသူတို့၏ အကူအညီကို ရယူနိုင်ကြသော်လည်း ထိုသို့မပြုကြပါ။
၇ - သို့သော် ငါတို့သည် သင်တို့ကြားတွင် နူးညံ့သိမ်မွေ့ကြပါသည်၊ နို့တိုက်မိခင်က သူမ၏ကလေးများကို ပြုစုသကဲ့သို့ဖြစ်ပါသည်၊-
၈ - သင်တို့ကို ကြင်နာလွန်းကြသဖြင့်၊ ငါတို့သည် သင်တို့ထံ ဘုရားသခင်၏ ဧဝံဂေလိတရားကိုသာ ဝေမျှချင်ကြသည် မဟုတ်ပါ၊ ငါတို့၏ဝိညာဉ်များကိုလည်း ဝေမျှချင်ကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့ကို ငါတို့ ချစ်လှသဖြင့်ဖြစ်ပါသည်။
၉ - ညီအကိုတို့ ငါတို့၏လုပ်ဆောင်ခြင်းနှင့် ဒုက္ခဝေဒနာများကို သင်တို့ မှတ်မိကြပါမည်၊- သင်တို့ထံမှ မည်သည့်အကူအညီမျှ မယူကြဘဲ၊ သင်တို့ထံ ဘုရားသခင်၏ ဧဝံဂေလိတရားကို ဟောကြားရန်၊ နေ့နှင့်ည ကြိုးစားခဲ့ကြပါသည်။
၁၀ - ငါတို့သည် ယုံကြည်ကြသော သင်တို့ကြားတွင် အပြစ်တင်ခွင့်မရှိရလေအောင်မည်မျှ သန့်ရှင်းစွာ၊ ဖြောင့်မတ်စွာ ပြုမူနေထိုင်ခဲ့ကြသည်ကို သင်တို့သည် သက်သေများ ဖြစ်ကြသည်၊ ဘုရားသခင်သည်လည်းဖြစ်ပါသည်၊-
၁၁ - ဖခင်တဦးက သူ၏သားသမီးတို့ကို ပြောသကဲ့သို့၊ ငါတို့သည် သင်တို့တဦးစီ

တိုင်းကို မည်ကဲ့သို့ အားပေးလျှက်၊ နှစ်သိမ့်စေကြလျှက်၊ တာဝန်သိစေကြသည်ကို သင်တို့သိကြပါသည်၊
၁၂ - ထိုသို့ဖြင့် သင်တို့ကို မိမိ၏နိုင်ငံတော်နှင့် ဘုန်းကျက်သရေသို့ ခေါ်တော်မူထားသော ဘုရားသခင်နှင့်ထိုက်တန်စွာ လျှောက်လှမ်းကြမည်ဖြစ်သည်။
၁၃ - ထို့အကြောင်းကြောင့် ငါတို့သည် ဘုရားသခင်ကို မပြတ်တမ်း ကျေးဇူးတင်ကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ငါတို့ထံမှနေ၍ ဘုရားသခင့် စကားတော်ကို ကြားကြသောအခါ၊ သင်တို့သည် ၎င်းကို လူတို့၏စကားလုံးတို့အဖြစ် လက်မခံကြဘဲ၊ ယုံကြည်ကြသော သင်တို့အထဲတွင် အကျိုးအာနိသင်ရှိစွာ လုပ်ဆောင်သော ဘုရားသခင်၏ စကားတော် အမှန်ဖြစ်သည်ဟု လက်ခံကြပါသည်။
၁၄ - အဘယ့်ကြောင့်ဆိုသော် ညီအကိုတို့၊ သင်တို့သည် ဂျူဒီယားပြည်နယ်မှ ခရစ်တော်ယေရှုထံ၌ရှိကြသော ဘုရားသခင့်အသင်းတော်များ၏ နောက်လိုက်များ ဖြစ်လာခဲ့ကြပါသည်၊ သူတို့သည် ဂျူးတို့၏ဒုက္ခပေးခြင်းများကို ခံကြရသကဲ့သို့၊ သင်တို့သည်လည်း သင်တို့၏နိုင်ငံသားများထံမှ ဒုက္ခပေးခြင်းများကို ခံကြရပါသည်၊-
၁၅ - ထိုဂျူးတို့က သခင်ယေရှုကို သတ်ကြသလို၊ သူတို့၏ပုရောဖက်များကိုလည်း သတ်ကြပါသည်၊ ထို့အတူ ငါတို့ကိုလည်း နှိပ်စက်ကြပါသည်၊ သူတို့သည် ဘုရားသခင်ကို ကျေနပ်စေကြသူများ မဟုတ်ကြပါ၊ ထို့အတူ လူတိုင်းကိုလည်း ဆန့်ကျင်ကြပါသည်၊-
၁၆ - တပါးအမျိုးသားများ ကယ်တင်ခြင်းရကြမည်စိုး၍၊ ငါတို့ကို တပါးအမျိုးသားများထံ မပြောဆိုကြဖို့ တားမြစ်ကြပါသည်၊ ထိုသို့ဖြင့် သူတို့သည် မိမိတို့အပြစ်များကို အမြဲတမ်း ပြည့်စေကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် အမျက်တော်သည် သူတို့ထံ အဆုံးစွန်သောအတိုင်းအတာဖြင့် ရောက်လာမည်ဖြစ်သည်။
၁၇ - သို့သော်၊ ညီအကိုတို့၊ ငါတို့သည် သင်တို့မျက်မှောက်မှနေ၍ ခဏတဖြုတ်သာ ထွက်သွားရခြင်းဖြစ်သည်၊ နှလုံးသားဖြင့်တော့ မဟုတ်ပါ၊ သင်တို့၏မျက်နှာများကို ပြန်မြင်တွေ့ရရန် ပို၍များပြားစွာ ကြီးသောလိုချင်ဆန္ဒဖြင့် ကြိုးစားကြပါသည်။
၁၈ - ထို့ကြောင့် ငါတို့ သင်တို့ထံ နောက်တခါ ပြန်လာပါဦးမည်၊ ငါ ပေါလု ကိုယ်တိုင်ဖြစ်သည်၊ သို့သော် စာတန်က ငါတို့ကို တားဆီးထားပါသည်။
၁၉ - ငါတို့၏ မျှော်လင့်ခြင်း (သို့) ဝမ်းမြောက်ခြင်း၊ (သို့) ဝမ်းသာခြင်း၏သရဖူကား အဘယ်နည်း? ငါတို့သခင်ယေရှုခရစ် ပြန်လာချိန်တွင် သင်တို့သည် သူ၏ရှေ့မှောက်တွင် ရှိနေကြခြင်းပင် မဟုတ်ပါလော?
၂၀ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ငါတို့၏ ဘုန်းကျက်သရေနှင့် ဝမ်းမြောက်ရခြင်း ဖြစ်ပါသည်။

××××××××××××××××××××××××

# သက်သာလောနိတ် ဩဝါဒစာ ဒုတိယစောင်
(Second Thessalonians)

၁း၁-၁၂
၁ - ပေါလု၊ စီလ်ဗားနပ်စ်နှင့် တိမောသေ တို့က ငါတို့ဖခင် ဘုရားသခင်နှင့် သခင်
ယေရှုခရစ်တော်၌ရှိသော သက်ဆာလောနီးယန်းအသင်းတော်သို့ ရေးလိုက်ပါသည်၊-
၂ - ငါတို့ဖခင် ဘုရားသခင်နှင့် သခင်ယေရှုခရစ်တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်းချမ်း
ခြင်းသည် သင်တို့၌ ရှိပါစေသော။
၃ - ငါတို့သည် သင်တို့အတွက် ဘုရားသခင့်ထံ အမြဲကျေးဇူးတင်ကြဖို့ တုတ်နှောင်ခံရ
သူများဖြစ်ကြပါသည်၊ ညီအကိုတို့၊ ထိုသို့လည်းဖြစ်ထိုက်ပါသည်၊ အဘယ့်ကြောင့်ဆို
သော် သင်တို့၏ယုံကြည်ခြင်းသည် အလွန့်အလွန်တိုးတက်သဖြင့် ဖြစ်သည်၊ ထို့အတူ
တဦးနှင့်တဦးအပေါ် ထားကြသော သင်တို့၏ချစ်ခြင်းမေတ္တာသည်လည်း ပြည့်လျှံ
လျှက်ရှိသောကြောင့်ဖြစ်သည်၊
၄ - ထိုသို့ဖြင့် ငါတို့ကိုယ်တိုင်ပင် သင်တို့အတွက် ဘုရားသခင်၏အသင်းတော်များ၌
ဂုဏ်ယူကြပါသည်၊ သင်တို့ခံစားကြရသော နှိပ်စက်ညှင်းဆဲခံရခြင်းများနှင့် ဒုက္ခအခက်
အခဲများအကြား ထားရှိကြသည့်၊ သင်တို့၏ သည်းခံခြင်းနှင့် ယုံကြည်ခြင်းတို့ကြောင့်
ဖြစ်ပါသည်၊-
၅ - ၎င်းသည် ဘုရားသခင်၏ ဖြောင့်မတ်သောတရားစီရင်မှု၏ ပေါ်လွင်သောသက်ေ
တ အထိမ်းအမှတ် ဖြစ်ပါသည်၊ ထိုသို့ဖြင့် သင်တို့သည်ဘုရားသခင့်နိုင်ငံတော်အတွက်
ထိုက်တန်သူများအဖြစ် သိအမှတ်ပြုခြင်း ခံကြရမည်ဖြစ်သည်၊ ထိုနိုင်ငံတော်အတွက်
လည်း သင်တို့သည် ဒုက္ခအခက်အခဲကို ခံစားကြပါသည်၊-
၆ - ထို့ကြောင့် သင်တို့အား ဒုက္ခအခက်အခဲများဖြစ်စေသူများကို ဆင်းရဲဒုက္ခများဖြင့်
ပြန်လည်ဆပ်ပေးခြင်းသည် ဘုရားသခင်အတွက် ဖြောင့်မတ်သောအရာဖြစ်ပါသည်၊-
၇ - ဒုက္ခအခက်အခဲများတွေ့ကြုံကြရသူ သင်တို့မှာမူ၊ သခင်ယေရှု သူ၏ခွန်အားကြီး
သော ကောင်းကင်တမန်များနှင့်အတူ ကောင်းကင်ဘုံမှ ပြန်လာသောအခါ၊ ငါတို့နှင့်
အတူ နားကြရမည်ဖြစ်သည်၊
၈ - တောက်လောင်နေသောမီးတောက်ဖြင့် ဘုရားသခင်ကိုမသိသောသူများ၊ ငါတို့ သ
ခင်ယေရှုခရစ်၏ ဧဝံဂေလိတရားကို မနာခံသူများကို လက်စားချေတော်မူမည်ဖြစ်
သည်၊-
၉ - သူတို့သည် သခင်ဘုရား၏မျက်မှောက်မှနေ၍၎င်း၊ သူ၏တန်ခိုးတော်၏ ဂုဏ်
ကျက်သရေမှနေ၍၎င်း ထာဝရပျက်စီးခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းခံကြရမည်ဖြစ်သည်၊
၁၀ - သူသည် မိမိ၏သန့်ရှင်းသူများထဲ၌ ဂုဏ်ကျက်သရေရှိခြင်းသို့ ချီးမြှောက်ခြင်းခံဖို့
ရန် ပြန်လာသောအခါ၊ ထို့ နောက်တွင် သူသည် ယုံကြည်သောသူအားလုံးထဲ၌ သ
ဘောကျချီးမွမ်းခြင်းကို ခံရမည်ဖြစ်ပါသည်။ (အဘယ့်ကြောင့်ဆိုသော် သင်တို့ကြား ငါ

တို့၏သက်သေခံခြင်းကို ယုံကြည်ခဲ့ကြ၍ဖြစ်ပါသည်)
၁၁ - ထို့ကြောင့် ငါတို့သည် သင်တို့အတွက်လည်း အမြဲတမ်း ဆုတောင်းကြပါသည်၊ ထိုသို့ဖြင့် ငါတို့ဘုရားသခင်က သင်တို့ကို သူ၏ခေါ်တော်မူခြင်း၌ ထိုက်တန်သူများအဖြစ် သတ်မှတ်တော်မူမည်ဖြစ်သည်၊ ထို့နောက် သူ၏ကောင်းမြတ်ခြင်း၏ ကောင်းသောအလိုဆန္ဒ အားလုံးကို ပြည့်စုံစေမည်ဖြစ်သည်၊ ထိုသို့ဖြင့် ယုံကြည်ခြင်း၏ လုပ်ဆောင်ခြင်းကို တန်ခိုးစွမ်းအားနှင့်အတူ ပြုတော်မူမည်ဖြစ်သည်၊-
၁၂ - ထိုသို့ဖြင့် ငါတို့သခင် ယေရှုခရစ်၏အမည်သည် သင်တို့ထံတွင် ဘုန်းတော်ထင်ရှားမည်ဖြစ်သည်၊ ထို့နောက် သင်တို့သည်လည်း ငါတို့ဘုရားသခင်နှင့် သခင်ယေရှုခရစ်၏ ကျေးဇူးတော်နှင့်အညီ၊ သူ့ထံတွင် ဘုန်းတော်နှင့်ပြည့်စုံ ကြမည်ဖြစ်သည်။

၂း၁-၁၇
၁ - ယခုတွင် ညီအကိုတို့၊ ငါတို့ သခင်ယေရှုခရစ်တော်၏ ပြန်လာခြင်းအားဖြင့်၊ ထို့နောက် ငါတို့အားလုံး သူ့ထံသို့ စုဝေး ကြခြင်းအကြောင်းဖြင့်၊ သင်တို့ကို ငါတို့ မေတ္တာရပ်ခံကြပါသည်၊
၂ - သင်တို့သည် ဝိညာဉ်အားဖြင့်ဖြစ်စေ၊ စကားလုံးအားဖြင့်ဖြစ်စေ၊ ငါ့တို့ထံမှကဲ့သို့သော စာအားဖြင့်ဖြစ်စေ၊ ခရစ်တော်၏နေ့သည် ရောက်နေပြီ ဆိုသည်မျိုးဖြင့်၊ သင်တို့၏စိတ်ကို အလွယ်တကူမလှုပ်ရှားစေနှင့်၊ (သို့) စိတ်ဒုက္ခမရောက်ကြနှင့်။
၃ - သင်တို့ကို မည်သူကမျှ မည်သည့်နည်းလမ်းနှင့်မျှ မလိမ်ညာစေနှင့်၊ အဘယ့်ကြောင့်ဆိုသော်၊ ထိုနေ့သည် လမ်းလွဲသွားခြင်း ပထမ မဖြစ်ဘဲ၊ ထို့အတူ အပြစ်၏လူသား၊ ပျက်စီးခြင်း၏သား ပေါ်မလာသေးဘဲ မရောက်နိုင်ပါ၊
၄ - ထိုသူက ဘုရားသခင်ဟု ခေါ်သောအရာအားလုံးကို (သို့) ဝတ်ပြုရသည့်အရာအားလုံးကို ဆန့်ကျင်လိမ့်မည်၊ ထိုအရာအားလုံးအပေါ် သူ့ကိုယ်သူ ချီးမြှောက်လိမ့်မည်၊ ထိုသို့ဖြင့် သူသည် ဘုရားသခင့်ပုံစံနှင့် ဘုရားသခင်၏ဗိမ္မာန်တော်တွင် ထိုင်လိမ့်မည်၊ သူ့ကိုယ်သူ သူသည် ဘုရားသခင်ဖြစ်သည်ဟု ပြလိမ့်မည်။
၅ - သင်တို့နှင့် ငါအတူရှိစဉ်က ထိုအရာများကို ပြောခဲ့ပြီးသည်ကို မမှတ်မိဘဲ နေကြပါသလော?
၆ - ယခုတွင် ထိုသူသည် သူ၏အချိန်ရောက်မှ ပေါ်ထွက်လာရန် မည်သည်က တားဆီးထားသည်ကို သင်တို့ သိကြပါသည်။
၇ - အဘယ့်ကြောင့်ဆိုသော် ဒုစရိုက်အမှု၏ နက်နဲခြင်းသည် ယခုပင် အကောင်အထည် စပေါ်နေပြီဖြစ်သည်၊- သူ့အား ဟန့်တားထားသူက ဟန့်တားထားသောကြောင့် ပေါ်မလာသေးခြင်းဖြစ်သည်၊ ၄င်းအား လာမည့်လမ်းမှ ဖယ်ချိန်ထိအောင် ထိုသို့ဖြစ်ပါမည်။
၈ - ထိုသို့ဖယ်ရှားလိုက်သောအခါ ထိုဆိုးညစ်သူ ပေါ်လာမည်ဖြစ်သည်၊ သူ့ကို သခင်

ဘုရားက သူ၏ထွက်သက်ဖြင့် ဝါးမြိုပစ်လိုက်မည်ဖြစ်သည်၊ သူ၏ပြန်လာခြင်း၏
တောက်ပခြင်းဖြင့် ဖျက်ဆီးပစ်မည်ဖြစ်သည်၊-
၉ - ထိုဆိုးညစ်သူ၏လာခြင်းသည်၊ စာန်၏လုပ်ကိုင်ခြင်းအတိုင်း လာခြင်းဖြစ်မည်၊
အားလုံးသော တန်းခိုး၊ နိမိတ်လက္ခဏာများ၊ အံ့ဩဖွယ်ရာများကို လုပ်နိုင်စွမ်းတို့ဖြင့်
လာမည်ဖြစ်သည်။
၁၀ - ထို့အတူ အားလုံးသော လှည့်စားခြင်းများနှင့် ပျက်စီးခြင်းသို့ရောက်သူများထံ
လာမည်ဖြစ်သည်၊ အဘယ့်ကြောင့် ဆိုသော် သူတို့သည် အမှန်တရားအား ချစ်မြတ်နိုး
ခြင်းကို လက်မခံကြသောကြောင့်ဖြစ်သည်။
၁၁ - ထိုအတွက်ကြောင့် ဘုရားသခင်သည် သူတို့ထံသို့ အားပြင်းသော ထင်ယောင်
ထင်မှား ဖြစ်ခြင်းကို လွှတ်လိုက်ပါမည်၊ ထိုသို့ဖြင့် သူတို့သည် လိမ်ညာခြင်း
ကို ယုံကြည်ကြမည်ဖြစ်သည်၊-
၁၂ - ထိုသို့ဖြင့် အမှန်တရားကို မယုံကြဘဲ၊ မဖြောင့်မှန်ခြင်း၌ ပျော်မွေ့ကြသူအားလုံး
ပြစ်ဒဏ်ခံကြရရန် ဖြစ်ပါသည်။
၁၃ - သို့သော် ငါတို့သည် သင်တို့အတွက် ဘုရားသခင်ထံ အမြဲ ကျေးဇူးတင်ကြရ
မည့်သူများအဖြစ် တုတ်နှောင်ခြင်း ခံရသူများ ဖြစ်ကြပါသည်၊ သခင်ဘုရား၏ ချစ်ခြင်း
ခံကြရသူ ညီအကိုတို့၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် အစမှနေ၍ သင်တို့
ကို ကယ်တင်ခြင်းရဖို့ ရွေးချယ်ထားပါသည်၊ ဝိညာဉ်တော်၏ သန့်စင်ပေးခြင်းအားဖြင့်၊
အမှန်တရားကို ယုံကြည်ခြင်းအားဖြင့် ဖြစ်ပါသည်၊-
၁၄ - ထိုနေရာသို့ သူသည် သင်တို့ကို ငါတို့၏ ဧဝံဂေလိတရားအားဖြင့် ခေါ်ခြင်းဖြစ်
သည်၊ ငါတို့ သခင်ယေရှုခရစ်၏ ဂုဏ်ကျက်သရေကို ရရှိကြရန်ဖြစ်သည်။
၁၅ - ထို့ကြောင့်၊ ညီအကိုတို့၊ ခိုင်မာစွာရပ်တည်ကြပါ၊ စကားအားဖြင့်၄င်း၊ (သို့) ငါ၏
စာအားဖြင့်၄င်း သင်တို့ကို သင်ပေးထားပြီးသော ဓလေ့ထုံးစံများကို ကိုင်စွဲကြပါ။
၁၆ - ယခုတွင် ငါတို့ကိုချစ်သော၊ ငါတို့ထံ ထာဝရနှစ်သိမ့်မှုနှင့် ကောင်းသောမျှော်လင့်
ခြင်းကို ကျေးဇူးတော်မှတဆင့် ပေးတော်မူသော၊ ငါတို့ သခင်ယေရှုခရစ် ကိုယ်တိုင်နှင့်
ငါတို့၏ဖခင်ဖြစ်သော ဘုရားသခင်က၊
၁၇ - သင်တို့၏နှလုံးသားများကို နှစ်သိမ့်မှုပေးပါစေသော၊ သင်တို့ကို ကောင်းသောစ
ကားလုံးနှင့်အလုပ်တိုင်း၌ အခြေခိုင်ခန့်အောင် ပြုတော်မူပါစေသော်။

၃း၁-၁၈
၁ - နောက်ဆုံးအနေနှင့်၊ ညီအကိုတို့၊ ငါတို့အတွက် ဆုတောင်းပေးကြပါ၊ ထိုသို့ဖြင့်
သခင်ဘုရား၏ နုတ်ကပတ် တော်သည် သင်တို့ထဲ၌ဖြစ်ခဲ့သလို၊ လွတ်လပ်သောလမ်း
ကြောင်း ရရှိနိုင်ပါမည်၊ ချီးမြှောက်ခြင်း ခံရနိုင်ပါမည်၊-
၂ - ထိုသို့ဖြင့် ငါတို့သည်လည်း ကျိုးသင့်ကြောင်းသင့်မတွေးခေါ်တတ်သော ဆိုးညစ်

သူများလက်မှ ကယ်လွှတ်ခံကြရမည်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် လူတိုင်း၌ ယုံကြည်ခြင်းရှိသည်မဟုတ်ပါ။

၃ - သို့သော် သခင်ဘုရားသည် သစ္စာရှိပါသည်၊ သူက သင်တို့ကို ခိုင်မာစေပါမည်၊ သင်တို့ကို ဆိုးညစ်ခြင်းမှ စောင့်ရှောက်မည်ဖြစ်သည်။

၄ - သင်တို့သည် ငါတို့မိန့်မှာထားသောအရာများကို လုပ်နေကြသလို၊ လုပ်ကြလိမ့်ဦးမည်ဟု၊ သင်တို့နှင့်ပတ်သက်၍ သခင်ဘုရားထံ၌ ငါတို့ ယုံကြည်စိတ်ချမှု ရှိကြပါသည်။

၅ - ထို့အပြင် သခင်ဘုရားက သင်တို့နှလုံးသားများကို ဘုရားသခင်၏ချစ်ခြင်းသို့ လမ်းညွှန်ပါမည်၊ ခရစ်တော်အ တွက် သည်းခံစောင့်စိုင်းနေခြင်းသို့ လမ့်ညွှန်မည်ဖြစ်သည်။

၆ - ယခုတွင် ညီအကိုတို့၊ သင်တို့ကို ငါတို့သည် ငါတို့၏သခင် ယေရှုခရစ်၏အမည်နှင့် အမိန့်ပေးပါသည်၊ စည်းမဲ့ကမ်းမဲ့ လျှောက်လှမ်းသော၊ ငါတို့ထံမှ ရရှိသော ဓလေ့ထုံးစံအတိုင်း မလျှောက်လှမ်းကြသော ညီအကိုတိုင်းထံမှ မိမိတို့ကိုယ်ကို ရုပ်သိမ်းကြပါ။

၇ - အဘယ့်ကြောင့်ဆိုသော် သင်တို့သည် ငါတို့နောက်သို့ မည်သို့လိုက်ကြရမည်ကို သင်တို့ကိုယ်တိုင် သိကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သင်တို့အကြားတွင် စည်းမဲ့ကမ်းမဲ့ လှုပ်ရှားအသက်ရှင်ခြင်း မပြုခဲ့ကြပါ၊

၈ - ငါတို့သည် မည်သူ၏ပေါင်မုန့်(အစာ)ကိုမျှ အချည်းနှီးမဲ့ မစားကြပါ၊ သို့သော် နေ့နှင့်ည ပင်ပန်းကြီးစွာ၊ ခက်ခဲ စွာ အလုပ်လုပ်ခဲ့ကြပါသည်၊ ထိုသို့ဖြင့် သင်တို့ထဲမှ မည်သူကမျှ ငါတို့ကို စွဲချက်မတင်နိုင်ရန်ဖြစ်ပါသည်၊-

၉ - ငါ့တို့တွင် အာဏာမရှိ၍ မဟုတ်ပါ၊ သို့သော် ငါတို့ကိုယ်ငါတို့ သင်တို့၏နမူနာဖြစ်လာကာ၊ ငါတို့ကဲ့သို့ အသက်ရှင်နိုင်ကြဖို့ ဖြစ်ပါသည်။

၁၀ - အဘယ့်ကြောင့်ဆိုသော် သင်တို့နှင့်အတူ ငါတို့ ရှိခဲ့ကြစဉ်၊ ဤသို့ အမိန့်ပေးခဲ့ကြပါသည်၊ အကယ်၍ တစုံတ ဦးသည် အလုပ်မလုပ်ချင်လျှင်၊ ထိုသူသည် အစာကိုလည်း မစားရ။

၁၁ - အဘယ့်ကြောင့်ဆိုသော် သင်တို့ထဲမှ အချို့တို့သည် စည်းမဲ့ကမ်းမဲ့ လျှောက်လှမ်းကြသည်ဟု ငါတို့ ကြားရ သည်၊ လုံးဝအလုပ်မလုပ်ကြဘဲ၊ သူများကိစ္စထဲ စပ်စပ်စုစု ပါဝင်ကြသူများဖြစ်နေကြသည်။

၁၂ - ထိုသို့သောသူများကို ငါတို့သည် ငါတို့သခင်ယေရှုခရစ်အားဖြင့် အမိန့်ပေးလျှက်တိုက်တွန်းကြပါသည်၊ တိတ်တိတ်ဆိတ်ဆိတ် မိမိတို့အလုပ်ကို လုပ်ကြပါ၊ ထို့နောက် မိမိတို့ကိုယ်ပိုင် ပေါင်မုန့်(အစာ)ကို စားကြပါ။

၁၃ - သို့သော်၊ ညီအကိုမောင်နှမတို့၊ ကောင်းမန်စွာလုပ်ကိုင်ကြခြင်းကို မည်သည့်အခါတွင်မျှ စိတ်မပျက်ကြနှင့်။

၁၄ - အကယ်၍ တစုံတဦးက ဤစာစောင်၌ပါသော ငါတို့၏စကားလုံးများကို မနာခံ

လျှင်၊ ထိုသူကို မှတ်ပါ၊ ထို့နောက် ထိုသူနှင့် အပေါင်းအသင်းမလုပ်နှင့်၊ ထိုသို့ဖြင့် သူ
သည် အရှက်ရလိမ့်မည်။
၁၅ - သို့သော် သူ့ကို ရန်သူကဲ့သို့ မမှတ်နှင့်၊ ညီအကိုကဲ့သို့ ဆုံးမပါ။
၁၆ - ယခုတွင် ငြိမ်းချမ်းခြင်း၏အရှင် ကိုယ်တိုင်က သင်တို့ကို နည်းလမ်းအလုံးစုံဖြင့်
ငြိမ်းချမ်းခြင်းကို အမြဲပေးတော်မူပါစေ။ သခင်ဘုရားသည် သင်တို့အားလုံးနှင့်အတူ
အမြဲရှိပါစေ။
၁၇ - ငါ ပေါလု၏နုတ်ခွန်းဆက်ခြင်းကို ငါ့လက်ဖြင့် ရေးထားပါသည်၊ ၎င်းသည် ငါ၏
စာတိုင်း၏ အထိမ်းအမှတ် သက်တဖြစ်ပါသည်၊ ထိုသို့ ငါရေးလေ့ရှိပါသည်။
၁၈ - ငါတို့သခင် ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့အားလုံးနှင့်အတူ ရှိပါစေသ
တည်း။ အာမင်။

××××××××××××××××××××××

## တိမောသေ ဩဝါဒစာ ပထမစောင်

(First Timothy)

၁း၁-၂၀
၁ - ပေါလ်၊ ငါတို့၏ကယ်တင်ရှင် ဘုရားသခင်နှင့် ငါတို့၏မျှော်လင့်ခြင်းဖြစ်သူ သခင်
ယေရှုခရစ်၏ အမိန့်တော်အားဖြင့်၊ ယေရှုခရစ်၏တမန်တော်ဖြစ်သူက၊-
၂ - ယုံကြည်ခြင်း၌ ငါ၏သားစစ်ဖြစ်သူ တိမောသေထံ ရေးလိုက်ပါသည်၊ ငါတို့၏ ဖ
ခင် ဘုရားသခင်နှင့် ငါတို့၏သခင် ယေရှုခရစ်ထံမှ ကျေးဇူးတော်၊ ဂရုဏာတော်နှင့်
ငြိမ်းချမ်းခြင်း ရှိပါစေသတည်း။
၃ - ငါ မက်စီဒိုးနီးယားပြည်နယ်သို့ ထွက်သွားစဉ်၊ ဧဖက်မြို့၌ နေထိုင်ခဲ့ဖို့ သင့်ကို ငါ
တောင်းပန်သည်အတိုင်း နေခဲ့စဉ်၊ သင်သည် အချို့တို့ကို အခြားသောဩဝါဒအား မ
သင်နှင့်ဟု အမိန့်ပေးလော့၊
၄ - ထို့အပြင် ဒဏ္ဍာရီပုံပြင်များ၊ မဆုံးနိုင်သော ဆွေစဉ်မျိုးဆက်စာရင်းများကိုလည်း
ဂရုမစိုက်နှင့် ၎င်းတို့က ယုံကြည်ခြင်း၌ဖြစ်သော ဘုရားတရားကြောက်ရွံ့ရိုသေခြင်းကို
မြှင့်တင်ပေးသည်ထက် ငြင်းခုံခြင်းများကိုသာ ဖြစ်ပေါ်စေပါသည်။
၅ - ယခုတွင် ပညတ်တော်၏နိဂုံးချုပ်သည် စင်ကြယ်သောနှလုံးသားမှ၊ ကောင်းမြတ်
သော ဩတ္တပ္ပစိတ်မှ၊ ဟန်မလုပ်သော ယုံကြည်ခြင်းမှ ထွက်လာသော ချစ်ခြင်း ဖြစ်ပါ
သည်၊-
၆ - ထိုနေရာမှ အချို့တို့သည် ကွေ့သွားကြကာ၊ အချည်းနှီးမဲ့ပြောဆိုခြင်းသို့ လွဲသွား
ကြပါသည်၊
၇ - ပညတ်တော်ကို သင်ပေးသောဆရာများ ဖြစ်ချင်ကြသော်လည်း၊ မိမိတို့ဘာပြော
သည်ကို နားမလည်ကြသူများ၊ မိမိတို့က ခိုင်မာစွာပြောနေသည်များကို နားမလည်ကြ

သူများ ဖြစ်ကြပါသည်။
၈ - သို့သော် ပညတ်တော်သည် ကောင်းမြတ်ကြောင်း ငါတို့ သိကြပါသည်၊ အကယ်၍ တစုံတဦးက ၎င်းကို မှန်ကန်စွာ သုံးလျှင်ဖြစ်သည်၊-
၉ - ဤအချက်ကို သိထားပါ၊ ပညတ်တော်သည် ဖြောင့်မတ်သူအတွက် လုပ်ထားခြင်း မဟုတ်၊ သို့သော် ဥပဒေမဲ့နေသူများနှင့်၊ မနာခံသူများအတွက်၊ ဘုရားတရားမကြောက်ရွံ့မရှိသေသူများနှင့်၊ အပြစ်သားများအတွက်၊ မသန့်ရှင်းသူများနှင့်၊ ဘုရားတရားကို စော်ကားသူများအတွက်၊ ဖခင်တို့ကိုသတ်သူများနှင့် မိခင်တို့ကို သတ်သူများအတွက်၊ လူသတ်သမားများအတွက်၊
၁၀ - မိန်းမလိုက်စားသူများအတွက်၊ လူများနှင့်မိမိတို့ကိုယ်ကို ညစ်ညူးစေသူများ အတွက်၊ လူတို့ကို ခိုးသူများအတွက်၊ လိမ်ညာသူများအတွက်၊ မှားသောသက်သေခံသူများအတွက်နှင့်၊ မှန်သောဩဝါဒကို ဆန့်ကျင်သည့် မည်သည့်အကြောင်းအရာအတွက်မဆို လုပ်ထားခြင်းဖြစ်သည်၊-
၁၁ - မှန်သောဩဝါဒဆိုသည်မှာ ကောင်းချီးနှင့်ပြည့်ဝသောဘုရားသခင်၏ဘုန်းကျက်သရေရှိလှသော ဧဝံဂေလိအတိုင်းဖြစ်သည့် သွန်သင်ခြင်းဖြစ်သည်၊ ၎င်းကို ငါ၏စောင့်ရှောက်မှုသို့ အပ်ထားပါသည်။
၁၂ - ငါသည် ငါ့ကိုစွမ်းဆောင်နိုင်သူဖြစ်စေသော ငါတို့သခင်ခရစ်တော်ယေရှုကို ကျေးဇူးတင်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် ငါ့ကို သစ္စာရှိသူဟု သတ်မှတ်က၊ အမှုတော်ဆောင်ခြင်းထဲ၌ ငါ့ကိုထားရှိတော်မူပါသည်၊-
၁၃ - ငါသည် ယခင်က ဘုရားသခင်ကို စော်ကားသူ၊ ညှဉ်းပန်းနှိပ်စက်သူ၊ ထိခိုက်စေသူဖြစ်ခဲ့သည်၊- သို့သော် ငါ သည် ဂရုဏာတော်ကို လက်ခံရရှိခဲ့ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအရာတို့ကို ငါသည် မသိနားမလည်စွာ မယုံကြည်ခြင်းအားဖြင့် လုပ်ခဲ့၍ဖြစ်ပါသည်။
၁၄ - ထို့နောက် ငါတို့သခင်၏ ကျေးဇူးတော်သည် ခရစ်တော်ယေရှု၌ရှိသည့် ယုံကြည်ခြင်း၊ ချစ်ခြင်းတို့နှင့် အလွန့်အလွန် ပေါ်ကြွယ်ဝနေပါသည်။
၁၅ - ခရစ်တော်ယေရှုသည် အပြစ်သားများကို ကယ်တင်ရန် ကမ္ဘာပေါ်သို့ လာခဲ့သည်ဟု ပြောခြင်းသည် သစ္စာရှိသော ပြောဆိုခြင်းဖြစ်သည်၊ လက်ခံဖို့ရန်လည်း ထိုက်တန်လှပါသည်၊ ထိုသို့ ကယ်တင်ခံရသော အပြစ်သားများထဲတွင် ငါသည် အကြီးဆုံး ဖြစ်ပါသည်။
၁၆ - မည်သို့ပင်ဖြစ်ပါစေ၊ ထိုအကြောင်းကြောင့် ငါ ဂရုဏာကို လက်ခံရရှိသည်၊ ထိုသို့ဖြင့် ယေရှုခရစ်သည် ငါ့အထဲတွင် သည်းခံခြင်းအားလုံးကို ဖေါ်ထုတ်ပြသနိုင်ရန် ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ယခုချိန်မှစ၍ နောက်ပိုင်းတွင် သူ့အား ယုံကြည်လျှက် ထာဝရအသက်ကို ရသူတိုင်းအတွက် ပုံစံဖြစ်လာဖို့ရန်ဖြစ်သည်။
၁၇ - ယခုတွင် ထာဝရရှင်ဘုရင်ဖြစ်သော၊ ထာဝရရှင်သန်နေသော၊ မျက်မြင်မရဖြစ်

သော၊ တပါးတည်းသာပညာရှိတော်မူသော ဘုရားသခင်သည်၊ ထာဝရကာလမှ ထာဝရကာလတိုင် ရိုသေလေးမြတ်ခြင်း၊ ဘုန်းကျက်သရေရှိခြင်း တို့ ရှိပါစေသတည်း။ အာမင်။

၁၈ - ဤတာဝန်ကို ငါသည် သင့်ထံပေးအပ်ပါသည်၊ ငါ့သား တိမောသေ၊ သင့်ရှေ့မှ သွားသော ပရောဖက်ပြုချက်အတိုင်း၊ သင်သည် ၎င်းတို့အားဖြင့် ကောင်းမြတ်သော စစ်ပွဲကို တိုက်ရမည်ဖြစ်သည်၊-

၁၉ - ယုံကြည်ခြင်းကို ကိုင်စွဲလျှက်၊ ကောင်းသောသြတ္တပ္ပစိတ်နှင့် တိုက်ရမည်ဖြစ်သည်၊ အချို့တို့သည် ယုံကြည်ခြင်းနှင့် ပတ်သက်သည်များကို စွန့်ပစ်ကြကာ၊ သင်္ဘောပျက်ကြပြီဖြစ်သည်၊-

၂၀ - ၎င်းတို့သည် ဟိုင်မေးနီးယပ်စ်နှင့်အလက်ဇန်းဒါး တို့ဖြစ်သည်၊ သူတို့ကို ငါသည် စာတန်ထံသို့ လွှဲအပ်လိုက်ပြီ၊ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင်အားစော်ကားခြင်းကို မသင်နိုင်ကြဘဲဖြစ်ပါမည်။

၂း၁-၁၅

၁ - ထို့ကြောင့် ပထမဆုံးအနေနှင့် သင့်ကို ငါ တိုက်တွန်းပါသည်၊ အသနားခံတောင်းလျှောက်ခြင်းများ၊ ဆုတောင်း ခြင်းများ၊ ကြားဝင်တောင်းလျှောက်ပေးခြင်းများ၊ကျေးဇူးတင်ခြင်းများတို့ကို လူအားလုံးတို့အတွက် ပြုပါ၊-

၂ - ရှင်ဘုရင်များအတွက်၊ သြဇာအာဏာရှိသူများအားလုံးအတွက် ပြုပါ၊ ထိုသို့ဖြင့် ငါတို့သည် အေးချမ်းသော၊ ငြိမ်းချမ်းသောဘဝ၌ ဘုရားသခင်အား ကြောက်ရွံ့ရိုသေခြင်း၊ ရိုးသားခြင်းအားလုံးတို့နှင့်အသက်ရှင်နိုင်ကြရန် ဦး ဆောင်ခြင်းကို ခံကြရမည်ဖြစ်သည်။

၃ - အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် ကောင်းမြတ်ပါသည်၊ ငါတို့၏ကယ်တင်ရှင် ဘုရားသခင်၏ရှေ့တော်တွင် လက်ခံထိုက်ပါသည်၊-

၄ - သူသည် လူအားလုံး ကယ်တင်ခြင်းရရန် အလိုရှိပါသည်၊ အမှန်တရားအားသိနားလည်ခြင်းသို့ ရောက်ကြရန် အလိုရှိပါသည်။

၅ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်တပါးတည်းရှိသည်၊ လူတို့နှင့်ဘုရားသခင်၏ အကြားတွင် ကြားဝင်ဖြန်ဖြေပေးသူ တဦးသာရှိသည်၊ လူသား ခရစ်တော်ယေရှုဖြစ်သည်၊-

၆ - သူသည် အားလုံးကိုရွေးနုတ်ရန် မိမိကိုယ်ကို ပေးအပ်ခဲ့သူဖြစ်သည်၊ အချိန်တန်သောအခါ သက်သေခံနိုင်ရန် ဖြစ်သည်။

၇ - ထိုသက်သေခံခြင်းသို့ ငါသည် တရားဟောဆရာနှင့် တမန်တော်အဖြစ်နှင့် ၎င်း၊ ယုံကြည်ခြင်းနှင့်အမှန်တရားကို တပါးအမျိုးသားတို့ထံ သင်ပေးသူ ဆရာအဖြစ်နှင့်၎င်း ခန့်အပ်ခြင်းခံရပါသည်။(ငါသည် ခရစ်တော်၌ အမှန်ကိုပြောပါသည်၊ မလိမ်

ပါ)
၈ - ထို့ကြောင့် ယောက်ျားတို့သည် သန့်ရှင်းသောလက်များကို မြှောက်ထားကာ နေ ရာတိုင်း၌၊ အမျက်ဒေါသနှင့် သံသယ မရှိဘဲ ဆုတောင်းကြဖို့ ငါ အလိုရှိပါသည်။
၉ - ထို့နည်းတူ၊ အမျိုးသမီးတို့သည် မိမိတို့ကိုယ်ကို ရိုးရိုးယဉ်ယဉ် အဝတ်အစားဖြင့် ဆင်းမြန်းကြပါမည်၊ ရှက်တတ် ခြင်း၊ ဣန္ဒြေရှိခြင်းတို့နှင့်ဖြစ်ပါမည်၊ အကွန့်အညွန့်ပြု ထားသောဆံပင်နှင့်မဟုတ်၊ (သို့) ရွှေအားဖြင့်လည်းမဟုတ်၊ (သို့) ပုလဲများဖြင့်မဟုတ်၊ (သို့) တန်ဖိုးကြီးသော အဝတ်အစားများဖြင့် မဟုတ်ပါ၊-
၁၀ - သို့သော် (ဘုရားသခင်အား ကြောက်ရွံ့ရိုသေသောအမျိုးသမီးများ ဖြစ်လာစေ သည့်) ကောင်းသော လုပ်ကိုင်ခြင်းများနှင့်ဖြစ်ပါသည်။
၁၁ - အမျိုးသမီးသည် နာခံခြင်းအားလုံးဖြင့် တိတ်ဆိတ်စွာ သင်ယူပါစေ။
၁၂ - သို့သော ငါသည် အမျိုးသမီးကို သင်ကြားသူဖြစ်ခွင့် မပြုပါ၊ ထို့အတူ လုပ်ပိုင် ခွင့်ကို လုယူကာ ယောက်ျားအပေါ် အာဏာပြဖို့ ခွင့်မပြုပါ၊ သို့သော် တိတ်ဆိတ်စွာ နေရပါမည်။
၁၃ - အဘယ့်ကြောင့်ဆိုသော် အာဒံကို ပထမဖန်းဆင်းသည်၊ ထို့နောက် ဧဝကို ဖန် ဆင်းပါသည်။
၁၄ ထို့အပြင် အာဒံသည် အလိမ်မခံရပါ၊ သို့သော် အမျိုးသမီးသည် အပြစ်ကျူးလွန် ခြင်း၌ လိမ်ညာခံခဲ့ရပါသည်။
၁၅ - ထိုသို့ဖြစ်ပါသော်လည်း၊ သူမသည် ကလေးမွေးဖွားခြင်းတွင် ကယ်တင်ခံရလိမ့် မည်၊ အကယ်၍ သူတို့သည် ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သန့်ရှင်းခြင်းတို့၌ ဣန္ဒြေရှိခြင်း နှင့် ဆက်လက်အသက်ရှင်ကြလျှင် ဖြစ်သည်။

၃း၁-၁၆
၁ - အကယ်၍ တစုံတဦးသည် သင်းအုပ်ဌာနကို လိုချင်သည်ဆိုလျှင်၊ ထိုသူသည် ကောင်းသောအလုပ်ကို လိုချင်ခြင်းဖြစ်သည်ဟုဆိုခြင်းသည် မှန်ကန်သောစကား ဖြစ် သည်။
၂ - သင်းအုပ်သည် အပြစ်တင်စရာမရှိသူ ဖြစ်ရမည်၊ ဇနီးတဦး၏ခင်ပွန်းဖြစ်ရမည်၊ နိုးနိုးကြားကြားသတိဝိရိယရှိသူ ဖြစ်ရမည်၊ တည်ငြိမ်သူဖြစ်ရမည်၊ ကောင်းသော အ ကျင့်စာရိတ္တရှိရမည်၊ ဧည့်ဝတ်ကျေပွန်သူဖြစ်ရမည်၊ သူတပါးကို သင်ကြားနိုင်သူ ဖြစ်ရ မည်၊-
၃ - ဝိုင်စွဲသူမဖြစ်ရ၊ သူတပါးကိုရိုက်နှက်သူ မဖြစ်ရ၊ မသန့်ရှင်းသောပိုက်ဆံကို လော ဘကြီးသူမဖြစ်ရ၊ သို့သော် စိတ်ရှည်သူဖြစ်ရမည်၊ ရန်လိုသူမဖြစ်ရ၊ ငွေတပ်မက်သူ မ ဖြစ်ရ၊
၄ - မိမိ၏အိမ်ကို ကောင်းမွန်စွာအုပ်ချုပ်သူဖြစ်ရမည်၊ သူ၏သားသမီးများကို ဣန္ဒြေ

သိက္ခာရှိခြင်းအားလုံးတို့နှင့် နာခံသူများဖြစ်စေနိုင်သူ ဖြစ်ရမည်၊
၅ - (အဘယ့်ကြောင့်ဆိုသော် အကယ်၍ လူတဦးသည် မိမိ၏ကိုယ်ပိုင်မိသားစုကိုပင် မအုပ်ချုပ်နိုင်လျှင်၊ ထိုသူသည် မည်ကဲ့သို့ ဘုရားသခင်၏အသင်းတော်ကို ဂရုစိုက်တာဝန်ယူနိုင်မည်နည်း?)
၆ - မကြာခင်ကမှ ပြောင်းလဲသူမဖြစ်ရ၊ ထိုသို့ဖြစ်လျှင် မာနနှင့်မောက်မာလျှက်၊ သူသည် နတ်ဆိုး၏ပြစ်ဒဏ်ခံရခြင်းထဲသို့ ကျဆုံးမည်စိုးရပါသည်။
၇ - ထို့အပြင် သူသည် အပြင်ဖက်တွင် နေသူတို့ကြား၌လည်း နာမည်ကောင်းရှိသူဖြစ်ရမည်။ ထိုသို့မဟုတ်ပါက သူသည် ကဲ့ရဲ့ခံရခြင်းနှင့်နတ်ဆိုး၏ကျော့ကွင်းတွင် ကျဆုံးမည် စိုးရသည်။
၈ - ထို့အတူ သင်းထောက်တို့သည်လည်း လေးနက်တည်ငြိမ်သူများဖြစ်ရမည်၊ လျှာနှစ်ခွနှင့်ပြောသူ မဖြစ်ရ၊ ဝိုင်ကို အလွန်အကျွံသောက်သူမဖြစ်ရ၊ မသန့်ရှင်းသောပိုက်ဆံကို တပ်မက်သူ မဖြစ်ရ၊
၉ - စင်ကြယ်သောသြတ္တပ္ပစိတ်နှင့် ယုံကြည်ခြင်း၏နက်နဲခြင်းကို ကိုင်စွဲသူဖြစ်ရမည်။
၁၀ - ထိုသူတို့သည် ပထမ အစစ်ဆေးခံကြရမည်၊ ထို့နောက် အပြစ်တင်စရာ မရှိသူများဖြစ်သည်ဟု တွေ့ကြပြီးမှ၊ သင်းထောက်ဌာနကို ကိုင်တွယ်ကြပါစေ။
၁၁ - ထိုသို့ပင် သူတို့၏ဇနီးများသည်လည်း လေးနက်တည်ငြိမ်သူများဖြစ်ကြရမည်၊ အသရေပျက်အောင် လုပ်ကြံပြောဆိုသူများမဖြစ်ရ၊ တည်တည်ငြိမ်ငြိမ်ရှိရမည်၊ အရာအားလုံး၌ သစ္စာရှိသူများဖြစ်ရမည်။
၁၂ - သင်းထောက်တို့သည် ဇနီးတဦး၏ခင်ပွန်း ဖြစ်ရမည်၊ မိမိတို့ သားသမီးများနှင့် မိမိတို့၏မိသားစုကို ကောင်းစွာ အုပ်ချုပ်နိုင်သူများ ဖြစ်ရမည်။
၁၃ - အဘယ့်ကြောင့်ဆိုသော် သင်းထောက်ဌာနကို သေချာစွာ အသုံးပြုသူများသည်၊ မိမိတို့ကိုယ်ကိုထံသို့ ယေရှုခရစ်ထံ၌ရှိသည့်
ကောင်းသောရပ်တည်မှုနှင့် ယုံကြည်ခြင်း၏ ကြီးမြတ်လှသောရဲရင့်ခြင်းကို ဝယ်ယူသူများ ဖြစ်ကြသည်။
၁၄ - သင့်ထံသို့ မကြာခင် လာနိုင်မည်ဟု မျှော်လင့်လျှက်၊ ဤအရာများကို ငါရေးခြင်းဖြစ်သည်၊-
၁၅ - သို့သော် ငါ အနေကြာသွားခဲ့ပါလျှင်၊ သင်သည် ဘုရားသခင်၏အိမ်၌ သင့်ကိုယ်သင် မည်ကဲ့သို့ ပြုမူလုပ်ရှားသင့်သည်ကို သိနိုင်ရန်ဖြစ်သည်၊ ထိုအိမ်သည် အသက်ရှင်သော ဘုရားသခင်၏ အသင်းတော်ဖြစ်သည်၊ အမှန်တရား၏ အခြေခံနှင့်တိုင်မကြီးလည်းဖြစ်သည်။
၁၆ - ဘုရားသခင်အား ရိုသေကိုင်းရှိုင်းခြင်း၏နက်နဲခြင်းသည် ကြီးမြတ်လှသည်ကို ငြင်းနေစရာမလိုအပ်ပါ၊- ဘုရားသခင်သည် အသွေးအသားဖြင့် ပေါ်လာခဲ့သည်၊ ဝိညာဉ်တော်ဖြင့် ဖြောင့်မတ်စေသည်၊ ကောင်းကင်တမန်များက တွေ့မြင်ကြသည်၊ တ

ပါးအမျိုးသားတို့ထံ တရားဟောပြီ၊ ကမ္ဘာထဲ၌ ယုံကြည်ကြပြီ၊ ဘုန်းကျက်သရေသို့ လက်ခံခြင်းကို ခံကြရပြီဖြစ်ပါသည်။

၄း၁-၁၆

၁ - ယခုတွင် ဝိညာဉ်တော်က အတိအကျပြောပါသည်၊ နောက်ပိုင်းအချိန်များတွင် အချို့တို့သည် ယုံကြည်ခြင်းမှ သွေဖည်သွားကြလိမ့်မည်၊ ဖြားယောင်းသွေးဆောင်သော ဝိညာဉ်များကို ဂရုစိုက်ကြလိမ့်မည်၊ နတ်ဆိုးတို့၏ဩဝါဒများကို ဂရုစိုက်ကြလိမ့်မည်။
၂ - လူကောင်းဟန်ဆောင်လျှက် လိမ်ညာခြင်းများကို ပြောကြမည်၊ သူတို့၏ ဩတ္တပ္ပစိတ်များကို သံပူနှင့်လောက် မြိုက်ခြောက်ကပ်စေကြလိမ့်မည်၊
၃ - အိမ်ထောင်ပြုခြင်းကို တားမြစ်ကြလိမ့်မည်၊ အသားစားခြင်းမှရှောင်ရန် အမိန့်ပေးကြလိမ့်မည်၊ ၄င်းတို့ကို ဘုရား သခင်က ဖန်ဆင်းထားပါသည်၊ ယုံကြည်သောသူ၊ အမှန်တရားကိုသိသောသူက ၄င်းတို့ကို ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်အတူ လက်ခံကြရမည်ဖြစ်သည်၊
၄ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ဖန်ဆင်းခံသတ္တဝါတိုင်း ကောင်းကြသည်၊ မည်သည်ကိုမှ မငြင်းပယ်ရပါ၊ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် လက်ခံဖို့ရန်သာဖြစ်သည်၊-
၅ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆုတောင်းခြင်းအားဖြင့် ၄င်းသည် သန့်ရှင်းပါသည်။
၆ - သင် ညီအကိုတို့ကို ထိုအရာများအား မှတ်မိကြဖို့ ပြုလုပ်လျှင်၊ သင်သည် ခရစ်တော်ယေရှု၏ ကောင်းသောအမှုတော်ဆောင်ဖြစ်ပါမည်၊ ယုံကြည်ခြင်း၏စကားလုံးများနှင့် ကောင်းသောဩဝါဒဖြင့် ကျွေးမွေးပြုစုတိုးတက်စေလျှင် ဖြစ်သည်၊ ၄င်းတို့ကို သင်သည်လည်း သေချာစွာလိုက်နာခဲ့ပြီဖြစ်သည်။
၇ - သို့သော် ဘုရားတရားကိုမထီမဲ့မြင်ပြုသော၊ အသက်ကြီးသောမိန်းမများပြောလေ့ရှိကြသည့် ဒဏ္ဍာရီပုံပြင်များကို ငြင်းပယ်ပါ၊ ထိုမှဆန့်ကျင်စွာ သင့်ကိုယ်သင် ဘုရားတရား ကြောက်ရွံ့ရိုသေခြင်း၌ လေ့ကျင့်နေပါ။
၈ - အဘယ့်ကြောင့်ဆိုသော ခန္ဓာကိုယ်နှင့်ဆိုင်သောလေ့ကျင့်ခြင်းများသည် အကျိုးအနည်းငယ်သာရှိပါသည်၊ သို့သော် ဘုရားတရားကြောက်ရွံ့ရိုသေခြင်း၌ လေ့ကျင့်ခြင်းသည် အရာခပ်သိမ်းအတွက် အကျိုးရှိပါသည်၊ ယခုဘဝအသက်ရှင်ခြင်းအတွက် ကတိပေးခြင်း ရှိသလို၊ နောက်လာမည့်ဘဝအတွက်လည်း ကတိပေးခြင်း ရှိပါသည်။
၉ - ၄င်းသည် သစ္စာရှိသောစကားနှင့် လက်ခံဖို့ရာ အလွန်ကောင်းသော စကားလည်းဖြစ်ပါသည်။
၁၀ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ပင်းပန်းစွာလုပ်ကိုင်ကြသလို၊ ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း ခံကြရပါသည်၊ ငါတို့သည် အသက်ရှင်သောဘုရားသခင်ကို အားကိုးကြ၍ ဖြစ်သည်၊ သူသည် လူသားအားလုံး၏ ကယ်တင်ရှင်ဖြစ်ပါသည်၊ အထူးသဖြင့် ယုံ

ကြည်သောသူတို့ကို ဖြစ်ပါသည်။
၁၁ - ဤအရာများကို အမိန့်ပေးပါ၊ သင်ပေးပါ။
၁၂ - သင်၏ငယ်ရွယ်ခြင်းကို မည်သူကမျှ အထင်မသေးစေနှင့်၊ သို့သော် သင်သည် ယုံကြည်သူအားလုံး၏ စံနမူနာ ဖြစ်ပါ၊ စကား၌၊ ပြောဆိုဆက်ဆံခြင်း၌၊ ချစ်ခြင်း၌၊ ဝိညာဉ်၌၊ ယုံကြည်ခြင်း၌၊ စင်ကြယ်ခြင်း၌ ဖြစ်သည်။
၁၃ - ငါလာသည့်တိုင်၊ စာဖတ်ခြင်း၊ တိုက်တွန်းအားပေးခြင်း၊ ဩဝါဒသင်ပေးခြင်းတို့ကို ဂရုစိုက်ပါ။
၁၄ - သင့်ထံ၌ရှိသော လက်ဆောင်ကို လစ်လျူမရှုနှင့်၊ ၎င်းကို သင့်ထံ ပရောဖက်ပြုခြင်းနှင့် ပေးအပ်ထားခြင်းဖြစ်သည်၊ အသင်းလူကြီးများ၏လက်တင်မင်္ဂလာပေးခြင်းနှင့် ပေးအပ်ထားခြင်းဖြစ်သည်။
၁၅ - ထိုအကြောင်းအရာတို့ကို ဆင်ခြင်တွေးတောပါ၊- ၎င်းတို့သို့ သင့်ကိုယ်သင် လုံးလုံးလျှားလျှား ပေးအပ်ထားပါ၊ ထိုသို့ဆိုလျှင် သင်၏အကျိုးရှိခြင်းသည် အားလုံးထံသို့ ပေါ်လာမည်ဖြစ်သည်။
၁၆ - သင် မိမိကိုယ်ကို ဂရုစိုက်ပါ၊ ဩဝါဒကို ဂရုစိုက်ပါ၊- ၎င်းတို့အားလုပ်ကိုင်ခြင်းထဲတွင် ဆက်လက်နေပါ၊- အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို လုပ်ကိုင်ခြင်းဖြင့် သင်သည် မိမိကိုယ်ကိုကယ်တင်လိမ့်မည်၊ သင့်အား ကြားနာသူတို့ကိုလည်း ကယ်တင်လိမ့်မည်ဖြစ်သည်။

၅း၁-၂၅
၁ - အသက်ကြီးသူကို ပြစ်တင်ကြိမ်းမောင်းခြင်းမပြုနှင့်၊ ထိုမှုခြားနားစွာ ဖခင်တဦးကဲ့သို့ တောင်းပန်လော့၊ ငယ်သောသူတို့ကို ညီအကိုကဲ့သို့ မှတ်လော့၊-
၂ - အသက်ကြီးသောအမျိုးသမီးများကို အမေများကဲ့သို့မှတ်လော့၊ ငယ်သောအမျိုးသမီးများကို ညီမများကဲ့သို့မှတ်လော့၊ အားလုံးသောစင်ကြယ်ခြင်းနှင့် ထိုသို့ပြုလော့။
၃ - မုဆိုးမများကို လေးစားပါ၊ မုဆိုးမအမှန်ဖြစ်သူများကို ဖြစ်သည်။
၄ - သို့သော် အကယ်၍ မုဆိုးမတစုံတဦးသည် သားသမီးများ (သို့) မြေးများရှိလျှင်၊ ၎င်းတို့သည် ဘုရားတရားရှိ သေကိုင်းရှိုင်းခြင်းကို အိမ်တွင်ပြသကြရန် ပထမ သင်ကြစေ၊ သူတို့မိဘများကို ကျေးဇူးတုန့်ပြန်ကြသည့် အနေနှင့်ဖြစ်သည်၊- အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် ကောင်းမြတ်သလို၊ ဘုရားသခင့်ရှေ့တော်မှောက်တွင် လက်ခံထိုက်သောအရာလည်းဖြစ်ပါသည်။
၅ - မုန်ဆိုးမ စစ်စစ်သည် အထီးကျန်သူ၊ ဘုရားသခင်အား အားကိုးသူဖြစ်သည်၊ နေ့နှင့်ည ဆုတောင်းခြင်းများ၊ အသနားခံခြင်းများကို ဆက်တိုက်လုပ်ဆောင်သူဖြစ်သည်။
၆ - သို့သော် သူမသည် အပျော်အပါး၌ အသက်ရှင်နေသည်ဆိုလျှင်၊ သူမသည် ရှင်လျှက်ပင် သေနေသူဖြစ်သည်။

၇ - ဤအရာများကို တာဝန်ပေးလော့၊ ထိုသို့ဖြင့် သူတို့သည် အပြစ်တင်ခွင့် ကင်းကြမည်ဖြစ်သည်။
၈ - သို့သော် တစုံတဦးသည် မိမိလူများကို၊ အထူးသဖြင့် မိမိ၏အိမ်ထောင်စုတွင် ရှိသူများကို ကြည့်ရှုစောင့်ရှောက် ကျွေးမွေးခြင်း မပြုလျှင်၊ ထိုသူသည် ယုံကြည်ခြင်းကို ငြင်းပယ်သူဖြစ်သည်၊ မယုံကြည်ဆိုးညစ်သူများထက် ပို၍ဆိုးရွားသူဖြစ်သည်။
၉ - အသက်ခြောက်ဆယ်အောက် မုဆိုးမများကို စာရင်းထဲမထည့်နှင့်၊ ယောကျ်ားတဦးတည်းသာ ရှိခဲ့ဖူးသူ၊
၁၀ - ကောင်းမြတ်သောအလုပ်များကို လုပ်ကိုင်သူဟု သတင်းကောင်းရှိသူဖြစ်ရမည်၊- သူမသည် မိမိ၏သားသမီးများကို ကောင်းစွာကြည့်ရှုစောင့်ရှောက်သူဖြစ်လျှင်၊ သူမသည် ဧည့်သည်များကို တည်းခိုခွင့်ပေးလျှင်၊ သူမသည် သန့်ရှင်းသူတို့၏ခြေကို ဆေးပေးလျှင်၊ သူမသည် ဒုက္ခရောက်သူများကို သက်သာရစေသူဖြစ်လျှင်၊ သူမသည် ကောင်းမြတ်သောအလုပ်တိုင်းနောက်သို့ ဇွဲရှိစွာလိုက်သူဖြစ်လျှင် စာရင်းထဲထည့်လော့။
၁၁ - သို့သော် ငယ်ရွယ်သောမုဆိုးမများကို ငြင်းလော့၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ခရစ်တော်ကို ဆန့်ကျင်လျှက် တပ်မက်ခြင်းနှင့်ပြည့်ကာ၊ အိမ်ထောင်ပြန်ပြုကြလိမ့်မည်ဖြစ်သည်၊-
၁၂ - သူတို့၏ ပထမယုံကြည်ခြင်းကို လွှင့်ပြစ်ကြကာ၊ ပြစ်တင်ဝေဖန်ခြင်းကို ခံကြရပါမည်။
၁၃ - ထို့အပြင် သူတို့သည် ပျင်းရိခြင်းကို သင်ယူကြကာ၊ တအိမ်မှတအိမ်သို့ လည်လျှက်၊ ပျင်းရိကြသည်သာမက၊ အတင်းအဖျင်းပြောသူများ၊ သူများကိစ္စထဲ စပ်စပ်စုစုပါဝင်သူများ၊ သူတို့မပြောသင့်သည်များကို ပြောဆိုသူများ ဖြစ်လာကြပါမည်။
၁၄ - ထို့ကြောင့် ငယ်သောအမျိုးသမီးများ အိမ်ထောင်ပြုလျှက်၊ သားသမီးများ မွေးဖွားခြင်း၊ အိမ်ထောင်ကိုထိန်းသိမ်းခြင်း၊ ထိုသို့ဖြင့် ရန်သူက ပြစ်တင်ဝေဖန်ခြင်းပြုဖို့ အခွင့်အရေး တခုကိုမျှ မပေးသူများ ဖြစ်ကြခြင်းကို ငါ အလိုရှိပါသည်။
၁၅ - အဘယ့်ကြောင့်ဆိုသော် အချို့တို့သည် စာတန်နောက်သို့ လိုက်ပါသွားကြပြီဖြစ်သည်။
၁၆ - အကယ်၍ တစုံတဦးသော အမျိုးသား (သို့) အမျိုးသမီး၌ မုဆိုးမများ ရှိပါသည်ဆိုလျှင်၊ သူတို့ကို သက်သာရာ ရကြစေ၊ အသင်းတော်ကို တာဝန်မပေးရ၊ ထိုသို့ဖြင့် အသင်းတော်သည် မုဆိုးမစစ်စစ်ဖြစ်သူများကို သက်သာရာ ရကြစေနိုင်မည်ဖြစ်သည်။
၁၇ - ထိုက်တန်စွာ အုပ်စိုးသော အသင်းလူကြီးများသည် နှစ်ထပ်ကွမ်းလေးစား ဂုဏ်ပြုခြင်းကို ခံကြပါစေ၊ အထူးသဖြင့် နှုတ်ကပတ်တော်(စကား)နှင့်ဩဝါဒတို့၌ လုပ်ကိုင်ကြသူ အသင်းလူကြီးများဖြစ်သည်။
၁၈ - အဘယ့်ကြောင့်ဆိုသော် ကျမ်းစာကပြောပါသည်၊ သင်သည် စပါးနယ်သော

န္ဒားကို နှုတ်သီးစွပ်မစွပ်ရ။ ထို့အ တူ အလုပ်လုပ်သူသည် သူ၏ဆုလာဘ်ကို ခံထိုက်ပါသည်။
၁၉ - အသင်းလူကြီးတဦးအား ဆန့်ကျင်လျှက် စွပ်စွဲခြင်းကို လက်မခံနှင့်၊ သို့သော် သက်သေခံ နှစ်ဦး (သို့) သုံးဦး ရှေ့၌သာ လက်ခံပါ။
၂၀ - အပြစ်လုပ်သူများကို အားလုံးရှေ့တွင် ဆုံးမပါ၊ ထိုသို့ဖြင့် အခြားသူများလည်း ကြောက်ရွံ့မည်ဖြစ်သည်။
၂၁ - ဘုရားသခင်၏ရှေ့၊ သခင်ယေရှုခရစ်ရှေ့၊ ရွေးကောက်ထားသော ကောင်းကင်တမန်တို့ရှေ့တွင် သင့်ကို ငါ တာဝန်ပေးသည်၊ သင် ဤအကြောင်းအရာများကိုစောင့်ရှောက်ထိန်းသိမ်းပါ၊ တခုထက်တခုကို ပို၍နှစ်သက်သည်ဟု မရွေးဘဲ၊ မျက်နှာလိုက်ခြင်းဖြင့် ဘာကိုမှမလုပ်ဘဲ အားလုံးကို စောင့်ရှောက်ထိန်းသိမ်းပါ။
၂၂ - မည်သူ့အပေါ်မှ လက်များကို အလျင်စလို မတင်နှင့်၊ အခြားသူများ၏ အပြစ်များ၌ ပါဝင်ဆက်ဆံသူလည်း မဖြစ်နှင့်၊- သင့်ကိုယ်သင် စင်ကြယ်ဖို့ စောင့်ထိန်းလော့။
၂၃ - ရေသက်သက်ကိုသာ မသောက်တော့နှင့်၊ သို့သော် သင့်အစာအိမ်အတွက်နှင့် သင် မကြာခဏဖြစ်တတ်သော မကျန်းမာခြင်းအတွက် ဝိုင်အနည်းငယ်ကို သုံးလော့၊
၂၄ - အချို့သောသူတို့၏အပြစ်များသည် မကြာမီ ပေါ်ထွက်လာတတ်သည်၊ တရားစီရင်ခံရခြင်းသို့ ကြိုတင်သွား တတ်သည်၊ အချို့သောသူတို့၏အပြစ်မှာမူ နောက်မှလိုက်တတ်ပါသည်။
၂၅ - ထို့အတူ အချို့သောသူတို့၏ ကောင်းမြတ်သောအလုပ်များသည် မကြာမီ ပေါ်ထွက်လာတတ်သည်၊ ထိုသို့ မဟုတ်သောသူများ၏ ကောင်းမြတ်သော အလုပ်များကိုလည်း ဖုန်းအုပ်ထား၍မရနိုင်ပါ။

၆း၁-၂၁
၁ - ထမ်းပိုးအောက်၌ ရှိနေကြသမျှသော အစေခံများသည်၊ မိမိတို့၏သခင်များကို အားလုံးသောရိုသေလေးစားခြင်း ခံထိုက်သူများဟု မှတ်ယူကြပါစေ၊ ထိုသို့ဖြင့် ဘုရားသခင်၏နာမည်နှင့် သူ၏ဩဝါဒသည် စော်ကားပြောဆိုခြင်း မခံရဘဲဖြစ်ပါမည်။
၂ - ယုံကြည်သူ သခင်များထံ ရောက်ကြသူများသည်၊ မိမိတို့သခင်များကို အထင်းမသေးကြနှင့်၊ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ညီအကိုမောင်နှမများ ဖြစ်ကြပါသည်၊- ထိုမှဆန့်ကျင်စွာ သူတို့ကို အလုပ်အကျွေးပြုကြပါ၊ အဘယ့်ကြောင့်ဆိုသော် သူတို့ သည် အစွာရှိသူများနှင့် ချစ်ရသူများ ဖြစ်ကြသည်၊ အကျိုးရလဒ်ကို အတူတကွ ပါဝင်ဆက်ဆံရသူများ ဖြစ်ကြသည်။ ဤအရာများ ကို သင့်ပေးလော့၊ အလေးအနက်တိုက်တွန်းလော့။
၃ - အကယ်၍ တစုံတဦးက ၎င်းတို့မှလွဲ၍ သင်ပေးလျှင်၊ သင့်မြတ်လျော်ကန်သော စ

ကားများကို သဘောမတူလျှင်၊ ငါတို့သခင် ယေရှုခရစ်၏စကားများကိုပင် သဘော မတူလျှင်၊ ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်းအတိုင်းဖြစ်သည့် ဩဝါဒကို သဘော မတူလျှင်၊-
၄ - ထိုသူသည် မာနကြီးသူဖြစ်သည်၊ ဘာကိုမှမသိသူဖြစ်သည်၊ သို့သော် ပေါက်ကရ ခြောက်ဆယ် မေးခွန်းများကို မေးသူ၊ စကားများနှင့် အငြင်းပွားချင်သူဖြစ်သည်၊ ထိုသို့ သော အရာများမှနေ၍ မနာလိုခြင်း၊ ရန်ဖြစ်ခြင်း၊ ဆဲဆိုခြင်းနှင့် ဆိုးညစ်သော မှန်းဆ ချက်များ၊
၅ - ပျက်ယွင်းနေသောစိတ်ရှိကြသည့်၊ အမှန်တရားခေါင်းပါးကြသည့် လူသားတို့၏လွဲ မှားသောငြင်းခုံခြင်းများ ထွက်လာတတ်ကြပါသည်၊ ဘုရားတရား ကြောက်ရွံ့ရိုသေ ခြင်းက အမြတ်ရစေနိုင်သည်ဟု ထင်မြင်ယူဆနေကြသူများဖြစ်ကြသည်၊- ထိုသို့သော သူများထံမှ သင့်ကိုယ်သင် ရုတ်သိမ်းလော့။
၆ - သို့သော် ရောင့်ရဲတင်းတိမ်ခြင်းနှင့်ဖြစ်သော ဘုရားတရား ကြောက်ရွံ့ရိုသေခြင်း သည် ကြီးသောအမြတ်ရစေပါသည်။
၇ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် ဤကမ္ဘာသို့ ဘာမှ ယူမလာခဲ့ကြပါ၊ ထို့အတူ ငါတို့သည် ဘာကိုမှ  ကမ္ဘာအပြင်သို့ ပြန်မယူသွားနိုင်ကြပါ ဆိုသည့်အချက်သည် သေ ချာနေပါသည်။
၈ - ထို့ကြောင့် စားစရာရှိလျှင်၊ ဝတ်စရာရှိလျှင် ငါတို့သည် ထိုအရာတို့နှင့် ရောင့်ရဲကြ ပါမည်။
၉ - သို့သော် ချမ်းသာချင်သူများသည် ဖြားယောင်းမှုနှင့်ကျော့ကွင်းတို့ထဲ ကျဆုံးတတ် ကြပါသည်၊ များစွာသောမိုက်မဲမှုများနှင့် ထိခိုက်စေသော တပ်မက်ခြင်းများထဲသို့ ကျ ဆင်းတတ်ကြပါသည်၊ ၎င်းတို့က လူအများကို ပျက်စီးခြင်းနှင့်ပြစ်ဒဏ်ခံရခြင်းတို့သို့နိမ့် ကျစေကြပါသည်။
၁၀ - အဘယ့်ကြောင်ဆိုသော် ငွေကိုချစ်ခြင်းသည် ဆိုးညစ်ခြင်းအားလုံးတို့၏ အရင်း အမြစ်ဖြစ်ပါသည်၊- ၎င်းကို တပ်မက်ကြသူ အချို့တို့သည်၊ ယုံကြည်ခြင်းမှ မှားသွားကြ ပြီဖြစ်သည်၊ ထို့နောက် မိမိတို့ကိုယ်ကို များပြားသောဝမ်းနည်းစရာများဖြင့် ထိုးဖေါက်ခဲ့ ကြပြီဖြစ်သည်။
၁၁ - သို့သော်၊ အိုး ဘုရားသခင်၏လူ၊ သင် ထိုအရာများမှနေ၍ ထွက်ပြေးလော့၊- ထို့နောက် ဖြောင့်မတ်ခြင်း၊ ဘုရားတရား ကြောက်ရွံ့ရိုသေခြင်း၊ ယုံကြည်ခြင်း၊ ချစ် ခြင်း၊ စိတ်ရှည်ခြင်း၊ နှိမ့်ချခြင်းတို့နောက်သို့ လိုက်လော့။
၁၂ - ယုံကြည်ခြင်း၏ ကောင်းမြတ်သောတိုက်ခိုက်ခြင်းကို တိုက်ခိုက်လော့၊ ထာဝရ အသက်ကို ကိုင်စွဲလော့၊ ထိုအတွက် သင့်ကို ခေါ်ထားခြင်းဖြစ်သည်၊ သက်သေအများ ရှေ့တွင် ကောင်းသောဝန်ခံခြင်းကို သင်ဝန်ခံခဲ့ပြီဖြစ်သည်။
၁၃ - အရာအားလုံးကို အသက်ရှင်စေသူ ဘုရားသခင့်ရှေ့နှင့်၊ ပွန်းတီးယပ်စ် ပိုင်း

လိတ်ရှေ့၌ ကောင်းသောဝန်ခံချက်ကို ပြုခဲ့သူ ခရစ်တော်ယေရှုရှေ့တွင်၊ ငါ သင့်ကို တာဝန်ပေးသည်၊

၁၄ - သင် ဤအမိန့်တော်ကို ငါတို့သခင် ယေရှုခရစ် ပေါ်လာချိန်ထိအောင် အစွန်းအထင်းမရှိ၊ အပြစ်တင်ခွင့်မရှိရအောင် ထိန်းသိမ်းလော့၊-

၁၅ - သူသည် မိမိအချိန်ရောက်သော် ပေါ်လာလိမ့်မည်၊ ကောင်းချီးနှင့်ပြည့်ဝသူ၊ တဦးတည်းသော အစိုးရတော်မူသူ၊ ဘုရင်များ၏ ဘုရင်၊ သခင်များ၏သခင် ဖြစ်သည်၊-

၁၆ - သူတပါးတည်းသာ ထာဝရရှင်သန်ခြင်းကိုပိုင်ဆိုင်သူ၊ မည်သူကမျှ မချဉ်းကပ်နိုင်သော အလင်းထဲ၌နေထိုင်သူ၊ မည်သည့် လူသားကမျှ မမြင်ဘူးသူ၊ မမြင်နိုင်သူဖြစ်သည်၊- သူ့ထံတွင် ဂုဏ်ကျက်သရေနှင့်ဘုန်းတန်ခိုးသည် ထာဝရရှိနေပါစေသတည်း။ အာမင်။

၁၇ - ဤကမ္ဘာပေါ်၌ ချမ်းသာသူများကို သတိပေးလော့၊ မာနကြီးသူများ မဖြစ်ကြနှင့်၊ မသေချာသော ချမ်းသာခြင်းများ အပေါ် လည်း အားမကိုးစေနှင့်၊ ထိုမှဆန့်ကျင်စွာ အသက်ရှင်သော ဘုရားသခင်ကိုသာ အားကိုးကြစေ၊ သူသည် ငါတို့ ကျေနပ်စွာခံစားကြဖို့ အရာခပ်သိမ်းကို ကြွယ်ဝစွာ ပေးတော်မူသူဖြစ်သည်၊-

၁၈ - ထိုသို့ဖြင့် သူတို့သည် ကောင်းမြတ်ခြင်းကို လုပ်ကြစေ၊ ကောင်းသောအလုပ်များ၌ ချမ်းသာကြစေ၊ ဝေငှရန် အဆင်သင့်ရှိသူများ၊ ပေးကမ်းဖို့ လိုချင်ဆန္ဒရှိသူများ ဖြစ်ကြပါစေ၊-

၁၉ - နောက်လာမည့်အချိန်အတွက် ကောင်းသောအခြေခံအုတ်မြစ်ကို သူတို့ဘာသာသူတို့ ချထားကြပါစေ။

၂၀ - အိုး တိမောသေ၊ သင်၏လက်ဝယ် ယုံကြည်အပ်နှံထားသည်ကို စောင့်ရှောက်ထိန်းသိမ်းပါ၊ ဘုရားသခင်အားစော်ကားသော၊ အချည်းနှီးမဲ့ဖြစ်သော စကားများ ပြောဆိုခြင်းကို ရှောင်ပါ၊ ထို့အတူ သိပ္ပံပညာဟု မှားယွင်းစွာခေါ်ဆိုသော အရာ၏ ဆန့်ကျင်ခြင်းများကိုလည်း ရှောင်ပါ။

၂၁ - ထို့အတွက် အချို့သော ဝန်ခံခြင်းပြုပြီးသူများသည် ယုံကြည်ခြင်းနှင့်ပတ်သက်၍ လမ်းလွဲကြပြီဖြစ်သည်၊ ကျေးဇူးတော်သည် သင့်ထံ၌ ရှိနေပါစေသတည်း။ အာမင်။

×××××××××××××××××××

# တိမောသေ ဩဝါဒစာ ဒုတိယစောင်
(Second Timothy)

၁း၁-၁၈

၁ - ပေါလ်၊ ဘုရားသခင့်အလိုတော်အားဖြင့်၊ ယေရှုခရစ်ထဲ၌ရှိသော အသက်ရှင်ခြင်း
၏ ကတိတော်အတိုင်း၊ ယေရှုခရစ်၏တမန်တော်ဖြစ်သူက၊
၂ - တိမောသေ၊ ငါ၏ချစ်လှစွာသောသားထံ ရေးလိုက်ပါသည်၊- ခမည်းတော် ဘုရား
သခင်နှင့် ငါတို့သခင် ယေရှုခရစ်ထံမှ ကျေးဇူးတော်၊ ဂရုဏာတော်နှင့်ငြိမ်းချမ်းခြင်း
သည် သင့်ထံ၌ရှိပါစေ။
၃ - ငါ့ဘိုးဘေးတို့လက်ထက်မှနေ၍ သန့်စင်သောဩတ္တပ္ပစိတ်နှင့် ငါအမှုဆောင်သော
ဘုရားသခင်ကို ငါ ကျေးဇူးတင်ပါသည်၊ ထိုသို့ဖြင့် ငါသည် သင့်ကို ငါ၏ဆုတောင်း
ခြင်းများ၌ နေ့၊ ည မပြတ်တမ်း သတိရပါသည်၊-
၄ - သင့်မျက်ရည်များကို သတိရလျှက်၊ သင့်ကို ငါ အလွန်တွေ့မြင်ချင်သော ဆန္ဒရှိပါ
သည်၊ ထိုသို့ဖြင့် ငါသည် ပျော်ရွှင်ခြင်းနှင့်ပြည့်နေပါမည်၊-
၅ - သင့်ထံ၌ရှိသော ပရိယာယ်ကင်းသည့်ယုံကြည်ခြင်းစစ်ကို ငါ မှတ်မိသတိရသည့်
အခါ၊ ၎င်းသည် ပထမ သင့် အဖွား လိုအိစ်နှင့် သင့်မိခင် ယူနိစ်တို့ထံတွင် ရှိခဲ့ပါ
သည်၊ ထို့နောက် သင့်ထံတွင်လည်း ရှိသည်ဟု ငါ ဘဝင်ကျနေပါသည်။
၆ - ထို့ကြောင့် သင်သည် ဘုရားသခင်၏လက်ဆောင်ကို လှုံ့ဆော်ပါဟု ငါ သင့်ကို
သတိပေးပါသည်၊ ငါ့လက်များကိုတင်ခြင်းဖြင့် ထိုလက်ဆောင်သည် သင့်ထံရောက်လာ
ခြင်းဖြစ်ပါသည်။
၇ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ငါတို့ကို ကြောက်ရွံ့ခြင်း၏ဝိညာဉ်ကို
ပေးထားသည်မဟုတ်ပါ၊- သို့သော် တန်ခိုးစွမ်းအင်၏ဝိညာဉ်၊ ချစ်ခြင်း၏ဝိညာဉ်၊
ကောင်းမွန်ကြံခိုင်ခြင်း၏ဝိညာဉ်ကို ပေးထားခြင်းဖြစ်သည်။
၈ - ထို့ကြောင့် သင်သည် ငါတို့သခင်ဘုရားအတွက် သက်သေခံခြင်းကို မရှက်နှင့်၊
ထို့အတူ သူ၏အကျဉ်းသားဖြစ်သူ ငါ့အတွက်လည်း မရှက်နှင့်၊- သို့သော် ဘုရားသခင်
၏ တန်ခိုးတော်အတိုင်းဖြစ်သော ဧဝံဂေလိတရား၏ဆင်းရဲဒုက္ခများနှင့် ပါဝင်ဆက်ဆံ
သူ ဖြစ်လော့၊-
၉ - ထိုဘုရားသခင်သည် ငါတို့ကို ကယ်တင်သူ၊ ငါတို့ကို သန့်ရှင်းသော ခေါ်တော်မူ
ခြင်းနှင့်ခေါ်သောသူ၊ ငါတို့၏အလုပ်များကြောင့်မဟုတ်ဘဲ၊ သူ၏ကိုယ်ပိုင် ရည်ရွယ်
ချက်နှင့်ကျေးဇူးတော်အတိုင်း ခေါ်သောသူ၊ ကမ္ဘာကြီးမစခင်ကထဲကပင် ငါတို့ကိုယေရှု
ခရစ်တော်ထဲ၌ ပေးထားသူ ဖြစ်တော်မူပါသည်၊
၁၀ - သို့သော် သူသည် ယခုအခါ ငါတို့ကယ်တင်ရှင် ယေရှုခရစ်၏ပေါ်ထာခြင်းအား
ဖြင့် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်၊ သေခြင်းကို ဖျက်သိမ်းပစ်လိုက်သူ၊ အသက်ရှင်ခြင်း
နှင့် ထာဝရရှင်သန်ခြင်းကို ဧဝံဂေလိမှတဆင့် အလင်းသို့ ရောက်လာစေသူဖြစ်သည်၊-

၁၁ - ထိုအမှုတော်သို့ ငါ့ကို တပါးအမျိုးသားတို့၏ တရားဟောဆရာအဖြစ်၊ တမန်တော်အဖြစ်နှင့်ဆရာအဖြစ် ခန့်အပ်တော်မူပါသည်။

၁၂ - ထိုအတွက်ကြောင့် ငါသည် ဤအရာများကိုလည်း ခံစားရခြင်းဖြစ်သည်၊- မည်သို့ပင်ဖြစ်ပါစေ ငါသည် မရှက်ပါ၊- အဘယ့်ကြောင့်ဆိုသော် ငါ မည်သူကို ယုံကြည်ကြောင်း ငါသိပါသည်၊ သူသည် ငါ သူ့ထံ အပ်ထားသောအရာကို ထိုနေ့တိုင်အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်သူဖြစ်သည်ဟု ငါသည် ဘဝင်ကျနေပါသည်။

၁၃ - သင် ငါ့ထံမှ ကြားခဲ့သည့် ကောင်းမွန်သောစကားလုံးတို့၏ပုံစံကို ခိုင်မာစွာ စွဲကိုင်လော့၊ ယေရှုခရစ်တော်ထဲ၌ရှိသော ယုံကြည်ခြင်းနှင့် ချစ်ခြင်းတို့ဖြင့် ဖြစ်သည်။

၁၄ - သင့်ထံ၌အပ်နှံထားသည့် ထိုကောင်းသောအရာကို ငါတို့ထဲ၌နေထိုင်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စောင့်ရှောက်ထိန်းသိမ်းလော့။

၁၅ - အေးရှားဒေသတွင်ရှိသူများအားလုံး ငါ့ထံမှ ထွက်သွားကြပြီကို သင် သိပါ၊- ထိုသူတို့အထဲတွင် ဖိဂေလပ်စ် နှင့် ဟာမိုဂျီးနီးစ် တို့လည်း ပါကြပါသည်။

၁၆ - ဘုရားသခင်သည် အိုနဲစီဖိုးရပ်စ် တို့ မိသားစုကို ဂရုဏာထားတော်မူပါသည်၊- အဘယ့်ကြောင့်ဆိုသော် သူသည် ငါ့ကို မကြာခဏ လန်းဆန်းစေပါသည်၊ ငါ၏ထုတ်နှောင်ခံရခြင်းအတွက်လည်း မရှက်ပါ၊-

၁၇ - သို့သော်၊ သူ ရောမမြို့ရောက်စဉ်၊ ငါတို့ ရှာတွေ့ဖို့ အတော်လုံ့လစိုက်ခဲ့ပါသည်၊ ထို့နောက် ငါ့ကို တွေ့ပါသည်။

၁၈ - ဘုရားသခင်က သူ့ကို သခင်ဘုရား၏ဂရုဏာတော်အား ထိုနေ့တွင် တွေ့နိုင်ရန် အခွင့်ပေးပါစေ၊- သူသည် ဧဖက်မြို့တွင် ငါ့ထံသို့ မည်မျှများပြားသော အကြောင်းရာများကို ပြုစုပေးခဲ့ကြောင်း သင် ကောင်းကောင်းသိပါသည်။

၂း၁-၂၆

၁ - ထို့ကြောင့်၊ ငါ့သား၊ ခရစ်တော်ယေရှု၌ရှိသော ကျေးဇူးတော်၌ ကြံ့ခိုင်လျှက် ရှိလော့။

၂ - များပြားလှသောသက်သေခံတို့ကြား၌ သင် ငါ့ထံမှကြားခဲ့သည့် အကြောင်းအရာများကို၊ သစ္စာရှိသောယောက်ျားများထံသို့ အပ်နှံလော့၊ အခြားသူများကို ပြန်လည်သင်ကြားနိုင်သူများထံဖြစ်သည်။

၃ - ထို့ကြောင့် သင်သည် ယေရှုခရစ်၏ ကောင်းသောစစ်သားကဲ့သို့၊ အခက်အခဲများကို သည်းခံလော့။

၄ - စစ်သားအဖြစ် တာဝန်ထမ်းဆောင်သူမည်သူမျှ ဤဘဝ၏အရေးကိစ္စများနှင့် သူ့တို့ကိုယ်သူတို့ မပတ်သက် မရှုတ်ထွေးစေကြပါ။

၅ - အကယ်၍တစုံတဦးသည်  ယှဉ်ပြိုင်နေသည်ဆိုလျှင်၊ သူသည် ဥပဒေနှင့်အညီ မယှဉ်ပြိုင်ပါက၊ သရဖူရနိုင်မည် မဟုတ်ပါ။

၆ - ကြိုးစားရုန်းကန်လျှက် လယ်လုပ်သူသည် အသီးအပွင့်များကို ပထမဆုံး ခံစားရမည့်သူဖြစ်ပါသည်။
၇ - ငါပြောသောအရာများကို တွေးတောဆင်ခြင်ပါ၊- သခင်ဘုရားက သင့်ကို အရာအားလုံး၌ နားလည်သဘောပေါက်ခြင်းကို ပေးပါမည်။
၈ - ယေရှုခရစ်သည် ဒါဝိတ်၏အမျိုးအနွယ်ဖြစ်သည်၊ ငါ၏ဧဝံဂေလိတရားအတိုင်း သေခြင်းမှထမြောက်သူဖြစ်သည်ကို မှတ်မိသတိရပါ။
၉ - ထိုအတွက်ကြောင့် ငါသည် ဆိုးညစ်ခြင်းကိုပြုလုပ်သူကဲ့သို့ ပြဿနာများကို ခံစားရသည်၊ ထောင်ကျသည်အထိ ဖြစ်သည်၊- သို့သော် ဘုရားသခင်၏ နုတ်ကပတ်တော်သည် ထောင်ကျခြင်း မခံရရှိပါ။
၁၀ - ထို့ကြောင့် ငါသည် ရွေးကောက်ခြင်းခံရသူများအတွက် အရာခပ်သိမ်းကို ကြံ့ကြံ့ခံပါသည်၊ ထိုသို့ဖြင့် သူတို့သည် ခရစ်တော်ယေရှု၌ရှိသော ကယ်တင်ခြင်းကို ထာဝရဘုန်းကျက်သရေနှင့်အတူ ရနိုင်ကြမည်ဖြစ်သည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် အကယ်၍ ငါတို့သည် သူနှင်အတူ သေကြလျှင်၊ သူနှင့်အတူ ရှင်ကြလိမ့်ဦးမည်ဖြစ်သည်၊- ဟုပြောခြင်းသည် သစ္စာရှိသောစကားဖြစ်ပါသည်၊-
၁၂ - အကယ်၍ ငါတို့ ဒုက္ခခံစားကြလျှင်၊ ငါတို့သည် သူနှင့်အတူ စိုးစံကြရလိမ့်ဦးမည်ဖြစ်သည်၊- အကယ်၍ သူ့ကို ငါတို့ ငြင်းပယ်ကြလျှင်၊ သူကလည်း ငါတို့ကို ငြင်းပယ်လိမ့်မည်ဖြစ်သည်၊-
၁၃ - အကယ်၍ ငါတို့ မယုံကြည်ကြလျှင်လည်း၊ သူသည် သစ္စာရှိလျှက်သာ တည်ရှိနေပါသည်၊- သူသည် မိမိကိုယ်ကို ငြင်းပယ်နိုင်သူ မဟုတ်ပါ။
၁၄ - ဤအကြောင်းအရာများကို အမြဲတမ်းမှတ်မိသတိရဖို့ ပြုပါ၊ သခင်ဘုရားရှေ့တွင် သူတို့ကို သတိပေးပါ၊ ထိုသို့ဖြင့် သူတို့သည် ကြားသူများကို ပျက်စီးစေမည့် အကျိုးမရှိသော စကားလုံးများအပေါ် အငြင်းပွားခြင်း မရှိဘဲ နေကြမည်ဖြစ်သည်။
၁၅ - သင့်ကိုယ်သင် ဘုရားသခင်က သဘောကျလက်ခံသူဖြစ်ကြောင်းပြသနိုင်ဖို့ လေ့လာလော့၊ အရှက်ရစရာမလိုသော အလုပ်သမားဖြစ်လော့၊ အမှန်တရားနုတ်ကပတ်တော်ကို မှန်ကန်စွာပိုင်းခြားလော့။
၁၆ - သို့သော် အယုတ္တအနတ္တ/ယုတ်ညံ့သော၊ အချည်းနှီးမဲ့သော ပေါက်တတ်ကရပြောဆိုခြင်းများကို ရှောင်လော့၊- အဘယ့်ကြောင့်ဆိုသော် ၄င်းတို့က ဘုရားတရားမဲ့မှုကိုသာ ပို၍ တိုးပွားစေပါလိမ့်မည်။
၁၇ - သူတို့၏စကားများက ကင်ဆာကဲ့သို့ စားလိမ့်မည်၊- ထိုသို့သောစကား ပြောသူတို့ထဲတွင် ဟိုင်းမနေးယပ်စ်နှင့် ဖီလဲတပ်စ် တို့ ပါကြပါသည်။
၁၈ - သူတို့သည် အမှန်တရားမှ လမ်းလွဲကြပြီဖြစ်သည်၊ ရှင်ပြန်ထမြောက်ခြင်းသည် အတိတ်ကဖြစ်ပြီးခဲ့ပြီဟု ပြောကြပါသည်၊- ထိုသို့ဖြင့် သူတို့သည် လူအချို့တို့၏ယုံ

ကြည်ခြင်းကို မှောက်လှန်ခဲ့ကြပြီဖြစ်သည်။
၁၉ - မည်သို့ပင်ဖြစ်ပါစေ၊ "ဘုရားသခင်သည် သူ့လူများကို သိတော်မူသည်"ဆိုသော တံဆိပ်ခတ်နိုပ်လျှက်၊ ဘုရားသခင်၏အခြေခံအုတ်မြစ်သည် ခိုင်မာစွာတည်ရှိနေပါသည်။ ထို့ကြောင့် ခရစ်တော်၏အမည်ကို ခေါ်သောသူတိုင်း အပြစ်ဒုစရိုက်မှ ရှောင်ကြစေ။
၂၀ - သို့သော် ကြီးသောအိမ်တော်ကြီးထဲတွင် ရွှေ၊ ငွေတို့နှင့်ပြုလုပ်သော အသုံးအဆောင်များသာ ရှိနေကြသည်မဟုတ်ပါ၊ သစ်သားနှင့်မြေကြီးတို့ဖြင့် ပြုလုပ်သောအသုံးအဆောင်များလည်း ရှိနေကြပါသည်၊- အချို့သည် ဂုဏ်ကျက်သရေရှိဖို့၊ အချို့မှ ဂုဏ်ကျက်သရေမရှိဖို့ ဖြစ်ပါသည်။
၂၁ - အကယ်၍ တစုံတဦးသည် ထိုအရာများမှ မိမိကိုယ်ကို စင်ကြယ်စေလျှင်၊ သူသည် ဂုဏ်ကျက်သရေရှိသော၊ သန့်ရှင်းစေပြီးသော၊ သခင်အသုံးပြုဖို့ကိုက်ညီသော အသုံးအဆောင်ဖြစ်လာလိမ့်မည်၊ ကောင်းသောအလုပ်တိုင်းအတွက် ပြင်ဆင်ထားသူဖြစ်ပါမည်။
၂၂ - ထို့အတူ သင် ငယ်ရွယ်သူတို့၏တပ်မက်ခြင်းများမှလည်း ထွက်ပြေးလော့၊- သို့သော် စင်ကြယ်သောနှလုံးသားမှနေ၍ သခင်ဘုရားထံ ဆုတောင်းသူတို့နှင့်အတူ ဖြောင့်မတ်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ ငြိမ်းချမ်းခြင်းတို့နောက်သို့ လိုက်လော့။
၂၃ - သို့သော် မိုက်မဲသော၊ ပညာမဲ့သောမေးခွန်းတို့ကို ရှောင်လော့၊ ထိုမေးခွန်းတို့က ခိုက်ရန်ဖြစ်ပွားခြင်းတို့ကိုသာ မွေးထုတ်ပေးသည်ကို သိလျှက် ရှောင်လော့။
၂၄ - သခင်ဘုရား၏အစေခံသည် ရန်တွေ့သူ မဖြစ်ရ၊ သို့သော် လူအားလုံးထံ နူးညံ့သိမ်မွေ့သူဖြစ်ရမည်။ သင်ကြားတတ်သူဖြစ်ရမည်၊ သည်းခံစိတ်ရှည်နိုင်ရမည်၊
၂၅ - နှိမ့်ချခြင်းနှင့် ဆန့်ကျင်လာသူများကို သွန်သင်ဆုံးမသူဖြစ်ရမည်၊- ဘုရားသခင်က ထိုသူတို့ကို နောင်တရခြင်းအား ပေးကောင်းပေးနိုင်ပါသည်၊ ထိုသို့ဖြင့် သူတို့သည် အမှန်တရားကို အသိအမှတ်ပြုလာနိုင်ကြမည်ဖြစ်သည်၊-
၂၆ - ထိုသို့ဖြင့် နတ်ဆိုးက သူကြိုက်သလိုလုပ်ရန် ကျွန်ဖြစ်ထားစေသော သူတို့သည်၊ နတ်ဆိုး၏ကျော့ကွင်းမှ မိမိတို့ကိုယ်ကို လွတ်မြောက်စေနိုင်ကြမည်ဖြစ်သည်။

၃း၁-၁၇
၁ - နောက်ဆုံးသောနေ့များတွင် အန္တရယ်များသောအချိန်များ ရောက်လာလိမ့်မည်ဆိုသည့်အကြောင်းကိုလည်း သိထားပါ။
၂ - အဘယ့်ကြောင့်ဆိုသော် လူတို့သည် သူတို့ကိုယ်ကိုသာ ချစ်သူများ၊ လောဘကြီးသူများ၊ ကြွားဝါသူများ၊ မာနကြီးသူများ၊ ဘုရားသခင်အားရှုတ်ချသူများ၊ မိဘတို့ကို မနာခံကြသူများ၊ ကျေးဇူးမတင်သူများ၊ မသန့်ရှင်းသူများ ဖြစ်လာကြလိမ့်မည်၊
၃ - သဘာဝကျသောချစ်ခင်ကြင်နာမှု မရှိသူများ၊ သဘောတူညီထားမှုကို ဖျက်သူများ၊

မှားယွင်းစွာ အပြစ်တင်သူများ၊ မိမိတို့ကိုယ်ကို မထိန်းသိမ်းနိုင်သူများ၊ ကြမ်းတမ်းခက်ထန်သူများ၊ ကောင်းမြတ်သည်ဟု ပြောသောအရာများကို အထင်သေးသူများ ဖြစ်လာကြပါမည်၊
၄ - သစ္စာဖေါက်သူများ၊ ခေါင်းမာသူများ၊ မာနကြီးသူများ၊ ဘုရားသခင်ကိုချစ်သူများမဟုတ်ဘဲ၊ တပ်မက်ခြင်းများကို ချစ်သူများ ဖြစ်ကြလိမ့်မည်၊
၅ - ဘုရားသခင်အား ကြောက်ရွံ့ရိုသေခြင်းပုံစံ ရှိကြသော်လည်း၊ ၎င်း၏တန်ခိုးကို ငြင်းပယ်သူများ ဖြစ်ကြလိမ့်မည်၊- ထိုသို့သောသူများထံမှ လွှဲသွားလော့။
၆ - အဘယ့်ကြောင့်ဆိုသော် ထိုသို့သောသူများသည် အိမ်ထဲသို့ တိတ်တဆိတ် ဝင်ရောက်ကြသူများဖြစ်သည်၊ အပြစ်များတနင့်တပိုးနှင့် ကျွန်ဘဝရောက်နေသည့် မိုက်မဲသောအမျိုးသမီးများကို ဦးဆောင်လျှက် မျိုးစုံသော တပ်မက်ခြင်းများနှင့်အတူ အဝေးသို့ ရောက်သွားကြသူတို့ဖြစ်ကြပါသည်၊
၇ - အမြဲတမ်း သင်ယူနေကြသော်လည်း၊ မည်သည့်အခါတွင်မှ အမှန်တရားအား သိနားလည်ခြင်းသို့ ရောက်မလာနိုင်ကြသူများ ဖြစ်ကြသည်။
၈ - ဂျန်းနီးစ်နှင့်ဂျမ်းဘရဲတို့က မိုးဇက်စ်ကို တားဆီးကြသကဲ့သို့၊ ထိုသူတို့ကလည်း အမှန်တရားကို ဆီးတားကြပါသည်၊- ပျက်စီးယိုယွင်းသောစိတ် ရှိကြသူများ၊ ယုံကြည်ခြင်းနှင့်ပတ်သက်လျှင် ငြင်းပယ်ခြင်းခံကြရသူများဖြစ်သည်။
၉ - သို့သော် သူတို့သည် သိပ်တိုးတက်ကြလိမ့်မည်မဟုတ်ပါ၊- အဘယ့်ကြောင့်ဆိုသော် သူတို့၏မိုက်မဲခြင်းသည် လူအားလုံးထံသို့ ပေါ်လာမည်ဖြစ်သောကြောင့်ဖြစ်သည်၊ ထိုသူတို့၏မိုက်မဲမှုများ ယခင်ကလည်း ပေါ်လာခဲ့သလိုဖြစ်ပါမည်။
၁၀ - သို့သော် သင်သည် ငါ့သြဝါဒကို ပြည့်ဝစွာသိပြီးဖြစ်သည်၊ အသက်ရှင်ပုံ၊ ရည်ရွယ်ချက်၊ ယုံကြည်ခြင်း၊ သည်းခံခြင်း၊ ချစ်ခြင်း၊ စိတ်ရှည်ခြင်းတို့ကိုလည်း သင်သိပြီးဖြစ်သည်။
၁၁ - အဲန်တီအုတ်မြို့၊ အိုင်ကွန်နီးယမ်မြို့၊ လစ်တရာမြို့တို့တွင် ငါ့ထံရောက်လာသော နှိပ်စက်ခံရခြင်းများ၊ ဒုက္ခအခက်အခဲများ၊- မည်သည့် နှိပ်စက်ခြင်းများကို ငါတွေကြုံခံစားခဲ့ကြောင်း သင်သိပါသည်၊- သို့သော် ထိုအရာအားလုံးတို့ထဲမှ သခင်ဘုရားက ငါ့ကို ကယ်လွှတ်ပါသည်။
၁၂ - မှန်ပါသည်၊ ခရစ်တော်ယေရှု၌ ဘုရားတရားကြောက်ရွံ့ရိုသေစွာ အသက်ရှင်လိုသူတိုင်းသည် နှိပ်စက်ခြင်းကို ခံကြရလိမ့်မည် ဖြစ်ပါသည်။
၁၃ - သို့သော် ဆိုးညစ်သောသူတို့နှင့် လိမ်ညာဖြားယောင်းသောသူတို့မှာမူ ပို၍ပို၍ဆိုးသထက် ဆိုးလာကြလိမ့်မည်ဖြစ်သည်၊ လိမ်ညာကြလျှက်၊ လိမ်ညာခြင်းကို ခံကြရမည်ဖြစ်သည်။
၁၄ - သို့သော် သင်သည် သင်ယူခဲ့ပြီးသည့်အရာများထဲတွင် ဆက်လက်တည်နေလော့၊ သေချာသည်ဟုသင်သိပြီးသော၊ မည်သူတို့ထံမှ သင်သင်ယူခဲ့သည်ဟု သေချာ

သောအရာများထဲတွင် ဆက်လက်တည်နေလော့၊-
၁၅ - သင် ကလေးငယ်အချိန်မှစ၍ သိခဲ့သော ကျမ်းစာတို့သည် သင့်အား ခရစ်တော် ယေရှုထံ၌ရှိနေသည့် ကယ်တင်ခြင်းကို ယုံကြည်ခြင်းဖြင့်ရလာဖို့ ပညာရှိ ဖြစ်စေကြပါသည်။
၁၆ - ကျမ်းစာအားလုံးသည် ဘုရားသခင်၏မှုတ်သွင်းတော်မူခြင်းဖြင့် ပေးထားခြင်းဖြစ်သည်၊ ၄င်းသည် ဩဝါဒအတွက်၊ ပြစ်တင်ဆုံးမဖို့၊ အမှားပြင်ပေးဖို့၊ ဖြောင့်မတ်ခြင်းထဲတွင်နေထိုင်ရန် သွန်သင်လမ်းညွှန်ဖို့ အကျိုးရှိလှပါသည်၊-
၁၇ - ထိုသို့ဖြင့် ဘုရားသခင်၏လူသည် ပြည့်စုံနိုင်မည်ဖြစ်သည်၊ ကောင်းသောအလုပ်အားလုံးသို့ လုံးလုံးလျားလျား ထောက်ပံ့ပေးမည်ဖြစ်သည်။

၄း၁-၂၂
၁ - ငါသည် သင့်ကို ဘုရားသခင်၏ရှေ့နှင့်၊ မိမိနိုင်ငံတော်အတွက်နှင့် မိမိ၏ပြန်ပေါ်လာချိန်တွင် သေသူနှင့်ရှင်သူအားလုံးတို့ကို တ ရားစီရင်လိမ့်ဦးမည်ဖြစ်သော သခင်ယေရှုခရစ်ရှေ့၌ တာဝန်ပေးပါသည်၊- အဆင်သင့်အမြဲရှိပါ၊
၂ - နှုတ်ကပတ်တော်ကို ဟောပြောပါ၊ အဆင်သင့်သည်ဖြစ်စေ၊ အဆင်မသင့်သည်ဖြစ်စေ၊- ပြစ်တင်ဆုံးမပါ၊ ဆူပါ၊ တိုက်တွန်း အားပေးပါ၊ အားလုံးသော စိတ်ရှည်သည်းခံခြင်းနှင့်၄င်း၊ ဩဝါဒများနှင့်၄င်း ပြုပါ။
၃ - အဘယ့်ကြောင့်ဆိုသော် ကောင်းမွန်မှန်ကန်သောဩဝါဒကို လူအများက မခံနိုင်သောအချိန် ရောက်လာမည်ဖြစ်သောကြောင့် ဖြစ်သည်၊- သို့သော် ထိုသူတို့သည် သူတို့၏ တပ်မက်ခြင်းများနောက်သို့ လိုက်သွားကြကာ၊ ယားသောနားရှိကြသဖြင့် မိမိတို့ကိုယ်ကိုထံသို့ ဆရာအများကို ပုံထားကြပါလိမ့်မည်၊-
၄ - ထို့နောက် သူတို့သည် သူတို့နားများကို အမှန်တရားမှနေ၍ လွဲသွားကြပါလိမ့်မည်၊ ထို့နောက် ဒဏ္ဍာရီပုံပြင်ယုံတမ်းစကားများ နောက်သို့ လှည့်သွားကြလိမ့်မည်ဖြစ်သည်။
၅ - ထိုမှဆန့်ကျင်စွာ သင် ထိုအရာများအားလုံးကို စောင့်ကြည့်ပါ၊ အခက်အခဲများအားလုံးကို ကြံကြံခံပါ၊ ဧဝေဂေလိဆရာတဦး၏ အလုပ်ကို လုပ်ပါ၊ သင့်အမှုတော်ဆောင်ခြင်းကို အကောင်းဆုံးဖြစ်အောင်လုပ်ပါ။
၆ - အဘယ့်ကြောင့်ဆိုသော် ငါသည် ယခုတွင် ဆက်ကပ်ခံရဖို့ အသင့်ဖြစ်ပြီဖြစ်သည်၊ ငါသွားရမည့်အချိန်သည် နီးပြီဖြစ်သည်။
၇ - ငါသည် ကောင်းသောတိုက်ခိုက်ခြင်းကို တိုက်ခိုက်ခဲ့ပြီ၊ ငါ့အလုပ် ငါ ပြီးခဲ့ပြီ၊ ငါ ယုံကြည်ခြင်းကို စောင့်ထိန်းခဲ့ပြီ၊-
၈ - ယခုမှစ၍ ရှေ့ရှောက် ငါ့အတွက် ဖြောင့်မတ်ခြင်းသရဖူကို ထားထားပြီးဖြစ်သည်၊ ဖြောင့်မတ်သောတရားသူကြီးဖြစ်သည့် သခင် ဘုရားက ထိုနေ့တွင် ငါ့ကို ပေးမည်ဖြစ်

သည်၊- ငါ့ကိုသာ မဟုတ်ပါ၊ သူ၏ပြန်ပေါ်လာခြင်းအား ချစ်မြတ်နိုးသူအားလုံးကို
လည်း ပေးလိမ့်မည်ဖြစ်သည်။
၉ - ငါ့ထံ အချိန်တိုတွင်း လာနိုင်ဖို့ ကြိုးစားပါလော့၊-
၁၀ - အဘယ့်ကြောင့်ဆိုသော် ဒီးမတ်စ် ငါ့ကို စွန့်ခွာသွားပြီဖြစ်သည်၊ သူသည် ဤ
မျက်မှောက်ကမ္ဘာကြီးကိုသာ ချစ်သူဖြစ်သည်၊ ထို့ကြောင့် သက်ဆာလောနိကားမြို့သို့
ထွက်သွားပြီ၊- ခရီဆဲန့်စ် လည်း ဂလေးသျှားပြည်နယ်သို့သွားပြီ၊ တိုက်တပ်စ် မှာ ဒါလ်
မေးတီးယား ပြည်နယ်သို့ သွားပြီဖြစ်သည်။
၁၁ - လုပ်ခ် တဦးသာ ငါနှင့်အတူရှိသည်။ မာခ်ကိုလည်း သင်နှင့်အတူ ခေါ်လာခဲ့ပါ၊-
အဘယ့်ကြောင့်ဆိုသော် သူသည် ငါ့အမှု တော်ဆောင်ခြင်းတွင် အကျိုးရှိစေသူဖြစ်
သည်။
၁၂ - တိုင်ဒီးခပ်စ်ကို ငါ အပ်ဖီးစပ်စ်မြို့သို့ လွှတ်လိုက်သည်။
၁၃ - သင်လာသောအခါ သင်နှင့်အတူ ထရော့စ်မြို့၌ ခါးပတ်စ်ထံ ငါထားခဲ့သော
ဝတ်ရုံကို ယူလာခဲ့ပါ၊ ထို့အတူ စာအုပ်များကို လည်း ယူလာခဲ့ပါ၊ အထူးသဖြင့် သား
ရေပုရပိုက်များကို ယူလာခဲ့ပါ။
၁၄ - ကြေးပန်းတိမ်ဆရာ အလက်ဇန်းဒါးက ငါ့ထံ များစွာသောဆိုးညစ်ခြင်းကို ပြု
သည်၊- ဘုရားသခင်က သူ့ကို သူ့အလုပ်များ အတိုင်း ပေးဆပ်တော်မူသည်၊-
၁၅ - သူနှင့်ပတ်သက်၍ သင်လည်း သတိပြုမိလိမ့်မည်၊- အဘယ့်ကြောင့်ဆိုသော် သူ
သည် ငါတို့စကားများကို ကြီးစွာဆန့်ကျင်သူ ဖြစ်သည်။
၁၆ - ငါအမှုအတွက် ပထမအကြိမ်ခုခံလျှောက်လှဲခြင်းတွင် မည်သူမျှ ငါ့ဖက်တွင်မရပ်
တည်ကြပါ၊ ထိုမှဆန့်ကျင်စွာ လူအားလုံး ငါ့ ကို စွန့်ပစ်ကြသည်၊- ဘုရားသခင်ထံ ငါ
ဆုတောင်းသည်မှာ၊ ထိုသို့ပြုကြခြင်းများ သူတို့အပေါ် မရောက်ဖို့ ဖြစ်ပါသည်။
၁၇ - ထိုသို့ဖြစ်ပါသော်လည်း သခင်ဘုရားသခင် ငါနှင့်အတူ ရပ်တည်ပါသည်၊ ငါ့ကို
ခွန်အားရှိစေသည်၊- ငါ့အားဖြင့် တရာဟော ကြားခြင်းသည် ပြည့်စုံစွာ ကြားသိနိုင်ကြ
ရန်ဖြစ်သည်၊ ထိုသို့ဖြင့် တပါးအမျိုးသားအားလုံးက ကြားနိုင်ရန်ဖြစ်သည်၊- ထို့အတူ
ငါ သည် ခြင်္သေ့၏ခံတွင်းမှနေ၍ ကယ်လွှတ်ခြင်းခံရပါသည်။
၁၈ - ထို့အတူ သခင်ဘုရားက ငါ့ကို ဆိုးညစ်သောအလုပ်တိုင်းမှနေ၍လည်း ကယ်
လွှတ်တော်မူလိမ့်မည်၊ သူ၏ကောင်းကင်နိုင်ငံ တော်ရောက်သည်အထိ ငါ့ကို ထိန်း
သိမ်းစောင့်ရှောက်တော်မူလိမ့်မည်၊- သူ့ထံတွင် ဘုန်းကျက်သရေသည် ထာဝရမှထာဝ
ရတိုင် ရှိနေပါစေသတည်း။ အာမင်။
၁၉ - ဖရီစီးလာနှင့်အကွီးလာ တို့ကို နုတ်ဆက်ပါ၊ အိုနဲစီဖေါရပ်တို့ တအိမ်သားလုံးကို
လည်း နုတ်ဆက်ပါ။
၂၀ - အီးရပ်စတပ်စ် ကောရင့်မြို့တွင် ရှိပါသည်၊- သို့သော် ထရိုဖီးမတ်စ် နေမကောင်း
သဖြင့် သူ့ကို ငါ မိုင်လေးတမ်မြို့တွင် ထားခဲ့သည်။

၂၁ - ဆောင်းရာသီမရောက်ခင် လာနိုင်ဖို့ အလွန်ကြိုးစားလော့။ ယူဘူးလပ်စ် က
သင့်ကို နုတ်ဆက်သည်၊ ပူးဒဲန်၊ လင်းနပ်စ်၊ ကလော်ဒီးယာနှင့် ညီအကိုမောင်နှမအား
လုံးက သင့်ကို နုတ်ဆက်ကြသည်။
၂၂ - သခင်ယေရှုခရစ်သည် သင့်ဝိညာဉ်နှင့် အတူရှိပါစေ။ ကျေးဇူးတော်သည် သင်
နှင့်အတူ ရှိပါစေ။ အာမင်။

××××××××××××××××

## တိတု ဩဝါဒစာ ဒုတိယစောင်
(Titus)

၁း၁-၁၆
၁ - ပေါလ်၊ ဘုရားသခင်၏အစေခံ၊ ယေရှုခရစ်၏တမန်တော်၊ ဘုရားသခင်၏ ရွေး
ကောက်တော်မူခြင်း၏ ယုံကြည်ချက်နှင့် အညီ၊ ဘုရားတရားကြောက်ရွံ့ရိုသေခြင်းနှင့်
ကိုက်ညီသော အမှန်တရားကို အသိအမှတ်ပြုလျှက်၊
၂ - ကမ္ဘာကြီးမစတင်မှီကပင် မလိမ်ညာနိုင်သူ ဘုရားသခင်က ကတိပေးတော်မူသည့်
ထာဝရအသက်ကို မျှော်လင့် လျှက်၊
၃ - သို့သော် အချိန်တန်သောအခါ သူ၏စကားကို တရားဟောခြင်းဖြင့် ပေါ်ထွက်
လာစေပါသည်၊ ၎င်းကို ငါတို့၏ကယ် တင်ရှင် ဘုရားသခင်၏မိန့်မှချက်အတိုင်း ငါ့ထံ
၌ ပေးအပ်ထားသည်၊-
၄ - တူညီသောယုံကြည်ခြင်း၌ ငါ၏သားစစ်ဖြစ်သူ တိုက်တပ်စ်ထံသို့ ရေးလိုက်ပါ
သည်၊- ဖခင်ဖြစ်သူ ဘုရားသခင်နှင့် ငါတို့ ကယ်တင်ရှင် သခင်ယေရှုခရစ်ထံမှ ကျေး
ဇူးတော်၊ ဂရုဏာတော်နှင့် ငြိမ်းချမ်းခြင်း ရှိပါစေသော။
၅ - လိုအပ်နေသောအရာများကို စီစဉ်တကျချမှတ်ဖို့ရန်အတွက် ငါသည် သင့်ကို ခရိ
ကျွန်း၌ ထားခဲ့ခြင်းဖြစ်သည်၊ ငါ သင့်ကို စေခိုင်းခဲ့သည့်အတိုင်း၊ မြို့တိုင်း၌ အသင်းလူ
ကြီးများကို ခန့်အပ်ပါ၊-
၆ - ပြစ်တင်ခွင့်မရှိသူ၊ ဇနီးတဦး၏ခင်ပွန်း၊ သစ္စာရှိသော သားသမီးများရှိသူ၊ ထိန်း
သိမ်း၍ မရသူများ (သို့) ရုန်းရင်းဆန် ခတ်မှုအမြဲဖြစ်ကြသည်ဟု စွတ်စွဲခြင်းမခံရသော
သားသမီးများရှိသူ ဖြစ်ရမည်။
၇ - အဘယ့်ကြောင့်ဆိုသော် သင်းအုပ်သည် ဘုရားသခင့်ဘဏ္ဍာထိန်းအဖြစ် အပြစ်
တင်ခွင့်မရှိသူဖြစ်ရမည်၊- ထင်ရာ စိုင်းတတ်သူ မဖြစ်ရ၊ စိတ်ဆိုးလွယ်သူ မဖြစ်ရ၊ ဝိုင်စွဲ
သူ မဖြစ်ရ၊ သူတပါးအား ရိုက်ပုတ်သူ မဖြစ်ရ၊ မစင်ကြယ်သော စီးပွားကို တပ်မက်သူ
မဖြစ်ရပါ၊-
၈ - သို့သော် ဧည့်ဝတ်ကျေပွန်မှုကို ချစ်မြတ်နိုးသူ၊ ကောင်းမြတ်သောသူများကို ချစ်
မြတ်နိုးသူ၊ တည်ငြိမ်အေးဆေးသူ၊ ဖြောင့်မတ်သူ၊ သန့်ရှင်းသူ၊ ဆင်ဆင်ခြင်ခြင်ရှိသူ

ဖြစ်ရမည်၊-
၉ - သူ သင်ယူခဲ့ပြီးသလို၊ သစ္စာရှိသောစကားတော်ကို ခိုင်မာစွာစွဲကိုင်သူ ဖြစ်ရမည်၊ ထိုသို့ဖြင့် သူသည် မှန်ကန်ကောင်း မွန်သော ဩဝါဒဖြင့် တိုက်တွန်းအားပေးနိုင်သူ၊ တချိန်ထဲတွင် ဆန့်ကျင်ပြောဆိုသူများအား လက်ခံယုံကြည်လာစေရန် သင်ပေးနိုင်သူ ဖြစ်ရမည်။
၁၀ - အဘယ့်ကြောင့်ဆိုသော် ထကြွသောင်းကျန်းသူများ၊ အချည်းနှီးမဲ့ခြင်းများကို ပြောဆိုကြသူများ၊ ကြံစည်ကြသူများ များပြားလှပါသည်၊ အထူးသဖြင့် အရေဖျားလှီး ခြင်းခံသူများထဲမှ ဖြစ်သည်၊-
၁၁ - ထိုသူတို့၏ပါးစပ်များကို ပိတ်ပစ်ရမည်ဖြစ်သည်၊ သူတို့သည် အိမ်ထောင်စုများ ကို ဝင်နှောက်ပူးသတ်သူများ ဖြစ် ကြသည်၊ သူတို့မသင်သင့်သည်များကို သင်ပေးကြ သူများဖြစ်ကြသည်၊ မစင်ကြယ်သောငွေကိုရချင်၍ ထိုသို့ပြုကြခြင်း ဖြစ်သည်။
၁၂ - ထိုသူတို့ထဲမှ တဦးက၊ သူတို့ပုရောဖက်တဦးကပင်၊ ဤသို့ပြောပါသည်၊ "ခရိတန် ကျွန်းသားများသည် အမြဲတမ်း လိမ်ညာသူများ၊ ဆိုးညစ်သော သားရဲတိရိစ္ဆာန်များ၊ ပျင်းရိသောအစားကြီးသူများ ဖြစ်ကြသည်။"
၁၃- ထိုသို့ပြောခြင်း မှန်ကန်ပါသည်။ ထို့အတွက်ကြောင့် သူတို့ကို ပြင်းထန်စွာ ပြစ် တင်ဆုံးမပါ၊ ထိုသို့ဖြင့် သူတို့သည် ယုံကြည်ခြင်းတွင် မှန်ကန်လာကြမည်ဖြစ်သည်၊-
၁၄ - ဂျူးများ၏ပုံပြင်များကို ဂရုမစိုက်နှင့်၊ လူတို့၏ပညတ်ဥပဒေသများကိုလည်း ဂရု မစိုက်နှင့်၊ ၎င်းတို့သည် အမှန်တ ရားမှ လွဲနေကြခြင်းဖြစ်သည်။
၁၅ - စင်ကြယ်သူအတွက် အားလုံးသည် စင်ကြယ်နေသည်၊- သို့သော် ညစ်ညမ်းသူ များ၊ မယုံကြည်သူများအတွက် မည် သည်ကမျှ မစင်ကြယ်ပါ၊- သို့သော် သူတို့၏စိတ် နှင့်သြတ္တပ္ပစိတ်များသည်ပင် ညစ်ညမ်းနေကြပါသည်။
၁၆ - သူတို့သည် ဘုရားသခင်ကိုသိသည်ဟု ကြေညာကြသည်၊- သို့သော် လုပ်ကိုင် ခြင်းများတွင် သူတို့သည် ဘုရားသခင်ကို ငြင်းပယ်ကြသည်၊ ရွံစရာကောင်းသူများဖြစ် လျှက်၊ မနာခံသူများဖြစ်လျှက်၊ အားလုံးသော ကောင်းသောအလုပ်များသို့ ငြင်းပယ် ခြင်းခံကြရသူများ ဖြစ်ကြပါသည်။

၂း၁-၁၅
၁ - သို့သော် သင်သည် ကောင်းမွန်သောဩဝါဒနှင့် ကိုက်ညီသောအကြောင်းအရာ များကိုသာ ပြောပါ၊-
၂ - အသက်ကြီးသောယောက်ျားများသည် တည်ငြိမ်အေးဆေးရမည်၊ လေးလေးနက် နက်ဖြစ်ရမည်၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံစိတ်ရှည်ခြင်းတို့၌ မှန်ကန်ရမည်။
၃ - ထို့အတူ အသက်ကြီးသောအမျိုးသမီးများသည်၊ လှုပ်ရှားပြုမူခြင်း၌ ရိုသေလေး စားဖွယ်ဖြစ်ရမည်၊ မဟုတ်မမှန်စွပ်စွဲသူများ မဟုတ်ရ၊ ဝိုင်အလွန်အကျွံသောက်သူများ

မဖြစ်ရ၊ ကောင်းမြတ်သောအရာများကို သင်ပေးသူများဖြစ်ကြရမည်၊-
၄ - ထိုသို့ဖြင့် သူတို့သည် ငယ်ရွယ်သောအမျိုးသမီးများကို တည်တည်ငြိမ်ငြိမ်နေတတ်ဖို့ သင်ပေးကြပါမည်၊ သူတို့၏ခင်ပွန်းများကို ချစ်တတ်ဖို့၊ သူတို့၏သားသမီးများကို ချစ်တတ်ဖို့ သင်ပေးကြရမည်၊
၅ - အပြောအဆိုလိမ္မာသိုသိပ်သော၊ သိက္ခာရှိသော။ အိမ်ကို စောင့်ရှောက်သော၊ ကောင်းမြတ်သော၊ မိမိတို့ခင်ပွန်းများကို နာခံရိုသေသော အမျိုးသမီးများ ဖြစ်လာကြရန် ဖြစ်သည်၊ ထိုသို့ဖြင့် ဘုရားသခင်၏စကားတော်သည် အစော်ကားမခံရဘဲနေပါမည်။
၆ - ငယ်သောယောက်ျားများသည်လည်း ထိုသို့ပင် တည်ငြိမ်သောစိတ်ရှိကြရန် အလေးအနက် တိုက်တွန်းအားပေးရမည်။
၇ - အရာခပ်သိမ်းတွင် သင်သည် ကောင်းမြတ်ခြင်း၏ပုံစံအဖြစ် နမူနာပြ နေထိုင်ပါ၊- ဩဝါဒတွင် မပျက်ဆီးမယိုယွင်းခြင်း၊ လေးနက်ခြင်း၊ ရိုးသားခြင်းတို့ကို ပြပါ၊
၈ - အပြစ်တင်ဖို့မရှိသော ကောင်းမွန်မှန်ကန်သည့်စကား ပြောပါ၊- ထိုသို့ဖြင့် ဆန့်ကျင်လာသူသည် သင့်အား အပြစ်ပြောဖို့မရှိသဖြင့် အရှက်ကွဲမည်ဖြစ်သည်။
၉ - မိမိတို့၏သခင်များအား နာခံကြရန် အစေခံများကို တိုက်တွန်းပါ၊ သူတို့ကို အရာအားလုံးတွင် ကျေနပ်စေကြပါ၊- ပြန်၍ ခံမပြောကြနှင့်၊-
၁၀ - ခိုးယူခြင်းမပြုကြနှင့်၊ သို့သော် ကောင်းမြတ်သောသစ္စာရှိခြင်းအားလုံးကို ပြကြလော့၊- ထိုသို့ဖြင့် သူတို့က ငါတို့ ကယ်တင်ရှင် ဘုရားသခင်၏ဩဝါဒများကို အရာအားလုံးတွင် ချီးမွမ်းကြမည်ဖြစ်သည်။
၁၁ - အဘယ့်ကြောင့်ဆိုသော် ကယ်တင်ခြင်းကို ယူဆောင်လာသော ဘုရားသခင်၏ကျေးဇူးတော်သည် လူအားလုံးထံသို့ ပေါ်လာပြီဖြစ်သည်၊
၁၂ - ငါတို့သည် ဘုရားတရားမကြောက်ရွံ့မရိုသေခြင်းနှင့် လောကဆန်သော တပ်မက်ခြင်းများကို ငြင်းပယ်ကြကာ၊ ဤမျက်မှောက်ကမ္ဘာကြီးထဲ၌၊ တည်ငြိမ်စွာ၊ ဖြောင့်မတ်စွာ၊ ဘုရားတရားကြောက်ရွံ့ရိုသေစွာ နေထိုင်ကြဖို့၊-
၁၃ - ထို ကောင်းချီးနှင့်ပြည့်စုံသောမျှော်လင့်ခြင်းကို စောင့်မျှော်နေကြဖို့၊ ကြီးမြတ်သော ဘုရားသခင်နှင့် ငါတို့ ကယ်တင်ရှင် ယေရှုခရစ်၏
ခန်းနားကြီးမြတ်သောပြန်ပေါ်လာခြင်းကို စောင့်မျှော်နေကြဖို့ သင်ပေးနေပါသည်၊-
၁၄ - သူသည် မိမိကိုယ်ကို ငါတို့အတွက် ပေးအပ်တော်မူသည်၊ ထိုသို့ဖြင့် သူသည် ငါတို့ကို အားလုံးသော ဒုစရိုက်အပြစ်များထဲမှ ကယ်တင်ပါသည်၊ ထို့နောက် ငါတို့ကို သူထံသို့ ထူးခြားသောလူမျိုး၊ ကောင်းသောအလုပ်များ၌ စိတ်အားထက်သန်ကြသော လူမျိုးအဖြစ် စင်ကြယ်စေပါသည်။
၁၅ - ဤအကြောင်းအရာများကို ပြောလော့၊ ထို့နောက် တိုက်တွန်းလော့၊ အားလုံးသော ဩဇာအာဏာနှင့် ဆုံးမပြစ်တင်လော့။ မည်သူကမျှ သင့်ကို အထင်မသေးစေ

နှင့်။

၃း၁-၁၅

၁ - သူတို့စိတ်ထဲတွင်  အုပ်စိုးသူနှင့်အာဏာပိုင်တို့အား နာခံရမည်၊ အုပ်ချုပ်သူများအား နာခံရမည်၊ ကောင်းမြတ်သော အလုပ်တိုင်းကို လုပ်ကိုင်ဖို့ အဆင်သင့်ဖြစ်ရမည်ကို သိစေပါ၊

၂ - မည်သူ့ကိုမှ မကောင်းမပြောသူ၊ ရန်ဖြစ်သူများမဖြစ်ဘဲ၊ ထိုမှဆန့်ကျင်စွာ နူးညံ့သိမ်မွေ့ရမည်၊ အားလုံးသောနှိမ့်ချ ခြင်းများကို လူအားလုံးထံသို့ ပြသူများဖြစ်ကြရပါမည်။

၃ - အဘယ့်ကြောင့်ဆိုသော် ငါတို့ကိုယ်တိုင်သည်လည်း တချိန်က မိုက်မဲခဲ့ကြပါသည်၊ မနာခံသူများ၊ အလိမ်ညာခံခဲ့ကြ ရသူများ၊ ကွဲပြားမျိုးစုံသော တပ်မက်ခြင်းများနှင့် အပျော်အပါးများကို အလုပ်အကျွေးပြုခဲ့ကြပါသည်၊ မလိုတမာစိတ်နှင့် မနာလိုမှုများတွင် နေထိုင်ခဲ့ကြပါသည်၊ မုန်းစရာကောင်းသူများ၊ တဦးနှင့်တဦးမုန်းတီးခဲ့ကြသူများ ဖြစ်ခဲ့ကြပါသည်။

၄ - သို့သော် ငါတို့ကယ်တင်ရှင် ဘုရားသခင်မှ လူသားထံသို့ထားသော ကြင်နာခြင်းနှင့် ချစ်ခြင်းသည် ပေါ်ထွက်လာခဲ့ပြီးဖြစ်သည်၊

၅ - ငါတို့ ပြုလုပ်သည့် ဖြောင့်မတ်ခြင်း၏အလုပ်များကြောင့် မဟုတ်ပါ၊ သို့သော် သူ၏ဂရုဏာအားဖြင့် သူက ငါတို့ကို ကယ်တင်ခဲ့ခြင်းဖြစ်သည်၊ ပြန်လည်ဖန်ဆင်းခြင်း၏ ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြန်ဖြစ်စေခြင်းဖြင့်၎င်း ကယ်တင်ခဲ့ခြင်းဖြစ်ပါသည်၊-

၆ - ၎င်းကို ဘုရားသခင်သည် ငါတို့အပေါ်သို့ ငါတို့ကယ်တင်ရှင် ယေရှုခရစ်အားဖြင့် အလျှံအပယ် သွန်းလောင်းတော်မူသည်၊-

၇ - ထိုသို့ သူ၏ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်စေခြင်းသို့ ရောက်စေသည့်အခါ၊ ငါတို့ကို ထာဝရအသက်၏ မျှော် လင့်ခြင်းအတိုင်း အမွေခံများ ဖြစ်လာကြဖို့ဖြစ်သည်။

၈ - ထိုအကြောင်းအရာသည် သစ္စာရှိသော ပြောဆိုခြင်းဖြစ်သည်၊ ထိုအရာတို့၌ သင်သည် အမြဲတမ်း ခိုင်မာစွာရပ်တည်နေဖို့ ငါအလိုရှိပါသည်၊ ထိုသို့ဖြင့် ဘုရားသခင်ကို ယုံကြည်ပါသည် ဆိုသောသူတို့သည် ကောင်းသောအလုပ်များ လုပ်ကိုင်နေကြခြင်းအား ထိန်းသိမ်းစောင့်ရှောက်ကြခြင်းကို ဂရုတစိုက်ပြုကြမည်ဖြစ်သည်။

၉ - သို့သော် မိုက်မဲသောမေးခွန်းများကို ရှောင်ရှားပါ၊ ဆွေစဉ်မျိုးဆက်စားရင်းများ၊ အချေအတင်ငြင်းခုံခြင်းများ၊ ပညတ်တော်နှင့်ပတ်သက်၍ ငြင်းခုံခြင်းများ စသည်တို့ကို ရှောင်ပါ၊- အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အကျိုးမရှိသောအရာများ၊ အချည်းနှီးမဲ့ခြင်းများသာ ဖြစ်ကြပါသည်။

၁၀ - မှားယွင်းခြင်းများ သင်ပေး၍ အသင်းတော်ကွဲပြားစေသူကို မထမအကြိမ်၊ ဒု

တိယအကြိမ် သတိပေးပြောဆိုဆုံးမပြီးသော် ပယ်ထားပါ၊-
၁၁ - ထိုသို့သောသူသည် ဝင်နှောက်ပူးသတ်ခြင်းခံရပြီးသူ၊ အပြစ်ပြုသူဟု သိမှတ်
လျှက်၊ မိမိကိုယ်ကို စီရင်ချက်ချမှတ်ပြီးသူဖြစ်သည်။
၁၂ - ငါ သင့်ထံသို့ အာတီးမတ်စ် (သို့) တိုင်ခီးခပ်စ်ကို စေလွှတ်မည်၊ နိကိုပေါလိစ်
မြို့၊ ငါထံသို့ သင်လာဖို့ ကြိုးစားလော့၊- အဘယ့်ကြောင့်ဆိုသော် ထိုမြို့တွင် ဆောင်း
တွင်းတတွင်းလုံးနေမည်ဟု ငါ ဆုံးဖြတ်ပါသည်။
၁၃ - ရှေ့နေ ဖီးနပ်စ်နှင့် အပိုလို တို့ကို သူတို့ခရီးစဉ်သို့ အလျှင်အမြန်သွားစေပါ၊ သူ
တို့ထံ၌ ဘာမှလိုလေသေး မရှိပါစေနှင့်။
၁၄ - ငါတို့လူများကလည်း ကောင်းသောအလုပ်များကို မရှိမဖြစ်သုံးရမည့်အရာများ
အတွက် စောင့်ထိန်းကြပါစေ၊ ထိုသို့ဖြင့် သူတို့သည် အသီးအပွင့်မရှိသူများမဖြစ်ဘဲ
နေကြမည်ဖြစ်သည်။
၁၅ - ငါ့ထံရှိကြသူများအားလုံးက နုတ်ဆက်ကြပါသည်။ ယုံကြည်ခြင်း၌ ငါတို့ကို ချစ်
ကြသူများအား နုတ်ခွန်းဆက်သပါလော့။ သင်တို့အားလုံးထံ၌ ကျေးဇူးတော်ရှိပါသေ။
အာမင်။

××××××××××××××××××××××

## ဖိလေမှုန် ဩဝါဒစာ ဒုတိယစောင်
(Philemon)

၁း၁-၂၅
၁ - ပေါလ်၊ ယေရှုခရစ်၏အကျဉ်းသားနှင့် တိမောသေ ငါတို့ညီအကိုတို့က ဖိုင်လေး
မွန် ငါတို့ချစ်လှစွာသော လုပ်ဖော် ဆောင်ဖက်ထံ ရေးလိုက်ပါသည်၊
၂ - ထို့အတူ ငါတို့ချစ်လှစွာသော အေဖီယားနှင့် ငါတို့၏စစ်သားဖော်စစ်သားဖက်
အာခီးပတ်စ်နှင့် သင့်အိမ်၌ရှိသော အသင်းတော်ထံ ရေးလိုက်ပါသည်၊-
၃ - ငါတို့ဖခင် ဘုရားသခင်နှင့် သခင် ယေရှုခရစ်ထံမှ ကျေးဇူးတော်နှင့် ငြိမ်းချမ်းခြင်း
ရှိပါစေသတည်း။
၄ - ငါ၏ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းပါသည်၊ ငါ၏ဆုတောင်ခြင်းများ၌ သင့်
ကိုအမြဲဖော်ပြလေ့ရှိပါသည်၊
၅ - သခင်ယေရှုထံနှင့် အားလုံးသောသန့်ရှင်းသူတို့ထံ သင် ထားရှိသော သင့်ချစ်ခြင်း
နှင့် ယုံကြည်ခြင်းကို ကြားရလျှက် ဖြစ်သည်၊-
၆ - သင့်ယုံကြည်ခြင်းအား ဝေမျှခြင်းသည် သင့်အထဲ၌ရှိနေသည့် ခရစ်တော်ယေရှုထဲ
၌လည်း ရှိနေသော ကောင်းသောအရာတိုင်းကို အသိအမှတ်ပြုခြင်းဖြင့် ထိရောက်လာ
မည်ဖြစ်သည်။
၇ - အဘယ့်ကြောင့်ဆိုသော် ငါတို့သည် သင့်ချစ်ခြင်းထဲ၌ ကြီးသောဝမ်းမြောက်ခြင်း

နှင့် နှစ်သိမ့်မှုကို ရရှိကြပါသည်၊ သင့်အားဖြင့် သန့်ရှင်းသူတို့၏စိတ်နှလုံးများ လန်းဆန်းလျှက် ရှိနေကြပါသည်၊ ငါ့ ညီအကို။
၈ - အဘယ့်ကြောင့်ဆိုသော်၊ သင့်ပြုစုခြင်းကို ဝမ်းမြောက်စွာ ခံထိုက်သည်ဟု ခရစ်တော်ထံ၌ ငါ ရဲဝံ့ခြင်းရှိသော်လည်း၊ ထိုသို့ပြုခြင်းသည် သင့်တော်လှပါသည်၊
၉ သို့သော် ချစ်ခြင်းအတွက်ကြောင့် ငါသည် သင့်ကို တောင်းပန်ခြင်းသာပြုပါမည်၊ အသက်ကြီးလှပြီဖြစ်သည့် ငါ ပေါလ်၊ ယျွအခါ ယေရှုခရစ်အတွက် ထောင်ကျနေရသူက တောင်းပန်နေခြင်းဖြစ်ပါသည်။
၁၀ - သင့်ကို ငါ့ချည်နှောင်ခြင်းအတွင်း မွေးဖွားခဲ့သည့် ငါ့သား အိုနဲစီးမတ်စ်အတွက် တောင်းပန်ပါသည်၊-
၁၁ - သူသည် ယခင်က သင့်အတွက် အသုံးမကျသူဖြစ်ခဲ့ပါသည်၊ သို့သော် ယျွအခါ သင့်အတွက်ရော၊ ငါ့အတွက်ပါ အသုံးကျသူဖြစ်လာပြီဖြစ်သည်၊-
၁၂ - သူ့ကို ငါ ပြန်ပို့လိုက်ပါသည်၊- ထို့ကြောင့် သင် သူ့ကို လက်ခံပါ၊ ဆိုလိုသည်မှာ၊ ငါ့အလွန်ချစ်မြတ်နိုးရသူ ဖြစ်ပါသည်၊-
၁၃ - သူ့ကို ငါ့ထံ ခေါ်ထားချင်ပါသည်၊ ထိုသို့ဖြင့် ဧဝံဂေလိတရားကြောင့် အကျဉ်းခံနေရသူ ငါ့ကို သင့်အစား ပြုစုနိုင်မည်ဖြစ်သည်၊-
၁၄ - သို့သော် သင့်ခွင့်ပြုချက်မရဘဲ ငါ ဘာမှ မလုပ်ပါ၊- ထိုသို့ဖြင့် သင့်ကောင်းမြတ်ခြင်းများသည် မလုပ်မဖြစ် လုပ်ရသည်များမဟုတ်ဘဲ၊ လိုချင်စွာလုပ်ကိုင်ခြင်းများ ဖြစ်လာပါမည်။
၁၅ - အဘယ့်ကြောင့်ဆိုသော် သူသည် သင့်ထံမှ ခဏထွက်ခွာခြင်းသာဖြစ်ပါသည်၊ ထိုသို့ဖြင့် သင်သည် သူ့ကို အမြဲ တမ်း ရရှိုင်ရန်ဖြစ်ပါမည်၊-
၁၆ - အစေခံကျွန်အဖြစ်နှင့်မဟုတ်တော့ပါ၊ သို့သော် အစေခံထက်မြင့်မားသော၊ ချစ်လှစွာသောညီအကိုအဖြစ်၊ အထူး သဖြင့် ငါ့အတွက်ဖြစ်သည်၊ ထို့ကြောင့် သူ့အတွက်ဆိုလျှင် မည်မျှ ပိုပါမည်နည်း၊ အသွေးအသားအရသော်၄င်း၊ သခင်ဘုရား၌သော်၄င်း ထိုသို့ဖြစ်မည် မဟုတ်ပါလော?
၁၇ - အကယ်၍ သင်သည် ငါ့ကို သင့်လုပ်ဖော်ကိုင်ဖက်အဖြစ် သတ်မှတ်သည်ဆိုလျှင်၊ ငါ့ကိုလက်ခံသကဲ့သို့ သူ့ကို လက်ခံပါလော့။
၁၈ - အကယ်၍ သူ သင့်အပေါ် အမှားလုပ်ခဲ့ပါလျှင်၊ (သို့) အကြွေးရှိနေပါလျှင်၊ ငါ့အတွက် မှတ်ထားပါလော့၊-
၁၉ - ငါ ပေါလ်က ငါ့လက်ဖြင့် ရေးထားပါသည်၊ ငါ ပြန်ဆပ်ပေးပါမည်၊- သို့သော်ငြားလည်း သင်သည် ငါ့ထံ ပေးဆပ် စရာမည်မျှရှိသည်ကို ငါမပြောချင်ပါ၊ သင့်အသက်ပင်လျှင် ငါ့အပေါ်အကြွေးရှိနေပါသည်။
၂၀ - မှန်ပါသည်၊ ညီအကို၊ သခင်ဘုရား၌ သင့်အား ငါဝမ်းမြောက်ပါရစေတော့၊- သခင်ဘုရား၌ ငါ့နှလုံးသားကို ပြန် လည် လန်းဆန်းစေပါလော့။

၂၁ - သင့်နာခံခြင်းကို ယုံကြည်စိတ်ချလျှက်၊ ငါ သင့်ထံ ရေးခြင်းဖြစ်သည်၊ သင်သည် ငါပြောသည်ထက် ပို၍လုပ် ဆောင်မည်ကို ငါသိပါသည်။
၂၂ - သို့သော် တချိန်တည်းတွင်၊ ငါ့အတွက်လည်း အခန်းပြင်ဆင်ထားပါ၊- အဘယ့်ကြောင့်ဆိုသော် သင့်ဆုတောင်းခြင်း များအားဖြင့် ငါသည် သင့်ထံလာနိုင်မည်ဟု ယုံကြည်စိတ်ချနေပါသည်။
၂၃ - ခရစ်တော်ယေရှု၌ ငါ၏ ထောင်ကျဖော်ကျဖက် အီပါဖရာ့စ်က သင့်ကို နှုတ်ဆက်သည်၊-
၂၄ - မားခပ်စ်၊ အာရိစတားခပ်စ်၊ ဒီးမတ်စ်၊ လုကပ်စ် ငါ့လုပ်ဖော်ကိုင်ဖက်များကလည်း နှုတ်ဆက်ကြသည်။
၂၅ - ငါတို့သခင် ယေရှုခရစ်၏ကျေးဇူးတော်သည် သင့်ဝိညာဉ်နှင့်အတူ ရှိပါစေ။
အာမင်။